www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၃၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရှို၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



•

## သွေးသောက်ညီအစ်ကို

နေဝန်းနီမှာ အနောက်ဖက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်၏။

အမှောင်ထုက လျှင်မြန်စွာ ချဉ်းနင်းဝင်ရောက်လာလေသည်။

ရှောင်လီသည် အိမ်တံခါးပေါက်ဝ၌ ထိုင်၍လမ်းကြားလေးဆီသို့ ငေးကြည့်နေ၏။

သူ၏အိမ်ကလေးသည် မှောင်မည်းနေသည်။

မကြာမီ လဲပြိုပျက်စီးသွားတော့မည့် အိမ်ကလေးဖြစ်သည်။ အိမ်ထောင်ပရိဘောဂ မရှိပါ။

အိုးခွက်ပန်းကန် မရှိပါ။

အဝတ်အစား မရှိပါ။

အိမ်နှင့်မတူဘဲ လေးတိုင်စင်နှင့်တူပြီး ဖြစ်သလိုဆောက်လုပ်ထားသော အိမ်ကလေးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နေဝင်သွားသည်နှင့် အအေးဓာတ်က ပိုကဲလာလေတော့သည်။

ရှောင်လီ၏ခန္ဓာကိုယ်ပေါ်၌ ဟောင်းနွမ်းနေသည့် ချည်ထည်ပါးပါးလေးသာ ဝတ်ထားသဖြင့် ချမ်းအေးသောဒဏ်ကို ခံစားနေရပါတော့သည်။

သို့သော် ရှောင်လီသည် အေးချမ်းသည့်ဒဏ်ကို အမှုမထားနိုင်တော့ချေ။

အိမ်ကလေးဆီသို့ ဦးတည်နေသည့် လမ်းကြားလေးဆီသို့ငေးမျှော်ကြည့်နေ၏။

သူ၏ခန္ဓာကိုယ်သည် အရိုးပေါ်အရေတင် ပိန်ချုံးနေလေသည်။

အသားအရည်သည် ပိုးဟပ်ဖြူလေးတစ်ကောင်ပမာဖြူဖွေးနေပြီး မျက်လုံးများက ဝါကျင်ကျင်ဖြစ်နေလေသည်။

သူ၏ဝမ်းဗိုက်ထဲက တကြုတ်ကြုတ်မြည်အောင် ဆာလောင်နေသည်။

သူ့မျက်လုံးထဲ၌ ဖခင်၏မျက်နှာကို မြင်ယောက်နေမိလေသည်။ ဖခင်ဖြစ်သူ ပြန်ရောက်လာမှ စားရသောက်ရမည်ဖြစ်လေသည်။

သို့သော် ဖခင်သည် ယခုအချိန် အိမ်ပြန်လာဦးမည်မဟုတ်ကြောင်း ကောင်းစွာ နားလည်ထားလေသည်။

❂ ❂ ❂



အေးစိမ့်မှု ပိုကဲလာသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။

မှောင်မည်း၍ လဲပြိုတော့မည့် အိမ်ကလေး၏တံခါးဝ၌ တံခါးဘောင်ကိုမှီကာ အိပ်ပျော်သွားသော ရှောင်လီသည် ရုတ်တရက် ကြမ်းတမ်းစွာ ကန်ကျောက်ခံလိုက်ရခြင်းကြောင့် လန့်နိုးလာလေသည်။

ကပျာကယာ ခုန်ထ၍ကြည့်လိုက်လျှင် ခေါင်းမွေးစုတ်ဖွားနှင့် အရက်သမားကြီးတစ်ယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

အရက်နံ့ တထောင်းထောင်းရလိုက်သည်နှင့် ဖခင်ဖြစ်သူပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း နားလည်လိုက်လေသည်။

"ဖေဖေ"

"ဘာ ဖေဖေလဲ၊ ခွေးကောင်လေး၊ အိမ်ပေါက်ဝမှာ အိပ်ရသလား၊ ကျက်သရေမရှိဘူး၊ ဒါကြောင့် သည်ကနေ့ ဖဲရှုံးတာ"

အရက်သမားကြီးက ရှောင်လီအား မညှာမတာ ရိုက်နှက်လေတော့သည်။

"အမယ်လေး. . . ကြောက်ပါပြီ ဖေဖေရဲ့"

ဗိုက်ဆာနေသော ရှောင်လီ၊ ဖခင်ပြန်လာလျှင် စားစရာတစ်ခုခုရရှိလိမ့်မည်ဟု မျှော်လင့်ထားသော ရှောင်လီကား အရိုက်ခံရခြင်းသာ အဖတ်တင်တော့သည်။

ဖခင်သည် စိတ်တိုင်းကျ ရိုက်နှက်ပြီးမှ အိမ်ထဲသို့ ဝင်

www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

ကြမ်းပြင်ပေါ် ဘုန်းခနဲ လဲကျသံ ထွက်ပေါ်လာပြီး မရှေးမနှောင်း၌ တခေါ်ခေါ်ဟောက်သံ ထွက်ပေါ်လာ၏။

အရက်နှင့်လောင်းကစား သံသရာ၌ ရှောင်လီ၏လူမမည်ဘဝသည် ကြေကွဲစရာကောင်းလှပေသည်။

❖ ❖ ❖

ညဉ့်နက်နေပြီ ဖြစ်သည်။

ရှောင်လီ အိပ်မပျော်နိုင်တော့ပါ။

အိမ်ပေါက်ဝ၌ထိုင်ကာ ကောင်းကင်ပေါ်မှ လခြမ်းပဲ့လေးကို ငေးကြည့်နေမိလေသည်။

သူ လူမှန်းသိတတ်ကတည်းက မိခင်ကို မတွေ့မမြင်ရတော့ပါ။

ဖခင်ကိုမေးသောအခါ သေသွားပြီဟုသာ ပြောပြီး မေးရကောင်းလားဟု ဒေါသတကြီး ရိုက်နှက်တတ်၏။

နောင်တွင် မိခင်အကြောင်း မမေးရဲသလောက် ဖြစ်သွားသလို မိခင်ဆိုသည့် ဝေါဟာရမှာ သူ့ဘဝထဲမှ အပြီးတိုင် ပျောက်ကွယ်သွားခဲ့ရ၏။

မိုးလင်းမိုးချုပ် အအိပ်မက်သော ဖခင်ကြောင့် သူ၏ဘဝ အထီးကျန်ဖြစ်ခဲ့ရသည်။

မည်မျှကြာအောင် တွေဝေငေးငိုင်နေမိမှန်း မသိချေ။



ခြေသံအချို့ ထွက်ပေါ်လာတော့မှ သတိဝင်လာကာ ကြည့်လိုက်လျှင် သုထင်းနန်က သူ၏အနီးသို့ ရောက်ရှိလာသည်ကိုတွေ့လိုက်ရ၏။

သူ့တွင် အမေမရှိသလို သုထင်းနန်၌ အဖေမရှိပါ။

သုထင်းနန်၏မိခင်သည် နောက်အိမ်ထောင်ပြုရာ ပထွေးမှာ လက်ကြောမတင်းသော အရက်သမားဖြစ်၍ သုထင်းနန်တို့သားအမိ နေ့စဉ် နှိပ်စက်ခံကြရသည်။

သူနှင့်သုထင်းနန်တို့ကား ဆင်းရဲသောရပ်ကွက်လေး၌ မွေးဖွားကြီးပြင်းခဲ့ရသည့် လူဆင်းရဲလေးများဖြစ်ကြပြီး ဘဝ၏ခါးသီးမှုဒဏ်ကို ခံစားခဲ့ကြရပေသည်။

အလုပ်အကိုင် အတည်တကျမရှိသူများ၊ အရက်သမားလောင်းကစားသမားများ၊ ဒုစရိုက်သမားများ စုရုံးနေထိုင်သည့်နေရာသည် သူတို့၏ ဘူမိနက်သန် နယ်မြေဖြစ်ခဲ့၏။

ဘဝပေးအခြေအနေ မလှသော သူနှင့်သုထင်းနန်တို့မှာကား အိမ်နီးနားချင်းများဖြစ်ပြီး ငယ်သူငယ်ချင်းများလည်း ဖြစ်ခဲ့ကြလေသည်။

"သုထင်းနန်"

သူက ဝမ်းသာအားရဖြင့် ထရပ်လိုက်၏။

သုထင်းနန်မှာ သူ့အတွက် သူရဲကောင်းတစ်ယောက် ဖြစ်ပါသည်။

"မင်း ဘာမှမစားရသေးဘူး မဟုတ်လား"

"အင်း"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ရော့. . . စားလိုက်"

သုထင်းနန်က အသင့်ယူလာသော ပေါက်စီတစ်လုံး ပေးလေသည်။

ပေါက်စီမှာ ပူနွေးနွေးရှိမနေဘဲ အေးစက်မာကျောနေပြီဖြစ်သည်

မည်သို့ဆိုစေ။

သူ့အတွက် နတ်သုဒ္ဓါတမျှ အရာသာရှိလှပေသည်။

ပေါက်စီတစ်လုံး မည်သို့ကုန်သွားမှန်း မသိနိုင်လောက်အောင် ပလုတ်ပလောင်း စားပစ်လိုက်၏။

"မင်းအဖေ အိပ်ပျော်သွားအောင် စောင့်ပြီးမှငါလာခဲ့တာ၊ ပေါက်စီတစ်လုံးထဲနဲ့ မင်းမဝသေးဘူး မဟုတ်လား"

"ငါ"

"လာစမ်းပါ၊ မင်းမဝသေးဘူးဆိုတာ ငါသိပါတယ်"

သုထင်းနန်က သူ၏လက်ကိုဆွဲကာ ခေါ်သွားသည်။

သူက ဘာမျှမပြောဘဲ လိုက်သွားမိသည်။

နှစ်ယောက်သား ညစ်ပတ်ပေကျံနေသော အိမ်ကြိုအိမ်ကြားမှဖြတ်သွားကြပြီး ဘုံကျောင်းလေးတစ်ခုအနီးသို့ ရောက်ရှိသွားကြ၏။

ညဉ့်နက်နေပြီဖြစ်ရာ ဘုံကျောင်းလေးမှာ မှောင်မည်းတိတ်ဆိတ်နေ၏။

ဘုံကျောင်းလေး၏ ဝဲဘက်၌ နတ်ရုပ်တစ်ခုရှိ၏။

နတ်ရုပ်တုရှေ့၌ ပန်းခြောက်များနှင့်အတူ စားစရာအ

BURMESE CLASSIC



ကြွင်းအကျန်များ ရှိနေ၏။

နတ်ရုပ်အား လာရောက်ပူဇော်သွားသူများ နတ်တင်ခဲ့သော စားစရာသစ်သီး ဆီမီးများကို လူနှင့်ငါရှဉ့်ခွာန်များက စားသောက်ထားသော အကြွင်းအကျန်များ ဖြစ်ပါတော့သည်။

မလှမ်းမကမ်း၌ ခွေးဝဲစားတစ်ကောင် လှည့်ပတ်ကာ စားစရာ ရှာဖွေနေလေသည်။

သုထင်းနန် မကျေမနပ် ဖြစ်သွား၏။

"ဘာမှမကျန်တော့ဘူး၊ သည်ခွေးတွေ စားသွားတာပဲဖြစ်မယ်"

ကျောက်ခဲတစ်လုံး ကောက်ယူကာ ခွေးများကို ပေါက်လိုက်လျှင် ကိန်ခနဲမြည်ကာ ခွေးများထွက်ပြေးသွားလေတော့သည်။ သူက ဟန့်တားလိုက်၏။

"နေပါစေတော့၊ ပေါက်စီတစ်လုံး စားလိုက်ရလို့ ငါဗိုက်ဝသွားပါပြီ"

ဘာမှမစားရတာထက်စာလျှင် ပေါက်စီတစ်လုံးစားလိုက်ရသဖြင့် အာသာပြေသွားပြီဖြစ်သည်။

ဘာမှမစားရသည့် နေ့များမှာ အလီလီရှိခဲ့ဖူးသဖြင့် ထူးဆန်းသည်တော့ မဟုတ်ပါချေ။

သုထင်းနန်က သူ့အားခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

"ရှောင်လီ. . . ငါတို့ သည်မြို့က ထွက်ပြေးသွားကြရအောင်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှောင်လီ ထိတ်လန့်သွား၏။

"ငါတို့ အိမ်မှာနေတော့ရော ဘာအကြောင်းထူးမှာလဲ၊ ထမင်းမှန်မှန် မစားရဘူး။ နေ့စဉ်နဲ့အမျှ ရိုက်နှက်နှိပ်စက်ခံရတယ်၊ မင်းအဖေကော ငါ့အမေကော ငါတို့ကို ဂရုစိုက်တာ မဟုတ်ဘူး"

"ငါတို့ သေသွားရင်ကောင်းမယ်လို့တောင် နေ့တိုင်း ကျိန်ဆဲနေကြတာ၊ အိမ်မှာနေရတာ ငါမပျော်တော့ဘူး၊ အဝေးကို ထွက်သွားချင်ပြီ"

သူ ပင့်သက်ရှိုက်လိုက်၏။

"ဘာလဲ၊ မင်းအဖေကို ကြောက်နေတာလား၊ သူ့အနေနဲ့ မင်းမရှိရင် ပိုတောင်လွတ်လပ်တယ်ဆိုပြီး သဘောကျသွားဦးမှာ"

"ဘာပဲဖြစ်ဖြစ် ငါသွားလို့ မဖြစ်ပါဘူးကွာ"

သူက စိတ်ပျက်စွာပြောလိုက်ရာ သုထင်းနန်က ရယ်မောလိုက်လေသည်။

"ရှောင်လီ. . . မင်းဟာ အားငယ်တတ်တယ်၊ အရာရာကို ကြောက်နေတတ်တဲ့ ယုန်သူငယ်တစ်ကောင်လိုပဲ၊ ဒါကြောင့်လည်း ဈေးရှေ့က ကောင်တွေက မင်းကို အမြဲတမ်းအနိုင်ကျင့်နေတာ"

သူ ခေါင်းငုံ့ထားလိုက်၏။

အရာရာကို စိတ်ပျက်အားငယ်မိခြင်း၊ ကြောက်ရွံ့တတ်ခြင်းက သူ၏ရင်ထဲ အမြစ်တွယ်နေပြီ ဖြစ်လေသည်။



ရွယ်တူကောင်လေးများက သူ့အပေါ် အမြဲတမ်းအနိုင်ကျင့်တတ်ကြသည်ကို သုထင်းနန်ကပင် ရင်ဆိုင်ဖြေရှင်းပေးရလေသည်။

ရှောင်လီအပေါ် အနိုင်ကျင့်သဖြင့် သုထင်းနန်က မခံမရပ်နိုင်သဖြင့် ရင်ဆိုင် ရန်ဖြစ်ခဲ့ရပေါင်း မနည်းတော့ပေ။

ရှောင်လီက တွေဝေပြီး သုထင်းနန်ကား ရဲရင့်ပြတ်သားမှုရှိလေသည်။

လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်သွားလိုသည်ဟု သုထင်းနန်က အိမ်မှထွက်၍ ခြေဦးတည့်ရာသွားလိုရာ ရှောင်လီအား အဖော်ခေါ်နေခြင်းဖြစ်ပါတော့သည်။

ရှောင်လီက မလိုက်ရဲသဖြင့် သုထင်းနန် မကျေမနပ်ဖြစ်သွားသည်။

"ရှောင်လီ. . . ငါသည်မြို့က ထွက်သွားချင်တာကြာပြီ၊ ငါ့အမေကိုလည်း ပတွေးနှိပ်စက်တာ ခံနေရမှာစိုးရိမ်လို့ ငါ မသွားနိုင်တာ၊ ငါ့သဘောနဲ့ငါဆို သွားတာကြာပြီ၊ မင်းကိုလည်း စိုးရိမ်တယ်"

ရှောင်လီ၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာ၏။

သုထင်းနန်ကို သူ့ဘဝတွင် သူရဲကောင်းကြီးပမာ သဘောထားမိ၏။

ခံယူချက်က ပို၍ခိုင်မာလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လီ တံတွေးမျိုချလိုက်၏။

"သုထင်းနန်း . . . ငါဟာ ဘာမှအသုံးမကျပါဘူးကွာ၊ ငါ့ကိုထားပစ်ခဲ့ပြီး သွားပါတော့"

"အေး . . . ငါသွားရမှာပဲ"

သုထင်းနန်းက ခပ်ပြတ်ပြတ် ပြောလေသည်။

ရှောင်လီ ခေါင်းငုံ့ထားလိုက်လေသည်။

သုထင်းနန်းက ရှောင်လီအား အတန်ကြာအောင် စိုက်ကြည့်ပြီးမှ . . .

"မင်း ဘာကြောင့် မလိုက်ချင်ရတာလဲ"

ဟု မေးလိုက်၏။

ရှောင်လီက မရဲတရဲ ပြန်ကြည့်လိုက်၏။

"မင်းပြောသလိုပဲ ငါက ကြောက်တတ်တယ်၊ စိုးရိမ်ပူပန်တတ်တယ်၊ သည်မှာတောင် သည်လောက် ဒုက္ခရောက်နေရင် တခြားမြို့ရွာကို ရောက်တဲ့အခါ ပိုပြီးဒုက္ခရောက်မှာကို စိုးရိမ်ပူပန်မိတယ်၊ ဒါကြောင့် ငါမလိုက်ရဲတာ"

"အေး . . . မင်းမလိုက်ချင်ရင် နေခဲ့ပေါ့"

သုထင်းနန်းသည် ဒေါပွပွနှင့် ထွက်သွားရန် ဟန်ပြင်လိုက် လေသည်။

ရှောင်လီက လှမ်းမေးလိုက်၏။

"မင်း အခုသွားတော့မလို့လား"

"ငါ . ."

သုထင်းနန်း ခြေလှမ်းရပ်သွားလေသည်။



မိမိကို ရိုဝေသော အကြည့်ဖြင့် ကြည့်နေသည့် ရှောင်လီကြောင့် စိတ်ပျက်သွားရလေသည်။

"ရှောင်လီ . . . မင်းကြောင့် ခက်ပါသေးတယ်"

"သုထင်းနန်း . . . ငါ့ကို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်ကွာ"

ရှောင်လီက မလှမ်းမကမ်းရှိ နတ်ရုပ်တုကို ညွှန်ပြလိုက်လေသည်။

"တို့နှစ်ယောက် တစ်နေ့ကျရင် ခွဲခွာသွားကြရမှာ၊ တစ်ယောက်ကိုတစ်ယောက် ဘယ်တော့မှ မမေ့ကြရအောင် နတ်ရုပ်တုကြီးရှေ့မှာ သစ္စာပြုကြရင် မကောင်းဘူးလား"

သုထင်းနန်း ပြုံးလိုက်၏။

"ကောင်းတာပေါ့၊ တို့နှစ်ယောက် နတ်ရုပ်တုကို တိုင်တည်ပြီး ညီအစ်ကိုအဖြစ် သစ္စာပြုကြမယ်၊ ဘယ်လိုလဲ"

ရှောင်လီက လိုလိုလားလားပင် ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ တို့နှစ်ယောက် ညီအစ်ကိုဖြစ်ကြရင် သိပ်ကောင်းမှာပဲ"

"မပူနဲ့၊ နတ်ရုပ်တုရှေ့မှာ သစ္စာဆိုပြီး ညီအစ်ကိုဖွဲ့လိုက်ရင် တို့တတွေ ညီအစ်ကိုဖြစ်သွားကြမှာဘဲ၊ ငါက မင်းထက် ပိုပြီးအသက်ကြီးတော့ အစ်ကိုလုပ်မယ်၊ မင်းက အသက်ငယ်တော့ ညီလေးလုပ်ပေါ့၊ မကောင်းဘူးလား"

"ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လာ"

သုထင်းနန်က ရှောင်လီ၏လက်ကိုဆွဲကာ နတ်ရုပ်တုရှေ့သို့ လှမ်းသွားလိုက်သည်။

နတ်ရုပ်တုကား အရောင်အဆင်း မှေးမှိန်ကာ ကြောက်မက်ဖွယ်ကောင်းသောအသွင် ရှိနေပါသည်။

သုထင်းနန်က နတ်ရုပ်တုကို ဂါရဝပြုလိုက်သည်။

"နတ်မင်းကြီးခင်ဗျာ. . . ခုချိန်ကစပြီး ကျွန်တော်နဲ့ ရှောင်လီတို့ဟာ ညီရင်းအစ်ကိုတွေ ဖြစ်သွားပြီလို့ သစ္စာပြုပါတယ်"

"ဟုတ်ပါတယ်"

ရှောင်လီက သံယောင်လိုက်၍ ပြောလေသည်။

သုထင်းနန် ကျေနပ်သွားလေသည်။

"ကျွန်တော် အစ်ကိုသုထင်းနန်ဟာ ညီလေးရှောင်လီကို တစ်သက်လုံး စောင့်ရှောက်သွားပါ့မယ်၊ ညီလေးရှောင်လီအတွက် အသက်ကိုတောင် စွန့်ပါ့မယ်လို့ သစ္စာပြုပါတယ်"

ရှောင်လီ ကြက်သီးဖြန်းဖြန်း ထသွားလေသည်။

"သုထင်းနန်. . . မင်း"

"ဟေ့. . . ငါက မင်းရဲ့အစ်ကိုဖြစ်ပြီလေ၊ သုထင်းနန်လို့ မခေါ်ရဘူး၊ အစ်ကိုလို့ ရိုရိုသေသေခေါ်ရမှာပေါ့"

"ဒါ"

"ညီလေး. . မင်းဘာမှ စိုးရိမ်ပူပန်မနေနဲ့တော့၊ ခုချိန်ကစပြီး ညီလေးကို ကာကွယ်စောင့်ရှောက်သွားမယ့် အစ်ကိုတစ်



ယောက် ရှိနေပြီပဲ"

"အစ်ကို"

ရှောင်လီက မရဲတရဲ ခေါ်လိုက်သည်နှင့် သုထင်းနန်က တဟားဟား ရယ်မောလိုက်သည်။

"ဟုတ်တယ်၊ သည်ကနေ့ တို့နှစ်ယောက် ညီအစ်ကိုဖြစ်ကြတဲ့ အထိမ်းအမှတ်နဲ့ ညီလေးကို လက်ဆောင်ပစ္စည်း တစ်ခုခုပေးရမယ်"

"ဟာ. . . သည်လိုမလုပ်ပါနဲ့"

ရှောင်လီက ဟန့်တားလိုက်သော်လည်း သုထင်းနန်က အမှုမထားချေ။

"ညီလေး. . . မင်းသည်မှာပဲ စောင့်နေ၊ ညီလေးအတွက် လက်ဆောင်ပစ္စည်းတွေ ယူပြီးပြန်လာခဲ့မယ်"

ရှောင်လီအား စောင့်ဆိုင်းနေရန် မှာကြားပြီး ချက်ချင်းပြေးထွက်သွားလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## သတင်းဆိုး

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်ပါသည်။

နွေးထွေးသော နေရောင်ခြည်အောက်တွင် တစ်မြို့လုံး စည်ကားသက်ဝင် လာလေသည်။

ရှောင်လီသည် ဘုံကျောင်းလေးရှေ့ နတ်ရုပ်တုအနီး၌ ငူငူကြီးရပ်လျှက် ရှိနေ၏။

သုထင်းနန်က လက်ဆောင်ပစ္စည်း ယူလာခဲ့မည်ပြော ပြီးထွက်သွားရာ မိုးစင်စင်လင်းသည့်တိုင် ပြန်ရောက်မလာတော့ ပါချေ။ သုထင်းနန် မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

နေဝန်းနီမှာ ကောင်းကင်ပေါ်သို့ တစ်စထက်တစ်စ မြင့် တက်လာ၏။

နေမြင့်လာပြီဖြစ်သော်လည်း သုထင်းနန်၏အရိပ်အ ယောင်ပင် မတွေ့ရပါချေ။

"သုထင်းနန်. . . မင်းထွက်သွားပြီလား"

ရှောင်လီ ဝမ်းနည်းကြေကွဲလာလေတော့သည်။

✿ ✿ ✿



ထိုနေ့. . .

ညနေဆည်းဆာအချိန်ရောက်မှ သုထင်းနန်၏ သတင်း ကို ကြားသိရလေသည်။

သုထင်းနန်သည် ကလေးကစားစရာအရုပ်များ ရောင်းချ သော ဆိုင်တစ်ဆိုင်ကို ဖောက်ထွင်း ဝင်ရောက်၍ ခိုးယူဖို့ကြိုး စားစဉ် ဆိုင်ရှင်က ဖမ်းသွားခြင်းဖြစ်၏။

ပို၍ဆိုးသည်မှာ ဆိုင်ရှင်က သုထင်းနန်ကို ဖမ်းဆီးရာ ၌ သုထင်းနန်က ရုန်းကန်ထွက်ပြေးရန် ကြိုးစားရင်း ခုခံတိုက် ခိုက်ခဲ့ရာ ဆိုင်ရှင် သေဆုံးသွားခြင်းဖြစ်၏။

ထိုသတင်းဆိုးကို သုထင်းနန်၏မိခင်က သယ်ဆောင် လာခြင်းဖြစ်၏။

"ရှောင်လီ. . . မင်းရဲ့သူငယ်ချင်း သုထင်းနန်ကတော့ ခိုက်တင်မြို့ကို ခေါ်သွားခံရပြီ၊ ဟိုရောက်ရင် ခုံရုံးတင်စစ်ဆေးပြီး ကြီးလေးတဲ့အပြစ်ဒဏ်ခံရတော့မယ်"

သုထင်းနန်၏မိခင်က မျက်ရည်လေးတစမ်းစမ်းဖြင့် ပြောလေသည်။

ရှောင်လီလည်း မျက်ရည်ဖြိုင်ဖြိုင် ကျလာလေတော့ သည်။

သုထင်းနန်က သူ့အတွက် လက်ဆောင်ပေးရန် ကြိုး စားရင်း အပြစ်ဆိုးကြုံလိုက်ရခြင်း ဖြစ်ကြောင်း နားလည်မိလေ သည်။

လွတ်မြောက်ဖို့ အကြောက်အကန် ကြိုးစားရင်း ဆိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကိုလက်လွှန်သွားခြင်း ဖြစ်လေသည်။

ရှောင်လီ၏ဖခင်သည် ရှောင်လီနှင့် သုထင်းနန်၏မိခင်တို့ ကြေကွဲနေကြသည်ကိုကြည့်၍ အော်ငေါက်လိုက်မိလေတော့သည်။

"ကျက်သရေမရှိ လာငိုနေကြတယ်၊ သွား. . ကျုပ်ရှေ့ကထွက်သွားကြစမ်း"

ဤသို့ဖြင့်. . .

သုထင်းနန်အတွက် လွတ်လပ်စွာ ငိုကြွေးခွင့်ပင် ရှောင်လီမရခဲ့ပါချေ။

❖ ❖ ❖



ရှောင်လီမှာ သုထင်းနန်၏အခြေအနေကို သိလိုပါသော်လည်း နောက်ရက်များ၌ မည်သည့်သတင်းမျှ မကြားရတော့ပါ။

မည်သူကမျှလည်း သွားရောက်ဆက်သွယ်ခြင်း မပြုကြသဖြင့် သတင်း အဆက်ပြတ်သွားခြင်းဖြစ်၏။

နောက်ဆယ်ရက်ခန့်ကြာမှ ခိုက်တင်မြို့မှ ပြန်လာသူတစ်ဦး၏ပြောပြချက်အရ သုထင်းနန်အား အခြားသော လူဆိုးမားပြကြီးများနှင့်အတူ သေဒဏ်စီရင်ချက် ချလိုက်ကြောင်း သိလိုက်ရတော့သည်။

တစ်လ. . .။

နှစ်လ. . .။

သုံးလ. . .။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့လေသည်။

ရှောင်လီသည် သုထင်းနန်နှင့် ပတ်သက်၍ စိတ်ဝေဒနာခံစားရကာ အိပ်ရာထဲ ဘုန်းဘုန်းလဲသွားတော့သည်။

လောင်းကစားဝိုင်းများ၌သာ အချိန်ကုန်နေသော ဖခင်ဖြစ်သူက တစ်ချက်ကလေး လှည့်မကြည့်ခဲ့ပါ။

ရှောင်လီသည် အရိုးပေါ်အရေတင် ပိန်ချုံး၍ သေဆုံးသွားရမည့် နေ့ရက်ကို စောင့်မျှော်နေရလေတော့သည်။

တစ်ည. . .

ရှောင်လီ အပြင်းဖျားသော ညတစ်ညဖြစ်သည်။

"ဂျိမ်း"

မိုးချုန်းသံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်သွားသလို အေးစိမ့်သောလေပြင်းများ တိုက်ခတ်လာ၏။

မကြာမီ. . .

မိုးသီးမိုးပေါက်များ အဆက်မပြတ် ကျဆင်းလာလေသည်။

ရှောင်လီတို့၏ အိမ်ကလေးကား မိုးသက်လေပြင်းအောက်တွင် ချက်ချင်းပြိုလဲသွားတော့မည် ထင်ရလေ၏။

ရှောင်လီ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေလေသည်။

သူ၏ရင်ထဲ ပူလောင်နေသည်။

ခေါင်းတစ်ခုလုံး ပေါက်ကွဲသွားတော့မတတ် ကိုက်ခဲနေလေသည်။

"သုထင်းနန်. . . ငါ့ကို မြန်မြန်လာခေါ်ပါတော့"

ကယောင်ကတမ်းဖြင့် ညည်းတွားလိုက်လေသည်။

ထိုစဉ်. . .

အိမ်ထဲသို့ လူတစ်ယောက် ဒယီးဒယိုင်ဖြင့် ဝင်ရောက်လာသည်ကို တွေ့လိုက်ရ၏။

"သုထင်းနန်"

ရှောင်လီ ဝမ်းသာအားရ ခေါ်လိုက်မိသည်။

သို့သော်. . .

"ဘာကွ၊ လူဆိုးဓားပြလေးကို မင်းက တမ်းတနေသေးတယ် ဟုတ်လား"



ဖခင်၏အော်ငေါက်သံ ထွက်ပေါ်လာလေသည်။

ဒယီးဒယိုင်ဖြင့် အိမ်ထဲဝင်လာသူမှာ သုထင်းနန်မဟုတ်ဘဲ ဖခင် အရက်သမားကြီးဖြစ်နေသည်။

ညဥ့်အချိန်မတော်မှ လောင်းကစားက ထလာခြင်းဖြစ်ပြီး သူတပါးတိုက်ကျွေးသမျှ သောက်စားမူးယစ်လာခြင်း ဖြစ်လေသည်။

ရှောင်လီ စိတ်ပျက်သွားသည်။

"သုထင်းနန်. . . မင်း ဘယ်ရောက်နေပြီလဲ"

"ဘာကွ၊ မင်းက သုထင်းနန်ကို တမ်းတနေတယ် ဟုတ်လား၊ သူခိုးဓားပြဖြစ်ချင်တဲ့ကောင် သေစမ်း"

အကြောင်းမရှိ အကြောင်းရှာ၍ ရှောင်လီအား ရိုက်နှက်လေသည်။

ထိုစဉ်. . .

အိမ်ထဲသို့ လူရိပ်တစ်ခု ဝင်ရောက်လာသည်ကို တွေ့ရပြီး အခြေအနေ ရှုပ်ထွေးသွားလေသည်

လုံးထွေးသတ်ပုတ်သံများ၊ အော်ဟစ်ညည်းတွားသံများ ထွက်ပေါ်လာသည်။

နောက်ပိုင်း မည်သို့ဖြစ်ပျက်သွားသည်ကို မသိနိုင်တော့ဘဲ ရှောင်လီ သတိလစ်သွားလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## ဘဝသစ်

အချိန် မည်မျှကြာသွားမှန်း မသိချေ။

ရှောင်လီ သတိရလာသောအခါ နွေးထွေးသော အိပ်ရာတစ်ခုထက်၌ ရောက်ရှိနေ၏။

အခန်းမှာလည်း လှပသန့်ရှင်းနေ၏။

မိမိအိမ် မဟုတ်ဘဲ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသောနေရာတစ်ခုသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း သတိပြုမိလျှင် ရှောင်လီ လူးလဲထလိုက်၏။

ထိုစဉ်. . .

"မထနဲ့ဦး၊ မင်းနေကောင်းသေးတာမှ မဟုတ်ဘဲ အနားယူနေလိုက်ပါဦး"

အလွန်သာယာ နာပျော်ဖွယ်ကောင်းသော အသံနှင့်အတူ အသက်လေးဆယ်ခန့်ရှိသူ တစ်ယောက် အခန်းတွင်းသို့ ဝင်လာလေသည်။



ထိုလူ၏အသံသည် ကရုဏာသက်နေသည့်အသွင် ပေါ်နေသကဲ့သို့ ရုပ်ရည်မှာလည်း ချစ်ခင်နှစ်လိုဖွယ် ကောင်းလှပေသည်။

ရှောင်လီမှာသူ၏ဘဝတွင် ထိုကဲ့သို့သော လူစားမျိုးအားမတွေ့ဖူး၊ မမြင်ဖူးဟု ထင်မိလေသည်။

ထိုလူသည် အနီးသို့ရောက်လာပြီး သူ၏နဖူးကို ညင်သာစွာ စမ်းသပ်ကြည့်၏။

"အင်း. . . အဖျားတော့ ကျသွားပြီ၊ အားနည်းနေတာပဲ ကျန်တော့တယ်၊ မပူနဲ့လေ မကြာခင်နေကောင်းသွားမှာပါ၊ ကဲ မင်းနိုးနေတာနဲ့ အတော်ပဲ ဆေးတစ်ခွက်သောက်ရအောင်"

ထိုလူက အသင့်ထားရှိသော ဆေးတစ်ခွက်ကို ယူ၍ တိုက်ကျွေးလေသည်။ သူက မငြင်းဘဲ သောက်ချလိုက်သည်။

"ကဲ. . . ပြန်ပြီး အနားယူလိုက်ဦး"

ထိုလူက သူ့အား ခုတင်ပေါ်၌ အသာလဲလျောင်းစေကာ စောင်တစ်ထည် ခြုံပေးလိုက်၏။

ရှောင်လီ စိတ်လှုပ်ရှားနေပါသည်။

ကြုံတွေ့နေရသော အဖြစ်အပျက်ကို မယုံနိုင်အောင်ဖြစ်နေ၏။ မေးမြန်းလိုစိတ်ကို မနည်းချုပ်တည်းထားလိုက်ရလေသည်။

ဆေးသောက်လိုက်ရခြင်းကြောင့် မကြာမီ မျက်ခွံများလေးလံလာကာ အိပ်ပျော်သွားလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ . . .

ရက်ပိုင်းအတွင်း မိမိ၏ဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ကြောင်း ရှောင်လီ သိလိုက်လေသည်။

သူ၏ဇာတိမြို့လေး၌ မဟုတ်ဘဲ အခြားတစ်မြို့တစ်ရွာသို့ ရောက်နေရခြင်း ဖြစ်ပါသည်။

သူ့အတွက် စားဝတ်နေရေး ဘာမှပူပင်စရာမလိုဘဲ စန်းကိုးဟု အမည်ရှိသော နှစ်လိုဖွယ်ကောင်းသည့် လူကြီးက လိုလေသေးမရှိ ဆောင်ရွက်ပေးလေသည်။

နေစရာအသင့်၊ စားစရာအသင့် ဘာဆိုဘာမျှ လိုလေသေးမရှိရကား သူက လျင်မြန်စွာ ကျန်းမာလာလေတော့သည်။

သို့သော် . . .

လူက ကျန်းမာသော်လည်း စိတ်ကတော့ ကျန်းမာခြင်းမရှိပါချေ။

အဘယ်ကြောင့် စန်းကိုးထံသို့ ရောက်ရှိခဲ့ရသည်ကို သိလိုနေတော့သည်။

သူက မှိုင်မှိုင်တွေတွေ ဖြစ်နေခြင်းကြောင့် အခြေအနေကို အမြဲစောင့်ကြည့် အကဲခတ်နေသော စန်းကိုးက နှစ်သိမ့်လာလေသည်။

"ရှောင်လီ . . . သည်နေရာမှာ မင်းအတွက် ဘာမှလိုလေသေး မရှိဘူးလို့ ကျုပ်ထင်ပါတယ်"

သူက ဦးညွှတ်လိုက်၏။

"ဟုတ်ပါတယ် ဦးရယ်၊ ကျုပ်ဘဝမှာ သည်နေရာ



လောက်ပြည့်စုံတဲ့ နေရာမျိုးမကြုံတွေ့ခဲ့ရဖူးပါဘူး"

"သည်နေရာမှာ နေရတာ မင်းစိတ်ချမ်းသာလိမ့်မယ်လို့ ကျုပ်မျှော်လင့်မိတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် စိတ်ချမ်းသာပါတယ်"

သူ၏စကားအဆုံး၌ စန်းကိုးရယ်မောလိုက်၏။

"မင်း တကယ်ပြောတာလား၊ ကျုပ်ကိုကျေနပ်သွားအောင် ပြောလိုက်တာလား"

သူ ပါးစပ်ပိတ် ထားလိုက်လေသည်။

စန်းကိုး၏မျက်နှာ တည်သွားသည်။

"သည်နေရာမှာ ဘယ်လောက်ပဲ ပြည့်စုံပေမယ့် မင်းနေခဲ့ရတဲ့ တဲအိမ်လေးမှာလောက် စိတ်ချမ်းသာမှု မရနိုင်ဘူးလို့ ကျုပ်ထင်မိတယ်"

ဤတွင် . . .

ရှောင်လီက ညည်းတွားလိုက်မိ၏။

"ကျွန်တော် ဘယ်တုန်းကမှ စိတ်ချမ်းသာမှုရခဲ့တာ မဟုတ်ပါဘူး"

တဲအိမ်လေး၌ နေထိုင်ခဲ့ရစဉ်ကလည်း တစ်ချိန်လုံး စိတ်ဆင်းရဲခဲ့ရသည် မဟုတ်ပါလား။

"တဲအိမ်ကလေးကိုလည်း မင်းပြန်မသွားချင်ဘူးဆိုပါတော့"

သူက စဉ်းစားခြင်းမပြုဘဲ ပြောလိုက်၏။

"သည်နေရာ ဘယ်လောက်ကောင်းကောင်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တဲ့ အိမ်ကိုတော့ မီမှာမဟုတ်ပါဘူး။ ပြီးတော့ အိမ်ကလေးမှာ ကျွန်တော့အဖေလည်း ရှိပါသေးတယ်"

စန်းကိုး ခေါင်းခါယမ်းလိုက်သည်။

"မင်းအဖေ ကွယ်လွန်သွားပါပြီကွယ်"

"ဗျာ"

မမျှော်လင့်သောစကား ကြားလိုက်ရလျှင် သူတုန်လှုပ်သွားလေသည်။

စန်းကိုးက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"မင်းအဖေဟာ လောင်းကစားပိုင်းမှာ အကြွေးတွေတင်ခဲ့လို့ စိတ်ညစ်ညစ်နဲ့အရက်ဖိသောက်ခဲ့ရာက ကျန်းမာရေးချို့ယွင်းပြီး နောက်ဆုံး သေဆုံးသွားရှာတာပါပဲ"

သူက ဖခင် သေဆုံးသွားကြောင်း ကြားသိရသဖြင့် စိတ်မကောင်းဖြစ်သွားသော်လည်း ငိုကြွေး၍မရဘဲ ဖြစ်နေသည်။

နေ့စဉ်နှင့်အမျှ ငိုကြွေးခဲ့ရသဖြင့် မျက်ရည်များပင် ခန်းခြောက်သွားသည်ဟု ထင်ရလေတော့သည်။

"မင်းအဖေရဲ့ အသုဘကိစ္စကို ကျုပ်တို့ပဲ တာဝန်ယူဆောင်ရွက်ပေးခဲ့တယ်၊ တင့်တင့်တယ်တယ်ဖြစ်ခဲ့တယ်ဆိုတာ ယုံကြည်စေချင်ပါတယ်"

သူက စန်းကိုးအား ကြည့်လိုက်လေသည်။

စန်းကိုး ဆက်ပြောသည်။

"မင်းအဖေရဲ့အုတ်ဂူကို သွားပြီး ရှိခိုးကန်တော့ချင်တယ်



ဆိုရင် ပြောပါ၊ ကျုပ်လိုက်ပို့ပေးပါ့မယ်"

ဤတွင် ရှောင်လီ ချက်ချင်း ခေါင်းညိတ်လိုက်၏။

"ကျွန်တော် အခုပဲ သွားချင်တယ်"

စန်းကိုး မငြင်းပါချေ။

"ကောင်းပြီ. . . ခရီးထွက်ဖို့ ကျုပ်စီစဉ်လိုက်ပါ့မယ်"

မည်သို့သော နေရာဒေသသို့ ရောက်နေမှန်းမသိပါချေ။

ကြီးမားကျယ်ဝန်းသော အဆောက်အဦးကြီးအတွင်း၌ နေထိုင်ခဲ့ရသဖြင့် အပြင်ထွက်ဖို့ လမ်းစပေါ်လာသောအခါ ရှောင်လီက အခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးချလေတော့သည်။

စန်းကိုး မသိခြင်းမဟုတ် သိမည်ဖြစ်ပါသည်။

သို့သော် ဟန့်တားခြင်းမပြုသည့်အပြင် လိုက်၍ပို့ဆောင်ပေးရန် စီစဉ်ခဲ့သည်မှာ အံ့ဩစရာကောင်းနေပါတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ပင်ယံမြင့်ထက်မှ ငှက်ကလေးတစ်ကောင်က လွမ်းလွမ်းဆွေးဆွေး တေးဆိုနေသည်။

အေးမြသော လေပြည်လေညင်းလေး ဝေ့ယမ်းတိုက်ခတ်လာသောအခါ တောရိုင်းပန်းရနံ့များ လွင့်ပျံ့လာသည်။

သင်္ချိုင်းမြေမှာလည်းလွမ်းဆွေးကြေကွဲဖွယ်ရှိနေ၏။

မြေပုံမှတ်တိုင်များ အစီအရီရှိနေသလို အုတ်ဂူများလည်း ညီညီညာညာ ရှိနေသည်။

သင်္ချိုင်းမြေ၏ဝဲဘက်ထောင့်ရှိ သီးခြားနေရာတစ်ခုတွင် ကြွေပြားများဖြင့် တန်ဆာဆင်ထားသော အုတ်ဂူတစ်ခု ရှိနေလေသည်။

ထိုအုတ်ဂူသည် ရှောင်လီ၏ဖခင် အုတ်ဂူဖြစ်ပေသည်။

အခြေအနေမဲ့ အရက်သမားတစ်ယောက်သာဖြစ်ခဲ့သော ရှောင်လီဖခင်သည် သေဆုံးသွားသောအခါ တကယ့်လူကုံထံတစ်ယောက်ပမာ ထည်ထည်ဝါဝါ ရှိခဲ့ပေသည်။

ရှောင်လီ မယုံနိုင်အောင် ဖြစ်နေ၏။

"ဒါ ကျွန်တော့်အဖေရဲ့ အုတ်ဂူဆိုတာ အမှန်ပဲလား"

စန်းကိုးအား မေးလိုက်မိ၏။

စန်းကိုး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အုတ်ဂူပေါ်က ကမ္ပည်းထိုးထားတာကို ဖတ်ကြည့်ပါလား"

"ကျွန်တော်"

ရှောင်လီ မျက်နှာပျက်သွားကာ စကားတစ်ပိုင်းတစ်စဖြင့်



ရပ်သွားလေသည်။

သူက စာကောင်းကောင်း မတတ်သည့်အဖြစ်ကြောင့် အုတ်ဂူမှကမ္ပည်းစာကို ဖတ်နိုင်မည်မဟုတ်ပါချေ။

စန်းကိုးသည် တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

"သည်က ပြန်တာနဲ့ မင်းကို စာပေပညာ သင်ကြားပေးဖို့ စီစဉ်ထားပါတယ်"

ရှောင်လီ မျက်လုံးပြူးသွားလေသည်။

"ကျွန်. . . ကျွန်တော် စာသင်ရမယ် ဟုတ်လား"

"ဟုတ်တယ်. . . မင်းအတွက် လေ့လာသင်ယူစရာတွေ အများကြီးပဲ၊ မင်းကြိုးစားရင် တစ်နေ့ အသိဉာဏ်ပညာနဲ့ ပြည့်စုံကြွယ်ဝတဲ့လူတစ်ယောက် ဖြစ်လာမယ်၊ ရာထူးရာခံရနိုင်မယ်၊ ပညာရှင်ကြီး ဖြစ်လာနိုင်တယ်"

"ဒါ. . . ဒါ"

"ဘာလဲ၊ မဖြစ်နိုင်ဘူးလို့ မင်းထင်လို့လား၊ ယောကျ်ားပဲ ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တယ်ဆိုတာ မှတ်ထားပါ၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိရမယ်၊ အတိတ်က ဖြစ်ရပ်တွေကို မေ့ပစ်လိုက်ရမယ်"

ရှောင်လီ ခေါင်းခါလိုက်သည်။

"ကျွန်တော်ကတော့ မေ့နိုင်မယ် မထင်ပါဘူး ခင်ဗျာ"

စန်းကိုး ပြုံးလိုက်သည်။

"မင်းအတွက် ဆိုးရွားလှတဲ့ အတိတ်အိပ်မက်ဆိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကခြောက်လှန့် နေလိမ့်မယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ဒါ တွေသတိရနေလို့ မင်းအတွက် အကျိုးရှိလာမှာမဟုတ်ဘဲ အတိတ်ရဲ့ခါးသီးတဲ့ အတွေ့အကြုံကို သင်ခန်းစာယူပြီး ဘဝတိုး တက်အောင်လုပ်ရမှာပေါ့"

"မင်းကြိုးစားပါ၊ တစ်နေ့ အကျိုးကျေးဇူးခံစားရမယ် လို့ကျုပ် အာမခံပါတယ်"

ရှောင်လီ ပင့်သက်ရှိုက်လိုက်သည်။

"ဦးဟာ ကျွန်တော့်အပေါ်မှာ ကောင်းလွန်းလှပါတယ်၊ ဘာကြောင့် သည်လောက်တောင် ကောင်းနေရသလဲဆိုတာ ကျွန်တော် နားမလည်တော့ပါဘူး"

စန်းကိုး လက်ကာပြလိုက်သည်။

"နားလည်ဖို့ မလွယ်သေးတဲ့ကိစ္စကို နားလည်အောင် မကြိုးစားဘဲနေတာ ပိုကောင်းလိမ့်မယ်၊ တစ်နေ့ကျရင် အားလုံး ရှင်းရှင်းလင်းလင်း ဖြစ်သွားမှာပါ၊ ကဲ မင်းအဖေရဲ့အုတ်ဂူကို ဂါရဝ ပြုပြီးပြီဆိုရင် ပြန်ကြရအောင်"

သူ မျက်လုံးပြူးသွားသည်။

"ကျွန်တော် ဘယ်ကိုပြန်ရမှာလဲ၊ သည်မြို့မှာ ကျွန်တော့် ရဲ့အိမ်ရှိနေတာပဲ"

"သည်မှာနေလို့ မင်းရဲ့ဘဝ တိုးတက်မြင့်မားလာဖို့ဆို တာ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့် ဆိုးဝါးခါးသီးတဲ့ဘဝထဲ ပြန်သွား ချင်ရတာလဲ"

"ကျွန်တော်. . ."



"ကဲပါ. . . တို့ ပြန်ကြရအောင်"

စန်းကိုးက လောဆော်လိုက်သဖြင့် ရှောင်လီ ခေါင်း ညိတ်လိုက်သည်။

"ကောင်းပါပြီခင်ဗျာ"

နှစ်ယောက်သား မြင်းလှည်းရှိရာသို့ လှမ်းသွားလိုက်ကြ လေသည်။

စန်းကိုးသည် ရှောင်လီအား အကောင်းစား အဖိုးတန် မြင်းလှည်းတစ်စီးဖြင့် ခေါ်လာခဲ့ခြင်း ဖြစ်လေသည်။

ရှောင်လီ ဝတ်ဆင်ထားသည်ကလည်း သူဌေးသားတစ် ဦးကဲ့သို့ ဖြစ်လေသည်။

ရှောင်လီ၏ဘဝက ယခင်ကနှင့်မတူဘဲ အပြောင်းလဲ ကြီးပြောင်းလဲနေခြင်း ဖြစ်လေသည်။

နှစ်ယောက်သား မြင်းလှည်းပေါ် ရောက်သွားလျှင် မြင်း လှည်းသမားက မြင်းများကိုအော်ငေါက် မောင်းနှင်သွားလေ တော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လီ၏ဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သော်လည်း ရှောင်လီမွေးဖွားခဲ့သည့် မြို့ကလေးကား ထူးထူးခြားခြား ပြောင်းလဲမှုမရှိခဲ့ပါချေ။

ရှောင်လီနေထိုင်ခဲ့သည့် ဆင်းရဲသားရပ်ကွက်လေး ရှိနေဆဲ။ အိမ်ခြေတိုးတက်လာသကဲ့သို့ လူပိုများလာခြင်းသာ ပြောင်းလဲမှုဖြစ်လေသည်။

လမ်းများက ချိုင့်ကျင်း ပေါ်မြဲ ပေါ်လျှက်။

အိမ်ကလေးများ ဖရိုဖရဲ ယိုင်နဲ့လျှက်။

သချိုင်းမြေမှ ထိုသို့အသွားဆင်းရဲသားရပ်ကွက်လေးကိုဖြတ်သန်းသွားရလေသည်။

"ခွပ်. . . ခွပ်. . . ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။ ညစ်ပတ်ပေကျံနေသော ကလေးငယ်များသည် မြင်းလှည်းနောက်သို့ ပြေးလိုက်လာကြလေသည်။

ကလေးများကား မည်သို့သော ပူပန်မှုမျှမရှိဘဲ ပျော်ရွှင်စွာရှိနေကြလေသည်။

ရှောင်လီသည် ကလေးများကိုကြည့်ရင်း ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

ရုတ်တရက် မြင်းလှည်းတံခါးကို တွန်းဖွင့်ကာ ခုန်ချလိုက်လေတော့သည်။

❂ ❂ ❂



"ရှောင်လီ. . . မပြေးနဲ့"

"ရပ်လိုက်စမ်း"

အော်ဟစ်သံ၊ ပြေးလိုက်သော အသံများ ကျက်ကျက်ညံသွားသည်။

သူ ကျင်လည်ခဲ့သော အရပ်ဖြစ်ရကား ကျွမ်းကျင်နေသည်မှာ မဆန်းပါချေ။ ညစ်ပတ်ပေကျံနေသော အိမ်ကြိုအိမ်ကြားမှဖြတ်ကာ ပြေးသွားလိုက်လျှင်၊ စန်းကိုးတို့ မျက်ခြည်ပြတ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာ ကုန်ဆုံးသွားပြီး တစ်ညတာအချိန် ရောက်ရှိလာပြီဖြစ်ပါသည်။

ရှောင်လီသည် ဈေးရှေ့မှ ခြင်းတောင်းများ၊ သေတ္တာခွံများ စုပုံထားသည့်နေရာ၌ ဝင်ရောက်ပုန်းအောင်းနေခဲ့လေသည်။

စန်းကိုးက သူ့အား မြေလှန်ရှာမည်ဖြစ်ကြောင်း ယုံကြည်ထားသည်။

နေဝင်ချိန်သို့ ရောက်သောအခါ ဈေးပိတ်သွားလေ၏။

ရှောင်လီသည် စန်းကိုး၏လက်မှလွတ်အောင် ပြေးနိုင်လိမ့်မည်ဟု ယုံကြည်ထား၏။

ဈေးရှေ့တွင် လူရှင်းသွား၏။

ဈေးရှေ့ အမှိုက်ပုံမှ ခွေးလေခွေးလွင့်များ၏ အစာလုမာန်ဖီသံကို ကြားရသည်။

သူသည် သေတ္တာခွံများကြားမှ အပြင်သို့ ချောင်းကြည့်လိုက်၏။ လမ်းပေါ်၌ လူရှင်းနေသည်ကို တွေ့ရမှ ပုန်းကွယ်ရာမှ ထွက်လာခဲ့၏။

လမ်းဘေး အမှောင်ရိပ်ကျသော နေရာများကို အကာအကွယ်ယူကာ ဈေးရှေ့မှ ထွက်လာခဲ့သည်။

ဆင်းရဲသားရပ်ကွက်လေးကို ပြန်လာခဲ့ခြင်းဖြစ်ပေသည်။

သူ၏အိမ်သို့ သူပြန်မည်ဖြစ်သည်။

ဆင်းရဲသားရပ်ကွက်လေးနှင့် တစ်စထက်တစ်စ နီးကပ်လာသကဲ့သို့ အိမ်နှစ်လုံးကြားမှ ဖြတ်လိုက်သောအခါ တစ်ခြမ်းပြိုကျနေသော သူ၏အိမ်လေးကို မြင်လိုက်၏။



သူ၏ဘဝ ပြောင်းလဲသွားပုံကား အံ့ဩစရာကောင်းပါသည်။

သူက အိမ်ပြန်ရန် ဟန်ပြင်ပြီးမှ အတွေးတစ်ခု ဝင်ရောက်လာသဖြင့် ခြေလှမ်းရပ်လိုက်၏။

ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ မလှမ်းမကမ်း၌ရပ်၍ သူ့အား အကဲခတ်နေသော ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုကောင်လေးသည် နေဝင်မိုးချုပ်ချိန် ဆင်းရဲသားရပ်ကွက်သို့ ဝတ်ကောင်းစားလှ ဝတ်ထားသော ကောင်လေးတစ်ယောက် ရောက်ရှိလာသည်ကို စိတ်ဝင်စားနေ၏။

သူက ထိုကောင်လေးအား ကောင်းစွာ သိထားပါသည်။

"ခွေးလေး. . . မင်းဘာလုပ်နေတာလဲ"

ထိုကောင်လေး၏အမည်မှာ ခွေးလေးဖြစ်ပြီး သူ၏မိဘများမှာ ကုန်ထမ်းသမားများဖြစ်ကြ၏။

သူ့အား အနိုင်ကျင့်ကြသည့် ရွယ်တူကောင်လေးများတွင် ခွေးလေးလည်း တစ်ယောက်အပါအဝင် ဖြစ်ပေသည်။

ခွေးလေးသည် သူ၏အမည်ကို ခေါ်လိုက်သဖြင့် အံ့ဩသွားသည်။

"မင်း. . . မင်းက ငါ့ကိုသိတယ် ဟုတ်လား"

"သိတာပေါ့ကွ၊ ငါရှောင်လီလေ၊ မမှတ်မိတော့ဘူးလား"

"ဘာ. . . ရှောင်လီ ဟုတ်လား"

ခွေးလေးက ရှေ့တိုးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်လေသည်။

"မင်းဟာ တကယ်ပဲ ရှောင်လီဖြစ်နေတာကိုး"

"ဟုတ်ပါတယ်ကွာ"

သူသည် တစ်ချိန်က ခွေးလေး အနိုင်ကျင့်ခဲ့သည်များကိုအမှုမထားဘဲ အသိအကျွမ်းတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာနေ၏။

"မင်း ဘယ်လိုဖြစ်တာလဲ၊ အတော်ပြောင်းလဲသွားပါလား တို့မြို့က ပျောက်သွားတော့ မင်းလည်း မင်းအဖေလို အသတ်ခံလိုက်ရပြီ ထင်နေတာ"

"ဘာ"

ရှောင်လီ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ငါ့အဖေက အသတ်ခံလိုက်ရတာ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လို အသတ်ခံလိုက်ရတာလဲ"

"ဒါတော့မသိဘူး၊ မင်းအဖေကို လူမုန်းများနေတာပဲ၊ ဘယ်ပြောနိုင်မလဲကွ၊ နေပါဦး မင်းက ဘယ်တွေရောက်ပြီး ဘာတွေဖြစ်နေသလဲဆိုတာ ပြောစမ်းပါဦး"

ခွေးလေး မေးသောအခါ သူက လက်ကာပြလိုက်လေသည်။

"နေဦး၊ သိချင်တာတွေ နောက်မှပြောပြမယ်၊ ငါ့ရဲ့အိမ်ထဲမှာ ဘယ်သူရှိလဲ သွားကြည့်ပေးစမ်းပါ"



ခွေးလေး ခေါင်းခါယမ်းလိုက်၏။

"မသွားချင်ပါဘူးကွာ၊ မင်းအဖေက သရဲဖြစ်ပြီး ခြောက်လှန့်နေတယ်လို့ကြားတယ်"

"ဟာ. . . မဟုတ်တာ၊ သွားစမ်းပါကွာ၊ လူရှိသလား မရှိဘူးလားကြည့်ပေးစမ်းပါ၊ ငါ့ကို ကူညီရင် အရှုပ်ဆိုင်မှာ မင်းစားချင်တာကို ငါလိုက်ကျွေးမယ်"

ခွေးလေးမှာ အစားအသောက် မက်သူမို့ ညလုံးပေါက်ဖွင့်လှစ်ရောင်းချသော အရှုပ်၏ဆိုင်အမည်ကို အသုံးပြုပြီး ဆွဲဆောင်လိုက်ခြင်း ဖြစ်သည်။

သူ့မှာ အမှန်တကယ် ဝယ်ကျွေးနိုင်သည့် အခြေအနေရှိနေကြောင်း ထင်ရှားသဖြင့် ခွေးလေး၏မျက်လုံးများ အရောင်တောက်ပလာသည်။

"မင်း တကယ်ပြောတာလား"

"တကယ်ပေါ့၊ လူရှိသလား၊ မရှိဘူးလားဆိုတာ ကြည့်ခဲ့ပါ၊ ပြီးတော့ အဖြူရောင်မြင်းလှည်းတစ်စီးကိုလည်း ကြည့်ခဲ့ဦး"

"ကောင်းပြီ"

ခွေးလေးမှာ သရဲမကြောက်တော့ဘဲ အမှောင်ရိပ်ထဲသို့ လှစ်ခနဲ ပြေးထွက်သွားတော့သည်။

သူက ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေလိုက်လေသည်။

မကြာပါချေ။

ခွေးလေး ပြန်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ ဘာထူးလဲ ခွေးလေး"

"ထူးတယ်ကွ၊ အိမ်ထဲမှာ လူရှိနေတယ်"

"ဟေ"

ခွေးလေး အလန့်တကြား ဖြစ်နေသည်။

"မင်းအိမ်ထဲမှာ လူတစ်ယောက်ရှိနေတယ်ကွ၊ ငါ အတော်ကြောက်သွားတယ်၊ မင်းရဲ့အဖေ သရဲဖြစ်နေပြီထင်တယ်"

"ဘယ်က ဟုတ်ရမှာလဲ၊ အဲဒါ ငါ့ကိုလိုက်ဖမ်းနေကြတဲ့ လူတွေပဲ"

"ဘယ်သူတွေက မင်းကိုလိုက်ဖမ်းနေကြတာလဲ"

"ငါလည်း မသိဘူး"

"ဟာ"

ခွေးလေး ခေါင်းရှုပ်သွားသည်။

"ငါ တကယ်မသိတာကွ၊ ဘယ်ကဘယ်လို ဘာတွေဖြစ်မှန်း ခုထိ ရှင်းရှင်းလင်းလင်း မသိရသေးဘူး"

သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။ ခွေးလေး ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ဒါ. . . ဒါ တကယ်လား"

"အေး. . ငါဘယ်လိုဖြစ်ခဲ့ရတယ်ဆိုတာ မင်းကော စဉ်းစားမိသလား"

ခွေးလေး ခေါင်းခါယမ်းလိုက်သည်။

"ငါ မပြောတတ်ဘူး၊ တစ်ခုတော့ ရှိတယ်၊ တစ်ယောက်ယောက်က မင်းကို ကူညီဖို့ ကြိုးစားနေတာပဲ ဖြစ်မယ်"



"သူက ငါ့ကို ဘာကြောင့် ကူညီချင်ရတာလဲ"

"ဒါက. . ."

ခွေးလေး မည်သို့ ပြောရမှန်းမသိ ဖြစ်နေတော့၏။

သူက စိတ်ပျက်စွာ ညည်းတွားလိုက်၏။

"သူတို့ ဘယ်လောက်ပဲ ကောင်းတယ်ပြောပြော၊ ဘယ်သူဘယ်ဝါမှန်းမသိ၊ ဘယ်လိုရည်ရွယ်ချက် ရှိမှန်းမသိတဲ့ လူတွေနဲ့ မနေချင်လို့ ငါထွက်ပြေးလာခဲ့တာ၊ သူတို့က ငါ့ကို အလွတ်ပေးမှာ မဟုတ်ဘူး"

ခွေးလေး လက်ကာပြလိုက်၏။

"မပူနဲ့၊ အစ်ကိုကြီးဝမ်းမုကျင်းဆီ သွားပြီး အကူအညီတောင်းကြမယ်၊ သူက မင်းကို ကူညီမှာပါ"

ဝမ်းမုကျင်းဆိုသူသည် ဒုစရိုက်လောကသား တစ်ယောက် ဖြစ်သည်။

ဝမ်းမုကျင်းသည် ဆင်းရဲသားရပ်ကွက်လေးမှ ကောင်ဆိုးလေးများ၏ ဆရာတင်ထားခြင်း ခံရသော လူဆိုးလူမိုက်တစ်ယောက် ဖြစ်လေသည်။

ဝမ်းမုကျင်းသည် ဆင်းရဲသားရပ်ကွက်ကလေး၌ပင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်ရာ ထိုရပ်ကွက်သားများအပေါ် သံယောဇဉ် ရှိလေ၏။

မကောင်းမှုများ ကျူးလွန်ရင်း ဟန်ကျပန်ကျ ရှိနေသော ဝမ်းမုကျင်းအား ခွေးလေးကဲ့သို့ ကောင်ဆိုးလေးတို့က အားကျမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လီသည်လည်း ဝမ်းမုကျင်းကို အထင်ကြီးမိခဲ့ဖူး၏။

ထို့ကြောင့် . . .

ခွေးလေး မြောသောအခါ ချက်ချင်းသဘောတူလိုက်မိသည်။

"အစ်ကိုကြီးဝမ်းမုကျင်း ဘယ်မှာရှိသလဲဆိုတာ မင်းသိလို့လား"

ခွေးလေး ခေါင်းညိတ်လိုက်သည်။

"ခုချိန်ဆို အရှုပ်ရဲ့ဆိုင်မှာပဲ စားသောက်နေတုန်း ရှိဦးမယ်၊ တို့သွားရအောင်"

"ကောင်းပြီ"

ရှောင်လီသည် ခွေးလေးကို အကူအညီတောင်း၍ လိုက်ပါသွားလေတော့သည်။

❁ ❁ ❁



## နောက်ကွယ်ကလူ

အရှုပ်ဆိုင်၏ ချောင်ကျကျ စားပွဲတစ်လုံးတွင် အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ်ဦးထိုင်၍ အရက်သောက်နေ၏။

ထိုလူရွယ်မှာ ဝမ်းမုကျင်းဆိုသူ ဖြစ်သည်။

ခွေးလေးနှင့် ရှောင်လီတို့ ရောက်သွားကြသောအခါ ဝမ်းမုကျင်း မျက်မှောင်ကုတ်သွား၏။

"ခွေးလေး၊ မင်း ဘာလာလုပ်တာလဲ"

အသံမာမာဖြင့် ဝေါက်လိုက်၏။

ခွေးလေး ကြောက်လန့်သွား၏။

"အစ်ကိုကြီး စားသောက်နေချိန်မှာ မနှောင့်ယှက်ရဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါ"

ဝမ်းမုကျင်း စိတ်မရှည်နိုင်ချေ။

"ဘာတွေ အရေးကြီးလာတာလဲ၊ မြန်မြန်ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး၊ ရှောင်လီကိစ္စပါ"

ရှောင်လီက သူ၏အဖြစ်အပျက်များကို ရှင်းပြလိုက်လေတော့သည်။

ဝမ်းမုကျင်းက အစားအသောက် မပျက်ဘဲ နားထောင်နေပါသည်။

သို့သော် ရှောင်လီ၏စကားကို နားထောင်ရင်း စိတ်ဝင်စားလာလေသည်။

ဝမ်းမုကျင်းက အရက်ခွက်ကို စားပွဲပေါ်သို့ ချလိုက်လေသည်။

ရှေ့သို့ ခါးကိုင်း၍ ရှောင်လီ ပြောသည့် စကားကို သေချာနားထောင်လိုက်၏။

သူ၏စကား ဆုံးသွားလျှင်. . .

"ဟား. . . ဟား. . . ဟား"

ကျယ်လောင်စွာ ရယ်လိုက်လေသည်။

ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"အစ်ကိုကြီးဝမ်းမုကျင်း ဘာများဖြစ်လို့လဲ ခင်ဗျာ"

"ဘာဖြစ်ရမလဲ၊ မင်းရဲ့အဖြစ်က စိတ်ဝင်စားစရာကောင်းနေလို့ပေါ့ကွ"

ရှောင်လီက တောင်းပန်လိုက်၏။

"ဒါဖြင့် ကျွန်တော့်ကို ကူညီဖို့ တောင်းပန်ပါတယ် ခင်ဗျာ"

"စိတ်ချ၊ မင်းကို ငါကူညီမှာပါ"



ဝမ်းမုကျင်းက ကူညီမည်ဆိုသဖြင့် ရှောင်လီ ဝမ်းသာသွားလေသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရယ်"

"ငါ့ကို ကျေးဇူးမတင်နဲ့ဦး၊ မင်းကို ခေါ်သွားတဲ့ လူတွေဟာ ခေတဲ့လူတွေ မဖြစ်နိုင်ဘူး၊ ငွေကြေးအင်အားတောင့်တင်းပုံလဲရတယ်၊ ဘယ်လို အခြေအနေရှိမယ်ဆိုတာ မပြောနိုင်သေးဘူး"

ရှောင်လီ ပင့်သက်ရှိုက်လိုက်သည်။

ဝမ်းမုကျင်းက အရက်တစ်ခွက်သောက်၍ စားသောက်မှုကို လက်စသတ်လိုက်လေ၏။

"ကဲ. . . မင်းရဲ့လူတွေနဲ့ သွားတွေ့ရအောင်"

ပြောရင်း ထိုင်ရာမှ ထလိုက်သည်။

ရှောင်လီနှင့် ခွေးလေးတို့လည်း ဝမ်းသာအားရဖြင့် လိုက်သွားရန် ဟန်ပြင်လိုက်ကြလေ၏။

ထိုစဉ်. . .

"မင်းတို့ အပင်ပန်းခံပြီး လိုက်ရှာနေစရာ မလိုပါဘူး၊ ကျုပ် သည်မှာရှိပါတယ်"

စကားသံနှင့်အတူ လူတစ်ယောက် ဆိုင်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေ၏။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့ လူတစ်ယောက် လှမ်းဝင်လာလေ၏။

ထိုလူမှာ မြင်းလှည်းမောင်းသမား ဖြစ်သည်ကို ရှောင်လီ ချက်ချင်းမှတ်မိလိုက်လေ၏။

ကြောက်လန့်မှုများ ချက်ချင်း ဖြစ်ပေါ်လာ၍ ကပျာကယာ နောက်ဆုတ်လိုက်၏။

ခွေးလေးနှင့် ဝမ်းမုကျင်းတို့သည် ရှောင်လီကို ကြည့်ရင်း အခြေအနေကို သဘောပေါက်လိုက်၏။

ဝမ်းမုကျင်းက ခေါင်းညိတ်ပြလိုက်လျှင် ခွေးလေးလည်း နောက်ဆုတ်လိုက်လေ၏။

ဝမ်းမုကျင်းသည် ရှေ့သို့ လှမ်းထွက်၍ မြင်းလှည်းသမားနှင့် ရင်ဆိုင်လိုက်၏။

မြင်းလှည်းသမားမှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါး အနက်ရောင်ဝတ်ထားပြီး လူသေအလောင်းပမာ ဟန်အမူအရာကင်းမဲ့သော မျက်နှာထားရှိ၏။

ထိုလူသည် ဝမ်းမုကျင်းအား အမှုမထားဘဲ ရှောင်လီကို လှမ်းကြည့်နေ၏။

ဝမ်းမုကျင်းက ထိုလူနှင့် မျက်နှာချင်းဆိုင်လိုက်လေ၏။

"နေပါဦး၊ ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ရဲ့ ကောင်လေးတစ်ယောက်ကို ဒုက္ခပေးဖို့ ကြိုးစားချင်ရတာလဲ"

ခက်ထန်ထန် ဝေါက်လိုက်၏။

မြင်းလှည်းသမားက အမှုမထားဘဲ ရှောင်လီထံ လှမ်းသွားရန် ဟန်ပြင်လိုက်၏။



"နေစမ်းပါဦး"

ဝမ်းမုကျင်း ဟန့်တားလိုက်လေ၏။

မြင်းလှည်းသမားသည် ဝမ်းမုကျင်းကို လုံးဝအမှုမထားဘဲ ရှောင်လီထံသို့ သွားရန်သာ ဟန်ပြင်နေသည်။

ဝမ်းမုကျင်း ဒေါသထွက်သွားလေ၏။

"မင်းက မကြားချင်ဟန်ဆောင်နေတာကိုး၊ ကောင်းပြီ ကျုပ်အကြောင်း မင်းသိရမယ်"

ချက်ချင်းပင် မြင်းလှည်းသမား၏မျက်နှာဆီသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်လေသည်။

"ဗိုး"

လေတိုးသံနှင့်အတူ ကြီးမားသော လက်သီးဆုပ်ကြီးသည် မြင်းလှည်းသမားထံသို့ တိုးဝှေ့ဝင်သွားလေသည်။

ဝမ်းမုကျင်း၏လက်သီးထိုးချက်ကြောင့် မြင်းလှည်းသမား ချက်ချင်းလဲကျသွားမည် ထင်ရ၏။

သို့သော်ရှောင်လီတို့ ထင်မှတ်သလို ဖြစ်မလာပါချေ။

မြင်းလှည်းသမား၏ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် ဝမ်းမုကျင်း ထိုးသွင်းလိုက်သည့် လက်သီးကို ရှောင်တိမ်းပြီးသား ဖြစ်သွားလေ၏။

"ဟင်"

"ဟာ"

ဝမ်းမုကျင်းနှင့် ခွေးလေးတို့ အထိတ်တလန့် ဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမောင်းသမားသည် ခေသူ မဟုတ်ဘဲ သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း နားလည်လိုက်၏။

မြင်းလှည်းသမားက ရှောင်တိမ်းမိရုံသာ ရှောင်တိမ်းပြီး ပြန်လည်တိုက်ခိုက်ခြင်း မပြုပါချေ။

ရှောင်လီထံသို့သာ လှမ်းလာလေ၏။

ရှောင်လီ ကြောက်ကြောက်လန့်လန့်ဖြင့် နောက်ဆုတ်လိုက်သည်။ ရှောင်လီ ဒေါပွသွား၏။

"မင်း ဘယ်လောက်တတ်နိုင်မှာမို့လဲ"

ဖော်ငေါက်ရင်း မြင်းလှည်းသမားထံ ပြေးဝင်တိုက်ခိုက်လိုက်လေ၏။

ယခုတစ်ကြိမ်. . .

မြင်းလှည်းသမားက လှည့်မကြည့်ဘဲ လက်တစ်ဖက်ကို နောက်ပြန်ဝှေ့ယမ်းလိုက်လေ၏။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာကာ ဝမ်းမုကျင်း နောက်ဆုတ်ပေးလိုက်ရလေသည်။

မြင်းလှည်းသမားက ရှေ့သို့ ခြေလှမ်းတိုးလိုက်ရာ ရှောင်လီ အနီးသို့ ရောက်ရှိသွားလေသည်။

မိမိအား ဒုက္ခပေးတော့မည်ဟု တွေးတောရင်း ရှောင်လီ ကြောက်လန့်နေပါသော်လည်း မြင်းလှည်းသမားက လက်ဖျားနှင့်ပင် မတို့ချေ။

အထိတ်တလန့် ဖြစ်နေသော ရှောင်လီကို လက်နှစ်ဖက်



ဆုပ်ကာ ဦးညွှတ်လိုက်လေ၏။

"သခင်လေး၊ ကျုပ်နဲ့လိုက်ခဲ့ဖို့ တောင်းပန်ပါတယ်"

ရိုသေလေးစားစွာဖြင့် ပြောလာလေ၏။

ရှောင်လီအား လေးစားသမှုဖြင့် ပြောလာလေ၏။

ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူ့အား ဒုက္ခမပေးသည့်အပြင် ရိုရိုသေသေပင် ဆက်ဆံလာနေသည် မဟုတ်ပါလား။

ဝမ်းမုကျင်းလည်း အံ့ဩသွားလေသည်။

မည်သို့ဆိုစေ. . .

မြင်းလှည်းသမား၏လက်ချက်ဖြင့် နောက်ဆုတ်လိုက်ရသည် ဖြစ်ရကား မကျေမနပ် ဖြစ်နေပါတော့သည်။

"သူ့ကို ခေါ်သွားချင်တယ်ဆိုရင် ကျုပ်ဆီမှာ ခွင့်တောင်းမှ ဖြစ်မယ်"

ဝမ်းမုကျင်းက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

မြင်းလှည်းသမားသည် ဝမ်းမုကျင်းဘက်လှည့်ကာ အေး တိအေးစက် ပြောလိုက်၏။

"မင်းဘေးဖယ်နေလိုက်ရင် ကောင်းမယ်"

"ဟာ"

"ကျုပ်တို့ကိစ္စ မင်းတို့နဲ့ မဆိုင်ဘူး၊ အေးအေးဆေးဆေး ဘေးဖယ်နေလိုက်စမ်းပါ"

"ဟား. . . ဟား. . . ဟား"

ဝမ်းမုကျင်းက ဟားတိုက်ရယ်မောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရယ်စရာကောင်းလိုက်တာ၊ သည်မြို့မှာ လာပြီး ကျုပ်ကို အမိန့်ပေးလို့ ရမလား၊ မင်း ဘယ်သူလဲ၊ ဘာကြောင့် ရှောင်လီကို ဖမ်းခေါ်သွားချင်ရတာလဲ ပြောစမ်း"

မြင်းလှည်းသမား၏ မျက်ဝန်းအစုံ၌ ထူးခြားသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာလေ၏။

"မင်း အေးအေး မနေနိုင်ဘူးလား"

"အံမယ်၊ ကျုပ်ကိုတောင် ပြန်ပြီး အော်ငေါက်နေသေးတယ်၊ သေဖို့သာ ပြင်ထားပေတော့"

ဝမ်းမုကျင်းသည် ဓားတစ်လက်ဆွဲထုတ်ကာ မြင်းလှည်းသမား၏ရင်ဝကို စိုက်ချလိုက်လေ၏။

ရှောင်လီမှာ မကြည့်ရဲတော့သဖြင့် မျက်လုံးကို မှိတ်ထားလိုက်မိသည်။

"အမယ်လေး"

ခွေးလေး လွှတ်ခနဲ အော်လိုက်လေသည်။

ဝမ်းမုကျင်းသည် အင်္ကျီလက်အိုးထဲ၌ ဝှက်ထားသော ဓားဖြင့် သူ၏ရန်ဘက်များကို သုတ်သင်ပစ်လေ့ရှိကြောင်း သိထားကြရကား မြင်းလှည်းသမား ဒုက္ခရောက်ရတော့မည်ဟု ယုံကြည်မိကြတော့၏။ သို့သော်. . .

"အား"

ဝမ်းမုကျင်း၏စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။ သူ၏လက်ထဲမှ ဓားလွတ်ကျသွားကာ ဓားကိုင်ထားသော လက်သည်လည်း တွဲလောင်းကျနေပြီး ဒယီးဒယိုင်ဖြစ်



နောက်ဆုတ်သွားသည်ကို တွေ့ရလေ၏။

ခက်ထန်ကြမ်းတမ်းသော လူဆိုးလူမိုက်တစ်ယောက်ဖြစ်သည့် ဝမ်းမုကျင်းမှာ အေးဆေးစက်နိုင်လှသော မြင်းလှည်းသမားကို လုံးဝမယှဉ်နိုင်ဘဲ မရှုမလှ အရေးနိမ့်သွားပြီဖြစ်လေသည်။

မြင်းလှည်းသမားသည် ဝမ်းမုကျင်းအား အမှုမထားဘဲ ရှောင်လီဘက် လှည့်လိုက်လေ၏။

"သခင်လေး၊ ကျုပ်နဲ့ ပြန်လိုက်ခဲ့ပါ၊ အားလုံးက သခင်လေးအတွက် စိတ်ပူနေကြပါတယ်"

ရှောင်လီက ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် မလိုက်နိုင်ဘူး၊ ခင်ဗျားတို့ ဘယ်သူတွေလဲဆိုတာ ကျွန်တော် မသိဘူး၊ ကျွန်တော်ဟာ ခင်ဗျားတို့ရဲ့သခင်လေးလဲ မဟုတ်ဘူး"

မြင်းလှည်းသမားက ရှင်းပြရန် ဟန်ပြင်လိုက်၏။

"ကောင်းပါပြီ၊ သခင်လေး နားလည်အောင် ကျုပ်ပြောပြပါ့မယ်၊ သခင်လေးဟာ. . ."

သူစကားဆုံးအောင် မပြောလိုက်ရပါချေ။

စားသောက်နေကြသူအချို့က ထိုင်ရာမှ အသီးသီး ထလာကြပြီး တင်းမာခက်ထန်သည့် အသွင်ဖြင့် ဝိုင်းရံလာကြသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေ၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



အရှုပ်၏စားသောက်ဆိုင်ထဲ၌ လူတော်တော်များများ ရှိနေပါသော်လည်း အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်သွားလေသည်။

မြင်းလှည်းသမားသည် အေးတိအေးစက်ဖြင့် မလှုပ်မယှက် ရပ်နေ၏။

သူ၏အသွင်မှာ မြွေဆိုးတစ်ကောင်နှင့်ပင် တူလာသည်ဟု ထင်စရာ ရှိလေသည်။

အရှုပ်၏ဆိုင်သည် ဒုစရိုက်သမားများ ကျင်လည်ကျက်စားနေသောဆိုင် ဖြစ်ပါသည်။

ဆိုင်ထဲ၌ စားသောက်နေကြသူများမှာ ဝမ်းမုကျင်း၏ အပေါင်းအသင်းရောင်းရင်းများ ဖြစ်လေသည်။

ထို့ကြောင့် ဝမ်းမုကျင်း ခံလိုက်ရသည်ကို မြင်လျှင် ဝိုင်းအုံလာကြခြင်း ဖြစ်ပေတော့သည်။

ဝမ်းမုကျင်းသည် လက်တစ်ဖက် သွင်သွင်ကျိုးသွားသဖြင့် ခံပြင်းဒေါသထွက်နေပါသည်။

သို့သော်လည်း သူ့လက် ကျိုးသွားသည်အထိ မြင်းလှည်းသမား မည်သို့တုံ့ပြန်လိုက်သည်ကို မဝေခွဲတတ်သဖြင့် ထပ်မံတိုက်ခိုက်ရန် မဝံ့မရဲ ဖြစ်နေတော့သည်။

ကြမ်းတမ်းမာကျောပြီး ဆိုးမိုက်လှပါသည်ဆိုသော ဝမ်းမုကျင်းအဖို့ ပထမဦးဆုံးအကြိမ် စိုးရွံ့မှုများ ဖြစ်ပေါ်လာခြင်း ဖြစ်လေတော့သည်။

သူ့မိတ်ဆွေများက ကူညီရန် ဝိုင်းအုံလာကြတော့မှ



အားတက်လာပြီး. . .

"သူ့ကို မလွှတ်စေနဲ့"

အော်ပြောလိုက်လေသည်။

ဝိုင်းအုံလာကြသူများသည် ချက်ချင်းပင် မြင်းလှည်းသမားအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

မြင်းလှည်းသမားမှာ သားရဲတိရစ္ဆာန်များ အလယ်၌ ရောက်ရှိနေသူတစ်ယောက်ပမာ ရှိနေ၏။

သို့သော် ဝမ်းမုကျင်းတို့လူစုအား လုံးဝအမှုမထားသည့် အသွင်ရှိနေပေ၏။

စားသောက်ဆိုင်အတွင်း၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာတော့မည်မှာ ထင်ရှားနေ၏။

ရှောင်လီသည် ပျံကျများ နေထိုင်သော ဆင်းရဲသားရပ်ကွက်လေးအတွင်း၌ ခိုက်ရန် ဖြစ်ပွားကြသည်ကို မကြာခဏ တွေ့မြင်ခဲ့ဖူးသဖြင့် ယခုလည်း တိုက်ကြခိုက်ကြတော့မည် ဖြစ်ကြောင်း နားလည်ကာ ကြောက်ရွံ့သွားတော့သည်။

ထိုစဉ်. . .

"ရပ်လိုက်ကြစမ်း"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်။

ဆူဖြိုးသော ဝက်ကြီးတစ်ကောင်နှင့် တူလှသည့် ဆိုင်ရှင်လူဝကြီးသည် အတွင်းဘက် အခန်းတစ်ခုမှ ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်လူဝကြီးသည် အရှုပ်ဆိုသူ ဖြစ်သည်။

အရှုပ်သည် အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားကာ လက်ထဲတွင် စာရင်းဇယား တွက်ချက်သည့် ပေသီးတစ်ခုကိုင်ထား၏။

အခန်းထဲ၌နေပြီး တစ်နေ့တာ ရောင်းချရသမျှကို စာရင်းတွက်ချက်နေရာမှ ဆူဆူညံညံ အသံများကြောင့် ထွက်လာခြင်း ဖြစ်ပုံရလေသည်။

အရှုပ်ကို မြင်လျှင် ဝမ်းမုကျင်းနှင့် သူ့မိတ်ဆွေများမှာ ရှဲသွားကြလေ၏။

လူဆိုးလူမိုက်ဒုစရိုက်သမားများ ဖြစ်သော်လည်း အရှုပ်ကို ရှိန်သည့်သဘော ရှိပေသည်။

မြွေမြွေခြင်း ခြေမြင်ဆိုသကဲ့သို့ အရှုပ် အကြောင်းကို သိထားကြပုံ ရှိကြသည်။

အရှုပ်က အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ ကျယ်လောင်သော လေသံဖြင့် မေးလိုက်လေသည်။

"ကျုပ်ရဲ့ဆိုင်ထဲမှာ ဘယ်သူမှ ခိုက်ရန် မဖြစ်ပွားရဘူးလို့ စည်းကမ်းထုတ်ထားတာ အားလုံးသိကြတယ် မဟုတ်လား၊ ဘာကြောင့် တိုက်ခိုက်ချင်နေရတာလဲ၊ ဒါ ကျုပ်ကို စော်ကားတဲ့သဘောပဲ"

ထိုစကားကြားလျှင် ဝမ်းမုကျင်း မျက်နှာပျက်သွားလေသည်။ ချက်ချင်းပင် ရှေ့သို့ လှမ်းထွက်ကာ အရှုပ်ကို ဦးညွှတ်လိုက်၏။



"အစ်ကိုကြီးကို မလေးစားလို့ မဟုတ်ပါဘူး၊ လူစိမ်းတစ်ယောက်က ကျုပ်ပိုင်နက်ထဲ လာပြီးတော့ စော်ကားမော်ကား လုပ်နေတာကို မခံချင်လို့ပါ"

"ဘာကွ၊ လူစိမ်းတစ်ယောက်က လာပြီး စော်ကားတယ် ဟုတ်လား၊ ဘယ်မှာလဲ"

"ဟုတ်ပါတယ်၊ အစ်ကိုကြီး၊ ဟိုမှာပါ"

အမှန်တော့ ဝမ်းမုကျင်း ညွှန်ပြစရာ မလိုပါချေ။

အရှုပ်သည် မျက်နှာစိမ်းဖြစ်သော မြင်းလှည်းသမားကို တွေ့မြင်ထားပြီး ဖြစ်လေသည်။

မြင်းလှည်းသမားကတော့ တစ်လုံးမျှ မပြောဘဲ မလှုပ်မယှက် ရပ်နေပါ၏။

အရှုပ်က မြင်းလှည်းသမားထံသို့ လှမ်းသွားလိုက်လေသည်။

တစ်ဖန်. . .

မြင်းလှည်းသမားကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ မေးလိုက်လေသည်။

"နေပါဦး၊ မင်းက ဘာကြောင့် သည်နေရာမှာ လာပြီး စော်ကားမော်ကား လုပ်ချင်ရတာလဲ ပြောစမ်းပါဦး"

မြင်းလှည်းသမား ခေါင်းယမ်းလိုက်သည်။

"ကျုပ်က ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး၊ သခင်လေးကို ပြန်ခေါ်သွားဖို့ လာခဲ့တာပဲ"

ရှောင်လီကို ညွှန်ပြကာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အရှုပ်က ရှောင်လီကို ကြည့်လိုက်၏။

ရှောင်လီ ကပျာကယာ နောက်ဆုတ်လိုက်လေ၏။

အရှုပ်သည် မြင်းလှည်းသမားဘက်သို့ ပြန်လှည့်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်းတို့ရဲ့ ပြဿနာကို ကျုပ်ဆိုင်ထဲမှာ လာပြီး ဖြေရှင်းတာ ကျုပ်လက်မခံနိုင်ဘူး"

"စိတ်ချ၊ ကျုပ်က သခင်လေးကို ခေါ်ပြီး ထွက်သွားမှာပါ"

ဤတွင်. . .

ဝမ်းမှုကျင်းက အော်ပြောလိုက်သည်။

"ကျုပ်ခွင့်မပြုဘဲ ကျုပ်ရဲ့ကောင်လေးကို ခေါ်သွားလို့ မရဘူး"

အရှုပ်သည် ဝမ်းမှုကျင်းကိုတစ်လှည့် မြင်းလှည်းသမားကိုတစ်လှည့် ကြည့်လိုက်လေသည်။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေသည်။

"ကောင်းပြီ၊ သည်ကိစ္စကို ကျုပ်ဖြေရှင်းပေးမယ်"

သူက မြင်းလှည်းသမားကို ပြောလိုက်၏။

"မင်းက ကောင်လေးကို ခေါ်သွားချင်တယ်ဆိုရင် ငွေအတော်များများ ကုန်လိမ့်မယ်"

မြင်းလှည်းသမား သက်ပြင်းချလိုက်၏။

ထို့နောက်. . .



"ကောင်းပြီ"

သူ၏အိတ်ထဲမှ ငွေလွှဲလက်မှတ်တစ်ထပ် ထုတ်ယူ၍ အနီးရှိ စားပွဲတစ်လုံးပေါ်သို့ တင်လိုက်၏။

ထိုအခါ. . .

လူဝကြီး၏မျက်လုံးများ ပို၍ ဝင်းလက်လာလေတော့သည်။

"မဆိုးဘူး၊ ခက်တာက သည်လောက်နဲ့ မရသေးဘူး"

"ဩော်"

မြင်းလှည်းသမားသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီးမှ လူဝကြီးအရှုပ်သို့ လှမ်းသွားလိုက်၏။

အရှုပ် မျက်နှာပျက်သွားသည်။

"မင်းတို့ ဘာလုပ်နေတာလဲ"

ဝမ်းမှုကျင်းတို့အား အော်ပြောလိုက်၏။

ဝမ်းမှုကျင်းတို့သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေကြတော့ဘဲနှင့်. . .

"ယား"

ဩသံပေး၍ မြင်းလှည်းသမားကို ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြတော့သည်။

မြင်းလှည်းသမားလည်း ချက်ချင်းပြန်လည် ရင်ဆိုင်လိုက်ရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲ၌ တိုက်ပွဲ ဖြစ်ပေါ်လာသောအခါ ခွေးလေးသည် ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ပြေးသွားလေတော့သည်။

ရှောင်လီကား ပြေးဖို့ပင် သတိမရဘဲ တောင့်တောင့်ကြီး ရပ်နေမိလေသည်။

ဝမ်းမုကျင်းတို့လူစု၏ လက်ချက်ဖြင့် မြင်းလှည်းသမားဒုက္ခရောက်သွားနိုင်ကြောင်း တွေး၍ ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေ၏။

ဝမ်းမုကျင်းတို့လူစုသည် သူ့အပေါ် အမှန်တကယ်ပင် စိတ်ကောင်းစေတနာကောင်း ရှိကြသည် မဟုတ်ပါချေ။

သူ့ကို အသုံးချ၍ အမြတ်ထုတ်မည့်သူများ ဖြစ်ကြောင်း ပေါ်လွင်နေ၏။

မြင်းလှည်းသမားနှင့် စန်းကိုးတို့ကား သူ၏အကျိုးကို လိုလားသည့်သဘော ရှိကြောင်း တွေးမိလာသည်။

ထို့ကြောင့်. . .

ထွက်မပြေးဘဲ တိုက်ပွဲကို ငေးကြည့်နေမိခြင်း ဖြစ်တော့သည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာပြီး. . .

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"



စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ဝမ်းမုကျင်းတို့လူစု အင်အားများသော်လည်း မြင်းလှည်းသမားကို မယှဉ်နိုင်ဘဲ ဖရိုဖရဲ လွင့်စဉ်သွားကြလေတော့သည်။

"ဟင်"

လူဆိုးလူမိုက်တို့၏ ခေါင်းဆောင်ပမာ ရှိနေသော လူဝကြီးပင်လျှင် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

မြင်းလှည်းသမားက ဆက်၍ အရှုပ်ဘက်သို့ လှည့်လိုက်သည်။

"ကျုပ်က သခင်လေးကို ခေါ်သွားမယ်ဆိုရင် ခင်ဗျားဘာပြောချင်သေးလဲ"

အရှုပ် ခံပြင်းသွားသည်။

"ကျုပ်သည်ဆိုင်ဖွင့်လာတာ နှစ်ပေါင်းသုံးဆယ်ကျော်ပြီ၊ ခုလို တစ်ခါမှ စော်ကားမခံရသေးဘူး၊ ကျုပ်ရဲ့လက်ထဲက ပေသီးကို ကျော်လွှားနိုင်တယ်ဆိုရင်တော့ ကောင်လေးကို မင်းခေါ်သွားလို့ ရပါတယ်"

ချက်ချင်းပင် ပေသီးကို လက်နက်သဖွယ် အသုံးပြု၍ တိုက်ခိုက်လိုက်၏။

ဝဖိုင့်သော ခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် ပေါ့ပါးသွက်လက်စွာ လှုပ်ရှားတိုက်ခိုက်လိုက်ခြင်း ဖြစ်ပေ၏။

"ဝိုး. . . ဝိုး. . . ဝိုး"

www.burmeseclassic.com

www.burmeseclassic.com



ပေသီးသည် ရိုပ်ခနဲရိုပ်ခနဲဖြင့် မြင်းလှည်းသမားထံသို့ တန်းဝင်သွားလေသည်။

မြင်းလှည်းသမားမှာ ဝမ်းမုကျင်းတို့နှင့် ရင်ဆိုင်သကဲ့သို့ ပေါ့ပေါ့တန်တန် သဘောထား၍ မရတော့ပါ။

ခန္ဓာကိုယ် လျင်မြန်စွာ ရွေ့လျားရင်း ရှောင်တိမ်းလိုက်ရသည်။

"မင်း ဘယ်ပြေးမလဲ"

အရှုပ်က ကြုံးဝါးရင်း တရကြမ်း လိုက်လံတိုက်ခိုက်၏။

မြင်းလှည်းသမားသည် ရှောင်တိမ်းနေ၍ မဖြစ်တော့သည့်အဆုံး လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြသည်ကို ရှောင်လီ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိတော့သည်။

အရှုပ်ရော မြင်းလှည်းသမားပါ ထိပ်တန်းသိုင်းပညာရှင်များ ဖြစ်ကြောင်း ပေါ်လွင်နေ၏။

အရှုပ်သည် မြင်းလှည်းသမားကို လွယ်လွယ်နှင့် မရနိုင်မှန်းသိလျှင်. . .

"ရှောင်နိုင်ရင် ရှောင်ပေတော့"

အော်ဟောက်ရင်း ပေသီးကို ဝှေ့ယမ်းလိုက်လေသည်။

"ထောက်. . . ထောက်. . . ထောက်"

သံပေသီးများသည် လက်နက်ပုန်းလေးများပမာ မြင်းလှည်းသမားထံသို့ ပစ်လွှင့်သွားတော့၏။

အရှုပ်က အဓိကကျသော သွေးကြောနေရာများသို့ ဦးတည်၍ ပစ်လွှတ်လိုက်သည် ဖြစ်ရာ ထိမှန်သွားပါက မြင်းလှည်းသမား မရှုမလှ အရေးနိမ့်သွားမည် ဖြစ်လေတော့သည်။

မြင်းလှည်းသမားသည် ကပျာကယာ ရှောင်တိမ်းရန် ဟန်ပြင်လိုက်သော်လည်း လူချင်း နီးကပ်နေခြင်းကြောင့် ရှောင်ဖို့ မလွယ်ဘဲ ဖြစ်သွား၏။

လူဝကြီးအရှုပ်က အလစ်အငိုက်ဖမ်း၍ ပေသီးဖြင့် ပစ်ခတ်လိုက်သဖြင့် အခက်ကြုံသွားရခြင်းလည်း ဖြစ်ပါတော့၏။

မြင်းလှည်းသမား အခက်ကြုံလိုက်ရသည့် တဒင်္ဂအချိန်လေးအတွင်းမှာပင်. . .

"ဖယ်စမ်း"

အော်ဟောက်သံတစ်ချက် ထွက်ပေါ်လာသည်။

လူရိပ်တစ်ခု ရိပ်ခနဲ ရောက်ရှိလာပြီး မြင်းလှည်းသမားကို ဆွဲယူသွားလေသည်။

ထိုလူရိပ်၏ လက်တစ်ဖက်က မြင်းလှည်းသမားကို အန္တရာယ်စက်ကွင်းအတွင်းမှ ဆွဲထုတ်ဖယ်ရှားလိုက်သလို ကျန်လက်တစ်ဖက်က ပစ်လွှင့်လာသည့် လက်နက်ပုန်းလေးများအား ဖမ်းယူထားလိုက်၏။

ပေသီးလက်နက်ပုန်းလေးများ ချက်ချင်းပျောက်ကွယ်သွားတော့သည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော ဖြစ်ရပ်ကြောင့် အရှုပ်ပါးစပ် အဟောင်းသားဖြစ်သွား၏။

ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်၏။

ရှောင်လီကား မြင်းလှည်းသမား အန္တရာယ်မှ လွတ်မြောက်သွားသည်ကို တွေ့ရလျှင် ဝမ်းသာသွားလေသည်။

ကြားဝင်လာသူအား တွေ့ရသောအခါ. . .

"ဟင်. . . စန်းကိုးဆိုတဲ့လူကြီးပါလား"

ဟု လွှတ်ခနဲ ရေရွတ်မိလိုက်၏။

မှန်ပေသည်။

စန်းကိုး ရောက်ရှိလာခြင်း ဖြစ်ပေတော့သည်။

❁ ❁ ❁



# ကြောက်စရာကောင်းတဲ့လူ

စန်းကိုး ရောက်ရှိလာလျှင် မြင်းလှည်းသမားက ချက်ချင်းဂါရဝပြုလိုက်လေ၏။

စန်းကိုးက လက်ကာပြလိုက်မှ ကပျာကယာ နောက်ဆုတ်လိုက်လေ၏။

သိုင်းပညာ မခေသော မြင်းလှည်းသမားကပင် စန်းကိုးကို ရိုသေစွာ ဆက်ဆံနေရသဖြင့် သူ၏အဆင့်အတန်း မြင့်မားလှကြောင်း ပေါ်လွင်နေလေ၏။

အရှုပ် မျက်နှာပျက်နေ၏။

သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။

စန်းကိုးက ပြုံးလိုက်သည်။

"ကျုပ် သည်မြို့ကလေးကို ရောက်မလာခင် ငွေပေသီးဟာ သည်မှာ ဇာတ်မြုပ်နေတယ်ဆိုတာ သတင်းကြားခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



အရှုပ် ပို၍ မျက်နှာပျက်သွားသည်။

စန်းကိုးက ဆက်ပြောလေသည်။

"ငွေပေသီးဟာ ငွေတိုက်တစ်ခုကို လုယက်တိုက်ခိုက်ပြီးတဲ့နောက် သိုင်းလောကကို ကျောခိုင်းသွားတာပဲ၊ အင်း ခုလို စားသောက်ဆိုင်လေး ဖွင့်ပြီး ဇာတ်မြှုပ်ထားမယ်လို့ ဘယ်သူမှ ထင်မိကြမှာ မဟုတ်ဘူး"

အရှုပ် မနေနိုင်တော့ဘဲ မေးလိုက်၏။

"မင်း ဘယ်သူလဲ"

သူက တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"ကျုပ်က စန်းကိုးပါ"

"ဘာ. . . မရဏာစာပေသမား စန်းကိုး ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

အရှုပ် ချက်ချင်းပင် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ချလိုက်လေတော့သည်။

"ကျုပ်. . . ကျုပ်က ခင်ဗျားတို့မှန်း မသိလို့ ဒုက္ခပေးခဲ့မိတာ ခွင့်လွှတ်ပါ၊ ကျုပ်ကို ချမ်းသာပေးပါ"

အရှုပ် အထိတ်တလန့် တောင်းပန်နေသည်ကို မြင်လျှင် ဝမ်းမှုကျင်းတို့လူစုမှာ ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြလေတော့သည်။

❖ ❖ ❖



အရှုပ်ကဲ့သို့ ရိုင်းစိုင်းကြမ်းကြုတ်သူကပင် ကြောက်လန့်နေရသည့် စန်းကိုးသည် မည်သို့သော လူစား ဖြစ်ပါသနည်း။

စန်းကိုးက ရှောင်လီဘက်သို့ လှည့်ကာ ဦးညွှတ်လိုက်လေ၏။

"သခင်လေး ကျုပ်တို့အပေါ် အထင်လွဲပြီးထွက်ပြေးဖို့ကြိုးစားတာကို အပြစ်မတင်ပါဘူး၊ ကျုပ်တို့ရဲ့ ချို့ယွင်းချက်ကြောင့် ခုလို ဖြစ်ရတာပါ၊ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်"

ရှောင်လီ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

စန်းကိုးက ထပ်မံဦးညွှတ်ပြန်၏။

"ကျုပ်နဲ့ ပြန်လိုက်ခဲ့စေချင်ပါတယ်၊ ဒါမှမဟုတ်ရင် ကျုပ်အပြစ်ပေးခံရလိမ့်မယ်"

"ကျွန်. . . ကျွန်တော်"

"သခင်လေး ဘယ်လို ခံစားနေရမယ်ဆိုတာကို ကျုပ်နားလည်ပါတယ်၊ ကျုပ်ရှင်းပြပါ့မယ်"

ရှောင်လီက ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။ စန်းကိုး၏မျက်နှာ တည်ကြည်လေးနက်နေ၏။

"သခင်လေး သုထင်းနန်ဆိုတဲ့ နာမည် ကြားဖူးမှာပါ"

"သုထင်းနန် ဟုတ်လား"

"ဟုတ်ပါတယ် သခင်လေး၊ သုထင်းနန်က သခင်လေး ဒုက္ခရောက်နေတာကို မလိုလားလို့ အစစအရာရာ ကူညီပေးမပေးဖို့ လိုလေသေးမရှိ စောင့်ရှောက်ဖို့ ကျုပ်တို့ကို အမိန့်ပေးထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လီမှာ ကြားလိုက်ရသော စကားများကို မယုံနိုင်အောင် ဖြစ်နေရလေတော့၏။

"သုထင်းနန် သေဒဏ်အပြစ်ပေးခံရလို့ သေဆုံးသွားခဲ့ပြီ မဟုတ်လား"

စန်းကိုး ခေါင်းခါယမ်းလိုက်၏။

"သူ အသက်ရှင်နေပါသေးတယ်၊ သခင်လေးကို တွေ့ရဖို့ စောင့်မျှော်နေပါတယ်"

ရှောင်လီ ဘာမျှ မစဉ်းစားတော့ပါချေ။

"သူ ဘယ်မှာလဲ၊ သူနဲ့တွေ့ချင်တယ်၊ သူ့ဆီကို အမြန်ဆုံး လိုက်ပို့ပေးပါ"

ဟူ၍ ပြောလိုက်မိလေတော့သည်။

❁ ❁ ❁



"ခွပ်ခွပ် . . . ခွပ်ခွပ်"

"ခွပ်ခွပ် . . . ခွပ်ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေလေသည်။

အနက်ရောင် ဝတ်ဆင်ထားသော မြင်းလှည်းသမားသည် သူ၏လှပသော မြင်းလှည်းကို တောင်ကုန်းလေးတစ်ခုဆီသို့ ဦးတည်၍ မောင်းနှင်နေ၏။

မြင်းလှည်းပေါ်၌ ရှောင်လီနှင့်စန်းကိုးတို့ လိုက်ပါလာကြလေသည်။

တစ်လမ်းလုံး စကားတစ်ခွန်းမျှ မပြောဖြစ်ကြဘဲ တိတ်ဆိတ်စွာလိုက်ပါလာကြ၏။

သူက ငြိမ်နေသော်လည်း ရှောင်လီ၏ရင့်ထဲ၌ ဗလောင်ဆူနေသည်။

"သုထင်းနန် အသက်ရှင်နေသေးတယ်ဆိုပါလား"

"သူ ဘယ်မှာလဲ"

"ကြောက်စရာကောင်းတဲ့ စန်းကိုးတို့နဲ့ ဘယ်လိုများ ပတ်သက်နေပါလိမ့်"

သုထင်းနန်နှင့် ပတ်သက်ပြီး မဆုံးနိုင်သော အတွေးများဖြစ်ပေါ်နေမိပါတော့သည်။

စန်းကိုးသည် ကြောက်စရာကောင်းသူ တစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေပါသည်။

စန်းကိုးကပင်လျှင် သုတင်းနန်အား ရှိသေလေးစားနေရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြောင့် အလွန်ထူးဆန်းသော အဖြစ်အပျက်တစ်ခုရှိရမည်ဟု ရှောင်လီ နားလည်လာလေတော့သည်။

မြင်းလှည်းသည် တောင်ကုန်းကလေးနှင့် တစ်စထက်တစ်စနီးကပ်လာလေသည်။

"ဟေး"

မြင်းလှည်းသမား၏ မြင်းအော်ငေါက်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် မြင်းလှည်းရပ်တန့်သွားလေသည်။

တစ်ချိန်လုံး ငြိမ်သက်နေသော စန်းကိုး၏အသံ ထွက်ပေါ်လာလေသည်။

"ရောက်ပါပြီ သခင်လေး၊ လှည်းပေါ်ကဆင်းရအောင်"

သူကိုယ်တိုင်ပင် မြင်းလှည်းတံခါးကို ဖွင့်ပေးလိုက်တော့သည်။

ရှောင်လီ မြင်းလှည်းပေါ်မှဆင်းလိုက်၏။

တောင်ကုန်းလေးမှာ ပန်းပေါင်းစုံ ဝေဝေဆာဆာ ဖူးပွင့်လျှက် သာယာလှပနေလေသည်။

အေးမြသောလေပြည်လေနု ဝေ့ယမ်းတိုက်ခတ်ကာ ကျေးငှက်သာရကာများ၏ ချိုလွင်သောအသံကိုလည်း ကြားနေရ၏။

စန်းကိုးက တောင်ကုန်းလေးပေါ် ညွှန်ပြလိုက်၏။

"တောင်ကုန်းပေါ်ကို တက်သွားပါ၊ သခင်လေး တွေ့ချင်နေတဲ့လူကို တွေ့ရပါလိမ့်မယ်"

ရှောင်လီက စန်းကိုးအား တစ်ချက်ကြည့်လိုက်၏။



သူထင်းနန်ကို တွေ့လိုလျှင် တောင်ပေါ်ကိုတက်မသွားရဲစရာ အကြောင်းမရှိဟု ဆုံးဖြတ်ကာ. . .

"ကောင်းပါပြီ၊ ကျွန်တော် သွားတွေ့လိုက်ပါ့မယ်"

စန်းကိုးအား နှုတ်ဆက်၍ တောင်ကုန်းလေးပေါ်သို့ တက်သွားလေသည်။

စန်းကိုးနှင့် မြင်းလှည်းသမားတို့ လိုက်မသွားကြဘဲ တောင်ကုန်းအောက်၌ နေရစ်ခဲ့ကြလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းလေးမှာ သာယာလှပနေသည်။

ကျေးငှက်သာရကာလေးများ ဟိုမှသည်မှ ပျံဝဲနေကြလေသည်။

ရှောင်လီသည် ပန်းပင်များကြားမှ ဖြတ်သန်းလာခဲ့ရင်း တောင်ကုန်းလေးပေါ်သို့ ရောက်မှန်းမသိ ရောက်လာခဲ့လေတော့သည်။

တောင်ကုန်းလေးပေါ်၌ညီညာပြန့်ပြူးသော မြေကွက်လပ်တစ်ခုရှိနေပါသည်။

ထိုမြေကွက်လပ်အား စိမ်းလန်းသော သစ်ပင်တစ်ချို့ ဝန်းရံထား၏။

သစ်ပင်တစ်ပင်အောက်၌ ကျောပေး၍ရပ်နေသူတစ်ဦးကို တွေ့မြင်ရလေသည်။

ထိုလူမှာ ရှောင်လီနှင့်အသက်ချင်း မတိမ်းမယိမ်းရှိသည့် ကောင်လေးတစ်ယောက်ဖြစ်၏။

ထိုကောင်လေးသည်. . .

"သုထင်းနန်"

ရှောင်လီ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကောင်လေးက တဖြည်းဖြည်း လှည့်ကြည့်လာလေသည်။

ရှောင်လီတွေ့လိုမြင်လိုလှသည့် သုထင်းနန်ပင်ဖြစ်ပါတော့သည်။



"သုထင်းနန်"

သူ ဘာကိုမှ အမှုမထားနိုင်တော့ဘဲ သုထင်းနန်ထံသို့ တဟုန်ထိုး ပြေးသွားမိလိုက်လေတော့သည်။

❖ ❖ ❖

စိတ်ပျက်အားငယ်မှုများ၊ စိုးရိမ်ထိတ်လန့်မှုများသည် ရှောင်လီထံမှ ဖယ်ခွာသွားခဲ့ပြီဖြစ်သည်။

နှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့သော အပျော်များဖြင့်ရင်ထဲ၌ ပြည့်လျှံနေလေသည်။

"သုထင်းနန်. . . မင်း. . . မင်း. . . မသေဘူးနော်"

သူ့အမေးကြောင့် သုထင်းနန်က တဟားဟား ရယ်မောလိုက်လေသည်။

"ငါ ဘာကြောင့်သေရမှာလဲ"

"မင်း. . . မင်းကို သေဒဏ်စီရင်လိုက်တယ်ဆို၊ သုထင်းနန် မင်းဟာ"

သူ၏ အမေးစကား မဆုံးမီ သုထင်းနန်က ကြားဖြတ်ပြောလိုက်လေသည်။

"ညီလေး. . . နာမည်မခေါ်ရဘူးလေ၊ ငါဟာ မင်းရဲ့အစ်ကိုဖြစ်နေတယ်ဆိုတာ သတိလည်းထားဦးမှပေါ့"

"ဟား. . . ဟား. . . ဟား"

ရှောင်လီက အားရပါးရ ရယ်မောမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ကွဲကွာမသွားမီ အချိန်ပိုင်းလေးမှာပင် နတ်ရုပ်တုကြီးတစ်ခုရှေ့၌ ညီအစ်ကိုအဖြစ် သစ္စာပြုခဲ့ကြသေးသည် မဟုတ်လား။

"ဟုတ်တယ်. . . ဟုတ်တယ်၊ မင်းဟာ ငါ့အစ်ကိုပဲ"

သုထင်းနန် ကျေနပ်သွားလေသည်။

"သည်လိုမှပေါ့၊ ကဲ သည်ပစ္စည်းလေးကို ကြည့်လိုက်စမ်းပါဦး"

သုထင်းနန်က ပစ္စည်းလေးတစ်ခုကို ထုတ်ပြလေသည်။

ထိုပစ္စည်းလေးမှာ ငိုကြွေးနေဟန်ရှိသော ယုန်ရုပ်လေးပင်ဖြစ်သည်။

အဝတ်စများဖြင့် ချုပ်ထားသကဲ့သို့ ရုပ်လုံးကြွလာစေရန် အတွင်းဘက်၌ ဖြတ်စညှပ်စများ ထည့်သွင်းထားသော အဝတ်ရုပ်ကလေးဖြစ်သည်။

ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဒါက. . ."

သုထင်းနန်က ပြုံးလိုက်၏။

"ဒါ ညီလေးအတွက် လက်ဆောင်ပေးဖို့ ယူခဲ့တဲ့ အရုပ်လေးပေါ့"

"ဟင်"

ရှောင်လီ၏မျက်နှာပေါ်မှ အပြုံးရိပ်များ ချက်ချင်းပျောက်ကွယ်သွားလေတော့သည်။

"အရုပ်ကလေး"



ညီအစ်ကိုအဖြစ် သစ္စာဆိုကြပြီးနောက် အထိမ်းအမှတ်လက်ဆောင်ပေးမည်ဟူ၍ သုထင်းနန် ထွက်သွားခဲ့၏။

အရုပ်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်၍ တန်ဖိုးမများသော ယုန်ရုပ်ကလေးကို ရယူရင်း ပြဿနာဖြစ်ပေါ်ခဲ့သည်။

သုထင်းနန် မသေဘဲ ယခုလိုပြန်တွေ့ရသည်မှာ ကံကောင်းလှပေသည်။

"ညီလေးက အမြဲတမ်း အားငယ်နေတတ်တာ၊ သည်ယုန်ရုပ်ကလေးနဲ့တူတယ်လို့ ထင်မိတာနဲ့ လက်ဆောင်ပေးမယ်ဆိုပြီး ယူခဲ့တာ၊ ညီလေး သဘောမကျဘူးလား"

သုထင်းနန် အသံကြားရမှ ရှောင်လီ သတိဝင်လာသည်။

"အစ်ကို အရုပ်ဆိုင်ထဲမှာ ဘယ်လိုဖြစ်ခဲ့တာလဲဟင်"

သုထင်းနန် ရယ်မောလိုက်သည်။

"ငါ အသုံးမကျတာပေါ့၊ ညီလေးကို ဘာလက်ဆောင်ပေးရင်ကောင်းမလဲလို့ တွေးနေတာနဲ့ အတော် အချိန်ကုန်သွားတယ်၊ နောက်ဆုံးမှ ယုန်ရုပ်လေးကို သဘောကျသွားတာ၊ ဒါပေမယ့် စင်မြင့်ပေါ်မှတင်ထားတော့ တက်ယူရင်း အရုပ်ကလေးပြုတ်ကျသွားလို့ ဆူဆူညံညံဖြစ်ပြီး ဆိုင်ရှင်နိုးသွားတယ်၊ ငါလည်း ဆိုင်ထဲက ထွက်ပြေးတယ်၊ အရုပ်ကလေးကို ဝှက်ခဲ့ဖို့ အချိန်ရခဲ့ပေမယ့် ငါ့ကိုမိသွားတယ်၊ ငါ့ကို ရိုက်ပုတ်မယ်ဆိုပြီး အတင်းပြေးလိုက်လာတာ၊ သူ့လက်ထဲမှာ ဓားတစ်လက်ပါလာတယ်၊ ငါ့နောက်ပြေးလိုက်ရင်း သစ်မြစ်တစ်ခုကို ခလုတ်တိုက်မိလို့ ချော်

www.burmeseclassic.com

www.burmeseclassic.com



လဲသွားတာ ခွေးက သူ့ရဲရင်ကိုပြန်ပြီး ထိုးစိုက်မိသွားတာပဲ၊ သည်လိုဖြစ်ခဲ့တာကပဲ ငါ့အတွက် ကံကောင်းသွားတယ်လို့ ပြောရမှာပဲ၊ ခုလိုအခြေအနေကို ရောက်လာနိုင်တာပဲပေါ့"

သူက သေဒဏ်ပေးခံရပြီး အကျဉ်းထောင်ထဲ၌ သူကဲ့သို့ သေဒဏ်ပေးခံရမည့်သူများနှင့် တွေ့ဆုံခဲ့ပုံကို ပြောပြ၏။

"အနက်ရောင်သိုင်းလောကထိပ်သီး အမှောင်မြို့စားဆိုတဲ့လူဆိုးကြီးတစ်ယောက်ပေါ့၊ ငါဟာ သူနဲ့ရင်းနှီးသွားခဲ့တယ်"

"သူကလည်း ငါ့ကို အတော်သံယောဇဉ်ဖြစ်သွားတယ်၊ ဒါနဲ့ အစောင့်တွေအလစ်မှာ ထွက်ပြေးတဲ့အခါ ငါ့ကိုပါခေါ်ထုတ်သွားလို့ လွတ်မြောက်ခဲ့ရတာပဲ၊ သူဟာ သိုင်းလောကထဲပြန်ရောက်တာနဲ့ အရှင်သခင်တစ်ပါးလို မင်းမူခဲ့တာပဲ၊ ငါ့ကို မွေးစားသားအဖြစ် သတ်မှတ်လိုက်တော့ သူ့ရဲ့တပည့်တပန်းတွေက အရိုအသေပြုကြရတာပေါ့"

ရှောင်လီ ပင့်သက်ရှိုက်လိုက်မိသည်။

အဖြစ်အပျက်များကို နားလည်လိုက်ချေပြီ။

သုထင်းနန်သည် အနက်ရောင်သိုင်းလောက၏ သခင်လေးတစ်ပါး ဖြစ်နေပြီတည်း။

"အမှောင်မြို့စားဟာ အဖြူရောင်သိုင်းသမားတွေနဲ့ တိုက်ပွဲမှာ အရေးနိမ့်ပြီး အဖမ်းခံခဲ့ရတာ၊ သူ့မှာ အတွင်းဒဏ်ရာရထားတယ်၊ မကြာခင် သူသေသွားလိမ့်မယ်လို့ အားလုံးသိထားကြတယ်"

ရှောင်လီက သုထင်းနန်ကို ငေးကြည့်နေမိလေသည်။



သုထင်းနန်က ရှောင်လီကိုမေးလိုက်၏။

"အမှောင်မြို့စား သေဆုံးသွားခဲ့ရင် ငါဘာဖြစ်လာမလဲဆိုတာ ညီလေးသိသလား"

ရှောင်လီ ခေါင်းခါယမ်းပြလေသည်။

"အမှောင်မြို့စားရဲ့သားဟာ အမှောင်မြို့စားရဲ့ဂိုဏ်းအရာကို ဆက်ခံရမှာပဲ"

ရှောင်လီ မျက်လုံးပြူးသွား၏။

"အစ်ကို. . . မင်း. . . မင်း. . . သည်လို တကယ်လုပ်မလို့လား"

သုထင်းနန် သက်ပြင်းချလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ငါ့အတွက် ရွေးစရာလမ်းမရှိတော့ဘူး၊ အမှောင်မြို့စားရဲ့သားဟာ သူ့လိုပဲလုပ်ရလိမ့်မယ်၊ အမှောင်ဖုံးတဲ့ ငါ့ဘဝထဲကို ညီလေးကို ဆွဲမသွင်းချင်ဘူး၊ ဒါပေမယ့် ညီလေးက အဖြစ်မှန်မသိတော့ တို့တတွေဆုံကြမှဖြစ်တော့မယ်ဆိုတာ သဘောပေါက်လိုက်တယ်၊ ခုတော့ ညီလေး ရှင်းသွားပြီ မဟုတ်လား"

ရှောင်လီ မည်သို့ပြောရမှန်းမသိ ဖြစ်နေတော့၏။

သုထင်းနန် မျက်နှာတည်သွားသည်။

"ငါဟာ လူဆိုးတစ်ယောက်ဖြစ်လာရမယ့်လူဆိုတာ သေချာနေပြီ၊ ဒါပေမယ့် ညီလေးကိုတော့ သည်လိုမဖြစ်စေချင်ဘူး၊ ပြီးခဲ့တဲ့ကိစ္စတွေ မေ့ပစ်လိုက်ရမယ်၊ ညီလေးအတွက် ဒိုလေသေးမရှိအောင် ဦးလေးစန်းကိုးက တာဝန်ယူစီစဉ်ပေးလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ညီလေးဟာ တစ်နေ့ လူရှိသေရှင်ရှိသေခံရသူ တစ်ဦးဖြစ်လာအောင် ကြိုးစားရလိမ့်မယ်၊ ဘယ်လိုလဲ ညီလေး ကတိပေးနိုင်ပါ့မလား"

ရှောင်လီ ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ၊ ငါကတိပေးပါတယ်"

သုထင်းနန်၏မျက်နှာ တဖြည်းဖြည်း ပြုံးရွှင်လာသည်။

သူ့သံယောဇဉ်ရှိသော ရှောင်လီ၏ဘဝကို ဒုက္ခတွင်းထဲမှ ကယ်တင်နိုင်ပြီဟု ယုံကြည်စိတ်ချလိုက်သည့် သဘောဖြစ်ပါတော့သည်။

❋ ❋ ❋



## ဆန့်ကျင်ဘက်

နွေ. . .။

မိုး. . .။

ဆောင်း. . .။

ရာသီအလီလီ ပြောင်းလဲသွားခဲ့ရာမှ ဆယ်နှစ်ခန့်သော အချိန်က ကုန်ဆုံးခဲ့လေသည်။

ထိုဆယ်နှစ်ဟူသော အချိန်ကာလအတွင်း ရှောင်လီနှင့် သုထင်းနန်တို့၏ဘဝများသည်လည်း အပြောင်းလဲကြီး ပြောင်းလဲခဲ့တော့သည်။

ရှောင်လီသည် စာပေကျမ်းဂန် တတ်ကျွမ်းလာသည်။

သိုင်းပညာများလည်း တတ်ကျွမ်းကာ မကောင်းသူယိုကောင်းသူကယ်သည့် အဖြူရောင်သိုင်းသမားအဖြစ် အမည်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သုထင်းနန်ကား သိုင်းလောက၏ နံပါတ်စ်ရန်သူအဖြစ် သတ်မှတ်ခြင်းခံရသော အနက်ရောင်ထိပ်သီး ဖြစ်လာခဲ့တော့သည်။

❂ ❂ ❂

စန်းကိုးသည် တည်ကြည်သော မျက်နှာဖြင့်ရှိနေသည်။

သို့သော် သူ၏အသွင်မှာ ယခင်ကနှင့်မတူတော့ဘဲ ဇရာထောင်းလာပြီဖြစ်ကြောင်း နားထင်စပ်မှ ဆံပင်ဖြူများက ဖော်ပြနေသည်။

အချိန်ကာလများလည်း ပြောင်းလဲသွားခဲ့ပြီ မဟုတ်ပါလား။ ရှောင်လီမှာလည်း အသက်သုံးဆယ်ကျော် အရွယ် ရောက်ခဲ့ချေပြီ။

ရှောင်လီနှင့်စန်းကိုးတို့၏ ရင်းနှီးမှုများသည် ပို၍ခိုင်မာလာသည်ဟုလည်း ဆိုနိုင်၏။

ယခုလည်း စန်းကိုးက အရေးကြီးသောစကား ပြောစရာရှိသည်ဆိုခြင်းကြောင့် သူက အလေးအနက်ထားပြီး နားထောင်နေခဲ့ခြင်းဖြစ်၏။

"ရှောင်လီ. . . သိုင်းလောကကြီး တစ်ခုလုံး မငြိမ်မသက်ဖြစ်လာတယ်ဆိုတာ မင်းလည်း သတင်းတွေကြားလောက်ရောပေါ့၊ တို့ အနက်ရောင်သိုင်းလောကသားတွေရဲ့ အခြေအနေ မဟန်တော့ဘူး၊ အဖြူရောင်သိုင်းသမားတွေ မီးခိုးကြွက်လျှောက်



လိုက်လာကြရင်း မင်းရဲ့နောက်ကွယ်မှာ ကျုပ်တို့ပါဝင်ပတ်သက်နေကြတယ်ဆိုတာ ပေါ်သွားနိုင်တယ်၊ ဒါဆိုရင် မင်းရဲ့ဘဝ ရေစုန်မျောသွားလိမ့်မယ်၊ မင်းကို လူ့ပတ်ဝန်းကျင်မှာ အောင်မြင်ပြီးတည်ငြိမ်တဲ့ဘဝ ရရှိစေချင်တဲ့ သုထင်းနန်ရဲ့ရည်ရွယ်ချက်တွေလည်း သဲထဲရေသွန်ဖြစ်ရလိမ့်မယ်"

ရှောင်လီ ငိုင်သွား၏။

အဖြူရောင်သိုင်းသမားများ သိသွားလျှင် သူ့ကိုလည်း ချမ်းသာပေးမည် မဟုတ်ပေ။

"မင်းရဲ့ဘဝ အမှန်တကယ် အေးချမ်းသာယာစေချင်တယ်ဆိုရင် ခုချိန်ကစပြီး မင်းနဲ့အဆက်အသွယ်ဖြတ်လိုက်တာ အကောင်းဆုံးပဲလို့ သုထင်းနန်က ယူဆထားတယ်"

"ကျွန်တော်. . . "

"ရှောင်လီ. . . သည်ကိစ္စကို မင်းနားလည် လက်ခံရလိမ့်မယ်၊ သုထင်းနန်က သူ့အပေါ် နားလည်သဘောပေါက်လိမ့်မယ်လို့ ယုံကြည်ထားတယ်"

"ဒါ. . . ဒါ"

ရှောင်လီ မည်သို့ပြောရမှန်းမသိ ဖြစ်နေပါတော့သည်။

သူက သုထင်းနန်နှင့် အဆက်အသွယ်မဖြတ်ဘဲ နေမည်ဆိုပါက သုထင်းနန်၏စေတနာကို စော်ကားသကဲ့သို့ ရှိပေလိမ့်မည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ ထိန်းမနိုင်သိမ်းမရ စီးကျလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



စန်းကိုး ပြုံးလိုက်သည်။

"ရှောင်လီ. . . မင်းဟာ အသက်သုံးဆယ်ကျော်အရွယ်ကိုရောက်လာပေမယ့် ကလေးတစ်ယောက်လိုပဲ ရှိသေးတယ်လို့ သုထင်းနန်က ပြောခဲ့တယ်၊ တစ်သက်လုံး သူများကိုပဲ အားကိုးနေတော့မှာလား၊ မင်းယောကျ်ား မဟုတ်ဘူးလား"

"ကျွန်. . . ကျွန်တော်"

"မင်းရဲ့ဘဝ ခရီးလမ်းကို မင်းဘာသာ လျှောက်လှမ်းဖို့အချိန်တန်ပါပြီ၊ သုထင်းနန်ရဲ့ စေတနာကို မင်းနားလည်သဘောပေါက်သင့်ပါတယ်"

ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်. . . ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်"

"မင်း သဘောပေါက်တယ်ဆိုရင် ဘာကြောင့် မျက်ရည်ကျနေရတာလဲ၊ သုထင်းနန်က မင်းကို စိတ်မချဘဲ နောက်ဆံတင်းနေရမယ်ဆိုရင် သူ့ကို ဖိစီးနှိပ်စက်စေသလိုဖြစ်နေမယ်ဆိုတာ ထည့်သွင်းစဉ်းစားစေလိုပါတယ်"

ရှောင်လီက မျက်ရည်များသုတ်လိုက်၏။

"ကျွန်တော့်ကြောင့် သုထင်းနန် ဒုက္ခမရောက်စေရပါဘူး၊ သူဟာ ကျွန်တော့်အပေါ် သံယောဇဉ်ကြီးလွန်းပါတယ်၊ နောက်ဆံငင်နေရမယ်ဆိုရင် ကောင်းမှာမဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်တော်က အနှောက်အယှက်မဖြစ်အောင် ကြိုးစားသွားမယ်လို့ ကတိပေးပါတယ် ခင်ဗျာ"



စန်းကိုး ဝမ်းသာသွားသည်။

"သည်လိုမှပေါ့ကွာ၊ အခြေအနေကို နားလည်ရမှာပေါ့၊ မင်းတို့ ညီအစ်ကိုနှစ်ယောက် တစ်နေ့ပြန်ပြီး မဆုံတွေ့ကြဘူးလို့ ဘယ်သူကပြောနိုင်မှာလဲ၊ မင်းဟာ အောင်မြင်ကျော်ကြားတဲ့ သူတစ်ယောက်ဖြစ်နေခဲ့မယ်ဆိုရင် သုထင်းနန် ဒုက္ခရောက်တဲ့ တစ်နေ့မှာ ကူညီလို့တောင် ရနိုင်သေးတာပဲ"

ရှောင်လီ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"သူ ဘယ်တော့မှ ဒုက္ခရောက်မှာ မဟုတ်ပါဘူး"

စန်းကိုး ပြုံးလိုက်၏။

"ဒါပေါ့ကွာ၊ ညီအစ်ကိုတွေဆိုတာ တစ်ယောက်ကို တစ်ယောက် ဖေးမကူညီကြရမှာပေါ့၊ ခုချိန်မှာ မင်းအတွက် စိတ်ချထားလို့ရပေမယ့် သုထင်းနန်အတွက် အရေးကြီးနေတယ်၊ သူ့မှာအန္တရာယ်တွေ ဝိုင်းနေတယ်"

ရှောင်လီ ဦးညွတ်လိုက်၏။

"ကျွန်တော် သူ့ကိုကူညီချင်ပါတယ် ခင်ဗျာ"

"အေး. . . သူ့ကိုကူညီချင်တယ်ဆိုရင် ကြွန္နေမပျက်နေပြီး တိုးတက်အောင်ကြိုးစား၊ ဒါဆို တစ်နေ့တော့ ကူညီနိုင်မှာပါပဲ"

စန်းကိုးက သူ၏ပခုံးကို ပုတ်သည်။

"ရှောင်လီ. . . မင်းဘယ်လိုခံစားနေရမယ်ဆိုတာ ငါ နားလည်ပါတယ်၊ ဒါပေမယ့် အခြေအနေ အချိန်အခါဆိုတာရှိတယ်၊ မခွဲချင်ပေမယ့်လည်း ခွဲရတတ်တယ်၊ မင်းဟာ သုထင်းနန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ရှေ့ဆက်ပြီး အသက်ရှင်နေရလိမ့်မယ်"

ရှောင်လီ ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ကျွန်တော်ဟာ သုထင်းနန်အတွက် ဆက်ပြီး အသက်ရှင်နေမှာပါ"

ယခု ရှောင်လီအား စိတ်ချရပြီဖြစ်ကြောင်း စန်းကိုး နားလည်လိုက်လေတော့သည်။

❂ ❂ ❂



•

## ရှေးရေစက်

မရဏစာပေသမား စန်းကိုး...။

စန်းကိုးကား ရှောင်လီ၏ဘဝ အရာရာပြည့်စုံအောင် နှစ်ပေါင်းများစွာ အချိန်ပေးခဲ့ပြီးနောက် အခက်ကြုံနေရသော သူ၏သခင်လေးသုထင်းနန်အတွက် တာဝန်ထမ်းဆောင်ပေးရန် ရှောင်လီကိုနှုတ်ဆက်ကာ ထွက်သွားခဲ့ပြီ ဖြစ်လေသည်။

ရှောင်လီ...။

ရှောင်လီသည် စန်းကိုးထွက်သွားပြီးနောက် တစ်ချိန်လုံး အထီးကျန်စွာခံစားခဲ့ရလေသည်။

သူ့အား အနီးကပ်စောင့်ရှောက်မည့်သူ အကြံဉာဏ်ပေးမည့်သူ မရှိတော့ပါ။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၊ ကိုယ့်အားကိုယ်ကိုးရတော့မည်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ။

ရှောင်လီသည် စန်းကိုးပြောသွားသည့် စကားများကို ကောင်းစွာနားလည် သဘောပေါက်ပြီး လိုက်နာခံယူသွားရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

သို့ဖြင့်. . .

စန်းကိုး ထွက်သွားသည်မှာ တစ်လတင်းတင်းပြည့်သွားတော့သည်။

ရှောင်လီလည်း တစ်ယောက်တည်း အထီးကျန်နေရသည်ကို အသားကျသွားတော့သည်။

ရှောင်လီသည် သူထင်းနန်ဖြစ်စေလိုသောဘဝ၊ စန်းကိုးမှာကြားသွားသောစကားများအတိုင်း ကြိုးစားဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်။

"ငါ့ရဲ့အစွမ်းအစကို ဖော်ထုတ်ပြသရမယ့်အချိန်အခါ ရောက်ပြီပေါ့"

သူက သူထင်းနန်ဖြစ်စေလိုသည့် ဆန္ဒအတိုင်း လူတော်လူကောင်းတစ်ယောက် အများအကျိုးဆောင်ရွက်သူ၊ မတရားမှုကိုရွံ့မုန်းကာ တရားမျှတမှုအတွက် ရဲဝံ့ပြတ်သားစွာ ဆောင်ရွက်သူတစ်ယောက် ဖြစ်လာစေဖို့ ကြိုးစားသွားမည်ဖြစ်သည်။

ရှောင်လီ ကံကောင်းသွားသည်မှာ သူဆုံးဖြတ်ချက်ချပြီး ရက်ပိုင်းအတွင်းမှာပင် အများအကျိုးဆောင်ရွက်နိုင်မည့် အခွင့်အရေးတစ်ခု ရရှိလိုက်ခြင်းဖြစ်လေသည်။

ရှောင်လီက ဘဝသစ်အတွက် ခြေလှမ်းစရန် ခရီးထွက်



လာရင်း မြို့ကလေးတစ်မြို့သို့ ရောက်လာသောအခါ. . .

ထိုမြို့ကလေးမှာ တောမြို့ကလေးဖြစ်သော်လည်း မြို့ကြီးပြကြီးများနှင့်မခြား စည်ကားသိုက်မြိုက်သော မြို့ကလေးဖြစ်လေသည်။ ယနေ့. . .

ရှောင်လီ ရောက်လာသောအခါ မြို့ကလေးမှာ သုသာန် တစ်စပြင်အလား တိတ်ဆိတ်ခြောက်ကပ်နေသည်။

ဈေးဆိုင်များ၊ တည်းခိုခန်းများက တံခါးပိတ်ထားသည်။

လမ်းပေါ်၌ လူသွားလူလာ မတွေ့ရပါ။

တစ်မြို့လုံး လူသူတစ်စုံတစ်ယောက်မျှ မရှိတော့ဘဲ အားလုံးက မြို့ကိုစွန့်ခွာထွက်ပြေးသွားကြသည့်အလား။

ထူးခြားမှု ကိန်းသေရှိနေကြောင်း ရှောင်လီ နားလည်လိုက်လေတော့သည်။

"မြို့သူမြို့သားတွေဟာ ကြောက်ရွံ့ထိတ်လန့်စရာ အန္တရာယ်ဆိုးတစ်ခုခုနဲ့ ကြုံတွေ့ခဲ့ရလို့ပဲဖြစ်မယ်"

ရှောင်လီကား လမ်းဘေးဝဲယာကို အကဲခတ်ရင်း မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့ရာ တဖြည်းဖြည်းနှင့် မြို့လယ်ပိုင်းသို့ ရောက်လာလေသည်။

ဤတွင် ထူးခြားသောဖြစ်ရပ်တစ်ခုကို မြင်လိုက်ရတော့သည်။

မြို့လယ်ပိုင်းမှာ ယခင်က ကြက်ပျံမကျ ကျိတ်ကျိတ်တိုး စည်ကားခဲ့သောနေရာဖြစ်သည်။

ယခု စည်ကားခြင်းကင်းမဲ့ကာ လူဆိုး၍ ငါးယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



သာတွေ့ရလေသည်။

ထိုလူငါးယောက်သည်လည်း ပျော်ရွှင်ချမ်းမြေ့မှုကင်းမဲ့ကာ မှုန်ဆွေးသောဟ ရောက်နေကြသူများဖြစ်ပါတော့သည်။

မြို့လယ်လမ်းဆုံ လမ်းခွန်ဘေး၌ သစ်ပင်အချို့ရှိနေ၏။

လူငါးယောက်အား ထိုသစ်ပင်များ၌ ကြိုးများဖြင့်ချည်နှောင်ထားခြင်း ဖြစ်လေသည်။

သူတို့၏ အဝတ်အစားများ စုတ်ပြဲကာ သွေးများစွန်းထင်းပေကျံနေ၏။

သူတို့၏မျက်နှာများလည်း ညှိုးမည်းဖူးယောင်နေ၏။

ရက်ရက်စက်စက် နှိပ်စက်ညှင်းပမ်းခံထားရခြင်း ဖြစ်လေသည်။

ထိုလူများ၏ အင်္ကျီရင်ဘတ်၌ စာရွက်များကပ်ထား၏။

ရှောင်လီက အာရုံစိုက်ကြည့်လိုက်ရာ စာရွက်များပေါ်တွင်. . .

"မြို့ဝန်ရဲ့နောက်လိုက် တိရစ္ဆာန်"

ဟုရေးထားသည်ကို တွေ့ရလေသည်။

ထိုလူများကား ဤမြို့ကလေးအား အုပ်ချုပ်ရသည့် မြို့ဝန်၏အမှုထမ်းများဖြစ်ကြောင်း ရှောင်လီ ရိပ်မိလိုက်လေသည်။

"ဘယ်လိုဖြစ်ကုန်ပြီလဲ"

မြို့ဝန်နှင့်အမှုထမ်းများ ဒုက္ခရောက်နေကြပြီမှာ သေချာနေပါတော့သည်။

"သူတို့ကို ဘယ်သူက ဒုက္ခပေးနေတာလဲ"



ရှောင်လီ ရုတ်တရက် စဉ်းစားမရအောင် ဖြစ်သွားလေသည်။ ပတ်ဝန်းကျင်ကို အကဲခတ်ကာ. . .

"သည်လူတွေကို ငါကယ်မှပဲ"

ဟု ဆုံးဖြတ်ပြီးသည်နှင့် သစ်ပင်များအနီးသို့ ရိပ်ခနဲရောက်သွားပြီး လက်ဝှေ့ယမ်းလိုက်လျှင်. . .

"ထောက်. . . ထောက်. . . ထောက်"

ကြိုးများ ပြတ်တောက်သွားပြီး. . .

"ဝုန်း. . . ဝုန်း. . . ဝုန်း"

ထိုလူငါးယောက် မြေပေါ် အရုပ်ကြိုးပြတ်လဲကျသွားကြလေသည်။

အချို့က မသဲမကွဲ ညည်းတွားလိုက်၏။

အချို့က လူးလွန့်သွားကြ၏။

ထို့နောက် ငါးယောက်စလုံး မလှုပ်မယှက် ငြိမ်သက်သွားကြတော့သည်။

အနီးကပ်တွေ့ရမှ ထိုလူငါးယောက်၏ တစ်ကိုယ်လုံးဒဏ်ရာဗရပွရှိနေပြီး လူမဆန်စွာ နှိပ်စက်ညှင်းပမ်းခံထားရသည်ကိုတွေ့ရလေသည်။

ရရှိထားသော ဒဏ်ရာများကြောင့် သေဆုံးသွားကြခြင်းဖြစ်လေသည်။

"တောက်"

ရှောင်လီသည် ထိုလူငါးယောက်၏ အဖြစ်ဆိုးကိုကြည့်ပြီး ဒေါသထွက်ကာ တက်ခေါက်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်လောက် ရက်စက်တဲ့လူတွေကို ကျုပ်ရှာဖွေပြီး ဆုံးမပေးပါ့မယ်"

ဟုလည်း ကတိပေးလိုက်လေသည်။

အကြောင်းစုံ သိရလေအောင် မြို့ဝန်ဂေဟာသို့ သွားရောက်စုံစမ်းရန်လည်း ဆုံးဖြတ်လိုက်သည်။

သစ်ပင်များနောက်မှ လှမ်းထွက်လိုက်စဉ် ချက်ချင်းပင် သူ၏ခြေလှမ်းများ ရပ်တန့်သွားလေသည်။

တစ်ယောက်ယောက် သူ့အား တိတ်တဆိတ် အကဲခတ်နေသည်ဟူသော ခံစားချက်များ ဖြစ်ပေါ်ခံစားလိုက်ရခြင်းကြောင့်ဖြစ်သည်။ ရှောင်လီ အသက်အောင့်ထားလိုက်မိသည်။

"ဘယ်သူလဲ၊ ဘာသဘောလဲ"

ရှောင်လီ အသက်အောင့်ကာ အာရုံစိုက်လိုက်ရာ ဝဲဘက် တစ်နေရာရှိ လမ်းကြားထိပ်၌ အကဲခတ်သူရှိနေကြောင်း သိလိုက်လေသည်။

ရှောင်လီက ချက်ချင်းပင် ဆန့်ကျင်ဘက်အရပ်သို့ မြားတစ်စင်းပမာ ပြေးထွက်သွားလိုက်လေသည်။

"ဟူး"

ရှောင်လီမှာလေ၏လျင်မြန်ခြင်းမျိုးဖြင့် ထွက်သွားရာ တိတ်တဆိတ် ချောင်းမြောင်းကြည့်နေသူ၏မြင်ကွင်းမှ ရိပ်ခနဲ ပျောက်ကွယ်သွားလေတော့သည်။

❂ ❂ ❂



ရှောင်လီက အဝေးသို့ ပြေးထွက်သွားပြီးမှ ခြေလှမ်းရပ်လိုက်သည်။

အနီးရှိ အိမ်ခေါင်မိုးတစ်ခုပေါ်သို့ ခုန်တက်လိုက်သည်။

အိမ်ခေါင်မိုးပေါ်သို့ ရောက်သွားသည်နှင့် ခေါင်မိုးတစ်ခုမှတစ်ခု ခုန်ကူးသွားလိုက်လေသည်။

မကြာပါချေ။

လမ်းကြားလေးထိပ်မှ အိမ်ခေါင်မိုးတစ်ခုပေါ်သို့ ရောက်ရှိသွားလေတော့သည်။

ရှောင်လီသည် ခေါင်မိုးပေါ်မှနေပြီး အောက်ဘက်ငုံ့ကြည့်လိုက်သည်။

ထိုအချိန်၌ လမ်းကြားထိပ်၌ စုပုံထားသော အသီးအနှံထည့်သည့်ခြင်းကျားအလွတ်များကြားမှ လူတစ်ယောက် တိုးထွက်လာသည်ကို တွေ့ရလေသည်။

ရှောင်လီအား တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုခဲ့သူဖြစ်လေသည်။

ရှောင်လီ ပြုံးလိုက်သည်။

"ခင်ဗျား ဘယ်ပြေးမလဲ"

ဟု စိတ်ထဲကြုံးဝါးကာ ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်၏။

"ဖုတ်"

အသံတစ်ချက် ထွက်ပေါ်လာသဖြင့် ထိုလူလှည့်ကြည့်လိုက်ရာ နောက်ကျောဘက်၌ ရှောင်လီ ရောက်နေသည်ကို မြင်လျှင်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ရှောင်လီက. . .

"ခင်ဗျား ဘယ်သူပဲဖြစ်ဖြစ်၊ ခင်ဗျားကိုတွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဟင်"

"ကျုပ် သည်မြို့ကိုရောက်လာတဲ့အခါ စကားပြောမယ့် အဖော် ခင်ဗျားတစ်ယောက်ရှိနေသေးတာမို့ ဝမ်းသာမိတာပါ"

"ကျုပ်. . . ကျုပ်"

"ဟင် ခင်ဗျားလည်း မြို့ဝန်ရဲ့အမှုထမ်း ဝတ်စုံဝတ်ဆင်ထားပါလား"

ရှောင်လီက ထိုလူအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီး ပြောလိုက်။

ထိုလူ ပိုပြီး မျက်နှာပျက်သွားလေသည်။

"ကျုပ်. . . ကျုပ်ကို မသတ်ပါနဲ့ဗျာ"

ချက်ချင်း ဒူးထောက် တောင်းပန်လေတော့သည်။

ရှောင်လီ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား မှားနေပြီ၊ ကျုပ်ကိုမကြောက်ပါနဲ့၊ ကျုပ်က သတ်ပစ်ဖို့မပြောနဲ့ လက်ဖျားနဲ့တောင် တို့မှာမဟုတ်ပါဘူး၊ ကဲကဲ ထပါဗျာ"

ထိုလူအား ထရပ်နိုင်ရန် ဖေးမလိုက်လေသည်။

ထိုလူသည် ရှောင်လီအား မယုံကြည်နိုင်စွာကြည့်နေ၏။



ရှောင်လီ ပြုံးပြလိုက်သည်။

"မကြောက်ပါနဲ့ဗျာ၊ ခင်ဗျားကို ဘာမှမလုပ်ပါဘူး"

"မင်း. . . မင်း"

"ခင်ဗျားဟာ မြို့ဝန်ရဲ့ အမှုထမ်းတစ်ယောက် မဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်"

"ကျုပ်က ရှောင်လီပါ၊ ခင်ဗျားတို့မြို့မှာ ဘာတွေဖြစ်နေသလဲဆိုတာ ပြောပါဦး"

ထိုလူ သက်ပြင်းချလိုက်သည်။

"ဘုရင်မင်းမြတ်က လူဆိုးဓားပြတွေ၊ သိုင်းသမားဆိုးတွေကို ဆုံးမနှိမ်နင်းပြီး ရပ်ရွာအေးချမ်းသာယာအောင်လုပ်ရမယ်လို့ အမိန့်ထုတ်လိုက်တာကြောင့် မြို့စား နယ်စားအားလုံးက လူဆိုးဓားပြတွေကို နှိမ်နင်းခဲ့ကြတယ်"

ရှောင်လီ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

သူက သူထင်းနန်အား သတိရမိလိုက်ခြင်းကြောင့်ဖြစ်သည်။

ထိုလူက. . .

"အနယ်နယ်အရပ်ရပ်က ရှောင်တိမ်းထွက်ပြေးလာတဲ့ လူဆိုးတွေက ကျုပ်တို့မြို့ကိုရောက်လာကြတယ်၊ ကျုပ်တို့မြို့ မှာက မြို့ဝန်ဦးဆောင်ပြီး စီရင်အုပ်ချုပ်ခဲ့တာ နှစ်ပေါင်းများစွာ အေးချမ်းငြိမ်သက်အောင်လုပ်နိုင်ခဲ့တာ၊ လူဆိုးဓားပြ မရှိဘူး၊ ရာဇဝတ်မှုဆိုလည်း သာမန်အသေးအဖွဲ့လောက်ပဲရှိတာ မြို့ဝန်နဲ့

www.burmeseclassic.com



ကျုပ်တို့အမှုထမ်း လေးငါးယောက်လောက်ပဲ ရှိတာ"

ရှောင်လီက. . .

"လူဆိုးဓားပြတွေ ရောက်လာလို့ ခင်ဗျားတို့ဒုက္ခရောက်ရတာပေါ့ ဟုတ်လား"

"ဒါ အမှန်ပါပဲဗျာ"

ထိုလူ(ဝါ) အမှုထမ်းကြီးမှာ အကြီးအကျယ် စိတ်ခုတ်ကျဆင်းနေပုံရလေသည်။

"ငွေမုတ်ဆိတ်ဆိုတဲ့ လူဆိုးကြီးတစ်ယောက် ဦးဆောင်တဲ့အဖွဲ့ဟာ ကျုပ်တို့မြို့ကို အရင်ဆုံးရောက်လာခဲ့တာ၊ သူတို့ရဲ့အင်အားသုံးဆယ်လောက်ရှိတယ်၊ အားလုံးက သိုင်းပညာကျွမ်းကျင်ပြီး သတ်ဖို့ဖြတ်ဖို့ ဝန်မလေးတဲ့ ရက်စက်ကြမ်းကြုတ်တဲ့လူတွေချည့်ပဲ၊ သူတို့ရောက်လာတာနဲ့ ထမင်းတစ်အိုးချက်တောင် အချိန်မကြာလိုက်ဘူး၊ ကျုပ်တို့မြို့ကိုသိမ်းပိုက်နိုင်လိုက်တာပဲ"

ရှောင်လီ ပင့်သက်ရှိုက်လိုက်လေသည်။

အမှုထမ်း အနည်းအကျဉ်းသာရှိသော မြို့ဝန်မှာဆိုးသွမ်းလှသည့် လူဆိုးဓားပြများအား မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်သည်မှာ ထင်ရှားလှပေသည်။

ရှောင်လီက. . .

"လူဆိုးတွေက မြို့ကိုစီးနင်းပြီး အပိုင်စီးလိုက်တာပေါ့ ဟုတ်လား"

အမှုထမ်းက. . .

"ဟုတ်ပါတယ်ဗျာ၊ မြို့ဝန်ရဲ့အိမ်ကိုရောက်လာပြီး တံခါးခေါက်တယ်၊ တံခါးဖွင့်ပေးလိုက်တာနဲ့ ချက်ချင်းဝင်လာပြီး မြို့ဝန်အပါအဝင် တစ်အိမ်လုံးမှာရှိနေတဲ့လူတွေကို ဖမ်းဆီးလိုက်တော့တာပဲ"



ရှောင်လီက. . .

"ခင်ဗျားကကော ဘယ်လိုလုပ်ပြီး လွတ်မြောက်လာတာလဲ၊ ပြောပါဦး"

အမှုထမ်းက. . .

"ကျုပ်က မီးဖိုချောင်ဘက်မှာ ရောက်နေတာ၊ အိမ်ထဲမှာ အော်သံဟစ်သံတွေ ထွက်ပေါ်လာပြီး ဝရုန်းသုန်းကားဖြစ်သွားလို့ ကြည့်လိုက်တော့ လူဆိုးတွေဝင်လာပြီး အိမ်ထဲရှိသမျှလူတွေကို လိုက်ဖမ်းနေတာတွေ့ရတာနဲ့ ကျုပ်လည်း ပြတင်းပေါက်ကတဆင့် အပြင်ဘက်ခုန်ချပြီး ထွက်ပြေးခဲ့တာ၊ မကြာပါဘူး၊ လူဆိုးတွေက ကျန်တဲ့အမှုထမ်း ငါးယောက်ကို ရိုက်နှက်နှိပ်စက်ပြီး အပြင်တက်ဆွဲခေါ်သွားတာ တွေ့လိုက်ရတာ"

ရှောင်လီက. . .

"မြို့ဝန်ကကော"

အမှုထမ်းက. . .

"လူဆိုးခေါင်းဆောင် ငွေမုတ်ဆိတ်က ဖမ်းဆီးထားတယ်၊ မြို့ဝန်ကို ဓားစာခံလုပ်ပြီး တစ်မြို့လုံးမလှုပ်ဝံ့အောင် လုပ်ထားတာ၊ မြို့သူမြို့သားတွေက ရိုးသားပြီး အေးအေးချမ်းချမ်းနေကြသူတွေပါ၊ လူဆိုးတွေကိုကြောက်လို့ ခေါင်းမဖော်ဝံ့ကြဘူး၊ ထွက်ပြေး ဖို့လည်း မကြိုးစားရဲကြဘူး၊ ထွက်ပြေးတဲ့သူတွေကို

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ရက် ရက်စက်စက် သတ်ပစ်ကြတာ"

ငွေမုတ်ဆိတ် လူဆိုးအဖွဲ့သည် မြို့ဝန်အား ဖမ်းဆီးထားသည့်အပြင် မြို့သူမြို့သားများကိုလည်း မြို့ထဲမှထွက်မသွားဝံ့အောင် ခြိမ်းခြောက်ထားသည်မှာ ဘုရင်မင်းမြတ်၏အမိန့်ကြောင့် လူဆိုးဓားပြများ၊ အနက်ရောင်သိုင်းသမားများအား ရှာဖွေနှိမ်နင်းနေသည့် အဖြူရောင်သိုင်းသမားများမှာ ငွေမုတ်ဆိတ်ကိုလည်း ချမ်းသာပေးကြမည် မဟုတ်ချေ။

ငွေမုတ်ဆိတ်အား ဆုံးမရန် အနီးနှင့်အဝေး ရောက်လာကြမည်ဖြစ်လေသည်။

ရှောင်လီက. . .

"ငွေမုတ်ဆိတ်က အဖြူရောင်သိုင်းသမားတွေ ရောက်လာရင် အခက်တွေ့အောင် အခုလိုလုပ်ခဲ့တာပဲဖြစ်မယ်"

အမှုထမ်းက. . .

"ဟုတ်တယ်ဗျ။ ဒါ့အပြင် သူက ထွက်ပြေးရှောင်တိမ်းနေကြတဲ့ လူဆိုးဓားပြတွေကိုလည်း သည်မြို့မှာလာပြီး ခိုလှုံကြဖို့ ဖိတ်ခေါ်ထားသေးတယ်လေ၊ ပြေးစရာမြေမရှိ ဖြစ်နေတဲ့လူဆိုးတွေ သိုင်းသမားဆိုးတွေ ရောက်လာကြဦးမှာ သေချာတယ်၊ မကြာခင် ကျုပ်တို့မြို့ကလေးမှာ လူဆိုးတွေ သိုင်းသမားဆိုးတွေနဲ့ပြည့်နှက်ပြီး လူဆိုးစခန်းကြီးတစ်ခုလို ဖြစ်သွားတော့မှာ သေချာနေတာပေါ့ဗျာ"

အလွန်စိတ်ပျက် ကြေကွဲနေသည့် အသွင်သဏ္ဌာန်ဖြင့် ပြောလေသည်။



ရှောင်လီလည်း ရင်ထဲလေးလံသွား၏။

ငွေမုတ်ဆိတ်အား ဆုံးမနှိမ်နင်းနိုင်မှ ဤမြို့ကလေးအား ကူညီနိုင်မည်ဟု နားလည်လိုက်သည်။

"မြို့ဝန်ဂေဟာကို ကျုပ်တို့ သွားကြတာပေါ့"

ဟုပြောလိုက်ရာ အမှုထမ်း အထိတ်တလန့် ဖြစ်သွားလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## သတင်း

ည. . .။

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေသည်။

မြို့ကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

ရှောင်လီက ကောင်းကင်ပေါ်မှ လဝန်းကိုမော့ကြည့်လိုက်လေသည်။

တဖန် နံဘေး၌ရှိနေသည့် အမှုထမ်းကိုကြည့်လိုက်သည်။

အမှုထမ်းက. . .

"အစ်ကိုလေး. . .ငွေမှတ်ဆိတ်တို့လူစုက အတော်ကြောက်စရာကောင်းတယ်နော်၊ သတိထားမှ ဖြစ်မယ်"

စိုးရိမ်သောလေသံဖြင့် သတိပေးလေသည်။

ရှောင်လီ ပြုံးလိုက်လေသည်။

"စိတ်ချပါဗျာ၊ ကျုပ် သတိ ထားပါ့မယ်"



သူတို့သည် မြို့ဝန်ဂေဟာနှင့် မလှမ်းမကမ်း၌ ရောက်ရှိနေကြခြင်းဖြစ်သည်။

မြို့ဝန်ဂေဟာ၌ ညဥ့်နက်ပြီ ဖြစ်သည့်တိုင်အောင် မီးရောင်များရှိနေဆဲ။

သွားလာလှုပ်ရှားနေသော လူရိပ်များကိုလည်း တွေ့မြင်နေရလေသည်။ အမှုထမ်းက. . .

"ဂေဟာအနီးတဝိုက်မှာကော ဂေဟာထဲမှာကော၊ အစောင့်တွေချထားတယ်၊ ပြီးတော့ သူတို့လူတွေက မြို့ထဲကင်းလှည့်နေကြသေးတယ်"

ရှောင်လီက. . .

"ကိစ္စမရှိဘူး၊ ကျုပ်က မြို့ဝန်ကိုကယ်တင်လာခဲ့မယ်၊ သူ့အတွက် လုံခြုံစိတ်ချရမယ့်နေရာတစ်ခုသာ စီစဉ်ထားပါ"

အမှုထမ်းက. . .

"စိတ်ချ၊ ကျုပ် ပုန်းအောင်းနေတဲ့နေရာကို ခေါ်သွားမယ်၊ အဲသည်မှာ လုံခြုံစိတ်ချရတယ်"

ရှောင်လီက. . .

"ကျုပ်သွားတော့မယ်၊ ခင်ဗျား သတိဝီရိယနဲ့နေပါ"

"ကျုပ်အတွက် မစိုးရိမ်ပါနဲ့၊ သတိထားပြီးသာသွားပါ"

ရှောင်လီက အမှုထမ်းကို နှုတ်ဆက်ကာ လှစ်ခနဲပြေးထွက်သွားလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား လေတိုးသံသဲ့သဲ့ ထွက်ပေါ်လာ၏။

လူရိပ်တစ်ခုသည် လမ်းကြားလေးတစ်ခုအတွင်းမှ ပြေးထွက်လာပြီး မြို့ဝန်ဂေဟာအနီးသို့ ရောက်ရှိသွားလေသည်။

ရှောင်လီ ဖြစ်သည်။

ရှောင်လီသည် သုထင်းနန်နှင့် မရဏစာပေသမားစန်းကိုးတို့ဖြစ်စေလိုသော အဖြူရောင်သိုင်းသမားတစ်ဦးဘဝကို ခြေလှမ်းစလိုက်ပြီ ဖြစ်လေသည်။

ရှောင်လီက သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ခုန်တက်ပြီး သစ်ပင်ပေါ်မှနေ၍ အကဲခတ်လိုက်သည်။

မြို့ဝန်ဂေဟာ တံခါးမကြီးရှေ့၌ အစောင့်နှစ်ယောက်က မားမားမတ်မတ်ရပ်ကာ စောင့်ကြပ်နေသည်။

အခြားအစောင့်များက ငါးယောက်တစ်တွဲ အဖွဲ့ဖွဲ့ကာ မီးပုံးများကိုင်ဆောင်၍ ဂေဟာပတ်ဝန်းကျင်၌ ကင်းလှည့်နေကြသည်။

ရှောင်လီ ပြုံးလိုက်သည်။

"ငွေမုတ်ဆိတ်ဟာ လူဆိုးတစ်ယောက်ဖြစ်ပေမယ့် စည်းစနစ်ကျတဲ့ လူတစ်ယောက်ပါလား၊ ဂေဟာအနီးပတ်ဝန်းကျင်ကို ရန်သူချဉ်းကပ်မလာနိုင်အောင် စီမံထားတယ်"

မှန်ပေသည်။ သတိဝီရိယထားကာ စောင့်ကြပ်နေကြသည်ဖြစ်ရာ တစ်စုံတစ်ယောက် ချဉ်းကပ်လာသည်နှင့် ချက်ချင်းသိရှိသွားကြမည် ဖြစ်လေသည်။



အမှန်တော့. . .

ငွေမုတ်ဆိတ်သည် အဖြူရောင်သိုင်းသမားများ လာရောက်တိုက်ခိုက်မည့် အန္တရာယ်ရှိနေ၍ အထူးသတိဝီရိယထားနေခြင်း ဖြစ်သည်။

ရှောင်လီက အခြေအနေ အရပ်ရပ်ကို အကဲခတ်လိုက်ပြီးလျှင် မြို့ဝန်ဂေဟာအတွင်းသို့ ခေါင်မိုးပေါ်မှတဆင့် ထိုးဖောက်ဝင်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

✻ ✻ ✻

ရှောင်လီက သစ်ပင်တစ်ပင်မှတစ်ပင်ကူးကာ မြို့ဝန်ဂေဟာခေါင်မိုးပေါ်သို့ ရောက်ရှိသွားချိန်၌. . .

ဂေဟာအရှေ့ဘက် ဧည့်ခန်းမကြီးအတွင်း၌ မီးရောင်ထိန်ထိန်လင်းကာ စားပွဲတစ်လုံး၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

ထိုလူသုံးယောက်မှာ လူဆိုးခေါင်းဆောင် ငွေမုတ်ဆိတ်နှင့် လက်ရုံးနှစ်ယောက်ဖြစ်လေသည်။

ကောက်စုနှင့် ထန်ကျောင်းဆိုသော လက်ရုံးနှစ်ယောက်မှာ လူသတ်ဖို့ မျက်တောင်ခတ်နေမည့် လူစားမျိုးမဟုတ်ဘဲ အလွန်ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ကြပါတော့သည်။

ငွေမုတ်ဆိတ်က အရက်တစ်ခွက်သောက်လိုက်ပြီး. . .

"သည်မြို့ကို အဖြူရောင်သိုင်းသမားတွေ အနှောင့်အယှက်

www.burmeseclassic.com



ရောက်လာကြမှာပဲ၊ သည်လိုပဲ ငါတို့ရဲ့မိတ်ဆွေတွေလည်း ရောက်လာကြမှာပဲ၊ ငါ့ရဲ့မိတ်ဆွေတွေ ရောက်လာပြီဆိုရင်ဘာမှမှုစရာမလိုတော့ဘူး"

ညာလက်ရုံးထန်ကျောင်းက. . .

"အရပ်ရှစ်မျက်နှာမှာ အဖြူရောင်သိုင်းသမားတွေနဲ့ မြို့စားနယ်စားတွေရဲ့ တပ်ဖွဲ့တွေက အမှောင်လောကသားတွေကို သဲကြီးမဲကြီး တိုက်ခိုက်နေကြတာ၊ တိုက်ပွဲနဲ့ကင်းတဲ့နေရာ မရှိသလောက်ဖြစ်နေပြီ၊ သိုင်းသမားတွေဘက်က အင်အားကောင်းပြီးနေပြည်တော်က တပ်ဖွဲ့တွေလည်း ပါဝင်နေတော့ ကျွန်တော်တို့ အမှောင်လောကသားတွေ တိုက်ပွဲတိုင်းမှာ ရှုံးနိမ့်နေကြတာ အားလုံးခုလို ဘေးလွတ်ရာကို ရှောင်တိမ်းသွားဖို့ ကြိုးစားနေကြတာဆိုတော့ သည်မြို့ဘက်ကို တဖွဲဖွဲရောက်လာပြီး ခိုလှုံကြမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါဘူး"

ဘယ်လက်ရုံးကောက်စုက. . .

"သည်မြို့မှာ စုစည်းမိပြီး အင်အားကောင်းလာမယ်ဆိုရင်တော့ သိုင်းသမားတွေကို အန်တုနိုင်မှာပါ၊ အစ်ကိုကြီးကလည်း သည်လိုပဲ တွေးထားတာ မဟုတ်လား"

"ဟား. . . ဟား. . . ဟား"

ငွေမုတ်ဆိတ်က ရယ်မောလိုက်လေသည်။

"ကောက်စု၊ မင်းမဆိုးဘူး၊ ပြေးရင်းလွှားရင်း သည်မြို့ကိုရောက်လာမှ ငါလည်း အဲသည်လိုစိတ်ကူးရလာတာ၊ ခွေးပြေးဝက်ပြေး ထွက်ပြေးပြီးတော့ မထင်မရှားဇာတ်မြှုပ်လိုက်ရတာ



ထက်စာရင် အင်အားတောင့်တင်းအောင်လုပ်ပြီး ထိပ်တိုက်ရင်ဆိုင်တာက ပိုပြီး အခွင့်အရေးရနိုင်တယ်လေ"

ညာလက်ရုံးထန်ကျောင်းက. . .

"အစ်ကိုကြီးမှာ သည့်ထက်မကတဲ့ အကြံအစည်ရှိနေဦးမယ်ထင်ပါတယ်ဗျာ"

ငွေမုတ်ဆိတ်က. . .

"သိပ်မှန်တာပေါ့၊ တိုက်ပွဲတွေနဲ့ ကင်းဝေးတဲ့ သည်မြို့ဘက်ကို ပြေးလာတဲ့လူတွေဟာ ငါ့ကိုလေးစားရမယ်လေ၊ ငါ့လက်အောက်ကို ခိုဝင်လာကြလိမ့်မယ်၊ ငါ့အတွက် အင်အားကောင်းလာမယ်၊ ငါကိုယ်တိုင် အမှောင်လောကသားတွေရဲ့ခေါင်းဆောင်ဖြစ်လာမယ်၊ သည်လိုဖြစ်လာရမှာပဲ မဟုတ်လား"

ပြောပြီး သဘောကျစွာ တဟားဟား ရယ်မောလိုက်ပြန်လေသည်။

ငွေမုတ်ဆိတ်သည် အဖြူရောင်သိုင်းသမားများ၏ အန္တရာယ်မှ ထွက်ပြေးတိမ်းရှောင်လာကြသူများအား သူ၏လက်အောက်သို့ သွတ်သွင်းကာ အမှောင်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်လာဖို့ ရည်ရွယ်ထားခြင်း ဖြစ်လေသည်။

ငွေမုတ်ဆိတ်သည် အန္တရာယ်မှ ထွက်ပြေးတိမ်းရှောင်နေရသည့်အချိန်မျိုးမှာပင် သူ့အတွက် အကျိုးအမြတ်ရှိစေမည့်နည်းလမ်းကို ရှာဖွေနိုင်သူ ဖြစ်ပါတော့သည်။

အခွင့်အရေးကို အသုံးချတတ်သူ တစ်ဦးဖြစ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်ကျောင်းက. . .

"အစ်ကိုကြီးကို တစ်ခုတော့ သတိပေးချင်သေးတယ်ဗျ"

ငွေမုတ်ဆိတ်က. . .

"မင်းစကားက ထူးထူးဆန်းဆန်း ဘာများလဲ၊ ပြောစမ်းပါဦး"

ထန်ကျောင်းက. . .

"ဖရိုဖရဲဖြစ်နေတဲ့ အမှောင်လောကသားတွေကို စုစည်းပြီးခေါင်းဆောင်လုပ်ချင်တယ်ဆိုရင် 'အမှောင်မြို့စား'ကိုတော့ သတိထားမှဖြစ်မယ်"

အမှောင်မြို့စား. . .။

အမှောင်မြို့စားသည် အဖြူရောင်သိုင်းသမားများသာမက အနက်ရောင်သိုင်းသမားများပါ ကြောက်ရွံ့ရသည့်အမှောင်လောက၏အရှင်သခင် တစ်ပါးဖြစ်လေသည်။

ထန်ကျောင်းက. . .

"နေပြည်တော်က တပ်ဖွဲ့တွေနဲ့ အဖြူရောင်သိုင်းလောကသားတွေဟာ အမှောင်မြို့စားကို အဓိကပစ်မှတ်ထားကြတာ သူကလည်း အခြေအနေကြည့်ပြီး ခြေရာဖျောက်ထားတယ်၊ သူနဲ့သူ့လူတွေ ဘယ်ရောက်နေတယ် မသိရဘူး"

ငွေမုတ်ဆိတ် မျက်မှောင်ကုပ်သွားလေသည်။

ထန်ကျောင်းကို စိုက်ကြည့်လိုက်ပြီး. . .

"အမှောင်မြို့စားတို့လူစုဟာ အေးချမ်းနေသေးတဲ့ သည်နယ်ဘက်မှာလာပြီး ခြေရာဖျောက်ထားတယ်လို့ မင်းပြောချင်တာလား"



ထန်ကျောင်းက. . .

"ကျုပ်တို့ သည်မြို့ကိုလာခဲ့တာ လမ်းခရီးမှာ မရဏစာပေသမားရဲ့သတင်းကို ကြားခဲ့ရသေးတာပဲ၊ ဒါကြောင့်. . ."

ငွေမုတ်ဆိတ် လက်ကာပြလိုက်သည်။

"ကျုပ်သဘောပေါက်ပြီ၊ သည်ကိစ္စအတွက် မင်း ဘာမှ စိုးရိမ်မနေနဲ့တော့"

"အစ်ကိုကြီးမှာ အစီအစဉ်ရှိပြီးပြီ ဟုတ်လား"

ငွေမုတ်ဆိတ် ခေါင်းညိတ်လိုက်သည်။

"ငါကနှစ်မျိုးတောင် စဉ်းစားထားတယ်"

"ဘယ်လိုများလဲ အစ်ကိုကြီး"

"ငါစဉ်းစားထားတာ နှစ်ခုထဲက တစ်ခုက ရှင်းရှင်းလေးပါ။ သည်အရပ်ဒေသမှာ အမှောင်မြို့စားရှိနေတယ်ဆိုရင် သူ့ရဲ့လက်အောက်ကို ခိုလှုံလိုက်ဖို့ပဲ"

ကောက်စုက. . .

"နောက်ထပ် နည်းလမ်းတစ်ခုကကောဗျာ"

ဟု ဝင်မေးလိုက်သည်။

ငွေမုတ်ဆိတ်၏မျက်နှာ တည်ကြည်လေးနက်သွားလေသည်။

ရုတ်တရက် အဖြေမပေးသေးဘဲ အရက်တစ်ခွက်ငှဲ့သောက်လိုက်လေသည်။

ကောက်စုနှင့် ထန်ကျောင်းတို့က မျက်တောင်မခတ်

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ကြည့်နေကြ၏။

ငွေမုတ်ဆိတ်က အရက်သောက်လိုက်ပြီးမှ. . .

"အခုအချိန်ဟာ အမှောင်လောကသားတွေ ကံဆိုးမိုးမှောင်ကျတဲ့အချိန် ဖြစ်နေတယ်၊ အမှောင်မြို့စားလည်း သိပ်ပြီးအခြေအနေကောင်းနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့်. ."

ကောက်စုက. . .

"အစ်ကိုကြီးက သူ့ရဲ့နေရာကို ရယူဖို့ကြိုးစားမယ် ဟုတ်လား"

ငွေမုတ်ဆိတ်က. . .

"ဒါ. . . ငါ့အတွက် အချိန်ကောင်းပဲလေ၊ ငါတို့ဘဝတလျှောက်လုံး စွန့်စားလာခဲ့ကြတာပဲ၊ ခုချိန်မှာ ပိုပြီးစွန့်စားသင့်တာပေါ့၊ ရလာတဲ့ အကျိုးအမြတ်ကလည်း မက်မောစရာပမဟုတ်လား"

ကောက်စုနှင့် ထန်ကျောင်းတို့ အချင်းချင်းကြည့်လိုက်ကြသည်။

ငွေမုတ်ဆိတ်ကား မီးနှင့်ကစားမည့်သူ တစ်ဦးပမာရှိနေလေသည်။

တစ်ချက်ကလေး မှားယွင်းသည်နှင့် ဒုက္ခရောက်သွားနိုင်သည် မဟုတ်ပါလား။

ငွေမုတ်ဆိတ်က. . .

"ဒါဟာ အင်မတန် အန္တရာယ်များတဲ့ကိစ္စတစ်ခုဆိုတာ ငါသိပါတယ်၊ မင်းတို့ စဉ်းစားကြည့်ပါ၊ ငါတို့ ခုအတိုင်းနေ



သွားမလား၊ သေရင်မြေကြီးရှင်ရင်ရွှေထီးဆိုပြီး စွန့်စားမလား"

ကောက်စုက. . .

"စွန့်စားမှာပေါ့"

ထန်ကျောင်းက. . .

"ဟုတ်ပါတယ် အစ်ကိုကြီး စွန့်စားရမှာပါပဲ"

ငွေမုတ်ဆိတ် ပြုံးလိုက်သည်။

"ကောင်းပြီ၊ မင်းတို့ သဘောတူတယ်ဆိုရင် ငါတို့ စွန့်စားကြတာပေါ့၊ ငါတို့ဘက်က သေချာအောင် အမှောင်မြို့စားရဲ့သတင်းကို အမြဲမပြတ် စုံစမ်းနားစွင့်နေမှဖြစ်မယ်"

ထန်ကျောင်းက. . .

"သည်ကိစ္စကို ကျုပ်တို့နှစ်ယောက် တာဝန်ယူလိုက်ပါ့မယ် အစ်ကိုကြီး"

"ကောင်းတယ်. . . ကောင်းတယ်"

ငွေမုတ်ဆိတ် ကျေနပ်သွားလေတော့သည်။

ထိုအချိန်တွင်. . .

ရှောင်လီက ခေါင်မိုးပေါ်၌ ရောက်ရှိနေပြီဖြစ်ပါသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## မြို့ဝန်

ရှောင်လီက မြို့ဝန်ဂေဟာခေါင်မိုးပေါ်၌ ရောက်ရှိနေပြီဖြစ်သည်။

သူ၏လှုပ်ရှားမှု ပိရိသေသပ်ရကား မည်သူတစ်ဦးတစ်ယောက်ကမျှ သတိမထားမိလိုက်ကြချေ။

ရှောင်လီက ခေါင်မိုးအုတ်ကြွတ်ပြား အချို့ကို လှန်လှော၍ အောက်ဘက်သို့ ချောင်းကြည့်လိုက်သည်။

ထို့ကြောင့်. . .

ဧည့်ခန်းထဲ၌ ငွေမုတ်ဆိတ်တို့ ဆရာတပည့်သုံးယောက် ပြောဆိုတိုင်ပင်နေကြသည်ကို တွေ့ခဲ့ရသည့်အပြင် သူတို့ပြောသည့်စကားများကိုလည်း ကြားသိခဲ့ပြီဖြစ်သည်။

အမှောင်မြို့စား. . .။

အမှောင်မြို့စားဆိုသည်မှာ သုထင်းနန်အား ရည်ရွယ်



ကာ ပြောဆိုခြင်းဖြစ်ကြောင်း သိထားလေသည်။

ရှောင်လီ စိတ်လှုပ်ရှားသွားလေသည်။

"အစ်ကို သုထင်းနန် အခက်ကြုံနေရတာ သေချာပြီ"

သုထင်းနန်အား တွေ့လိုစိတ်ပြင်းပျလာလေတော့သည်။

သို့သော် သုထင်းနန်က ဘယ်ရပ်ဘယ်ဝယ် ရောက်ရှိနေမှန်း မသိရသေးပါ။ ယခုလောလောဆယ်တွင် မြို့ဝန်အား ကယ်တင်ဖို့က ပိုပြီး အရေးကြီးသည် မဟုတ်ပါလား။

ထို့ကြောင့် ခေါင်မိုးပေါ်မှတဆင့် တစ်နေရာမှတစ်နေရာရွှေ့ကာ အုတ်ကြွတ်ပြားအချို့ကို လှန်လှော၍ပြီးအောက်ဘက်သို့ချောင်းကြည့်ကာ မြို့ဝန်ကို ရှာဖွေကြည့်လိုက်လေသည်။

ရှောင်လီ ကြိုးစားရကြိုး နပ်သွားသည်ဆိုရပေမည်။

များမကြာမီ မြို့ဝန်အား ချုပ်နှောင်ထားသည့်အခန်းအပေါ် တည့်တည့်သို့ ရောက်သွားလေတော့သည်။

အခန်းထဲ၌ အသက်ငါးဆယ်ခန့် လူကြီးတစ်ဦး ရှိနေ၏။

ထိုလူကြီးမှာ မြို့ဝန်တစ်ယောက်၏ အဆောင်အယောင်ဝတ်ဆင်ထားပြီး ကြိုးတုပ်အဖမ်းခံနေရခြင်း ဖြစ်လေသည်။

ငွေမုတ်ဆိတ် လက်တွင်းသို့ ကျရောက်နေသည့် မြို့ဝန်မင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။ ရှောင်လီက. . .

"မြို့ဝန်ကို ကယ်ရမှာပဲ"

အုတ်ကြွတ်ပြား အချို့ကို ခပ်သွက်သွက် ဖယ်ရှားပြီး လျှင်အောက်ဘက်သို့ ခုန်ဆင်းလိုက်လေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



"ဖုတ်"

ရှောင်လီက ခေါင်မိုးပေါ်မှ ခုန်ဆင်းကာ အခန်းတွင်းသို့ ကျသွားလေသည်။

"အမယ်လေး"

ရုတ်တရက် မြို့ဝန်မင်းက အထိတ်တလန့်ဖြစ်သွားလေသည်။

ရှောင်လီ ကပျာကယာ ချဉ်းကပ်သွားပြီး. . .

"အသံမထွက်နဲ့၊ ကျုပ်က မြို့ဝန်မင်းကို လာကယ်တာပါ"

"ဟေ"

"ဘာမှမကြောက်နဲ့၊ မြို့ဝန်မင်းကို ကျုပ်ခေါ်သွားမယ်"

ရှောင်လီက ပြောလည်းပြော၊ ချည်နှောင်ထားသောကြိုးများကို ဖြတ်ပစ်လိုက်လေသည်။

ကြိုးများ ပြတ်သွားလျှင် မြို့ဝန်မင်းလည်း အနှောင်အဖွဲ့မှလွတ်မြောက်သွားလေတော့သည်။

မြို့ဝန်မင်းက. . .

"ကျေးဇူးတင်လိုက်တာကွယ်၊ မောင်ရင်လေးက ဘယ်သူများလဲ၊ ပြောပါဦး"

ရှောင်လီက. . .

"ကျုပ်က ရှောင်လီပါ၊ အလင်းသိုင်းသမားရှောင်လီဆိုပါတော့ဗျာ"

"အလင်းသိုင်းသမား"

"ဟုတ်ပါတယ်"



မြို့ဝန်မင်း တွေဝေသွားလေသည်။

အလင်းသိုင်းသမား ဟူသောအမည်ကို လုံးဝ မကြားဖူးခြင်းကြောင့် ဖြစ်လေသည်။

ရှောင်လီ ပြုံးလိုက်သည်။

"ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာထက် မြို့ဝန်မင်းလူဆိုးတွေလက်က လွတ်မြောက်ဖို့က ပိုပြီးအရေးကြီးပါတယ်"

"ဟုတ်ပါတယ်ကွယ်"

"ကျွန်တော်တို့ သွားကြတာပေါ့"

ရှောင်လီက မြို့ဝန်မင်း၏လက်ကောက်ဝတ်ကို ဆွဲယူလိုက်လေသည်။

"ကျုပ်က. . "

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား၏။

အကြောင်းမှာ ရှောင်လီက သွေးကြောပိတ်ထားလိုက်ခြင်းကြောင့် ဖြစ်လေသည်။

မြို့ဝန်မင်းအား သွေးကြောပိတ်ပြီးလျှင် ပခုံးပေါ်ထမ်းကာ အပေါ် ခုန်တက်လိုက်လေသည်။

"ဝုန်း"

ခေါင်မိုး၌ အပေါက်ကြီးဖြစ်သွားသည်။

ရှောင်လီနှင့် မြို့ဝန်မင်းတို့မှာ ခေါင်မိုးပေါ်သို့ ရောက်ရှိသွားလေသည်။

ခေါင်မိုးပေါက်သွားသော အသံကြောင့် ဌေးမုတ်ဆိတ်တို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေမှုတ်ဆိတ်က. . .

"ဘာသံလဲ"

ကောက်စုက. . .

"ခေါင်မိုးပေါ်က အသံဗျ"

ထန်ကျောင်းက. . .

"တစ်ယောက်ယောက်က ခေါင်မိုးကိုဖောက်လိုက်တာပဲ ဖြစ်မယ်"

"ဘာ"

ငွေမှုတ်ဆိတ်က ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။

ကောက်စုနှင့်ထန်ကျောင်းတို့လည်း ထရပ်လိုက်ကြသည်။

ငွေမှုတ်ဆိတ်က. . .

"မင်းတို့ မြန်မြန်သွားကြည့်ကြစမ်း"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ကောက်စုနှင့်ထန်ကျောင်းတို့လည်း ချက်ချင်း ပြေးထွက်သွားကြလေတော့သည်။

❂ ❂ ❂



ရှောင်လီနှင့်မြို့ဝန်မင်းတို့ ခေါင်မိုးပေါ်သို့ ရောက်သွားကြပြီဖြစ်လေသည်။

မြို့ဝန်မင်းအား ဂေဟာထဲမှ ခေါ်ထုတ်လာနိုင်ပြီဖြစ်သော်လည်း ဘေးအန္တရာယ်ကင်းရာသို့ ခေါ်ဆောင်သွားနိုင်ဖို့လိုပါသေးသည်။

အောက်ဘက်မှ ပြေးလွှားလှုပ်ရှားသံ စကားပြောဆိုသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်လီ သက်ပြင်းချလိုက်သည်။

သူက မြို့ဝန်မင်းအား ကယ်တင်လာခဲ့သည်ကို ငွေမှုတ်ဆိတ်တို့ သိရှိသွားကြပြီဖြစ်ကြောင်း ထင်ရှားနေပါသည်။

"မြို့ဝန်မင်းကို ဘေးကင်းတဲ့တစ်နေရာကို အရင်ခေါ်သွားရမယ်"

ရှောင်လီက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ထို့နောက် အဆောက်အဦး အနောက်ဘက်သို့ ပြေးလွှားသွားလိုက်လေသည်။

အဆောက်အဦး အနောက်ဘက်၌ သစ်ပင်ကြီးများရှိနေပါသည်။

ရှောင်လီက မြို့ဝန်မင်းအား ပခုံးပေါ်ထမ်းပြီး အရှိန်ယူကာ ခေါင်မိုးပေါ်မှ ခုန်ထွက်လိုက်လေသည်။

"ဟူး"

အဝက်အစား လေတိုးသံများ ထွက်ပေါ်လာသည်။

ရှောင်လီမှာ ငှက်ကလေးတစ်ကောင်အလား လေထဲပျံ့ဝဲ

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သစ်ပင်ကြီးတစ်ပင်၏ အဆောက်အဦးဘက်သို့ တိုးထွက်နေသည့် သစ်ကိုင်းကြီးတစ်ကိုင်းပေါ်သို့ ရောက်ရှိသွားလေသည်။

ရှောင်လီလည်း အချိန်ဆွဲမနေဘဲ အခြားသစ်ကိုင်းများကို အသုံးပြုကာ သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကူးသွားလိုက်သည်။

သို့ဖြင့် တခဏအတွင်းမှာပင် ခြံဝင်းအနောက်ဘက်သို့ ရောက်ရှိသွားလေသည်။

ရှောင်လီက သစ်ပင်ပေါ်မှခုန်ဆင်းကာ အမှောင်ရိပ်ထဲ တိုးဝင်သွားပြီး တခဏအတွင်းမှာပင် မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

ရှောင်လီ ပျောက်သွားပြီး မရှေးမနှောင်းမှာပင် မီးတုတ်များကိုင်ဆောင်ထားသော လူဆိုးဓားပြများ ဟိုမှသည်မှ ပြေးလွှားလာကြလေသည်။

ကောက်စုနှင့် ထန်ကျောင်းတို့ ဦးဆောင်သော လူဆိုးများသည် ခြံဝင်းအတွင်း၌ သဲကြီးမဲကြီး လိုက်လံရှာဖွေကြသည်။

သို့သော်. . .

ရှောင်လီကို မတွေ့ရတော့ပါ။

ရှောင်လီသည် မြို့ဝန်မင်းကို ကယ်တင်ကာလွတ်မြောက်သွားလေတော့သည်။

❂ ❂ ❂



•

## ဂုဏ်သတင်း

ညဥ့်နက်ပြီ ဖြစ်သည်။

တစ်မြို့လုံး အိပ်မောကျနေပြီ ဖြစ်သည်။

သို့တိုင်. . .

မြို့ထဲရှိနေရာနှစ်ခုတွင်ကား လှုပ်လှုပ်ရှားရှား ဖြစ်နေဆဲ။

နေရာတစ်ခုကား မြို့ဝန်ဂေဟာ၌ဖြစ်သည်။

မြို့ဝန်ဂေဟာကို အပိုင်စီးထားသည့် ငွေမုတ်ဆိတ်တို့ လူစု လှုပ်ရှားနေကြခြင်း ဖြစ်လေသည်။

"တောက်. . . အသုံးမကျတဲ့ကောင်တွေ"

ငွေမုတ်ဆိတ် ဒေါသချောင်းချောင်းထွက်နေသည်။

ဒူးထောက်ခေါင်းငုံ့ထားသော တပည့်နှစ်ယောက်အား မျက်ထောင့်နီကြီးဖြင့် ကြည့်လိုက်လေသည်။

ထိုတပည့်နှစ်ယောက်ကား မြို့ဝန်မင်းအား ချုပ်နှောင်

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့သည့်အခန်းအား စောင့်ကြပ်ရသူများဖြစ်သည်။

မြို့ဝန်မင်း လွတ်မြောက်သွားသောအခါ အပြစ်အားလုံး အစောင့်တာဝန်ယူခဲ့သူ နှစ်ယောက်၏ခေါင်းပေါ်သို့ ပုံကျလာလေတော့သည်။

ငွေမုတ်ဆိတ်က ဒုန်းခနဲမြည်အောင် ဖနောင့်ဆောင့်လိုက်ပြီးလျှင်. . .

"မြို့ဝန်မင်း ပျောက်ဆုံးသွားတာတောင် မင်းတို့ မသိလိုက်ကြဘူးလား၊ ပြောစမ်း"

ဟု ငေါက်လိုက်၏။

အစောင့်တစ်ယောက်က. . .

"ကျုပ်တို့လည်း သေသေချာချာ စောင့်ကြပ်နေကြတာပါပဲ၊ မြို့ဝန် ဘယ်အချိန် လွတ်မြောက်သွားတယ်ဆိုတာ လုံးဝမသိလိုက်ပါဘူး"

ကျန်တစ်ယောက်က. . .

"တစ်ယောက်ယောက်က ခေါင်မိုးဖောက်ဝင်လာပြီး ကယ်သွားတာပါ"

ငွေမုတ်ဆိတ်က. . .

"မြို့ဝန် လွတ်မြောက်သွားမှ မင်းတို့ ဒါတွေပြောနေလို့ အပိုပဲ၊ မင်းတို့မှာ အပြစ်ရှိနေပြီ အပြစ်ပေးရမှာပဲ"

"အမယ်လေး"

"ကျုပ်တို့ကို ချမ်းသာပေးပါဗျာ"

အစောင့်နှစ်ယောက်လည်း ကြောက်လန့်တကြား



တောင်းပန် တိုးလျှိုးလိုက်ကြလေသည်။

ငွေမုတ်ဆိတ် မဲ့ပြုံးပြုံးလိုက်သည်။

"ချမ်းသာပေးရမယ် ဟုတ်လား၊ မင်းတို့ကို နှစ်ခါပြန် တောင်သတ်ပစ်ဖို့ကောင်းတာ၊ ကောက်စု"

"ဟုတ်ကဲ့ အမိန့်ရှိပါ အစ်ကိုကြီး"

ကောက်စုက ရှေ့သို့လှမ်းထွက်ကာ ဦးညွှတ်လိုက်၏။

ငွေမုတ်ဆိတ်က. . .

"မင်းပဲ သူတို့နှစ်ယောက်ကို တာဝန်ယူပြီး အပြစ်ပေးလိုက်"

"အမိန့်အတိုင်းပါ အစ်ကိုကြီး"

ကောက်စုက အမိန့်ကိုခံယူလိုက်လေသည်။

ငွေမုတ်ဆိတ်က ထန်ကျောင်းကိုလည်း အမိန့်ပေးလိုက်လေသည်။

"ထန်ကျောင်း. . . မင်းက လူနှစ်ဆယ်လောက် ခေါ်သွားပြီး တစ်မြို့လုံး ပိုက်စိတ်တိုက်ရှာစမ်း၊ သည်ကောင်တွေ ဝေးဝေးပြေးနိုင်ဦးမှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ထန်ကျောင်းက အဖွဲ့သားနှစ်ဆယ်ကိုခေါ်ကာ အဆောက်အဦးထဲမှ ထွက်သွားကြလေသည်။

ငွေမုတ်ဆိတ်က ကောက်စုဘက်သို့ လှည့်ကာ ခေါင်းညိတ်ပြလိုက်လေသည်။

ကောက်စုလည်း အစောင့်နှစ်ယောက်အနီးသို့ ချဉ်းကပ်

www.burmeseclassic.com

www.burmeseclassic.com



သွားကာ. . .

"ခြွမ်း"

ဓားဆွဲထုတ်လိုက်ပြီး လျှပ်တပြက် ခုတ်ချပစ်လိုက်လေသည်။

အစောင့်နှစ်ယောက်က ကြောက်အားလန့်အားဖြင့် တောင်းပန်လိုက်ကြသော်လည်း မရတော့ပါချေ။

ကောက်စုသည် ငွေမုတ်ဆိတ်၏အမိန့်ကို နာခံပြီး ကိုယ့်လူအချင်းချင်းကိုပင် ညှာတာထောက်ထားခြင်း မရှိဘဲ ရက်ရက်စက်စက်ဓားဖြင့် ခုတ်သတ်လိုက်လေတော့သည်။

"အား"

"အမယ်လေး"

အစောင့်နှစ်ယောက် စူးရှစွာ အော်ဟစ်ရင်း သွေးအိုင်ထဲ၌ အသက်ပျောက်သွားကြလေတော့သည်။

ငွေမုတ်ဆိတ်က. . .

"သေတာပဲ ကောင်းတယ်"

ဟုပြောကာ ကြမ်းပြင်ပေါ် တံတွေးထွေးချလိုက်လေတော့သည်။

❖ ❖ ❖



ညဉ့်နက်သန်းခေါင်အချိန် နောက်ထပ်လှုပ်လှုပ်ရှားရှား ဖြစ်နေသော နေရာတစ်ခုကား. . .

မြို့အနောက်ဘက်သို့ သွားသော လမ်းကြားလေးတစ်ခုအတွင်း၌ ဖြစ်လေသည်။

ထိုလမ်းကြားလေးထဲ၌ အသုဘအခေါင်းရောင်းသော ဆိုင်လေးတစ်ဆိုင် ရှိလေသည်။

ထိုဆိုင်ကလေးမှာ အခြားအိမ်များနှင့် အလှမ်းကွာပြီး တသီးတခြား တည်ရှိနေသည်ဆိုနိုင်သည်။

အသုဘခေါင်းရောင်းသော ဆိုင်ပိုင်ရှင်မှာ ငွေမုတ်ဆိတ်တို့လူစု မြို့ကလေးကိုရောက်လာချိန်မှစ၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီးဖြစ်သည်။

ပိုင်ရှင်မရှိသော အခေါင်းဆိုင်လေးသည် ထွက်ပြေးလွတ်မြောက်နေသော အမှုထမ်းအတွက် ပုန်းခိုစရာနေရာတစ်ခု ဖြစ်လာလေတော့သည်။

အမှုထမ်းသည် ရှောင်လီက မြို့ဝန်အား ခေါ်သွားပါက အများအယွင်းဖြစ်ပေါ်လာနိုင်သည်ကို တွေးပြီး မခေါ်ဘဲထားခဲ့သည်။

မြို့ဝန်အား ကယ်တင်ပြီးပါက လုံခြုံစွာစောင့်ရှောက်ထားနိုင်ဖို့ စီစဉ်ထားရန် တာဝန်ပေးရာ အမှုထမ်းလက်ခံခဲ့လေသည်။

ရှောင်လီသည် မြို့ဝန်အား ကယ်တင်ပြီးနောက် အသုဘအခေါင်းရောင်းသော ဆိုင်ကလေးသို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲ၌ မှောင်နှင့်မည်းမည်း ရှိနေသည်။

သို့သော် အသင့်စောင့်နေသော အမှုထမ်းက ရှောင်လီရောက်လာသည်နှင့် ဆိုင်ထဲမှပြေးထွက်ကာ ကြိုဆိုလိုက်လေသည်။

"လာ. . . လာ. . . သည်ဘက်ကိုလာ"

ရှောင်လီလည်း အမှုထမ်းနှင့်အတူ အခေါင်းဆိုင်ထဲသို့ လိုက်ပါသွားလေသည်။

ဆိုင်ထဲ၌ အခေါင်းများ၊ ပျဉ်ချပ်များ၊ ရေပေါ်စာများ၊ အမှိုက်သရိုက်များဖြင့် ရှုပ်ပွနေသည်။

ခြေချစရာနေရာမရှိအောင်ပင် ရှုပ်ပွနေပါတော့သည်။

ရှောင်လီက. . .

"သည်လောက်ကျဉ်းကြပ်ပြီး ရှုပ်ပွနေတဲ့နေရာမှာ ဘယ်လိုများနေပါလိမ့်"

ဟု လွှတ်ခနဲ ညည်းတွားလိုက်မိလေသည်။

အမှုထမ်း ရယ်မောလိုက်သည်။

"ဆိုင်ရှင်က အခေါင်းရောင်းတဲ့အပြင် အလောင်းမြှုပ်ဖို့မြေကြွင်းလည်းတူးတယ်၊ အုတ်ဂူလည်းဆောက်တယ်၊ သုဘရာဇာတစ်ပိုင်းဆိုတော့ သူ့ရဲ့ကြပ်တည်းလှတဲ့ အခေါင်းဆိုင်မှာလည်း ချောင်ချောင်ချိချိနဲ့ သက်တောင့်သက်သာနေလို့ရအောင် မြေကြွင်းတူးထားတယ်လေ၊ မြေတိုက်ခန်းဆိုပါတော့"

ရှောင်လီ သဘောကျသွားသည်။

"ကောင်းတယ်၊ မြေတိုက်ခန်းထဲမှာထားရင် မြို့ဝန်မင်းအတွက် ပိုပြီးလုံခြုံစိတ်ချရမယ်၊ သွားကြတာပေါ့"



အမှုထမ်းသည် အခေါင်းဆိုင်၌ အနေကြာပြီဖြစ်ရကား ဆိုင်ထဲ ဘယ်နေရာ ဘာရှိသည်ကို ကျွမ်းကျင်နေပြီဖြစ်သည်။

အခေါင်းဆိုင်ထောင့်တစ်နေရာသို့သွားကာ ကြမ်းပြင်မှ အဖုံးတံခါးကိုဖွင့်ပြီး ရှောင်လီတို့အား မြေတိုက်ခန်းသို့ ခေါ်ဆောင်သွားလေတော့သည်။

❂ ❂ ❂

မြို့ဝန်မင်းမှာ သွေးကြောများပွင့်သွားပြီဖြစ်ရာ လှုပ်ရှားသွားလာနိုင်သကဲ့သို့ စကားပြောလာနိုင်ပြီ ဖြစ်လေသည်။

ငွေမုတ်ဆိတ်၏လက်တွင်းမှ လွတ်မြောက်လာသဖြင့် ဝမ်းသာမဆုံး ဖြစ်နေသည်။

"မောင်ရင်လေးရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင်မသိတော့ပါဘူး"

ရှောင်လီအား ကျေးဇူးတင်စကား ပြောလိုက်လေသည်။

ရှောင်လီ ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ လူဆိုးဓားပြတွေကိုဆုံးမဖို့ ကျုပ်ကကြိုးစားနေတာပါ၊ ဒုက္ခရောက်နေတဲ့လူဆိုရင်လည်း ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကျုပ်ကူညီသွားမှာပါ"

မြို့ဝန်မင်းက. . .

"မောင်ရင်လေးက ငွေမုတ်ဆိတ်တို့လူစုနဲ့ ရင်ဆိုင်သွား

www.burmeseclassic.com

www.burmeseclassic.com



မယ် ဟုတ်လား"

ရှောင်လီက. . .

"သူတို့ကို ဆုံးမပြီး ဘေးဒုက္ခရောက်နေတဲ့ မြို့သူမြို့သား တွေကိုကယ်တင်သွားရမှာပါ ခင်ဗျာ"

မြို့ဝန်မင်းက. . .

"ငွေမုတ်ဆိတ်တို့လူစုဟာ ကြောက်စရာကောင်းအောင် ရက်စက်ကြမ်းကြုတ်ကြတယ်၊ မောင်ရင်လေးတစ်ယောက်ထဲ သူ တို့ကိုယှဉ်နိုင်ပါ့မလား"

ရှောင်လီက. . .

"စိတ်ချပါ၊ ကျုပ်က သူတို့ကို မမှုသေးပါဘူး"

မြေအောက်ခန်းသည် လုံလုံခြုံခြုံရှိလှပေသည်။

မြို့ဝန်မင်း ကောင်းစွာ အနားယူနေနိုင်လိမ့်မည်ဖြစ် သည်။

မြေအောက်ခန်းထဲ၌ မီးထွန်းညှိထားသည့်တိုင် အပေါ် ဘက်မှ တွေ့မြင်ရလိမ့်မည် မဟုတ်ချေ။

ရှောင်လီက အမှုထမ်းကို ပြောလိုက်သည်။

"မြို့ဝန်မင်းကို ဂရုစိုက်ပါ၊ ငွေမုတ်ဆိတ်တို့လူစုကို ကျုပ် သွားပြီး ဆုံးမလိုက်ဦးမယ်"

အမှုထမ်းက. . .

"မင်း ဂရုစိုက်ပါ"

"စိတ်ချပါ"

ရှောင်လီက မြို့ဝန်မင်းကိုလည်း နှုတ်ဆက်လိုက်သည်။



"မြို့ဝန်မင်း စိတ်ချလက်ချသာနေပါ၊ လူဆိုးတွေကို ကျုပ်ဆုံးမ မောင်းထုတ်လိုက်ပါ့မယ်"

မြို့ဝန်မင်းသည် ရှောင်လီကို မယုံနိုင်စွာ ကြည့်နေပြီးမှ "မင်း အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်"

ဟု ဆုတောင်းပေးလိုက်လေသည်။

ရှောင်လီလည်း မြို့ဝန်နှင့် အမှုထမ်းကို နှုတ်ဆက်ပြီး ထွက်လာခဲ့လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အောင်ပွဲနှင့်အတူ

ရှောင်လီက လမ်းကြားလေးထဲသို့ ပြန်ရောက်လာခဲ့ပြီ ဖြစ်သည်။

အခေါင်းရှောင်းသောဆိုင်လေးမှာ မှောင်မည်းမည်းနှင့် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

မြို့ဝန်မင်းအတွက် စိတ်ချရပြီဖြစ်ရကား ရှောင်လီသည် ငွေမုတ်ဆိတ်အား လွတ်လွတ်လပ်လပ် ရင်ဆိုင်နိုင်တော့မည် ဖြစ်လေသည်။

ရှောင်လီ လမ်းကြားလေးထဲမှထွက်ကာ လမ်းမကြီးပေါ် သို့ရောက်သွားလျှင်. . .

"ဟိုမှာ လူတစ်ယောက်ဟေ့"

"မလွတ်စေနဲ့"

"မြန်မြန်လာကြ"



အော်ဟစ်သံများနှင့်အတူ မီးတုတ်ကိုင်ဆောင်ထားသူ တစ်စု ပြေးလွှားလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

မြို့ဝန်အား လိုက်ရှာနေကြသော ငွေမုတ်ဆိတ်၏လူ များဖြစ်လေသည်။

ထန်ကျောင်း ဦးဆောင်သော လူဆိုးများက ရှောင်လီ အနီးသို့ ရောက်ရှိလာပြီး ဝိုင်းရံထားလိုက်ကြလေသည်။

ရှောင်လီကလည်း မားမားမတ်မတ် ရပ်နေလိုက်၏။

ထန်ကျောင်းက. . .

"မင်းက မြို့ဝန်ကို ကယ်ထုတ်သွားတာ မဟုတ်လား၊ ပြောစမ်း"

ဟု ဝေါက်လိုက်လေသည်။

ရှောင်လီက. . .

"ခင်ဗျားကကော ငွေမုတ်ဆိတ်ရဲ့လူ ဟုတ်လား"

ထန်ကျောင်းက. . .

"ငါ့နာမည် ထန်ကျောင်း၊ အစ်ကိုကြီးငွေမုတ်ဆိတ်ရဲ့ ညာလက်ရုံးပဲ၊ ကဲ ပြောစမ်း၊ မြို့ဝန်ဘယ်မှာလဲ၊ ဘယ်ကိုခေါ်သွား တာလဲ"

ရှောင်လီက. . .

"မြို့ဝန်ကို တွေ့ချင်ရင် ကျုပ်ကိုအနိုင်ယူနိုင်မှဖြစ်မယ်"

"ဟား. . . ဟား. . . ဟား"

ထန်ကျောင်း လှောင်ပြောင်ရယ်မောလိုက်လေသည်။

"မင်းက သတ္တိတော်တော် ကောင်းနေတယ်ပေါ့လေ၊

www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင်တွေ သူ့ကိုဆုံးမလိုက်ကြစမ်း"

နောက်လိုက် လူဆိုးများအား အမိန့်ပေးလိုက်လေသည်။

ဤတွင်. . .

"ချကွာ"

"အသေသတ်"

"ယား"

လူဆိုးများလည်း လက်နက်ကိုယ်စီဆွဲကာ ရှောင်လီထံ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

အုံလိုက်ကျင်းလိုက် ဝိုင်းတိုက်ပြီး ရှောင်လီအား တစ်ပိုင်းတစ်စစီဖြစ်အောင် ဆွဲဖွဲ့ပစ်လိုက်ကြတော့မည့် သဘောမျိုးဖြစ်လေသည်။

"မင်း ဘာတတ်နိုင်ဦးမှာလဲ"

ထန်ကျောင်းက လှောင်ပြောင်ကာ တဟားဟား ရယ်မောလိုက်လေသည်။

လမ်းမကြီးပေါ်၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာသည်။

ရှောင်လီက အသက်ပြင်းပြင်း ရှူရှိုက်ကာ အတွင်းအားဖော်ထုတ်၍ လက်ဝါးနှစ်ဘက်၌ စုစည်းပြီးရန်သူကို ပြန်လည်ရင်ဆိုင်လိုက်လေသည်။

ညာသံပေးသံ၊ အဝတ်အစားလေတိုးသံ၊ ဓားလှံလက်နက်များ၏အသံများ ဆူညံမြည်ဟီးသွားပြီး တဆက်တည်းပင် စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာတော့သည်။



"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

လူဆိုးများက အင်အားတောင့်တင်းလေသည်။

အများနှင့်တစ်ယောက် တိုက်ခိုက်ရခြင်းဖြစ်သည်။

သို့သော်. . .

ရှောင်လီ၏သိုင်းပညာ ထက်မြက်နေရကား လူဆိုးများအရေးနိမ့်ကာ ဖရိုဖရဲဖြစ်သွားကြလေတော့သည်။

ထန်ကျောင်း မျက်လုံးပြူးသွားသည်။

"ဟင်"

သူ၏လူများ ခံလိုက်ရသည်ကိုလည်း မယုံနိုင်အောင်ဖြစ်သွားလေသည်။

လူဆိုးများလည်း ဒဏ်ရာကိုယ်စီရကာ ဖရိုဖရဲ နောက်ဆုတ်သွားကြလေသည်။

လေးငါးခြောက်ယောက်လည်း လမ်းပေါ်လဲကျ သတိလစ်မေ့မြောကာ ကျန်ရစ်ခဲ့သည်။

ရှောင်လီကား မားမားမတ်မတ် ရပ်လျက်. . .

"မင်း. . . မင်း"

ထန်ကျောင်း ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ရှောင်လီက. . .

"ခင်ဗျားကော"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

"ခင်ဗျားကိုယ်တိုင် ကျုပ်ကိုရင်ဆိုင်ဖို့ သတ္တိမရှိတော့ဘူးလား"

"မင်း"

ထန်ကျောင်း ဒေါသထွက်ကာ ချက်ချင်းပင် မြေပေါ်ခြေဆောင့်ပြီး ရှောင်လီထံသို့ ခုန်ဝင်သွားလေသည်။

ရှောင်လီက. . .

"သတိထားပါ"

သတိပေးပြီး ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

သူတို့၏လှုပ်ရှားမှု လျင်မြန်ရကား လူရိပ်နှစ်ခု ပူးကပ်သွားသည်ကိုသာ နောက်ဆုတ်လိုက်သည့် လူဆိုးများ တွေ့မြင်လိုက်ကြလေသည်။

မရှေးမနှောင်းမှာပင်. . .

"ဝုန်း"

"အား"

ကျယ်လောင်သောအသံ၊ ညည်းတွားသံများနှင့်အတူ ထန်ကျောင်း ပြန်လည် လွင့်စဉ်သွားလေတော့သည်။

"ဟင်"

"ဟာ"

လူဆိုးများ ထိတ်လန့်သွားကြလေတော့သည်။

သူတို့ခေါင်းဆောင် ထန်ကျောင်းကိုယ်တိုင်လည်း ရှောင်လီကိုရှုံးနိမ့်သွားပြီ မဟုတ်ပါလား။



လူဆိုးများကား ကျေးရူးတရားနှင့် သစ္စာတရားရှိကြသူများ မဟုတ်ရကား ထန်ကျောင်းကိုပင် အမှုမထားတော့ဘဲ။

"ပြေးဟေ့. . .ပြေး"

အထိတ်တလန့်ဖြစ်ကာ ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွားကြလေတော့သည်။

ထန်ကျောင်းကား ထွက်မပြေးနိုင်သေးချေ။

ရှောင်လီ ရိုက်ထုတ်လိုက်သည့် အရှိန်ဖြင့် လွင့်စဉ်ကာ မြေပေါ်ပြုတ်ကျပြီး သုံးလေးပတ် လိမ့်သွား၏။

သူ၏တစ်ကိုယ်လုံး ထိခိုက်ပွန်းပဲ့ကာ အဝတ်အစားများ စုတ်ပြဲပြီး သွေးအလိမ်းလိမ်းဖြစ်သွား၏။

ပါးစပ်၊ နှာခေါင်းထဲမှလည်း သွေးများ စီးကျလာလေတော့သည်။

ထန်ကျောင်း သွေးရူးသွေးတန်းဖြင့် လူးလိမ့်ထလိုက်သည်။

သူ့ထံသို့ တစ်လှမ်းချင်း လှမ်းလာနေသည့် ရှောင်လီကိုကြည့်ပြီး. . .

"မင်း. . .မင်း"

ရှောင်လီက. . .

"ကျုပ်တို့ ငွေမုတ်ဆိတ်နဲ့ သွားတွေ့ကြတာပေါ့"

ထန်ကျောင်း အံကြိတ်လိုက်သည်။

"မင်း လိုက်ရဲလို့လား"

"ကျုပ်က ငွေမုတ်ဆိတ်ကိုပါ ဆုံးမရလိမ့်မယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လားဗျာ၊ သွားကြတာပေါ့"

ရှောင်လီ၏စကားကြောင့်ထန်ကျောင်း အံ့ကြိတ်ကာ. .

"အစ်ကိုကြီး ငွေမုတ်ဆိတ်ရှေ့ကိုရောက်ရင် မင်း အခုလို လေသံမျိုးနဲ့ပဲ ဆက်ပြောနိုင်ပါစေလို့ ငါဆုတောင်းလိုက်ပါတယ်၊ကဲသတ္တိရှိရင် ငါ့နောက်လိုက်ခဲ့ပေတော့"

ဟုပြောပြီး ချာခနဲလှည့်ကာ ဒယီးဒယိုင်ဖြင့် ထွက်သွားသည်။

ရှောင်လီကလည်း မကြောက်မလန့် လိုက်ပါသွားလေတော့သည်။

❁ ❁ ❁



## စိန်ခေါ်ခြင်း

မြို့ဝန်ဂေဟာ၌ မီးရောင်များ ထိန်ထိန်လင်းကာ နေ့ဘက်နှင့်မခြားအောင် ရှိနေသည်။

ဂေဟာတစ်ခုလုံးလည်း ရှုတ်ရှုတ်သဲသဲ ဖြစ်နေသည်။

ရှောင်လီ၏ဆုံးမခြင်း ခံလိုက်ရသူများက ဂေဟာသို့ ပြန်ရောက်လာပြီး ငွေမုတ်ဆိတ်အား သတင်းပေးလိုက်ကြခြင်းကြောင့်ဖြစ်သည်။

ငွေမုတ်ဆိတ် ဒေါသထွက်နေသည်။

"သည်ကောင်က တစ်ယောက်ထဲ ဟုတ်လား"

"ဟုတ်ပါတယ်"

"သည်ကောင် တစ်ယောက်ထဲကိုတောင် နိုင်အောင်မတိုက်နိုင်ဘဲ မင်းတို့ခံလာရတယ် ဟုတ်လား"

ခံလာရသူများ ခေါင်းငုံ့ထားလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ငွေမုတ်ဆိတ် ခံပြင်းစွာ တက်ခေါက်လိုက်သည်။

"သည်ကောင်က ဘယ်လောက်များ အစွမ်းအစရှိနေလို့လဲ"

တပည့်တစ်ယောက်က လွှတ်ခနဲ ပြောလိုက်သည်။

"သူက ဘီလူးတစ်ကောင်ထက်တောင် ကြောက်စရာကောင်းပါသေးတယ်"

"ဘာကွ"

ငွေမုတ်ဆိတ်လည်း ထိုတပည့်အား ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

"ဝုန်း"

တပည့်ဖြစ်သူ အဝေးသို့လွင့်ထွက်သွားတော့သည်။

ငွေမုတ်ဆိတ်က. . .

"ကဲ. . . သည်ကောင်ကို သွားပြီးဖမ်းခေါ်လာခဲ့၊ မင်းတို့ ရှုံးပြီး ပြန်ပြေးလာမယ်ဆိုရင် တစ်ယောက်မှ အသက်ချမ်းသာ မပေးဘူး"

ဟု တစ်ချက်လွှတ် အမိန့်ချလိုက်လေသည်။

တပည့်များလည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်သွားရန်ဟန်ပြင်လိုက်ကြလေသည်။

ထိုအချိန်မှာပင်. . .

"အစ်ကိုကြီး. . . ကျုပ်ကိုကယ်ပါဦး"

အကူအညီတောင်းသံ ထွက်ပေါ်လာလေသည်။



ငွေမုတ်ဆိတ် ကြည့်လိုက်ရာ လူနှစ်ယောက် ရောက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ရှောင်လီက ထန်ကျောင်းအား ဖမ်းဆီးခေါ်ဆောင်လာခြင်း ဖြစ်လေသည်။

ထန်ကျောင်းကား မျက်နှာလေးငယ်နေပါတော့သည်။

"ဟင်"

ငွေမုတ်ဆိတ် အံ့ဩသွား၏။

သူ အားထားရသော ညာလက်ရုံးထန်ကျောင်းမှာ ကြက်ကလေးငှက်ကလေး တစ်ကောင်ပမာ ဖမ်းဆီးခံနေရသည်ကို ကြည့်ပြီး မယုံနိုင်အောင် ဖြစ်နေ၏။

ပြီးမှ သတိဝင်လာကာ. . .

"ခွေးကောင်. . . သေလိုက်ပါလား"

ဟုအော်ငေါက်ကာ လက်ဝှေ့ယမ်းလိုက်လေသည်။

ဓားမြှောင်လေးတစ်လက်က ထန်ကျောင်းထံသို့ ပစ်လွင့်သွားလေသည်။

"ဖတ်"

ရှောင်လီက လက်ဆန့်ထုတ်ကာ အသာအယာပင် ဖမ်းယူထားလိုက်ပြီး ထန်ကျောင်းကို ပြောလိုက်သည်။

"ခင်ဗျားသာ သူ့ကိုဆရာတင်ထားတာ သူကတော့ ခင်ဗျားကို ဘာမှတန်ဖိုးထားတာ မဟုတ်ဘူးဆိုတာ လက်တွေ့ တွေ့မြင်ပြီ မဟုတ်လား"

ထန်ကျောင်း ခေါင်းငုံ့ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လီက. . .

"မကောင်းမှုတွေကို စွန့်လွှတ်လိုက်မယ်ဆိုရင် ကျုပ်က ခင်ဗျားကို ချမ်းသာပေးလိုက်ပါ့မယ်၊ ကဲ ခင်ဗျား သွားပေတော့"

ထန်ကျောင်းအား လွှတ်ပေးလိုက်လေသည်။

ထန်ကျောင်း မယုံနိုင်အောင် ဖြစ်သွားလေသည်။

ရှောင်လီ ပြုံးပြလိုက်သည်။

"သွားပါတော့ဗျာ"

ထန်ကျောင်းလည်း ရှောင်လီအား ငေးကြည့်နေပြီးမှ သတိဝင်လာကာ ပြေးလွှားသွားတော့သည်။

ထိုဖြစ်ရပ်ကိုကြည့်ပြီး ငွေမုတ်ဆိတ် ကျိတ်မနိုင်ခဲမရ ဖြစ်သွားလေတော့သည်။

"ခွေးကောင်၊ မင်းကို ငါသတ်မယ်"

အော်ငေါက်လိုက်သော်လည်း ထန်ကျောင်း နောက်သို့ လိုက်မသွားဖြစ်ပါချေ။

ရှောင်လီက. . .

"သည်တစ်ခါ ခင်ဗျား အလှည့်ပဲ"

ဟု ပြောလိုက်သည်။

ငွေမုတ်ဆိတ်က. . .

"ငါက ကြောက်နေရမှာလား။ ကောက်စု မင်းသွားပြီး ဆုံးမလိုက်စမ်း"

"ဟုတ်. . . ဟုတ်ကဲ့"

ကောက်စုမှာ ငွေမုတ်ဆိတ်ကို မလွန်ဆန်ဝံ့သဖြင့် ရှေ့



သို့လှမ်းထွက်လိုက်ရသော်လည်း ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေသည်။

ရှောင်လီ စိတ်ပျက်သွားလေသည်။

"ခင်ဗျားရဲ့အဖော်က ထွက်သွားပြီ၊ ခင်ဗျားကော မသွားသေးဘူးလား"

ကောက်စု ငိုင်သွားသည်။

ထို့နောက် မည်သို့စိတ်ကူး ပေါက်သွားမှန်းမသိ တဟုန်ထိုး ထွက်ပြေးသွားလေတော့သည်။

"ကောက်စု"

ငွေမုတ်ဆိတ်က ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်သော်လည်း ကောက်စုက လှည့်မကြည့်တော့ချေ။

ကောက်စုကော ထန်ကျောင်းပါ ထွက်ပြေးသွားကြရာ ကျန်ရှိနေသေးသော နောက်လိုက်များလည်း အလျှိုအလျှို ထွက်ပြေးသွားကြလေတော့သည်။

နောက်ဆုံး ငွေမုတ်ဆိတ် တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ငွေမုတ်ဆိတ် တစ်ယောက်ထည်း ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

ငွေမုတ်ဆိတ်မှာ ဒေါသထွက်လွန်းသဖြင့် အသားများပင် တဆတ်ဆတ် တုန်ယင်နေပါတော့သည်။

"မင်း. . . မင်းတို့အားလုံးကို သတ်ပစ်မယ်"

အသံကုန် အော်ဟစ်နေ၏။

ရှောင်လီက. . .

"ခင်ဗျား ဘာမှမတတ်နိုင်တော့ပါဘူးဗျာ"

"ဘာကွ"

"ခင်ဗျား ဒူးထောက်အဖမ်းခံလိုက်တာ အကောင်းဆုံးဖြစ်လိမ့်မယ်"

"မင်း. . . . မင်း"

ငွေမုတ်ဆိတ်သည် ဂမူးရှူးထိုးပြေးသွားပြီး ရှောင်လီအားတိုက်ခိုက်လိုက်လေသည်။

ရှောင်လီလည်း ပေါ့ပေါ့တန်တန် သဘောမထားဘဲ ဂရုစိုက်ပြီး ရင်ဆိုင်လိုက်လေသည်။

"ယား"

ငွေမုတ်ဆိတ်က ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

သို့သော် ရှောင်လီ၏အကျိုးစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ပါချေ။

"သတိထား"



ရှောင်လီက သတိပေးပြီး ပြန်လည်တိုက်ခိုက်လိုက်လျှင်

"ဝုန်း"

ငွေမုတ်ဆိတ် ခြေကားလျားလက်ကားလျား လွင့်စဉ်သွားလေတော့သည်။

ငွေမုတ်ဆိတ် ရှုံးနိမ့်သွားပြီ ဖြစ်လေသည်။

ရှောင်လီကို အထိတ်တလန့် ကြည့်ရင်း. . .

"မင်း. . . မင်း"

ရှောင်လီက. . .

"စိတ်ချပါ မကောင်းမှုတွေကိုသာ စွန့်လွှတ်လိုက်မယ်လို့ ကတိပေးပါ၊ ခင်ဗျားကို လွှတ်ပေးလိုက်ပါ့မယ်"

ငွေမုတ်ဆိတ်က. . .

"မင်း. . . မင်း တကယ်ပြောတာလား"

ရှောင်လီက. . .

"တကယ်ပေါ့ဗျာ"

ငွေမုတ်ဆိတ်က. . .

"ကောင်းပြီ၊ အခုအချိန်ကစပြီး မကောင်းတာမှန်သမျှ ကျုပ်မလုပ်တော့ဘူး၊ သိုင်းလောကမှာ ကျုပ်မျက်နှာကို မတွေ့စေရတော့ဘူး"

ဟု ကတိပြုလိုက်သည်။

ရှောင်လီက. . .

"ခင်ဗျား ကတိတည်ပါစေ၊ ကဲ သွားနိုင်ပါပြီဗျာ"

ငွေမုတ်ဆိတ်လည်း ပြေးလွှားသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်ဂေဟာ၌ မီးရောင်ထိန်ထိန်လင်းနေဆဲ။

သို့သော် . . .

လူသူတစ်စုံတစ်ယောက်မျှ မရှိတော့ဘဲ ခြောက်သွေ့တိတ်ဆိတ်သွားပြီ ဖြစ်လေသည်။

ရှောင်လီ ပြုံးလိုက်သည်။

မနက်မိုးလင်းသည်နှင့် ဤနေရာ၌ စည်ကားသိုက်မြိုက်သွားမည်ကို သိထားခြင်းကြောင့် ဖြစ်လေသည်။

သူက မြို့ဝန်မင်းကို ကယ်တင်နိုင်ခဲ့သည်။

ငွေမုတ်ဆိတ်တို့ လူစုအား ဆုံးမနိုင်ခဲ့သည်။

သူထင်းနန်ဖြစ်စေလိုသည့်အတိုင်း အဖြူရောင်သိုင်းသမားတစ်ဦး ဖြစ်လာအောင် စွမ်းဆောင်နိုင်ခဲ့ပြီ မဟုတ်ပါလား။

ရှောင်လီက မြို့ဝန်ဂေဟာအား ကျောခိုင်းလိုက်လေတော့သည်။

❖ ❖ ❖



•

# မိတ်ဆွေသစ်

ငွေမုတ်ဆိတ် အပိုင်စီးခံခဲ့ရသော မြို့ကလေးသည် အနောက်ဘက်၌ ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ရှောင်လီက မြို့ကလေးကို ကျောခိုင်းကာ မြင်းတစ်စီးဖြင့် ခရီးနှင်လာခဲ့လေသည်။

ထိုမြို့ကလေးအတွက် စိတ်ပူစရာလိုအပ်တော့မည် မဟုတ်ပါချေ။

ငွေမုတ်ဆိတ်တို့ ထွက်သွားပြီးနောက် အမှုထမ်းက မြို့ဝန်အား မြို့ဝန်ဂေဟာသို့ ပြန်လည်ခေါ်ဆောင်သွားလိမ့်မည် မဟုတ်ပါလား။

လူဆိုးဓားပြများ မရှိတော့လျှင် မြို့ကလေးလည်း ပြန်လည်စည်ကားသိုက်မြိုက်လာမည် မလွဲပေ။

"ခွပ်ခွပ် . . . ခွပ်ခွပ်"

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်ခွပ်. . . ခွပ်ခွပ်"

ရှောင်လီက မြင်းကို မနှေးမမြန် စီးနင်းသွားရာ နေမွန်းတည့်ချိန်၌ ရွာကလေးတစ်ရွာသို့ ရောက်ရှိသွားလေသည်။

ရွာကလေးမှာ စည်စည်ကားကား ရှိနေ၏။

ရွာလယ်တွင် ခရီးသည်များ ခရီးတထောက်နားရာ ထမင်းဆိုင်လေး တစ်ဆိုင်ရှိလေသည်။

ထမင်းဆိုင်လေးမှ ဟင်းနံ့များထွက်ပေါ်နေရာ ရှောင်လီ ဗိုက်ထဲ ဆာလောင်လာလေတော့သည်။

"သည်မှာ ခဏနားပြီး စားသောက်လိုက်တာ ကောင်းမယ်"

ဟုတွေးကာ ထမင်းဆိုင်ရှေ့၌ မြင်းကိုရပ်တန့်လိုက်လေသည်။

မြင်းပေါ်မှဆင်းလိုက်ချိန်၌ ဆိုင်လုလင်တစ်ယောက် ရောက်လာရာ. . .

"ညီလေး. . . ကျုပ်ရဲ့မြင်းကို ရေတိုက်ပြီး အစာကျွေးထားလိုက်ပါ"

ဟု မှာကြားပြီး ဆိုင်ထဲဝင်လာခဲ့လေသည်။

နံနက်စာ စားချိန်ကျော်လွန်ပြီး နေမွန်းတည့်ချိန် ရောက်နေပြီဖြစ်ရကား ဆိုင်ထဲ၌ လူရှင်းနေပါသည်။

ရှောင်လီက စားပွဲတစ်လုံး၌နေရာယူကာ စားစရာများ မှာကြားစားသောက်လိုက်လေသည်။

ထမင်းဆိုင်ထဲ၌ ရှောင်လီထက် စောပြီးရောက်နေသူ



အချို့ရှိနေပါသည်။

အဘိုးအိုတစ်ယောက်နှင့် ကောင်လေးတစ်ယောက်က စားပွဲတစ်ခု၌ နေရာယူထား၏။

အခြားစားပွဲတစ်ခု၌ အမျိုးသမီးတစ်ဦး ရှိနေ၏။

ရှောင်လီနှင့်မလှမ်းမကမ်းရှိ စားပွဲ၌မူ လူသန်ကြီး သုံးယောက်ထိုင်နေကြလေသည်။ ရှောင်လီ အံ့သြသွား၏။

"သူတို့က ထမင်းဟင်းတွေ မှာကြားပြီး အားရပါးရစားကြတာလည်းမရှိဘူး၊ အစားအသောက်ကို စိတ်မဝင်စားဘဲ ဆိုင်အပေါက်ဝဘက်ကိုပဲ ကြည့်နေကြတယ်၊ သိုင်းသမားပုံသဏ္ဌာန်တွေရှိတယ်၊ ထူးခြားတဲ့လူတွေပဲ"

ထိုလူများမှာ ခရီးသွားဟန်လွှဲ ဝင်ရောက်စားသောက်ကြခြင်းမဟုတ်ဘဲ အကြောင်းရှိ၍ တမင်လာခဲ့ကြသူများဖြစ်ရမည်ဟု အကဲခတ်မိလေသည်။

မမျှော်လင့်ဘဲ သိုင်းလောက ပြဿနာတစ်ရပ်နှင့်ကြုံတွေ့ရခြင်းလည်းဖြစ်သည်။

ရှောင်လီက သတိဝီရိယဖြင့် စားသောက်ရင်း မျက်ခြည်မပြတ် အကဲခတ်နေလိုက်လေသည်။ မကြာပါချေ။

"ခွပ်ခွပ်. . . ခွပ်ခွပ်"

"ခွပ်ခွပ်. . . ခွပ်ခွပ်"

မြင်းခွာသံများနှင့်အတူ မြင်းစီးသမားတစ်ယောက် ထမင်းဆိုင်ရှေ့သို့ ရောက်ရှိလာလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ ပျောက်ကွယ်သွားပြီးနောက် မြင်းစီးသမားက ဆိုင်ထဲဝင်လာလေသည်။

အပြာရောင်ကိုယ်ကြပ်အကျႌ ဝတ်ဆင်ထားသော လူရွယ် တစ်ဦးဖြစ်လေသည်။

ထိုလူရွယ်သည် သိုင်းသမားတစ်ယောက် အသွင်သဏ္ဌာန်ရှိပြီး နှစ်လိုဖွယ်ကောင်းသော ရုပ်ရည်ပိုင်ရှင်လည်း ဖြစ်လေသည်။

ရှောင်လီမှာ ထိုလူရွယ်ကို တွေ့လိုက်ရသည်နှင့် ရင်ထဲ၌ ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

ဆိုင်ထဲ၌ရှိနေသူများသည်လည်း လူရွယ်ကို တွေ့လိုက်ရသည်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်ကိုလည်း သတိပြုမိလိုက်လေသည်။

"လက်စသပ်တော့ သည်လူတွေဟာ စာပေသမားကို စောင့်နေကြတာကိုး"

ပြဿနာတစ်ခု ပေါ်ပေါက်လာတော့မည် ဖြစ်သည်။

"ကိုယ့်လမ်းကိုယ်သွားတာ ကောင်းမယ်"

ရှောင်လီလည်း ပြဿနာမကြုံလိုသဖြင့် ထွက်သွားရန် စိတ်ကူးလိုက်လေသည်။

သို့သော်. . .

သူက မကောင်းသူပယ်၊ ကောင်းသူကယ် အဖြူရောင်သိုင်းသမားဘဝကိုခံယူဖို့ ဆုံးဖြတ်ထားပြီဖြစ်ရကား စာပေသမားလေးအား ဝိုင်းပြီးတိုက်ခိုက် လုပ်ကြံကြမည်ဆိုပါက အများနှင့်



တစ်ယောက် ဖြစ်နေရကား တရားမျှတမှုရှိမည်မဟုတ်သဖြင့် စာပေသမားလေးဘက်မှ ပါဝင်ကူညီရမည် ဖြစ်လေသည်။

ရှောင်လီ ထိုသို့တွေးပြီး ဆက်၍ထိုင်နေလိုက်တော့သည်။

စာပေသမားလေးသည် ဆိုင်ထဲဝင်လာပြီး စားပွဲတစ်လုံး၌နေရာယူကာ စားစရာများ မှာကြားလိုက်လေသည်။

"ရမယ် အစ်ကိုလေး"

ဆိုင်လုလင်က ချက်ချင်းပင် ထမင်းနှင့်ဟင်းများ ယူပေးလိုက်လေသည်။

စာပေသမားလေးက ပတ်ဝန်းကျင်ကို အမှုမထားမိဘဲ စားသောက်လိုက်သည်။

ခရီးဝေးမှလာခဲ့ရပုံရှိပြီး ဆာလောင်မွတ်သိပ်နေပုံလည်း ရလေသည်။

ကြို့တင်ရောက်နှင့်နေသည့် လူသန်ကြီးသုံးယောက်က စတင်လှုပ်ရှားလိုက်ကြလေသည်။

"မကြာသေးခင်က 'မိုးမြေသိုင်းသမား'ဟာ အညတရ လူငယ်လေးတစ်ယောက်ကို ရှုံးနိမ့်သွားတယ်လို့ သတင်းကြားတယ်"

လူသန်ကြီးတစ်ယောက်က ပြောလေသည်။

အခြားတစ်ယောက်က. . .

"လူငယ်လေးက အစိမ်းရောင်မျက်လုံးရှင်ကို လိုက်ရှာနေတာ"

www.burmeseclassic.com

www.burmeseclassic.com



တတိယလူသန်ကြီးက. . .

"မိုးမြေသိုင်းသမားဟာ ရန်သူဆယ်ယောက်နဲ့ တပြိုင်နက်ရင်ဆိုင်တိုက်ခိုက် အနိုင်ယူခဲ့တဲ့ လူငယ်လေးကို သဘောကျပြီး သိုင်းပညာ စမ်းသပ်ကြည့်ခဲ့တာ၊ နှစ်ယောက် ယှဉ်ပြိုင်လိုက်တော့ မိုးမြေသိုင်းသမား ရှုံးနိမ့်သွားပြီး၊ 'ချောင်ဖုံး' ဆိုတဲ့လူငယ်က အနိုင်ရသွားတယ်၊ အားလုံးလည်း တအံ့တသြ ဖြစ်ကုန် ကြတယ်"

လူသန်ကြီးသုံးယောက်က လူငယ်လေးတစ်ယောက်အကြောင်းကို ပြောဆိုနေကြသည်။

သူတို့၏ စကားက စာပေသမားလေးအား ရည်ရွယ်ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

လူသန်ကြီးသုံးယောက်၏ စကားအဆုံး၌ သူတို့၏ဝဲဘက် စားပွဲ၌ထိုင်နေသည့် အဘိုးအိုနှင့် ကောင်လေးတို့က ရယ်မောလိုက်ကြလေသည်။

အဘိုးအိုက. . .

"မိုးမြေသိုင်းသမားကိုတောင် အနိုင်ယှဉ်နိုင်တယ်ဆိုတဲ့ ချောင်ကျင်းကို ကျုပ် စမ်းကြည့်ချင်သေးတယ်"

ဟုပြောရာ ကောင်လေးက. . .

"မင်းအနိုင်ရရင် အရေးမကြီးဘူး၊ ရှုံးသွားရင်တော့ သိုင်းလောကမှာ မျက်နှာမပြရဲအောင် အရှက်ကွဲသွားမှာပဲကွ"

ဟု ပြောလေသည်။

ချောင်လီ အံ့သြသွားလေသည်။

ကောင်လေးတစ်ယောက်က အဘိုးအိုတစ်ဦးကို ပမာမခန့် ပြောဆိုနေခြင်းမှာ ရိုင်းပျလွန်းသည်ဟု ဆိုရမည်ဖြစ်ပါတော့သည်။



ချောင်လီ သေသေချာချာ ကြည့်လိုက်တော့မှ ကောင်လေးသည် ငယ်ရွယ်သူလေး တစ်ယောက်မဟုတ်ဘဲ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် သက်ကြီးပုလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရ၏။

အဘိုးအိုထက်ပင် အသက်ကြီးရင့်မည့်ပုံ ရှိလေသည်။

"လက်စသပ်တော့ သက်ကြီးပုဖြစ်နေတာကိုး"

အဘိုးအို မခံမရပ်နိုင်ဖြစ်သွားကာ. . .

"ငါ ဘာကြောင့် အနိုင်မယူနိုင်ရမှာလဲ"

ကောင်လေးက. . .

"မင်း သေချာရဲ့လား"

အဘိုးအိုက. . .

"မင်း စောင့်ကြည့်နေလိုက်ပေါ့"

စကားဆုံးလျှင် ထိုင်ရာမှထကာ စာပေသမားလေးထံသို့ လှမ်းသွားလိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက စတင်ပေါ်ပေါက်လာပြီ ဖြစ်လေသည်။

ရှောင်လီလည်း အကြောင်းစုံသိရလေအောင် အသာစောင့်ကြည့်နေလိုက်သည်။

ဆိုင်ထဲ၌ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်သွားလေသည်။

အဘိုးအိုသည် စာပေသမားလေးအနီးသို့ ရောက်ရှိသွားပြီး. . .

"သူငယ် မင်းဟာ မိုးမြေသိုင်းသမားကို အနိုင်ယူခဲ့တဲ့ ချောင်ဖုံးဟုတ်လား"

ဟု မေးလိုက်သည်။

စာပေသမားက. . .

"ကျွန်တော်က ချောင်ဖုံးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် မိုးမြေသိုင်းသမားကို အနိုင်ယူခဲ့တယ်ဆိုတာတော့ မဟုတ်ပါဘူး"

အဘိုးအိုက. . .

"ဘယ်လိုဖြစ်တာလဲ၊ ပြောပါဦး"

စာပေသမားက. . .

"ရန်သူတွေကို ဆုံးမခဲ့တဲ့ ကျွန်တော်ရဲ့သိုင်းပညာကို မိုးမြေသိုင်းသမားက သဘောကျသွားပြီး သူနဲ့ယှဉ်ကြည့်ဖို့ ပြောပါတယ်၊ ကျွန်တော် ငြင်းဆန်ခဲ့ပေမယ့် ငြင်းမရတဲ့နောက်ဆုံး ပညာချင်းယှဉ်တဲ့သဘောမျိုးနဲ့ လက်ခံခဲ့ရတာပါ၊ ယှဉ်ပြိုင်ကြတော့လည်း မိုးမြေသိုင်းသမားက ညှာတာခဲ့တာကြောင့် လက်ရည်ညီခဲ့တာပါ၊ ကျွန်တော် အနိုင်ရခဲ့တယ်ဆိုတာ မဟုတ်ပါဘူး"



အဘိုးအို ရယ်မောလိုက်သည်။

"မိုးမြေသိုင်းသမားကို မင်းအနိုင်ရခဲ့တယ်ဆိုတဲ့သတင်းကိုအားလုံးသိထားပြီးပါပြီလေ၊ ဘာ့ကြောင့် ကိုယ့်ကိုကိုယ် နှိမ့်ချနေရတာလဲ"

စာပေသမားလေးက. . .

"သည်လို မဟုတ်ပါဘူးဗျာ"

အဘိုးအိုက. . .

"ရတယ်၊ ကျုပ်က မင်းရဲ့ပညာကို စမ်းသပ်ကြည့်လိုက်ရင် မင်းက မိုးမြေသိုင်းသမားကို တကယ်ပဲ အနိုင်ယူနိုင်တယ်၊ မယူနိုင်ဘူးဆိုတာ သိရမှာပေါ့"

စာပေသမားလေးက. . .

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ဦးနဲ့ကျွန်တော် မယှဉ်ပြိုင်ပါရစေနဲ့"

အဘိုးအိုက. . .

"ခုချိန်မှတော့ မရတော့ဘူးကွ၊ မင်းကို တွေ့ချင်လို့ ငါတို့သည်မှာလာစောင့်နေခဲ့ရတာ အတော်ကြာပြီ၊ အချိန်တွေ အလကားအဖြစ် မခံနိုင်ဘူး"

စာပေသမားလေးက. . .

"ကျွန်တော်. . "

သူ၏စကား မဆုံးမီ အဘိုးအိုသည် စိတ်မရှည်နိုင်တော့သည့်သဘောဖြင့်. . .

"ကြာပါတယ်ကွာ၊ လက်ဝါးကြည့်ထား"

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တိုးကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

အတွင်းအား အသုံးပြုထားသော လက်ဝါးရိုက်ချက် ဖြစ်ရကား တစ်ချက် အရိုက်ခံရလျှင်ပင် အတွင်းဒဏ်ရကာ သက်သာလိမ့်မည် မဟုတ်ချေ။

ရှောင်လီ ရင်ထိတ်သွား၏။

"ဒုက္ခပဲ"

ဟုလည်း တီးတိုးရေရွတ်လိုက်မိလေသည်။

သို့သော်. . .

စာပေသမားလေး ဒုက္ခရောက်မသွားဘဲ အဘိုးအိုသာ ကပျာကယာ နောက်သို့ ပြန်ဆုတ်လိုက်ရလေသည်။

ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဘယ်လိုဖြစ်တာလဲ"

ရှောင်လီကဲ့သို့ပင် အဘိုးအိုလည်း ကြောင်အမ်းအမ်း ဖြစ်နေပါတော့သည်။

"မင်း. . . မင်း"

စာပေသမားလေးက ဦးညွှတ်လိုက်သည်။

"အမှတ်တမဲ့ ဖြစ်သွားတာကြောင့် ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ"

အဘိုးအိုက သူ၏လက်ဝါးပြင်ကို ကြည့်လိုက်၏။

လက်ဝါးပြင်အလယ်တည့်တည့်၌ အနီစက်ကလေး တစ်ခု ရှိနေသည်ကို တွေ့လိုက်ရလေသည်။

အဘိုးအိုက စာပေသမားအား မေးလိုက်သည်။



"မင်းက ဘယ်လိုပညာမျိုး အသုံးပြုလိုက်တာလဲ"

စာပေသမားက. . .

"ကျွန်တော်က. . "

သူ၏စကားမဆုံးမီ ကော်င်လေး(ဝါ) သက်ကြီးပုက ကြားဖြတ်ပြောလိုက်သည်။

"မင်းက အနန္တသိုင်းကျမ်းက လက်တောက်ပညာကို အသုံးပြုလိုက်တာလား"

စာပေသမား သက်ပြင်းချလိုက်လေသည်။

အနန္တသိုင်းကျမ်းဟူသော အမည်ကြောင့် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

အနန္တသိုင်းကျမ်းကား သိုင်းလောကသားတိုင်း လိုချင်မက်မောသော သိုင်းကျမ်းတစ်ခုဖြစ်သည်။

အနန္တသိုင်းကျမ်း၌ အစွမ်းထက်သော ပညာရပ်ပေါင်း သုံးဆယ့်ခြောက်မျိုးပါဝင်ပြီး ပညာတစ်မျိုးတတ်မြောက်ရုံဖြင့် သိုင်းလောက၌ ထိပ်တန်းနေရာ၌ ရပ်တည်နိုင်မည်ဖြစ်သည်။

အစွမ်းထက်လှသဖြင့် အနန္တသိုင်းကျမ်းကို အားလုံးလိုချင်မက်မောကြခြင်း ဖြစ်သည်။

သို့သော်. . .

သတင်းကြီးလှသည့် အနန္တသိုင်းကျမ်းမှာပင် အပြစ်ပြောစရာအချို့ ရှိနေပါသည်။

အနန္တသိုင်းကျမ်းမှ ပညာသုံးဆယ့်ခြောက်မျိုးတွင်မှော် ပညာရပ်များလည်း ပါဝင်နေခြင်းကြောင့်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့က အနန္တသိုင်းကျမ်းအား အောက်လမ်းကျမ်း တစ်ခုဟု သတ်မှတ်ပြီး ဖျက်ဆီးပစ်လိုကြပေတော့သည်။

ယခု . . .

ချောင်ဖုံးဆိုသော စာပေသမားလူရွယ်သည် အံ့မခန်း သော အနန္တသိုင်းကျမ်းနှင့် ပတ်သက်နေပြီဖြစ်သည်။

အားလုံးက လူရွယ်အား စိတ်ဝင်စားသွားကြသကဲ့သို့ ကြောက်ရွံ့ထိတ်လန့်မှုများလည်း ဖြစ်ပေါ်လာကြလေတော့ သည်။

သက်ကြီးပုက . . .

"မင်းက အနန္တပညာ တတ်မြောက်ထားတယ်ဆိုရင် သိုင်းလောကကို ဖျက်ဆီးမယ့်လူဖြစ်နေပြီ၊ မင်း သတိသာထားနေ ပေတော့"

စကားဆုံးလျှင် အဘိုးအိုး၏လက်ကိုဆွဲကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

❖ ❖ ❖



အဘိုးအိုနှင့် သက်ကြီးပုတို့ ထွက်သွားကြပြီဖြစ်သည်။

လူသန်ကြီးသုံးယောက် အချင်းချင်းကြည့်လိုက်ကြ သည်။

ထို့နောက် ထိုင်ရမှထလိုက်ကြလေသည်။

ရှောင်လီက လူသန်ကြီးသုံးယောက်သည် ချောင်ကျင်း အား ဒုက္ခပေးမည် ထင်မိလေသည်။

သို့သော် . . .

လူသန်ကြီးသုံးယောက် စကားတစ်ခွန်းမျှ မပြောဘဲ ဆိုင် ထဲမှထွက်သွားကြတော့သည်။

ရှောင်လီ ပင့်သက်ရှိုက်မိသည်။

"သူတို့လည်း ချောင်ကျင်းကို ရင်မဆိုင်ဝံ့ကြပဲကိုး"

ထိုစဉ် အမျိုးသမီးကြီး၏စကားသံ ထွက်ပေါ်လာလေ သည်။

"မင်းက အနန္တသိုင်းပညာ တတ်မြောက်ထားတယ်ဆို တော့ မင်းကိုမစမ်းသပ်ဝံ့တော့ဘူး၊ ဒါပေမယ့် သည်ပညာကို မင်းဘယ်လို သင်ကြားတတ်မြောက်ခဲ့တယ်ဆိုတာ သိချင်သေး တယ်၊ ငါ့ကို ပြောပြနိုင်မလား"

ဟု မေးလေသည်။

ချောင်ဖုံးက . . .

"ကျွန်တော် ကံကောင်းခဲ့တာပါ၊ သွားရင်းလာရင်း မမျှော် လင့်ဘဲရခဲ့တာပါ ခင်ဗျာ"

ကောင်းကောင်းမွန်မွန်ပင် ပြန်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက. . .

"သွားရင်းလာရင်း ရခဲ့တယ်ဆိုတာ ဘယ်လိုမျိုးလဲ၊ ပြောပါဦး"

ချောင်ဖုံးက. . .

"ကျွန်တော် ခရီးသွားရင်း လူဆိုးဓားပြတစ်ချို့နဲ့ တွေ့ပြီး တိုက်ပွဲဖြစ်ခဲ့ပါတယ်၊ တိုက်ပွဲပြီးတော့ ကျွန်တော့်ရဲ့တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေတာနဲ့ တောထဲက စမ်းချောင်းလေးတစ်ခုမှာခြေလက်ဆေး ကိုယ်လက်သန့်စင်ရင်း ချောင်းစပ်က ကျောက်တုံးကျောက်ခဲတွေကြားမှာ ငွေကျည်တောက်တစ်ခု ရှိနေတာကို တွေ့ခဲ့ရပါတယ်"

အမျိုးသမီးက. . .

"အနန္တသိုင်းကျမ်းထည့်ထားတဲ့ ငွေကျည်တောက်ဟုတ်လား"

ချောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

အမျိုးသမီးက. . .

"ငွေကျည်တောက်ထဲက သိုင်းကျမ်းကို မင်းရခဲ့တာပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါဖြင့် အဲသည်ငွေကျည်တောက်နဲ့ သိုင်းကျမ်းက ဘယ်မှာလဲ"

ချောင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မရှိတော့ပါဘူး"



"ဟင် ဘာဖြစ်လို့လဲ"

ချောင်ဖုံးက ရှင်းပြလိုက်သည်။

"ငွေကျည်တောက်ထဲမှာ သိမ်းဆည်းထားတဲ့ သိုင်းကျမ်းဟာ နှစ်ပေါင်း အတော်ကြာပြီဖြစ်ပုံရပါတယ်၊ ကျွန်တော်ပညာကုန်အောင် မလေ့လာခဲ့ရပါဘူး၊ တစ်ချို့တစ်ဝက်ပဲ စာလုံးထင်ထင်ရှားရှားရှိပြီး ကျက်မှတ်လို့ရခဲ့ပါတယ်၊ ကျွန်တော့်လက်ထဲမှာပဲ တစ်စစီ ဆွေးမြည့်ပျက်စီးသွားခဲ့တာပါ"

အမျိုးသမီး အားမလိုအားမရ ဖြစ်သွားလေသည်။

"အနန္တသိုင်းကျမ်း ပျက်စီးပျောက်ကွယ်သွားပြီပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ"

"ငါ မယုံဘူး"

"ဗျာ"

"မင်း လိမ်ပြောတာ"

အမျိုးသမီး ဒေါသတကြီး ဖြစ်နေသည်။

ချောင်ဖုံးက. . .

"ကျွန်တော် အမှန်အတိုင်း ပြောနေတာပါ"

"အနန္တသိုင်းကျမ်း ဘယ်မှာလဲ"

"မရှိတော့ပါဘူး၊ ပျက်စီးသွားပါပြီ"

"ငါ မယုံဘူး"

ချောင်ဖုံးသည် အမျိုးသမီးအား စိတ်ပျက်သွားပုံဖြင့် ပါးစပ်ပိတ်ထားလိုက်လေသည်။

အမျိုးသမီးက. . .

www.burmeseclassic.com

www.burmeseclassic.com



"လူတိုင်းက အနန္တသိုင်းကျမ်းကို လိုချင်မက်မောနေကြတာ၊ မင်းဆီကရအောင် လုယူကြလိမ့်မယ်၊ သတိသာထားပေတော့ အဲသည်အချိန်ကျရင် သိုင်းကျမ်းမရှိတော့ဘူး၊ ပျက်စီးသွားပြီလို့ ပြောလို့မရတော့ဘူး"

မကျေမနပ် ပြောဆိုပြီး ထိုင်ရာမှထကာ ထွက်သွားတော့သည်။

ချောင်ဖုံးက. . .

"ကျွန်တော် အမှန်အတိုင်းပြောနေတာကို မယုံတော့ ဘယ်လိုလုပ်ရမလဲဗျာ"

ဟု ညည်းတွားကာ ခေါင်းငုံ့ထားလိုက်လေသည်။

ချောင်ဖုံးမှာ ရိုးသားပြီး စိတ်ကောင်းရှိသူတစ်ဦးဖြစ်ကြောင်းလည်း အကဲခတ်မိလိုက်လေသည်။

ချောင်ဖုံးက ခေါင်းငုံ့ထားလိုက်ချိန်၌ အမျိုးသမီးသည်ချာခနဲလှည့်ကာ လက်ဝှေ့ယမ်းလိုက်လေသည်။

အဆိပ်အပ်ကလေးများနှင့် ပစ်ခတ်လိုက်ခြင်းဖြစ်သည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

အဆိပ်အပ်ကလေးများက ချောင်ကျင်းထံ ပစ်လွှင့်သွားလေသည်။

ချောင်လီ အလန့်တကြား ဖြစ်သွား၏။

"ဒုက္ခပါပဲ"

ချက်ချင်း စားပွဲပေါ်မှ ထမင်းပန်းကန်ကို ဆွဲယူကာ ပစ်ပေါက်လိုက်လေသည်။



ထမင်းပန်းကန်နှင့် စားလက်စ ထမင်းစေ့များ ပစ်လွှင့်သွားကာ အဆိပ်အပ်ကလေးများအား တားဆီးလိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

"တောက်"

အမျိုးသမီး မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

သို့သော် စကားတစ်ခွန်းမျှ မပြောဘဲ ဆိုင်အပြင်ဘက်ခုန်ထွက်သွားလေတော့သည်။

❋ ❋ ❋

အမျိုးသမီး ထွက်သွားပြီဖြစ်သည်။

အနန္တသိုင်းကျမ်းနှင့် ပတ်သက်ပြီး ချောင်ဖုံးအားလာရောက်စောင့်ဆိုင်းနေသူအားလုံး ထွက်သွားကြပြီ ဖြစ်လေသည်။

ဆိုင်ထဲ၌ ချောင်ဖုံးနှင့်ချောင်လီတို့ နှစ်ယောက်ထဲသာကျန်ရစ်ခဲ့ကြလေသည်။

ချောင်ဖုံးက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

"ကျုပ်ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ချောင်လီ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးလေ၊ ကြုံကြိုက်လို့ ကူညီရတယ်လို့ပဲ သဘောထားပါဗျာ"

ချောင်ဖုံးက. . .

"အို. . . ဘယ်ဟုတ်မလဲဗျာ၊ နောင်ကြီးသာ မကူညီရင် ကျုပ်ဒုက္ခရောက်သွားမှာပါ"

ရှောင်လီက. . .

"အနန္တသိုင်းကျမ်းဟာ သိုင်းလောကတစ်ခုလုံး လိုချင်မက်မောနေကြတဲ့ သိုင်းကျမ်းတစ်ခုဆိုတော့ ခင်ဗျား သတိထားရလိမ့်မယ်၊ သတိမရှိရင်တော့ အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရမှာသေချာတယ်"

ချောင်ဖုံး ထပ်မံဦးညွှတ်လိုက်သည်။

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

ရှောင်လီက စားသောက်ခကျသင့်ငွေအဖြစ် ငွေတုံးလေးတစ်တုံးကို စားပွဲပေါ် ချကာ ထိုင်ရာမှထလိုက်လေသည်။

ချောင်ဖုံးက. . .

"နောင်ကြီး သွားတော့မလို့လားဗျာ"

ရှောင်လီက. . .

"ဟုတ်တယ်၊ ကျုပ်မှာလည်း အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေသေးတာကြောင့် သွားမှဖြစ်မယ်"

ချောင်ဖုံးက. . .

"နောင်ကြီးရဲ့ကျေးဇူးကို ကျွန်တော် မှတ်ထားပါ့မယ်၊ အခွင့်ကြုံတဲ့တစ်နေ့ကျရင် ကျေးဇူးပြန်ဆပ်ပါ့မယ်ဗျာ"



ဟု အလေးအနက်ထားကာ ပြောလေသည်။

ရှောင်လီက. . .

"ကိစ္စမရှိဘူး၊ စိတ်ထဲ အယ်လိုမှသဘောမထားပါနဲ့"

ဟုပြောပြီး ဆိုင်အပြင်ဘက် ခပ်သွက်သွက် ထွက်လာခဲ့လေသည်။

သူက ချောင်ဖုံးနှင့်အတူ ကြာကြာမနေလိုပါချေ။

ချောင်ဖုံး၏ အနန္တသိုင်းကျမ်းအားလိုချင်မက်မောသူတစ်ယောက်ဟု ထင်မှတ်ခံရမည်ကို စိုးရိမ်ခြင်းကြောင့် ဖြစ်လေသည်။

သို့သော်. . .

သူက ချောင်ဖုံးအား ရှောင်ခွာခဲ့သော်လည်း ကံတရားက သူတို့နှစ်ယောက်ပြန်လည် ဆုံဆည်းမိအောင် ဖန်တီးခဲ့လေသောအခါ. . .

"ခွပ်ခွပ်. . . ခွပ်ခွပ်"

ရှောင်လီသည် ဆိုင်အပြင်ဘက်ရောက်လျှင် သူ၏မြင်းညိုကြီးပေါ်သို့ ခုန်တက်ပြီး ဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လီ ထွက်သွားပြီဖြစ်သည်။

ဆိုင်ထဲ၌ စာပေသမားလေး ချောင်ဖုံးတစ်ယောက် တည်းသာ ကျန်ရစ်ခဲ့လေသည်။

ချောင်ဖုံးက စိတ်ပျက်လက်ပျက်ဖြင့် ငူငူကြီးထိုင်နေသည်။

အနန္တသိုင်းကျမ်း. . .။

သိုင်းလောကတစ်ခုလုံး လိုချင်မက်မောနေသည့် အနန္တသိုင်းကျမ်းအား သူက မမျှော်လင့်ဘဲ ရရှိခဲ့ခြင်းဖြစ်သည်။

သူ၏ဘဝမှာ ခါးသီးဆိုးဝါးလှသည်။

ဝမ်းနည်း ကြေကွဲစရာများနှင့်အတူ အခက်အခဲဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့ရသည်။

သူ့အပေါ် မေတ္တာစေတနာထားသူများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားခဲ့ကြသည်။ ကံဆိုးမှုအပေါင်းသည် ယခုတိုင် ရပ်စဲသွားခြင်း မရှိသေးပါချေ။

အနန္တသိုင်းကျမ်းအား ရရှိခဲ့ခြင်းကြောင့် ကံကောင်းတော့မည် ထင်ခဲ့ရသော်လည်း အန္တရာယ်များကို ဖိတ်ခေါ်သကဲ့သို့ ရှိနေရကား ပို၍ကံဆိုးသွားသည်ဟု ဆိုရမည်ဖြစ်လေသည်။

ချောင်ဖုံးသည် စိတ်ဓာတ်ကျဆင်းစွာဖြင့် သူ၏ဘဝအကြောင်းကို ပြန်ပြောင်းတွေးတော နေမိလေတော့သည်။

တစ်ချိန်က. . .

❂ ❂ ❂



•

# အာမခံပစ္စည်း

ရွှေခေါင်းလောင်း အာမခံဌာန. . .။

ရွှေခေါင်းလောင်းအာမခံဌာနသည် လုရန်မြို့တွင် နာမည်ကြီးသော အာမခံဌာနတစ်ခု ဖြစ်လေသည်။

ရွှေခေါင်းလောင်းအာမခံဌာန၏ ပိုင်ရှင်မှာ မိုးပြာဓားသမားချောင်ကျင်းဖြစ်သည်။

မိုးပြာဓားသမားချောင်ကျင်းသည် အလုပ်ကြိုးစားသူဖြစ်ပေသည်။

အလုပ်ကြိုးစားသလို တာဝန်ပိုင်းကိုလည်း လေးစားသည်။ အထူးသဖြင့် ရည်ရွယ်ချက်ကြီးမားသူလည်း ဖြစ်ပေသည်။

သူသည် ရွှေခေါင်းလောင်းအာမခံဌာနကို ဖွင့်လှစ်တည်ထောင်ခဲ့သည်မှာ ကြာပြီဖြစ်သည်။

လုပ်ငန်းနှင့်ပတ်သက်၍ သူ့၌ တစ်စုံတစ်ရာ ပြစ်ချက်မရှိခဲ့ချေ။ သူသည် သူ၏လုပ်ငန်းကြီးတစ်ခုဖြစ်သော ကုန်ပို့ဆောင်ရေးအာမခံဌာနကြီးကို လွန်စွာထိန်းသိမ်းသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖွဲ့တွင် သူ အပါအဝင် လူပေါင်းနှစ်ဆယ်ကျော်ခန့် ရှိပေသည်။ သူသည် အဖွဲ့ခေါင်းဆောင် ဖြစ်သည်။

သူ၏အလုပ်အပေါ် သစ္စာရှိမှု၊ ကျွမ်းကျင်မှုတို့ကြောင့် နေပြည်တော်တွင် သူ၏အဖွဲ့က နာမည်အကြီးဆုံးဖြစ်သည်။

ရွှေခေါင်းလောင်းအာမခံဌာနဆိုလျှင် မသိသောသူ မရှိသလောက်ပင်။

မိုးပြာဘေးသမားချောင်ကျင်းတွင် သားတစ်ယောက် ရှိလေသည်။ သားဖြစ်သူအမည်မှာ ချောင်ဖုံးဖြစ်သည်။

ချောင်ဖုံးသည် ငယ်ရွယ်သူ ဖြစ်သော်လည်း သိုင်းပညာ၌ အလွန်ပင် ထူးချွန်လှ၏။

ချောင်ဖုံး မျက်နှာလွှဲနိုင်လောက်အောင် အားကိုးရသော သားတစ်ယောက် အဖြစ်လည်း ချီးမွမ်းခံခဲ့ရလေသည်။

ဤသည်မှာ ချောင်ကျင်းသည် သားဖြစ်သူအား ငယ်စဉ်ကတည်းကစ၍ မိမိ၏အမွေကို ပေးခဲ့ခြင်းကြောင့် ဖြစ်သည်။

ချောင်ဖုံးမှာလည်း ငယ်ပင်ငယ်သော်ငြားလည်း အလုပ်လုပ်သည့် နေရာတွင် ဖွဲလုံ့လရှိသည်။ သတ္တိရှိသည်။

ထို့ကြောင့် ထူးချွန်သော လူငယ်သိုင်းသမားတစ်ယောက် ဖြစ်နေပြီး အာမခံဌာနတစ်ခုလုံးကိုပင် ဖခင်နည်းတူ အုပ်ချုပ်နိုင်နေပြီဖြစ်သည်။

❁ ❁ ❁



•

## နန်းစဉ်ဓား

ယနေ့. . .

အရုဏ်လင်းသည်နှင့် ရွှေခေါင်းလောင်းအာမခံဌာနသို့ လူတစ်ဦး ရောက်ရှိလာလေသည်။

ထိုလူ၏အမည်မှာ ထိုက်ရှမ်း ဖြစ်သည်။

လူကြီးလူကောင်းတစ်ယောက်လည်း ဖြစ်လေသည်။

ထို့ကြောင့် ချောင်ကျင်းသည် ထိုက်ရှမ်း အမည်ကြားသည်နှင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်လေသည်။

"ဆရာကြီးထိုက်ရှမ်းပါလား။ မတွေ့တာတောင် အတော်ကြာနေပြီနော်"

ချောင်ကျင်းက နှုတ်ဆက်လိုက်၏။

ထိုက်ရှမ်းဆိုသူက ပြန်လည်နှုတ်ဆက်ရင်း. . .

"မတွေ့ဆို ခင်ဗျားကလဲ ခရီးခဏခဏထွက်၊ ကျုပ်ကလဲ ခရီးခဏခဏထွက်ဆိုတော့ မတွေ့ဖြစ်ကြဘူးပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

ချောင်ကျင်း ရယ်မောရင်း. . .

"ဆရာကြီး ခုတစ်လော အရောင်းအဝယ်တွေ အဆင်ပြေနေတယ်နဲ့တူတယ်ဗျ"

ဆရာကြီးထိုက်ရှမ်းက. . .

"ဒါပေါ့ဗျာ၊ အရွယ်လေးရှိတုန်း ကျုပ်လဲကြိုးစားပမ်းစားစီးပွားရှာနေရတယ်ဗျ"

ချောင်ကျင်းက. . .

"ကောင်းပါတယ်ဗျာ. . . ကောင်းပါတယ်"

သူတို့သည် စကားတပြောပြောဖြင့် ဧည့်ခန်းထဲသို့ လျှောက်လာကြပြီး စားပွဲ၌ ဝင်ရောက်ထိုင်ချလိုက်ကြလေသည်။

"ဒါနဲ့ ဆရာကြီး၊ ကျုပ်တို့ဆီ ရောက်လာတဲ့ အကြောင်းလေး ဆိုစမ်းပါဦး"

ထိုက်ရှမ်းက ခေါင်းညိတ်လိုက်၏။

သို့သော်. . .

သူက ချက်ချင်းမပြောသေးဘဲ ဧည့်ခန်းတစ်ခုလုံးအား ဝေ့ကြည့်လိုက်သည်။

ချောင်ကျင်းက ထိုက်ရှမ်း၏သဘောကို နားလည်လိုက်သဖြင့် သူက ဧည့်ခန်းထဲရှိ အစောင့်များကို အပြင်သို့ ထွက်ခွာသွားစေလေသည်။

အစောင့်များက ဦးညွှတ်အရိုအသေပြုပြီး အပြင်သို့ ထွက်သွားကြလေသည်။



ထိုအခါကျမှ. . .

ထိုက်ရှမ်းက ချောင်ကျင်း အနီးသို့ ကပ်လိုက်ပြီး. . .

"သည်လိုဗျ၊ ကျုပ် အခု နေပြည်တော်ကို ပစ္စည်းတစ်ပို့ချင်လို့"

ချောင်ကျင်းက. . .

"ဟုတ်ကဲ့၊ ဘာပစ္စည်းများ ပို့ချင်လို့လဲ"

ထိုက်ရှမ်းက လေသံကို တိုးလိုက်ပြီး. . .

"သည်ကိစ္စက လျှို့ဝှက်ထားရမယ့်ကိစ္စပါ၊ အထူးသဖြင့်ကျုပ်ပို့မယ့် ပစ္စည်းဟာ ဘာပစ္စည်းဆိုတာကို အပြင်ကိုမပေါက်ကြားဖို့ အရေးကြီးတယ်၊ အဲဒါ ခင်ဗျားတာဝန်ယူလား"

ထိုစကားကြောင့် ချောင်ကျင်း အလွန်စိတ်ဝင်စားသွားလေသည်။

"အင်း. . . သည်လောက် လျှို့ဝှက်နေပုံထောက်ရင် ဘယ်လောက်အဖိုးတန်တဲ့ ပစ္စည်းမို့လဲဗျ"

ထိုက်ရှမ်းက. . .

"သည်ပစ္စည်းက အဖိုးတန်ရုံမကဘူး၊ အသက်လောက်လဲ အရေးကြီးတယ်"

ဟု ပြော၏။

ချောင်ကျင်းက မျက်မှောင်ကြုတ်သွားပြီး. . .

"ဘာပစ္စည်းမို့လဲဗျ"

ဟု ထပ်မေးလိုက်သည်။

ထိုက်ရှမ်းက လေသံတိုးတိုးဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"နန်းစဥ်မား"

ချောင်ကျင်း မျက်မှောင်ကြုတ်လျက်. . .

"အင်း. . . နန်းစဥ်မားဆိုတော့ အဖိုးတော်တော်တန်မယ်၊ ဒါပေမယ့် အသက်လောက် အရေးကြီးတယ်ဆိုတာကတော့ ဘာအဓိပ္ပါယ်လဲ"

ထိုက်ရှမ်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"သည်နန်းစဥ်မားကို ကျုပ်ပို့နိုင်းတဲ့ လူဆီရောက်အောင်မပို့နိုင်ခဲ့ရင် ကျုပ်ကိုနိုင်းတဲ့လူက ကျုပ်ကိုသတ်ပစ်မယ်လို့ခြိမ်းခြောက်ထားလို့ဗျ"

ထိုစကားကြောင့် ချောင်ဖုံးက အလွန့်အလွန် အံ့ဩသွားသည်။

မိမိတို့က လေးစားရသော ထိုကဲ့သို့သော လူကြီးလူကောင်း ပုဂ္ဂိုလ်မျိုးကို မည်သူက ခြိမ်းခြောက်ပြီး နိုင်းနေရပါသနည်း။

ချောင်ဖုံးက. . .

"ဆရာကြီးပြောပုံအရဆိုရင် သည်ကိစ္စဟာ အလွန်လျှို့ဝှက်တဲ့ကိစ္စဖြစ်နေပါပြီ၊ တကယ်လို့ ကျုပ်တို့ကမပို့နိုင်ပါဘူးလို့ငြင်းလိုက်မယ်ဆိုရင် အခြေအနေ ဘယ်လိုရှိနိုင်ပါသလဲ"

ထိုက်ရှမ်း၏မျက်နှာ ညှိုးနွမ်းသွားသည်။

"ခင်ဗျားကသာ ငြင်းလိုက်မယ်ဆိုရင်တော့ ကျုပ်ကိုယ်တိုင် ပို့ရတော့မှာပဲ၊ သည်လိုဆိုရင် လမ်းခရီးမှာ သိပ်ပြီးအန္တရာယ်များလွန်းတယ်၊ မတော်လို့ ဓားပြတိုက်ခံရမယ်ဆိုရင်



သည်ပစ္စည်း ပါသွားနိုင်တယ်၊ ဒါဆို ကျုပ်အသက်အန္တရာပ

အတွက် စိုးရိမ်ရပါတယ်၊ ခင်ဗျားတို့ကတော့ နာမည်ကြီး သို

သမားတွေဆိုတော့ ဘာပဲဖြစ်ဖြစ် အန္တရာယ်နဲ့ ကြုံတွေ့ရသည

တိုင်အောင် အန္တရာယ်ကို ရင်ဆိုင်နိုင်မှာပါ"

ချောင်ကျင်းက အနည်းငယ် စဥ်းစားလိုက်ပြီး. . .

"ကျုပ်တစ်ခုတော့ မေးပါရစေ၊ ဆရာကြီးကို နိုင်းတ

လူတွေက ဘယ်သူတွေလဲ၊ ဘာကြောင့် ဆရာကြီးကို အခုလ

ခြိမ်းခြောက်ပြီး နိုင်းနေရတာလဲ"

ထိုက်ရှမ်းက. . .

"သည်မေးခွန်းကိုတော့ မဖြေပါရစေနဲ့ဗျာ၊ အခုခင်ဗျာ

တို့အနေနဲ့ ပို့ပေးနိုင် မပို့ပေးနိုင်ဆိုတာပဲ သိချင်ပါတယ်"

ထိုစကားကြောင့် ချောင်ကျင်းက သက်ပြင်းချလိုက်ပြီး

"ဘာပဲဖြစ်ဖြစ် ကျုပ်အနေနဲ့ကတော့ ငွေရမယ်ဆိုရင် ဘယ်ပစ္စည်းကိုမဆို လိုရာရောက်အောင် ပို့ပေးရမှာပါပဲ"

ထိုက်ရှမ်းက. . .

"သည်လိုဆို ခင်ဗျားတို့ ဘယ်နေ့လောက် ခရီးစထွက်မှာလဲ"

ဟု မေး၏။

ချောင်ကျင်းက. . .

"ဘယ်တော့လောက် ထွက်စေချင်ပါသလဲ"

"မြန်လေကောင်းလေပေါ့"

"ဒါဖြင့် မနက်ဖြန်ပဲ စီစဥ်လိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ သည်ပစ္စည်းကို လိုရာကို ရောက်သွားမှ ကျုပ်လဲ စိတ်အေးရမှာ"

"ဘယ်သူ့ဆီကို ပို့ပေးရမယ်ဆိုတာ ပြောပါဦး"

ထိုက်ရှမ်းက အိတ်ထဲမှ အသေပိတ်ထားသော စာအိတ်တစ်အိတ်ကို လှမ်းပေးလိုက်ပြီး. . .

"ရော့. . . သည်စာအိတ်ထဲမှာ ခင်ဗျားသွားပို့ရမယ့် လူအမည်နဲ့ လိပ်စာကို ရေးထားတယ်၊ သည်စာကို နေပြည်တော်ကို ရောက်မှ ကြည့်ရမယ်လို့ ကျုပ်ကို ပစ္စည်းပို့ခိုင်းတဲ့ လူတွေက မှာထားတယ်"

ချောင်ကျင်းက စာအိတ်ကို လှမ်းယူလိုက်ပြီး. . .

"ကောင်းပါပြီဗျာ"

ထိုက်ရှမ်းက အထုပ်တစ်ထုပ်အား ထုတ်ယူ၍ လှမ်းပေးလိုက်ပြန်သည်။

"ကျုပ် သည်ပစ္စည်းကို တစ်ပါတည်းထားခဲ့မယ်၊ ညမှ တစ်ခေါက်ထပ်လာခဲ့မယ်၊ အဲသည်တော့မှ ဟန်ပြအနေနဲ့ ပို့ရမယ့် ပစ္စည်းကိုပါ တစ်ပါတည်း ယူခဲ့မယ်"

"ကောင်းပါပြီဗျာ"

ချောင်ကျင်းက ပြောရင်း လှမ်းယူလိုက်ပြီး အထုပ်ထဲမှ အရာကို ထုတ်၍ စစ်ဆေးကြည့်လိုက်သည်။

ထိုအခါ. . .

အရောင်မျိုးစုံဖြာ၍နေသော နန်းစဉ်ဓားကို တွေ့လိုက်ရလေသည်။



သို့သော်. . .

အံ့ဩဖွယ်ရာကောင်းသည်မှာ ထိုဓားသည် တစ်ထွာခန့်မျှသာရှိသော ကလေးကစားစရာ ဓားငယ်ကလေးတစ်လက်ဖြစ်နေသောကြောင့်ပင် ဖြစ်လေသည်။

❁ ❁ ❁

လူတစ်ယောက်၏ အသက်တမျှ ကာကွယ်စောင့်ရှောက်၍ ပို့ပေးရမည့် အာမခံပစ္စည်းကြောင့် ချောင်ဖုံးလည်း ဖခင်နှင့်အတူ လိုက်ပါသွားရမည် ဖြစ်သည်။

သို့မှသာ လမ်းခရီး၌ တွေ့ကြုံရမည့် အန္တရာယ်များကို တွန်းလှန်ကာကွယ်ရာ၌ ပို၍ စိတ်ချရမည် ဖြစ်ပေသည်။

အထူးသဖြင့်. . .

သူတို့သည် ထိုနန်းစဉ်ဓား အကြောင်းကို သားအဖ နှစ်ယောက်မှလွဲ၍ မည်သူမျှမသိအောင် လျှို့ဝှက်ထားခဲ့ကြလေသည်။

ချောင်ကျင်းတို့သည် ခရီးထွက်ရန် ပြင်ဆင်ကာ အလုပ်ရှုပ်သွားကြလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်ချက်

ချောင်ဖုံးသည် အရှေ့ဘက်ဧည့်ခန်းသို့ ထွက်လာသော ထိုက်ရှမ်းနှင့် ဖခင်ဖြစ်သူတို့မှာ စကားပြောနေကြသည်ကို တွေ့လိုက်ရလေသည်။

ထို့အပြင် . . .

ဟန်ပြအနေဖြင့် သယ်ဆောင်သွားရမည့် ပစ္စည်းများကိုလည်း တွေ့လိုက်ရသည်။

ချောင်ဖုံးသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ထိုက်ရှမ်းမှာလည်း စကားစကို ဖြတ်ကာ ထိုင်ရာမှ ထလိုက်ပြီး . .

"ကျုပ် စိတ်ချပါရစေနော်"

ချောင်ကျင်းက ပြုံး၍ . . .

"စိတ်ချပါဗျာ"

ထိုက်ရှမ်း ထွက်ခွာသွားပြီးနောက် . . .

ချောင်ဖုံးသည် ဖခင်ဖြစ်သူအား . . .



"သည်လူမှာ ဘာတွေလျှို့ဝှက်ထားတာတွေ ရှိနေသလဲမသိဘူးနော် ဖေဖေ၊ ပြီးတော့ သူ့ကို ခြိမ်းခြောက်ထားတဲ့ လူတွေနဲ့ကော ဘယ်လိုပတ်သက်နေသလဲ"

ဟု မေးလိုက်၏။

ထိုအခါ ချောင်ကျင်း၏မျက်နှာ တင်းမာသွားပြီး . . .

"ဒါက ငါတို့အလုပ် မဟုတ်ဘူး၊ ငါတို့အလုပ်က သည်ပစ္စည်းတွေကို လိုရာရောက်အောင် ပို့ပေးဖို့ပဲ၊ မင်းလဲ အချိန်တိုင်း သတိဝီရိယရှိပါ၊ ငါပြောတာ ကြားလား"

ဟု ပြောလိုက်၏။

ချောင်ဖုံး စကားမပြောတော့ပါ။

သူက ခေါင်းညိတ်ပြလိုက်ပြီး တိတ်တဆိတ် နေလိုက်လေတော့သည်။

❖ ❖ ❖

ယခုည . . .

ချောင်ဖုံးသည် အိပ်၍ မရပါချေ။

သူသည် နောက်တစ်နေ့ ပို့ဆောင်ပေးရမည့် အာမခံပစ္စည်းများကို လိုက်လံစစ်ဆေးကြည့်ရှုပြီး လုံခြုံရေးကိုလည်း ပိုပို၍ စောင့်ကြပ်ရန် မှာကြားကာ အိပ်ရာဝင်ခဲ့လေသည်။

သို့သော် သူသည် အိပ်ရာထဲသို့ ရောက်သော်လည်း ယနေ့ည စိတ်မရှင်မလန်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူကြိုးစားအိပ်ရပေမည်။

သို့မှသာ နောက်တစ်နေ့ ခရီးထွက်လျှင် သူ့အဖို့ လန်းလန်းဆန်းဆန်း ရှိပေမည်။

လန်းလန်းဆန်းဆန်းရှိမှ အကယ်၍ အန္တရာယ်နှင့် ရင်ဆိုင်လာရပါက ကောင်းစွာ ရင်ဆိုင်နိုင်ပေမည်။

သူက ယင်းသို့ တွေးမိသည်နှင့် ပြတင်းပေါက်တံခါးကို ပိတ်ရန် ပြင်လိုက်လေသည်။

ရုတ်တရက် သူသည် ပြတင်းပေါက်မှတစ်ဆင့် ထူးဆန်းသော မြင်ကွင်းကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

ထိုမြင်ကွင်းမှာ. . .

ကင်းလှည့်တာဝန်ကျ လုံခြုံရေးတစ်ဦးမှာ ရုတ်တရက် လဲကျသွားသည်ကို တွေ့လိုက်ရခြင်းကြောင့်ပင် ဖြစ်လေသည်။

ချောင်ဖုံး မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လို ဖြစ်တာပါလိမ့်"

သူက ဤသို့ စဉ်းစားနေစဉ်မှာပင်. . .

အရိပ်သဏ္ဌာန်တစ်ခုသည် လှစ်ခနဲ ဖြတ်ပြေးသွားသည်ကို တွေ့လိုက်ရလေသည်။ ချောင်ဖုံး ရင်ထိတ်သွားသည်။

"ရန်သူ ဝင်လာတာနဲ့တူတယ်"

သူသည် ယင်းသို့ တွေးမိသည်နှင့် ရုတ်တရက် ခန္ဓာကိုယ် တစ်ချက် လှုပ်ရှားလိုက်ပြီး ထိုလူရိပ် နောက်သို့ ပြေးလိုက်သွား လေတော့သည်။

❁ ❁ ❁



ထိုလူရိပ်မှာ ချောင်ကျင်း၏အဆောင် ရှိရာသို့ ပြေးလွှ သွားနေခြင်း ဖြစ်သည်။

ချောင်ဖုံး ပို၍ရင်ထိတ်သွား၏။

အကြောင်းမှာ. . .

အာမခံပို့ဆောင်ပေးရမည့် ထိုက်ရှမ်း၏ နန်းစဉ်ဓားမှ ဖခင်ဖြစ်သူ ချောင်ကျင်း၏အခန်းထဲတွင် ရှိနေသည် မဟုတ် လား။

ထို့ကြောင့်. . .

ချောင်ဖုံးသည် လူရိပ်အား တားဆီးနိုင်ရန် အမိလိုဝ် လေသည်။

သို့သော်. . .

ထိုလူရိပ်၏ကိုယ်ဖော့ပညာမှာ မိမိထက် များစွာသာ လွန်နေသည်မို့ သူသည် ထိုလူအား ကြိုတင်ဟန့်တားနိုင်စွမ် မရှိချေ။

ထိုလူမှာ ဖခင်ဖြစ်သူ၏ အခန်းထဲသို့ ဝင်ရောက်သွား သည်ကို တွေ့လိုက်ရလေသည်။

ထိုလူ ပြေးလွှားသွားရာ လမ်းတောက်လျှောက်မှ အစောင့်များမှာလည်း အသံပင် မထွက်နိုင်ဘဲ အတုံးအရုံး လဲကျ သွားကြလေသည်။

❁ ❁ ❁

www.burmeseclassic.com



ချောင်ဖုံးသည် ဖခင်ဖြစ်သူ၏ အခန်းရှေ့သို့ ရောက်ရှိသွားချိန်တွင် အခန်းထဲ၌ တိုက်ခိုက်နေသော အသံများကို ကြားလိုက်ရလေသည်။

ချောင်ဖုံးက အခန်းထဲသို့ ကမန်းကတန်း ပြေးဝင်လိုက်သည်။

သူသည် ယင်းသို့ အခန်းထဲသို့ ဝင်ရောက်သည့် အချိန်တွင်တော့ တိုက်ပွဲမှာ ပြီးဆုံးသွားလေပြီ။

"အဖေ"

ချောင်ဖုံးသည် အံ့ဩထိတ်လန့်ကာ အော်ဟစ်လိုက်လေ၏။ ဟုတ်ပါ၏။

ယခု. . .

ချောင်ကျင်းသည် သွေးအိုင်ထဲ၌ လဲကျနေလေပြီ။

အနက်ရောင်ညဥ့်ဝတ်စုံကို ဝတ်ဆင်ထားသော လူမှာမူ သွေးစွန်းနေသော ဓားကိုကိုင်လျက် မားမားမတ်မတ် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ချောင်ဖုံးသည် ဖခင်ဖြစ်သူထံ ပြေးလွှားသွားလေသည်။

သူသည် ဖခင်အတွက် စိုးရိမ်နေသဖြင့် ရန်သူကို တိုက်ခိုက်ရမည်ကိုပင် မေ့လျော့နေ၏။

"အဖေ. . . အဖေ"

ချောင်ဖုံးသည် ဖခင်ဖြစ်သူအား အော်ဟစ်၍ ခေါ်နေသော်လည်း ချောင်ကျင်းကမူ ပြန်၍ ထူးနိုင်မည် မဟုတ်ပါတော့ချေ။



ချောင်ကျင်း သေဆုံးသွားလေပြီ။

ချောင်ဖုံးသည် အနက်ရောင်ဝတ်စုံနှင့်လူအား စူးစူးဝါးဝါး လှည့်ကြည့်မိသည်။

ထိုလူမှာ မားမားမတ်မတ် ရပ်နေဆဲပင်။

သူသည် သူသေကိုယ်သေ တိုက်ခိုက်ရန် ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်မိထားသည်။

သို့သော်. . .

သူက ဖခင်အတွက် လက်စားချေရန် အခွင့်အရေး ဆုံးရှုံးသွားလေပြီ။

အကြောင်းမှာ. . .

ထိုလူ၏ထက်မြက်သော ဓားသည် သူ၏လည်ကုပ်ကို ထောက်ထားလိုက်ပြီ ဖြစ်သောကြောင့်ပင်။

သူသည် မည်သို့မျှ မတတ်နိုင်တော့ချေ။

ယခုအချိန်. . .

သူသည် ဒေါသကို ရှေ့တန်းတင်လိုက်ပါက မိမိအသက်အလဟဿ ဆုံးရှုံးရုံက လွဲ၍ အကြောင်းထူးလာမည် မဟုတ်ချေ။

မိမိမှာ သေ၍မဖြစ်သေးပေ။

ဖခင်အတွက် လက်စားချေရဦးမည်။

ထိုစဉ်. . .

ထိုလူထံမှ အသံထွက်လာသည်။

"ဟိတ်ကောင်၊ မင်းအဖေ ကိုယ်ထဲက အထုပ်ကို ငါ့ကို ထုတ်ပေးစမ်း၊ အူကြောင်ကြောင် လုပ်မယ်တော့ မကြံနဲ့နော်၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ခြားက မင်းခေါင်းနဲ့ ခန္ဓာ တခြားစီ ဖြစ်အောင် လုပ်နိုင်တယ်"

ချောင်ဖုံးသည် အံတင်းတင်း ကြိတ်လိုက်သည်။

သူသည် ထိုလူ မည်သူမည်ဝါ ဖြစ်သည်ကို မသိပါချေ။

သို့သော်. . .

ထိုလူအား မိမိနိုင်မည် မဟုတ်သည်ကိုမူ သူက ကောင်းစွာ နားလည်ထားသည်။

ထို့ကြောင့် သူသည် ထိုလူအား သတ်လိုစိတ် ပေါက်နေသော်လည်း အားမတန်မာန်လျှော့ကာ ဖခင်ဖြစ်သူ၏ အတွင်းအိတ်ထဲမှ သိမ်းဆည်းထားသော နန်းစဉ်ဓားအား ထုပ်ထားသည့် အထုပ်ကလေးကို ထုတ်ယူ၍ ထိုလူအား ပေးလိုက်ရလေသည်။

"ဟား. . ဟား. . ဟား။ သည်လိုမှပေါ့"

ထိုလူက သဘောကျစွာ ရယ်မောရင်း လှမ်းယူလိုက်လေသည်။

ချောင်ဖုံးက ထိုလူအား စူးစိုက်စွာ ကြည့်လိုက်ပြီး. . .

"ခင်ဗျား ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ထိုလူက ရယ်မောလျက်. . .

"ငါ့နာမည် မင်းကို သိစေမှတော့ ငါ အခုလို မျက်နှာဖုံး တပ်ထားစရာ အကြောင်းမရှိဘူး၊ မင်းက မင်းအဖေအတွက် လက်စားချေချင်တယ်ဆိုရင်တော့ မင်းအစွမ်းနဲ့ စုံစမ်းပေါ့၊ ကဲ သွားပြီဟေ့"

ထိုလူသည် ယင်းသို့ ပြောပြီး ကိုယ်ဖော့ပညာကို အသုံး



ပြုကာ ထွက်ခွာသွားလေတော့သည်။

ထိုလူမှာ မိမိအား စိန်ခေါ်လိုက်ခြင်း ဖြစ်သည်ကို ချောင်ဖုံးက နားလည်လိုက်သည်။

သူက လက်ထဲမှ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

သူသည် ထိုလူ မည်သူမည်ဝါ ဖြစ်သည်ကို မသိလိုက်ရပါ။

သို့သော်. . .

ထိုလူ တပ်ဆင်ထားသော မျက်နှာဖုံး၏မျက်လုံး အပေါက်မှ မြင်တွေ့လိုက်ရသော မျက်လုံးအစုံကမူ ချောင်ဖုံး၏ အသည်းထဲတွင် ပုံနှိပ်ခတ်နှိပ်ထားသလို စွဲစွဲမြဲမြဲ ထင်ကျန်ခဲ့လေတော့၏။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



# နောက်တစ်ယောက်

ရွှေခေါင်းလောင်းအာမခံဌာနမှ ဌာနမှူးချောင်ကျင်း သေဆုံးသွားသည့် သတင်းသည် တစ်မြို့လုံးကို ပျံ့နှံ့သွားလေတော့သည်။

သတင်းကြားလျှင် ကြားချင်းပင် ထိုက်ရှမ်းက မောကြီးပန်းကြီး ရောက်ရှိလာလေသည်။

ထို့နောက် ချောင်ဖုံးနှင့် နှစ်ကိုယ်ကြား တွေ့ဆုံပြီး. . .

"ဟို. . . ဟို. . . ကျုပ်. . . ကျုပ်ရဲ့"

ထိုက်ရှမ်းသည် စိုးရိမ်စိတ်က များနေသဖြင့် စကားများပင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ထိုက်ရှမ်းက ဆက်မမေးမီ ချောင်ဖုံးက စိတ်မကောင်းသော လေသံဖြင့်. . .

"စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားရဲ့ နန်းစဉ်ဓား လူဆိုးလက်ထဲပါသွားပြီ"



"ဘာ"

ထိုအသံသည် အခန်းတစ်ခုလုံးအား ဟိန်းထွက်သွားလေသည်။

"လူဆိုးလက်ထဲ ပါသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်"

ကြားလိုက်ရသည့် သတင်းကြောင့် ထိုက်ရှမ်းသည် တစ်ကိုယ်လုံး အားအင်များ ချည့်နဲ့ကာ ပျော့ခွေသွားလေသည်။

ချောင်ကျင်းသည် မိမိအပူကို ခေတ္တမေ့ထားလိုက်ပြီး

"သည်ဓားဟာ ဦးအတွက် ဘယ်လောက်များ တန်ဖိုးရှိနေပါသလဲ၊ အခုကိစ္စက ကျွန်တော်တို့ရဲ့ ပေါ့ဆမှုကြောင့် ဖြစ်ရတာမို့ ကျွန်တော်တို့မှာ တာဝန် ရှိနေပါတယ်၊ တတ်နိုင်ရင် ကျွန်တော်တို့ တန်ဖိုးငွေကို လျော်ဆိုရင် လျော်ပေးပါ့မယ်"

ဟု ထိုက်ရှမ်းအားကြည့်ကာ စိတ်မကောင်းလွန်း၍ တောင်းပန်လိုက်သည်။

ထိုက်ရှမ်းက ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်ပြီး. . .

"ကျုပ်စိတ်တွေ သိပ်လှုပ်ရှားသွားတယ်၊ အမှန်တကယ် ကျုပ်ဘက်ကသာ ပြန်ပြီး တောင်းပန်ရမှာပါ၊ ဌာနမှူးချောင်ကျင်း သေဆုံးသွားရတာဟာ ကျုပ်ကြောင့် ဖြစ်ရတာပါ၊ ကျုပ်ကသာ သည်ပစ္စည်းကို မပို့နိုင်းရင် ဌာနမှူးလဲ အခုလို သေရမှာ မဟုတ်ဘူး"

ချောင်ကျင်းက. . .

"ဖြစ်ပြီးတာတွေလဲ ပြီးခဲ့ပါပြီ၊ အခုချိန်မှာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ ဝမ်းနည်းနေရုံက လွဲပြီး ဘာတတ်နိုင်ဦးမှာလဲ"

သူက ထိုက်ရှမ်းအား ကြည့်လိုက်ပြီး. . .

"ဦးလေးဘက်ကသာ ဘယ်လို အခက်အခဲတွေ ရှိနိုင်တယ်ဆိုတာ ပြောပြပါလား၊ ဒါမှ အန္တရာယ်ကို ကြိုတင်တားဆီးနိုင်မှာ. . ."

ထိုက်ရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"နေပါစေတော့၊ ကျုပ်ကိစ္စ ကျုပ်ဘာသာ ရှင်းပါ့မယ်၊ ဌာနမှူးရဲ့ စျာပနအတွက် လိုအပ်တဲ့ အကူအညီ ရှိရင် ကျုပ်ကို ပြောပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

❖ ❖ ❖



ရွှေခေါင်းလောင်းအာမခံဌာနမှူး ချောင်ကျင်း၏ စျာပန အခမ်းအနား ပြီးဆုံးသွားခဲ့လေပြီ။

ထိုအခါကျမှ. . .

ချောင်ဖုံးသည် ဆရာကြီးထိုက်ရှမ်းအား ရုတ်တရက် သတိရလိုက်လေသည်။

ဆရာကြီးထိုက်ရှမ်းသည် ဖခင်ဆုံးသည့်နေ့ နောက်တစ်နေ့တွင် အာမခံဌာနသို့ ရောက်ရှိလာခဲ့သော်လည်း ထိုနောက်ပိုင်းတွင် စျာပန ပြီးဆုံးသွားသည်အထိ ရောက်ရှိလာခြင်း မရှိတော့သည်ကို သူက အမှတ်ရလိုက်သည်။

တစ်ဆက်တည်း. . .

သူသည် ဆရာကြီးထိုက်ရှမ်းအတွက် စိုးရိမ်သွားမိလေသည်။

"ဆရာကြီး တစ်ခုခုများ ပြဿနာ ပေါ်နေသလား"

ချောင်ဖုံးသည် ယင်းသို့ တွေးမိသည်နှင့် ဆရာကြီးထိုက်ရှမ်း၏ အိမ်ဂေဟာသို့ အပြေးကလေး ထွက်သွားမိလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဖုံး စိုးရိမ်နေသည့်အတိုင်းပင်။

သူသည် ထိုက်ရှမ်း၏ အိမ်ဂေဟာသို့ မရောက်မီမှာပင် သတင်းတစ်ခုကို ကြားလိုက်ရလေသည်။

ထိုသတင်းမှာ. . .

“ဆရာကြီးထိုက်ရှမ်း အသတ်ခံရလို့”

ဟူ၍ ဖြစ်လေသည်။

အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ ခံပြင်းခြင်းစသည့် ခံစားမှုများသည် ချောင်ဖုံး၏အသည်းနှလုံးထဲသို့ တစ်ပြိုင်တည်း ဝင်ရောက်လာခဲ့လေသည်။

အာမခံပို့ဆောင်ပေးရမည့် နန်းစဉ်ဓားကြောင့် လူ့အသက်နှစ်ချောင်း ဆုံးရှုံးသွားခဲ့ရလေပြီ။

ဤ လျို့ဝှက်ချက်ကို သူသိထားသည်။

သူ့အဖို့ ဤအဖြစ်အပျက်သည် မေ့ပျောက်လို့ ရမည် မဟုတ်ပေ။

ဤနေရာ၊ ဤဒေသ၊ ဤအလုပ်သည် သူ၏ဝေဒနာကို ကြီးထွားစေနိုင်သည်။

လူသားနှစ်ယောက်၏အသက်ပါမက သူ၏အသည်းနှလုံးကိုပါ တစ်စစီ ကြေကွဲအောင် ပြုလုပ်ခဲ့သည့် ဤအာမခံအလုပ်ကို သူစွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်လေသည်။

သူသည် ရန်သူအား လက်စားချေလိုသော်လည်း ရန်သူမည်သူမည်ဝါ ဖြစ်သည်ကို မသိပေ။

သိနိုင်သည့်တိုင်အောင် မိမိပညာနှင့် ထိုလူအား ယှဉ်နိုင်



မည် မဟုတ်ပေ။

ထို့ကြောင့်. . .

သူသည် လတ်တလော စိတ်ပြေလက်ပျောက် သဘော ဖြင့် အဝေးသို့ ထွက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

❂ ❂ ❂

ချောင်ဖုံးသည် ရွှေခေါင်းလောင်းအာမခံဌာနအား ဖျက သိမ်းလိုက်လေသည်။

ထို့နောက်. . .

သူသည် ခရီးထွက်ခွာရန် ပစ္စည်းများ သိမ်းဆည်း၍ နေ သည်။

ထိုအခါ မမျှော်လင့်ဘဲ ဖခင်ဖြစ်သူ၏အခန်းမှ စာအိတ် တစ်အိတ်အား တွေ့ရှိလိုက်သည်။

ထိုစာအိတ်မှာ ထိုက်ရှမ်းက ဖခင်ဖြစ်သူအား နေပြည် တော်ရောက်မှ ဖွင့်ကြည့်ရန် မှာကြား၍ ပေးသွားသော အာမခံ ပို့ဆောင်ရမည့်လိပ်စာ ဖြစ်သည်ကိုလည်း မှတ်မိလိုက်သည်။

သူက ရုတ်တရက် အကြံတစ်ခု ရလိုက်လေသည်။

“ဟုတ်ပြီ၊ ထိုက်ရှမ်း အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သည်နေရာကို သွားစုံစမ်းရင်တော့ သဲလွန်စ ရနိုင်မယ်၊ နန်းစဉ် ဓားအကြောင်းလဲ သိချင်သိရမယ်”

သူက ယင်းသို့ တွေးပြီး စာအိတ်ကို ဖောက်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက်. . .

စာကို ဖတ်ကြည့်ရန် စာ့ရွက်ကို ဖြန့်လိုက်လေ၏။

ရုတ်တရက်. . .

သူ၏မျက်လုံးအစုံ ပြူးကျယ်သွားရလေသည်။

အကြောင်းမှာ. . .

ထိုစာအိတ်ထဲ၌ မည်သည့်လိပ်စာမျှ မရေးထားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ချောင်ဖုံး မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လို ဖြစ်တာပါလိမ့်၊ စာအိတ်ထဲမှာ လိပ်စာလဲ မရေးထားဘူး၊ ဒါက ဘာသဘောလဲ"

သူက အတန်ကြာအောင် စဉ်းစားနေမိသည်။

ထိုက်ရှမ်း မှာကြားသွားသော စကားများနှင့်လည်း ဆက်စပ်ကြည့်သည်။

ထိုက်ရှမ်းအား ခိုင်းသော လူများသည် နေပြည်တော်သို့ ပို့ရမည့် လိပ်စာကို နေပြည်တော်ရောက်မှ စာအိတ်ကို ဖောက်ပြီး ကြည့်ရမည်ဆိုသည်မှာ အမှန်တကယ် လိပ်စာ မရေးထားသောကြောင့်ပင် ဖြစ်သည်။

မည်သည့် နေရာကိုမှလည်း ပို့ရန် လိုအပ်မည် မဟုတ်ပေ။

ထို့ကြောင့်. . .

နန်းစဉ်ဓားအား ပို့ဆောင်စေပြီးမှ ပြန်ယူသွားခြင်းသာ ဖြစ်ရပေမည်။



ဤသို့ လုပ်ရခြင်းမှာလည်း မိမိတို့ အာမခံဌာန အမည်ကို ဖျက်လို၍ပင် ဖြစ်ရမည်။

ဖခင်ကလည်း အသိက်နှင့်လဲပြီး ကာကွယ်ခဲ့၍ တိုက်ခိုက် မှု ဖြစ်ပြီး လက်လွန်ကာ သေဆုံးသွားခဲ့ရသည်။

ထိုက်ရှမ်းကိုလည်း နန်းစဉ်ဓား ပျောက်ဆုံးသွားသည့် အကြောင်းပြုပြီး သတ်လိုက်ခြင်းသာ ဖြစ်ပေမည်။

ဤသို့ဆိုလျှင် ထိုလူသည် အဘယ်ကြောင့် ထိုက်ရှမ်း အပေါ် ဤသို့ ကြံစည်ရပါသနည်း။

ချောင်ကျောင်းသည် ထပ်မံ၍ စဉ်းစားကြည့်ပြန်ရလေသည်။

သို့သော်. . .

ဤတစ်ကြိမ်၌ သူက စဉ်းစား၍ မရတော့ချေ။

စဉ်းစားရင်းမှ ခေါင်းရှုပ်လာသည်။

စိတ်တိုလာသည်။

မကျေမနပ် ဖြစ်လာသည်။

ထို့ကြောင့်. . .

သူက အတွေးစကို ဖြတ်လိုက်ရတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



## ဒုက္ခသည်မိန်းကလေး

ယနေ့. . .

မြို့လယ်ပန်းဥယျာဉ်၌ လူရှင်းနေသည်။

လူရှင်းသည်ဆိုသည်မှာလည်း မွန်းတည့်ချိန် ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

နေချစ်ချစ်တောက် ပူပြင်းနေခြင်းကြောင့် အပန်းဖြေသူနည်းနေသည်။

စိမ်းလန်းစိုပြည်သော သစ်ပင်များ၏ အရိပ်အာဝါသရှိနေသော်လည်း ကမ္ဘာမြေပြင်ပေါ်သို့ ပူပြင်းစွာ ထိုးကျနေသော နေရောင်အား အန်တု၍ လူငယ်တစ်ယောက်သည် ကန်ရေပြင်အား ဖြတ်၍ တည်ဆောက်ထားသော ရောင်စုံခြယ်တံတားပေါ်၌ ထိုင်ကာ ရေကန်အတွင်းရှိ ရောင်စုံငါးကလေးများကို အစာကျွေး၍နေလေသည်။

ထိုလူငယ်၏ပုံစံမှာ နေပူနေသည်ကိုပင် သိရှိမည့်ပုံမပေါ်ချေ။



နေရိပ်ထဲ ရောက်နေသည့်အလား စိတ်နှင့် ကိုယ် မကပ်ဘဲ ရှိနေသည်မှာ သိသာလှပေသည်။

သို့သော် စိတ်နှင့်ကိုယ် မည်မျှပင် မကပ်ပါစေ။

နေရောင်ခြည်၏ အပူဒဏ်ကိုတော့ မည်သူမျှ ကြာကြာခံနိုင်ရည်ရှိမည် မဟုတ်ပါချေ။

ယင်းလူငယ်မှာမူ နေရောင်ခြည်ကို အန်တု၍ ထိုင်နေသည်မှာ အတော်ကြာလေပြီ။

အမှန်တော့. . .

နေရောင်ခြည်သည် မည်မျှပင် ပူပြင်းနေပါစေ။

ထိုလူငယ် ခံစားနေရသော ရင်ထဲမှ အပူမီးများကိုပင်မီနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် သူသည် နေရောင်ခြည်၏ အပူဒဏ်ကို မတုန်လှုပ်ခြင်းသာ ဖြစ်သည်။

ထိုလူငယ်၏ နံဘေးတွင် အထုပ်တစ်ထုပ်ချထားသဖြင့် ခရီးသွားတစ်ယောက် ဖြစ်ရမည်မှာ မလွဲပေ။

နေပူရှိန်ကြောင့် ရေများပင် ပူနေသဖြင့် ငါးကလေးများသည် အစာကျွေးနေသော်လည်း ရေပြင်ပေါ်သို့ တက်လာကြသည်မှာ အနည်းစုလောက်သာ ရှိလေသည်။

ထို့ကြောင့်. . .

ငါးအစာကျွေးသည့်လူများလည်း အားရနိုင်မည် မဟုတ်ပေ။ သို့သော်လည်း လူငယ်မှာမူ ငါးများကို အဆက်မပြတ်အစာကျွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ အများအမြင်သာဖြစ်သည်။

သူ၏အာရုံမှာတော့ ငါးကလေးတွေဆီမှာ မရှိပါချေ။

စူးရှတောက်ပသည့် မျက်လုံးအစုံကသာလျှင် သူ၏စိတ်အာရုံကို စိုးမိုးထား၏။

ထိုလူငယ်မှာ ချောင်ဖုံးဖြစ်လေသည်။

ချောင်ဖုံးမှာ ဖခင်ဖြစ်သူအား သတ်သွားသည့်လူသတ်ကောင်၏စူးရှတောက်ပသည့် မျက်လုံးအစုံကို မေ့ပျောက်မရနိုင်အောင် ဖြစ်နေပါတော့သည်။

❖ ❖ ❖



ချောင်ဖုံးတစ်ယောက် ခြေဦးတည့်ရာသို့ လျှောက်သွားနေမိသည်။

သူ၏သောကအပူသည် ပိုလာသည်ဟု ခံစားနေရသည်။

ယခု. . .

သူသည် မိမိမြို့ရွာ၊ မိမိဒေသ၊ မိမိချစ်ခင်ရသော သူတို့ကိုခေတ္တမျှ ကျောခိုင်းကာ ထွက်ခွာလာခဲ့သည်။

မိမိအဖို့ ဦးတည်ရာမရှိ။

ခိုကိုးရာလည်း မရှိချေ။

အားငယ်စိတ်သည် တစ်ခါတစ်ခါ ဝင်ရောက်လာသော်လည်း တစ်ခါတစ်ခါ ပျောက်ကွယ်သွားကာ. . .

"ငါဟာ ယောကျ်ားပဲ၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ရမယ်

ဟူသော စိတ်ကိုမွေး၍ ခွန်အားများကို ဖြစ်ပေါ်စေသည်။

ချောင်ဖုံးသည် ယင်းသို့ဦးတည့်ရာ လျှောက်သွားနေရင်းမှ မြို့ကလေးတစ်မြို့အား လှမ်းမြင်လိုက်ရသည်။

သူသည် ဤမြို့ကလေးသို့ အဘယ်အတွက်ကြောင့် ရောက်လာရပါသနည်း။ သူ မသိပါချေ။

ဤနေရာသို့ ရောက်လာမှတော့ ဤမြို့ကလေးသို့ ဝင်ရပေမည်။

သူသည် ယင်းသို့ မိမိဘဝကို စဉ်းစားရင်းလျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာသို့အရောက်. . .

"မလိုက်ဘူး. . မလိုက်ဘူး၊ ကျွန်မကို အတင်းမခေါ်ကြပါနဲ့၊ ကျွန်မအဖေနဲ့ မခွဲနိုင်ဘူး၊ ကျွန်မကို ပြန်ပို့ပေးကြပါ"

မိန်းကလေးတစ်ယောက်၏ ငိုယိုတောင်းပန်နေသောအသံများကို ကြားလိုက်ရသည်။

ချောင်ဖုံးက ခြေလှမ်းကို ရုတ်တရက် ရပ်တန့်လိုက်ပြီး အသံထွက်ပေါ်ရာသို့ လှမ်းကြည့်လိုက်သည်။

ချောင်ဖုံးရောက်ရှိနေသောနေရာမှာ လမ်းဆုံလမ်းခွဖြစ်နေသဖြင့် သူရပ်နေသောနေရာနှင့် ဘယ်ဘက်လမ်းကလေးထဲမှ လူသန်ကြီးလေးယောက်သည် မိန်းကလေးတစ်ယောက်အား ဝေါဖြင့်ထမ်းခေါ်လာသည်ကို တွေ့လိုက်ရလေသည်။

သူတို့၏ခါးတွင်လည်း ဓားကိုယ်စီ ချိတ်ဆွဲထားကြလေသည်။

ရှေ့ဆုံးတွင် အမျိုးသမီးတစ်ယောက်က မျက်နှာထားတင်းတင်းဖြင့် လျှောက်လှမ်းနေလေသည်။

ဝေါထဲတွင် မိန်းကလေးတစ်ယောက် ရှိနေ၏။

သူမသည် ဝေါယာဉ်၏ ရှေ့လိုက်ကာအား ဆွဲဖွင့်ထားရင်း ရှေ့မှသွားနေသော အမျိုးသမီးအား ငိုယိုတောင်းပန်နေခြင်းဖြစ်သည်။

သူမသည် အသက်ဆယ့်ခြောက်နှစ်ခန့်မျှသာ ရှိသေးသော ငယ်ရွယ်နုနယ်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမ၏ပုံစံသည် ဆင်းရဲသားတစ်ယောက်အသွင် ရှိနေ



သည်။ အကယ်၍သာ သူမအား ဝတ်ကောင်းစားလှများ ဝတ်ဆင် ပေးလိုက်ပါလျှင် နတ်သမီးလေးတမျှ ချောမောလှပသွားမည်မှာ မလွဲဧကန်ပင်။

သူမအား မည်သည့်နေရာသို့ ခေါ်ဆောင်သွားကြမည်နည်း။

သူမသည် ဤမျှငိုယိုတောင်းပန်နေပုံထောက်လျှင် ထိုလူများသည် သူမအား မတရားခေါ်လာခြင်းသာ ဖြစ်ပေမည်။

ထိုစဉ် ဝေါယာဉ်သည် ချောင်ဖုံးအနီးမှ ဖြတ်ကျော်သွားလေသည်။

ထိုအခါ. . .

ဝေါယာဉ်ပေါ်မှ မိန်းကလေးသည် ချောင်ဖုံးအား အားကိုးတကြီး ကြည့်လိုက်လေသည်။

သူမ၏မျက်ဝန်းအစုံသည် အကူအညီတောင်းသည့် အရိပ်အယောင်များ ဖြစ်ပေါ်နေသည်။

ချောင်ဖုံးသည် ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ် ဝေါယာဉ်သည် သူ့အားဖြတ်ကျော်သွားကာ မြို့ရှိရာလမ်းဘက်သို့ဦးတည်ထွက်ခွာသွားလေသည်။

ချောင်ဖုံးသည် မိန်းကလေး၏ သနားစဖွယ်အကြည့် ကို မြင်တွေ့လိုက်ရသဖြင့် ရင်ထဲ နင့်ခနဲခံစားလိုက်ရသည်။

ချောင်ဖုံးသည် လူသားတစ်ယောက်ဖြစ်ပေသည်။

ထို့ကြောင့် သူ့တွင် ကြင်နာသနားတတ်သည့်

ရိုးဖြောင့်ကူညီတတ်သော စိတ်ကောင်းစေတနာလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိပေသည်။

သို့သော် သူသည် ရုတ်တရက်မို့ မိန်းကလေးအား ကူညီရမည်လော။

သို့မဟုတ် မကူညီဘဲ ဤအတိုင်း လက်ပိုက်ကြည့်နေရမည်လော။

မည်သို့လုပ်ရမည်ကို အဖြေမရနိုင်ဘဲ အကြံအိုက်နေသည်။

ထိုစဉ်မှာပင်. . . .

"ဟိုမှာပြေးပြီ. . . လိုက်. . . လိုက်"

ဆူညံသောအသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

ချောင်ဖုံး လှည့်ကြည့်လိုက်မိသည်။

ထိုအခါ စောစောက ဝေါယာဉ်ပေါ်မှ မိန်းကလေးသည် ဝေါယာဉ်ပေါ်မှခုန်ချကာ သူ့ထံသို့ ပြေးလာနေသည်ကို တွေ့လိုက်ရလေသည်။

သူ့နောက်မှ ဝေါထမ်းသမားလေးယောက်နှင့် အမျိုးသမီးတစ်ယောက်က ဆူညံစွာ အော်ဟစ်ရင်း ပြေးလိုက်လာကြသည်။

မိန်းကလေးသည် ချောင်ကျင်းအနီးသို့ မရောက်သေးချေ။

နောက်မှပြေးလိုက်လာသော လူများကမိသွားလေသည်။



သူမအား မိသွားသည်နှင့် အမျိုးသမီးက မိန်းကလေး၏ပါးနှစ်ဖက်အား ဘယ်ပြန်ညာပြန် ရိုက်ချလိုက်လေသည်။

"ညည်း အခုလို ထွက်ပြေးချင်တိုင်း ထွက်ပြေးလို့ရမယ်ထင်သလား။ ညည်းကို ငါတို့က အလကားခေါ်လာတာ မဟုတ်ဘူး။ ငွေပေးပြီးခေါ်လာတာ"

ဟု အော်ငေါက်လိုက်၏။

မိန်းကလေးက ငိုကြွေးလိုက်သည်။

ပြီးမှ သူမကအမျိုးသမီးအား အသနားခံသောအကြည့်ဖြင့်ကြည့်ကာ. . .

"သည်ငွေတွေကို ကျွန်မ ပြန်ဆပ်ပါ့မယ်ရှင်၊ ကျွန်မအာဆေကို မခွဲနိုင်လို့ပါ"

ဟု တောင်းပန်လိုက်၏။

ထိုအခါ အမျိုးသမီးက. . .

"နင့်ရဲ့အဖေ ချမ်းချမ်းသာသာ နေရဖို့အတွက်ပဲ နင်မခွဲချင်လည်း ခွဲရမှာပေါ့"

ဟု ပြောလိုက်သည်။

မိန်းကလေးက. . .

"အဖေကလည်း ကျွန်မကို မခွဲချင်ဘူးဆိုတာ ကျွန်မသိပါတယ်၊ အခုလောက်ဆို အဖေလည်းငိုနေလောက်ပြီ၊ အဖေက ဘုန်းမာရေး သိပ်ကောင်းတာမဟုတ်ပါဘူး၊ ကျွန်မကို အိမ်ပြန်ပို့ပေးပါရှင်"

အမျိုးသမီးက. . .

www.burmeseclassic.com

www.burmeseclassic.com



"နင့်ပါးစပ် ပိတ်ထားစမ်း"

ခက်ထန်စွာ အော်ငေါက်လိုက်သည်။

မိန်းကလေးက ငိုကြွေးလိုက်သည်။

"ကျွန်မကို ပြန်ပို့ပေးပါရှင်"

ဟု ထပ်မံပြောပြန်သည်။

ထို့နောက်. . .

သူမအားဖမ်းချုပ်ထားသော လူသန်ကြီးနှစ်ယောက်၏ လက်မှရုန်းထွက်ရန် အတင်းပင်ကြိုးစားလိုက်လေသည်။

အမျိုးသမီးက မျက်နှာထားတင်းတင်းဖြင့်. . .

"သူ့ကိုဝေါယာဉ်ပေါ် ပြန်ခေါ်သွား"

ဟု ပြောလိုက်သည်။

လူသန်ကြီးလေးယောက်သည် သူမအားဖမ်းချုပ်လိုက်လေသည်။ တဆက်တည်းပင် ဝေါယာဉ်ရှိရာသို့ ခေါ်ဆောင်သွားကြလေသည်။

မိန်းကလေးမှာ အကြောက်အကန်ပင် အတင်းရုန်းကန်နေသည်။

သို့သော် အင်အားချင်းမမျှ၍ သူမသည် ရုန်းကန်နေသော်လည်း အချည်းနှီးသာဖြစ်ခဲ့ရလေသည်။

သူမသည် လူသန်ကြီးလေးယောက် ဆွဲခေါ်ရာသို့ ဒရွတ်တိုက်လိုက်ပါသွားရလေတော့သည်။

❂ ❂ ❂



ဝေါယာဉ်သည် ပြန်လည်ထွက်ခွာသွားသည်။

ယခု ဝေါယာဉ်ပေါ်မှ မိန်းကလေးသည် ငိုကြွေးခြင်းမပြုတော့ပေ။

အံကို တင်းတင်းကြိတ်ထားသည်။

လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျှက် လူသန်ကြီးများခေါ်ဆောင်ရာသို့ လိုက်ပါသွားလေသည်။

သို့သော် ဝေါယာဉ်သည် အတန်ဝေးဝေးသို့ပင် မရောက်သေးပါချေ။

ရုတ်တရက် ရပ်တန့်သွားလေသည်။

အဘယ်ကြောင့် ဝေါယာဉ်ရပ်တန့်သွားရသည်ကို သိလို၍ မိန်းကလေးက လိုက်ကာအား အသာလှပ်ကြည့်လိုက်သည်။

ထိုအခါ သူမ၏မျက်နှစ်တစ်ခုလုံး ပြုံးယောင်သန်းသွားလေတော့သည်။

အကြောင်းမှာ. . .

စောစောက သူမ လမ်း၌တွေ့ခဲ့သော လူငယ်မှာ ယခု [illegible]သွားနေသော အမျိုးသမီးရှေ့မှ ပိတ်ရပ်နေသည်ကိုတွေ့ရှိခဲ့ရသောကြောင့်ပင် ဖြစ်လေသည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး မျက်မှောင်ကြုတ်သွားသည်။

သူမက လူငယ်အားကြည့်ပြီး. . .

"မင်းက ဘာကိစ္စရှိလို့ ငါတို့တွေကို တားရတာလဲ"

ဟုမေးလိုက်သည်။

ချောင်ဖုံးက ဝေါယာဉ်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီးလျှင်. . .

"ဝေါယာဉ်ပေါ်က မိန်းကလေးကို ခင်ဗျားတို့ ဖမ်းခေါ်လာကြတာ မဟုတ်လား"

သူ၏ မေးခွန်းကြောင့် အမျိုးသမီးကနှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး. . .

"ဘယ်ကဟုတ်ရမှာလဲ၊ ငါတို့ သူဌေးမက သည်မိန်းကလေးကို ငွေအများကြီးပေးပြီး ဝယ်ခဲ့ရတာ၊ အခုငွေလည်း အကုန်ရပြီးရော မလိုက်ချင်ဘူးပြောနေတယ်လေ"

ချောင်ဖုံးက. . .

"သူ မလိုက်ချင်တာကို ဘာလို့အတင်းခေါ်နေရတာလဲ"

အမျိုးသမီးက မျက်မှောင်ကြုတ်၍. . .

"သူ မလိုက်ချင်တိုင်း မလိုက်လို့ရမလား။ ကျွန်မတို့က သူ့ကို ငွေအားလုံးပေးပြီးသွားပြီ၊ သည်တော့ စာချုပ်အတိုင်း သည်မိန်းကလေးကိုခေါ်ရမှာပဲ၊ သူ သဘောတူတူ မတူတူ ကျွန်မတို့ငွေကို သူတို့ယူပြီးသွားပြီ"

ချောင်ဖုံးက. . .

"သူတို့ဆိုတာ ဘယ်သူတွေလဲ"



"သူနဲ့သူ့အဖေပေါ့"

ချောင်ဖုံး မျက်မှောင်ကြုတ်သွားပြီး. . .

"နေဦး။ ခင်ဗျားစကား မှန်မမှန် မိန်းကလေးကိုမေးကြည့်ဦးမယ်"

အမျိုးသမီး ဒေါသထွက်သွားသည်။ သူမသည် လူသန်ကြီးလေးယောက်ဘက်သို့ လှည့်လိုက်ပြီးလျှင်. . .

"ဟေ့. . . သူ့ကို ဆုံးမလိုက်"

ဟုပြောလိုက်သည်။

သူမ၏စကား ဆုံးသွားသည်နှင့်တပြိုင်နက် လူသန်ကြီးလေးယောက်သည် ဝေါယာဉ်ကို အောက်သို့ချထားလိုက်ပြီး ခါးမှဓားကို ဆွဲထုတ်လိုက်ကြလေသည်။

"ချွမ်. . . ချွမ်"

ချောင်ဖုံးသည်လည်း ခါးမှသူ၏ဓားကို ဆွဲထုတ်လိုက်သည်။

လူသန်ကြီးလေးယောက်၏ တိုက်ခိုက်မှုကို ကာကွယ်လိုက်သည်။

"ချွမ်. . . ချွမ်"

ယင်းသို့ ဓားဓားချင်းထိတွေ့သောအခါ လူသန်ကြီးလေးယောက်မှာ သိုင်းပညာအဆင့် မြင့်မားသူများဖြစ်သည်ကို ချောင်ဖုံး ချက်ချင်းသိလိုက်လေသည်။

ထို့ကြောင့် သူက လူသန်ကြီးလေးယောက်အား အထင်ခသေးဝံ့တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့် လေးယောက်ဖြစ်သည့်အပြင် နှစ်ဖက်စလုံး သိုင်းပညာမည့်သူများမို့ တိုက်ပွဲမှာ ကြည့်ကောင်းလှပေသည်။

ချောင်ဖုံး၏ သိုင်းပညာမည့်ပါ။

သို့သော် သူသည် သိုင်းပညာအဆင့်မြင့်သော လူသန်ကြီးလေးယောက်နှင့် ယှဉ်နေရသည်မို့ အလွယ်တကူနှင့် အနိုင်တိုက်နိုင်မည် မဟုတ်ချေ။

ထို့အပြင် အချိန်ကြာလာသည်နှင့် မိမိမှာလက်ရည်ကျလာမည်ကို စိုးရိမ်ရလေသည်။

ချောင်ဖုံး သည်ယင်းသို့ အခက်တွေ့နေစဉ်မှာပင်. . .

"ရပ်လိုက်"

အမိန့်ပေးသံတစ်သံသည် အားမာန်ပါလှပြီး ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပထမပိုင်းပြီး၏။

ဒု-ဇာတ်သိမ်းပိုင်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ-၃၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရှို၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။



## ပေဒါအဘိုးအို

အသံရှင်မှာ ဩဇာအာဏာအပြည့် ရှိပုံရသည်။

ထိုအသံကို ကြားလိုက်သည်နှင့် လူသန်ကြီးလေးယောက်မှာ တိုက်ခိုက်နေရာမှ ရုတ်တရက် ရပ်တန့်လိုက်ကြလေသည်။

ချောင်ဖုံးကလည်း တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး အသံလာရာသို့ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ. . .

စုတ်စုတ်ပြတ်ပြတ်နှင့် သူတောင်းစားအဘိုးအိုတစ်ယောက်က သူတို့ထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ချောင်ဖုံးသည် အဘိုးအိုအား မယုံနိုင်စွာဖြင့် အကဲခတ်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုမှာ ခါးကုန်းနေပြီး ခန္ဓာကိုယ်ကိုပင် မယိမ်း
ယိုင်အောင် မနည်းတည့်မတ်ပြီး လျှောက်နေပုံပေါ်လေသည်။

သို့သော်. . .

ယင်းအဘိုးအို အဘယ်ကြောင့် အသံဩဇာနှင့် ပြည့်ဝ
နေရပါသနည်း။

ဤအတိုင်းဆိုလျှင်. . .

အဘိုးအိုမှာ သာမန်အဘိုးအိုတစ်ယောက် မဖြစ်နိုင်
ချေ။

သိုင်းပညာရှင် ထိပ်တန်းသိုင်းသမား အဘိုးအိုတစ်
ယောက် ဖြစ်ရမည်ဟု ချောင်ဖုံးက ကောင်းစွာ ယုံကြည်လိုက်
လေသည်။

ထိုစဉ် အဘိုးအို၏အသံ ထွက်ပေါ်လာသည်။

"မင်းတို့တတွေ ဘာကြောင့် တိုက်ခိုက်နေကြတာလဲ"

ဟု မေးလေသည်။

ထိုအခါ. . .

လူသန်ကြီးလေးယောက်က ရှေ့သို့ လှမ်းထွက်လိုက်ပြီး
လက်နှစ်ဖက်ဆုပ်ကာ အဘိုးအိုအား အရိုအသေပေး၍. . .

"ဆရာကြီး. . . သည်ကောင်လေးက ကျွန်တော်တို့ကို
နှောင့်ယှက်နေလို့ ဆုံးမနေတာပါ"

ဟု ပြောလိုက်သည်။

အဘိုးအိုက ချောင်ဖုံးအား တစ်ချက်ကြည့်လိုက်လေ
သည်။



ပြီးမှ. . .

"သူပြောတာ ဟုတ်သလား ကောင်လေး"

ဟု မေးလိုက်ပြန်သည်။

ချောင်ဖုံးကလည်း လက်နှစ်ဖက်ဆုပ်၍ အရိုအသေ
ပေးလိုက်ပြီး. . .

"ကျွန်တော်နှောင့်ယှက်တာ မဟုတ်ပါဘူး"

သူက ဝေယာဉ်ပေါ်မှ မိန်းကလေးအား လက်ညှိုးထိုး
ပြရင်း. . .

"ဟို. . . မိန်းကလေးက မလိုက်ပါရစေနဲ့လို့ အသနား
ခံတောင်းပန်နေတာကို အတင်းခေါ်နေကြလို့ ကျွန်တော်က
လူသားချင်း ကူညီရိုင်းပင်းလိုတဲ့စိတ်နဲ့ အကျိုးအကြောင်း မေး
မြန်းကြည့်တာပါ၊ ဒါကို သူတို့က လက်မခံကြဘူး"

ဟု ပြောလိုက်သည်။

အဘိုးအိုက. . .

"မင်းက ဘာမေးချင်လို့လဲ"

ချောင်ဖုံးက. . .

"သည်အမျိုးသမီး ပြောတာတွေ ဟုတ်မဟုတ်ဆိုတာ
မိန်းကလေးကို မေးချင်လို့ပါ"

အဘိုးအိုက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကောင်းပြီ၊ မိန်းကလေးကို ဘာမေးမလို့လဲ၊ မေးနိုင်
တယ်"

ချောင်ဖုံးက. . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဘဘ"

အဘိုးအိုက အမျိုးသမီးအား တစ်ချက်ကြည့်လိုက်ပြီး

"ဟော့. . . မိန်းကလေးကို ဝေါယာဥ်ထဲက ခေါ်ထုတ်ခဲ့
ဒ်း"

ဟု အမိန့်ပေးသံဖြင့် ပြောလိုက်သည်။

ဤသည်ကို အမျိုးသမီးက ကျေနပ်ခြင်းမရှိပါချေ။

သို့သော်. . .

လူသန်ကြီးလေးယောက်ကိုယ်တိုင်က အဘိုးအို၏
ားကို နားထောင်နေ၏။

သူမလည်း မလွှဲသာတော့ချေ။

ဝေါယာဥ်ထဲမှ မိန်းကလေးကို ခေါ်ထုတ်လာရလေ
ာ့သည်။

❁ ❁ ❁



ချောင်ဖုံးသည် မိန်းကလေးအား သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

မိန်းကလေးမှာ အလွန်ချောမောလှပကာ ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု သူက မှတ်ချက်ချမိလေသည်။

"ဒါနဲ့ မိန်းကလေးက ဘယ်လိုအခက်အခဲတွေနဲ့ ကြုံတွေ့နေရတယ်ဆိုတာကို ပြောပြပါ၊ ကျုပ် မိန်းကလေးကို တတ်နိုင်သလောက် ကူညီပေးပါ့မယ်"

ဟု ပြောလိုက်သည်။

ထိုအခါ မိန်းကလေးက မဝံ့မရဲဖြင့် သူ့အား မော့ကြည့်လိုက်လေသည်။

"ကျွန်မ. . . ကျွန်မ"

စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ချောင်ဖုံးက ပြုံးလိုက်သည်။

မိန်းကလေးအား ကြည့်ကာ. . .

"ပြောသာပြောပါ၊ ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး"

မိန်းကလေးက. . .

"ဟုတ်. . . ဟုတ်ကဲ့၊ သည်လိုပါ အစ်ကို၊ ကျွန်မအဖေက ရောဂါသည်တစ်ယောက်ပါ၊ ကျွန်မတို့မှာ အားကိုးစရာဆိုလို့ သည်သားအဖ နှစ်ယောက်တည်း ရှိတာပါ"

ဟု ပြော၏။

ချောင်ဖုံးက တိတ်ဆိတ်နေလျက် နားထောင်နေလေ

www.burmeseclassic.com



၏။ မိန်းကလေးက ဆက်၍...

"အခု ကျွန်မကို မိထွေးနဲ့ သူနဲ့ပါလာတဲ့ အစ်ကိုက ရောင်းစားလိုက်ကြတာပါ၊ သူတို့က အဖေ့ဆေးဖိုး မရှိလို့ဆိုပြီး ကျွန်မကို နားချတယ်၊ ကျွန်မက လက်မခံဘဲ ငြင်းဆိုခဲ့ပေမယ့် သူတို့က ကျွန်မကို အတင်းထိုးထည့်လိုက်တယ်"

"အဖေကတော့ အိပ်ရာထဲ လဲနေတာကြောင့် ဘာမှ မတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေတယ်လေ၊ အခုလောက်ဆို အဖေ့ ကျန်းမာရေး အခြေအနေက ပိုဆိုးနေမှာ၊ ကျွန်မအဖေ့ကို စိတ်မချဘူး၊ ကျွန်မပြန်ချင်တယ်၊ ကျွန်မကို ကူညီပါ အစ်ကိုရယ်"

မိန်းကလေးက ပြောရင်း ဒူးထောက်ချလိုက်လေသည်။

ချောင်ဖုံးမှာ အားတုံ့အားနာ ဖြစ်သွား၏။

ကပျာကယာပင်...

"ဟာ...မိန်းကလေး၊ သည်လို မလုပ်ပါနဲ့ ထပါ"

ဟု ပြောလိုက်၏။

မိန်းကလေးက...

"ကျွန်မကို ကူညီပါနော် အစ်ကို"

ဟု ထပ်မံတောင်းပန်လိုက်သည်။

ချောင်ဖုံးက...

"ကျုပ်တတ်နိုင်သလောက် ကူညီမှာပါ၊ ကဲ ထပါဗျာ"

ထိုအခါကျမှ မိန်းကလေးက ဒူးထောက်နေရာမှ ထရပ်လိုက်လေသည်။

အဘိုးအိုမှာမူ သူတို့အား ကြည့်ပင် မကြည့်ပေ။



တခြားဘက်သို့ လှည့်ကာ ကျောခိုင်း၍ပင် နေလေ
သည်။

ချောင်ကျင်းက အမျိုးသမီးအားစိုက်ကြည့်လိုက်ပြီး၊လျှ

"ခင်ဗျား သည်မိန်းကလေးကို ဘယ်လောက်နဲ့ ဝယ်
တာလဲ"

ဟု မေးလိုက်သည်။

အမျိုးသမီးက...

"ရွှေနှစ်ကျပ်သား"

ဟု ပြော၏။

ချောင်ဖုံး စိတ်ပျက်သွားလေသည်။

သူ့တွင်ပါလာသော ငွေမှာလည်း ဤမျှသာရှိလေ
သည်။

အကယ်၍ မိန်းကလေးအား ထိုငွေဖြင့် ပြန်ဝယ်လိုက်
လျှင် သူ့အဖို့ ရှေ့ဆက်ပြီး သုံးစွဲရန် ငွေမရှိတော့ပေ။

သို့သော် သူသည် မိန်းကလေးအား ထိုငွေဖြင့် ဝယ်
ရန် ယတိပြတ် ဆုံးဖြတ်လိုက်လေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဖုံးသည် ငွေထုပ်အား အမျိုးသမီးကို လှမ်းပေး
လိုက်သည်။

"ရော့. . . သည်အထဲက ငွေဟော ရွှေနှစ်ကျပ်သားဖိုး
လောက်တော့ ရှိတယ်၊ မိန်းကလေးကို ကျုပ်ပြန်ဝယ်လိုက်ပြီ"

အမျိုးသမီးက ငွေထုပ်အား လှမ်းယူခြင်း မရှိပေ။

ထိုအခါ. . .

အဘိုးအိုက အမျိုးသမီးအား လှည့်၍. . .

"ဟေ့. . . ဘာလုပ်နေတာလဲ၊ ငွေထုပ်ယူပြီး သွားကြ
တော့လေ"

ဟု ပြောလိုက်လေသည်။

ထိုအခါကျမှ. . .

အမျိုးသမီးသည် မကျေမနပ်ဖြင့် ငွေထုပ်အား လှမ်းယူ
လိုက်ပြီး လူသန်ကြီးဘက်လှည့်၍. . .

"သွားမယ်"

ဟု ပြောလိုက်သည်။

ထို့နောက် ရှေ့ဆုံးမှ ထွက်ခွာသွားလေသည်။

လူသန်ကြီးလေးယောက်ကလည်း စကားတစ်ခွန်းမျှ
ဝင် ရောက်ပြောဆိုခြင်းမရှိဘဲ ဝေါယာဉ်ကိုထမ်း၍ အမျိုးသမီး
နောက်မှ လိုက်သွားကြလေတော့၏။

❖ ❖ ❖



လူသန်ကြီးတို့ ထွက်ခွာသွားကြပြီ ဖြစ်လေသည်။

ထိုအခါ. . .

မိန်းကလေးက ချောင်ဖုံးဘက်လှည့်၍. . .

"အစ်ကိုလေးရဲ့ ကျေးဇူးကို ကျွန်မ ဘယ်လိုဆပ်ရမှန်း
မသိတော့ပါဘူး"

ဟု ပြော၏။

ချောင်ဖုံးက ပြုံးလိုက်ပြီး. . .

"မိန်းကလေးက ကျုပ်ကို ကျေးဇူးတင်ရမှာမဟုတ်ပါ
ဘူး"

သူက အဘိုးအိုအား လက်ညှိုးညွှန်ပြရင်း. . .

"ဟောသည်က ဘဘကိုသာ ကျေးဇူးတင်ရမှာပါ"

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့် အဘိုးအိုက ကြောင်အမ်းအမ်း ဖြစ်
သွားသည်။

"ဟေ. . . ငါက သည်ကလေးမကို ဘာတွေ ကူညီခဲ့လို့
ကျေးဇူး ရှိရမှာလဲကွ"

ချောင်ဖုံး ပြုံးလိုက်ပြီး. . .

"ဘဘသာ ရောက်မလာရင် သည်မိန်းကလေးကို
ကျွန်တော် မကူညီနိုင်တဲ့အပြင် ကျွန်တော်လဲ ဒဏ်ရာအတော်
ရသွားနိုင်တယ်"

ဟု ပြော၏။

အဘိုးအိုက စကားမပြောတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကလည်း သဘောပေါက်နားလည်သွားပြီး အဘိုးအိုအား ကျေးဇူးတင်စကား ပြောလိုက်လေသည်။

အဘိုးအိုက ရုတ်တရက် ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား၊ နေရင်းထိုင်ရင်း ငါလဲ ကျေးဇူးရှင်ကြီး ဖြစ်နေရပါလား"

သူက ချောင်ဖုံးအား တစ်ချက်ကြည့်လိုက်ပြီး. . .

"သည်မှာ ကောင်လေးရ၊ ငါက ပါးစပ်သာရှိပြီး ငွေ မရှိတဲ့ကောင်ကွ"

ဟု ပြော၏။

ထိုအခါ. . .

မိန်းကလေးက ဝင်ရောက်ပြောဆိုလိုက်လေသည်။

"သည်လိုဆိုလဲ ဘဘက ပါးစပ်နဲ့ ကူညီတဲ့ ကျေးဇူးရှင်၊ အစ်ကိုလေးက ငွေနဲ့ကူညီတဲ့ကျေးဇူးရှင် နှစ်ယောက်စလုံး ကျွန်မရဲ့ ကျေးဇူးရှင်တွေပါပဲ မဟုတ်ဘူးလား"

"ဟား. . . ဟား. . . ဟား၊ ဟုတ်တယ်. . . ဟုတ် တယ်"

အဘိုးအိုက မိန်းကလေး၏စကားကို သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

❁ ❁ ❁



"ဒါနဲ့. . . သည်လူတွေ ဘဘကို အတော်ကြောက်နေ ပုံရတယ်"

ချောင်ဖုံးက အဘိုးအိုအား မေးလိုက်ခြင်း ဖြစ်လေ သည်။ အဘိုးအိုက ပြုံးလိုက်ပြီး. . .

"ကြောက်သာ ကြောက်တာပါ၊ သည်ကောင်တွေ ငါ့ ကွယ်ရာဆို လုပ်ချင်တာ လုပ်နေကြတာ"

ဟု ပြော၏။

ချောင်ဖုံးက. . .

"သူတို့က အဘရဲ့တပည့်တွေလား"

အဘိုးအိုက. . .

"ဘယ်က ဟုတ်ရမှာလဲ၊ သူတို့က ကြေးစားလူမိုက်တွေ၊ မကောင်းတာဆို အကုန်လုပ်တတ်တယ်"

ချောင်ဖုံးက. . .

"ဘဘကို ကြည့်ရတာ သိုင်းပညာရှင်တစ်ယောက်နဲ့ တူ တယ်"

အဘိုးအိုက. . .

"ငယ်ငယ်ကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခု ငါက သည်လောက်အိုမင်းနေတာ၊ မင်းတို့လို လူငယ်တွေကိုတော့ ဘယ်မီမှာလဲ"

ဟု ပြော၏။ ချောင်ဖုံး ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ် ထားလိုက်လေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဖုံးက မိန်းမလှလေးဘက်သို့ လှည့်လိုက်ပြီး. . .

"ကဲ. . . မိန်းကလေး၊ မင်းအိမ်က ဘယ်မှာလဲ၊ ငါ ဘယ်ကို လိုက်ပို့ပေးရမလဲ"

ဟု မေးလိုက်၏။

ထိုစကားကို ကြားလိုက်ရသောအခါ မိန်းကလေး၏ ပျော်ရွှင်နေသော မျက်နှာကလေးမှာ ချက်ချင်းညှိုးနွမ်းသွားလေသည်။

"ကျွန်မ. . . ကျွန်မ"

ချောင်ဖုံးက. . .

"ဘာပြောမလို့လဲ၊ ပြောလေ"

မိန်းကလေးက. . .

"ကျွန်မ အိမ်ကို မပြန်ချင်ဘူး"

ဟု ပြောလေသည်။

ချောင်ဖုံးက. . .

"မင်းအဖေ နေမကောင်းဘူး၊ မင်းအဖေနဲ့ မခွဲနိုင်ဘူးဆို"

ဟု မေး၏။

မိန်းကလေးက. . .

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် မိထွေးနဲ့ သူ့အစ်ကိုက ကျွန်မပြန်လာတာကိုတွေ့ရင် သူတို့က ကျွန်မကို ပြန်ရောင်းစားကြမှာ"

ချောင်ဖုံး ခေါင်းညိတ်လိုက်သည်။



"ဒါလဲ ဟုတ်တာပဲ"

သူက အနည်းငယ်စဉ်းစားလိုက်ပြီး ခေါင်းကုတ်လိုက်မိသည်။

"ဒုက္ခပဲ၊ မင်းကို ဆက်ပြီးကူညီဖို့ဆိုတာ ငါ့ဘာသာ ငါတောင် သွားစရာလဲမရှိဘူး၊ ငွေလဲမရှိတော့ဘူး"

ချောင်ဖုံးက ညည်းညူလိုက်မိသည်။

မိန်းကလေးက စိတ်မကောင်းစွာဖြင့်. . .

"ကျွန်မအတွက် ဒုက္ခ မရှာပါနဲ့တော့ရှင်၊ သည်လောက်ကူညီတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ကျွန်မကြောင့် အစ်ကိုလေး ဒုက္ခရောက်ရတဲ့အတွက် ကျွန်မစိတ်မကောင်း. . ."

သူမ၏စကား မဆုံးသေးပါချေ။

ချောင်ဖုံးက စကားဖြတ်လိုက်၏။

"ကျုပ်က ငွေကုန်တာကိုနှမြောလို့ ပြောနေတာ မဟုတ်ဘူး၊ မင်းကိုဆက်ပြီး ကူညီဖို့ အင်အား မရှိမိတာကို စိတ်မကောင်း ဖြစ်မိလို့ ပြောမိတာပါ"

ဟု ပြောလိုက်၏။

ထိုစဉ်. . .

အဘိုးအိုက. . .

"ကဲ. . . တော်ကြတော့၊ မင်းတို့ အခက်အခဲတွေကို ငါဖြေရှင်းနိုင်တယ်"

ဟု ကြားဝင်ပြော၏။

အဘိုးအို၏စကားကြောင့် ချောင်ဖုံးရော မိန်းကလေး

www.burmeseclassic.com



တို့နှစ်ယောက် အဘိုးအိုအား လှည့်ကြည့်မိလေသည်။

အဘိုးအိုက ပြုံး၍. . .

"ငါ့မှာ ငွေမရှိပေမယ့် မေတ္တာတရားတော့ ရှိပါတယ်ကွာ၊ ကဲ. . . မင်းတို့နှစ်ယောက်စလုံး ငါ့အိမ်ကို လိုက်ခဲ့ကြ"

အဘိုးအိုက ပြောပြီး ထွက်ခွာသွားလေသည်။

ချောင်ဖုံးနှင့် မိန်းကလေးက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

ထို့နောက်. . .

စကားမပြောကြတော့ဘဲ အဘိုးအိုနောက်သို့ လိုက်သွားကြလေသည်။

❖ ❖ ❖



## ဖခင်

ဤနေရာသည် အဆောက်အအုံပျက်တစ်ခု ဖြစ်ေ
သည်။

လူနေထိုင်ခြင်း မရှိသောကြောင့် ချုံနွယ်ပိတ်ပေါ
များထူထပ်ကာ ရေညှိများပင်တက်၍ ပျက်စီးယိုယွင်းနေပြီ ဖြ
သည်။

အဘိုးအိုသည် ထိုအဆောက်အအုံပျက်အား ညွှန်
လိုက်ပြီး. . .

"ဒါ ငါနေတဲ့ နေရာပဲ"

ဟု ပြောလိုက်သည်။

ချောင်ဖုံးအဖို့ မည်သည့်နေရာတွင် နေရနေ
အကြောင်းမဟုတ်ပေ။

သို့သော်. . .

သူက မိန်းကလေးကို အားနာစွာ ကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး၊ မင်းနေနိုင်ပါ့မလား"

ဟု မေးလိုက်၏။

ထိုအခါ မိန်းကလေးက ပြုံးလိုက်သည်။

"ဘာလို့ မနေနိုင်ရမှာလဲ အစ်ကိုလေးရဲ့၊ ကျွန်မအဖို့တော့ အစ်ကိုလေးတို့နဲ့ တွေ့ရတာ သိပ်ကံကောင်းတာပဲ"

သူမက ချက်ချင်းပင် ဝမ်းနည်းသော လေသံသို့ ပြောင်းသွားပြီး...

"အခုလောက်ဆို အဖေ ဘယ်လိုနေမလဲ မသိဘူး၊ သူတို့ကတော့ ပိုက်ဆံရသွားကြလို့ အပျော်လွန်ပြီး အဖေ့ကို ဂရုစိုက်ပါတော့မလား"

ချောင်ဖုံးက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"တဲ... မိန်းကလေး၊ စိတ်မကောင်းစရာတွေ တွေးမနေနဲ့တော့၊ မင်းအဖေရဲ့ အခြေအနေကို သိချင်ရင် ညကျမှ မင်းမိထွေးတို့ အလစ်မှာ သွားတွေ့လိုက်ပေါ့၊ ကျုပ်လိုက်ပို့ပေးပါ့မယ်"

ဟု ပြောလိုက်သည်။

မိန်းကလေး ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုလေး"

"ဒါနဲ့ မင်းနာမည် ဘယ်သူလဲ"

ချောင်ဖုံးက မေးလိုက်သည်။

မိန်းကလေးက...

"ယုလျှံပါ"



ထို့နောက်...

သူတို့သည် စကားဖြတ်၍ အဆောက်အအုံပျက်ထဲသို့ လှမ်းဝင်သွားကြလေသည်။

❖ ❖ ❖

ည...

အမှောင်ထုက ကြီးစိုး၍နေသည်။

ချောင်ဖုံးသည် ပူပန်မှုကြောင့် လဲလျောင်း၍ အနားယူလိုက်သည်နှင့် အိပ်ပျော်သွားသည်။

ထို့နောက်...

မည်မျှပင် အချိန်ကြာသွားသည် မသိပေ။

"အစ်ကို... အစ်ကို ထပါဦး"

တစ်ယောက်ယောက်၏ လှုပ်နှိုးမှုကြောင့် ချောင်ဖုံးက အိပ်ရာမှ နိုးလာလေသည်။

သူက မျက်လုံးဖွင့်ကြည့်လိုက်သည်။

ထိုအခါ...

မှုန်ဝါးဝါးမီးရောင်အောက်တွင် ယုလျှံက သူ့အား နှိုးနေသည်ကို တွေ့လိုက်ရသည်။

သူက လဲလျောင်းနေရာမှ ထလိုက်ပြီး...

"ဘယ်အချိန်တောင် ရှိနေပြီလဲ၊ ဘာဘာကော မတွေ့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ယုလျှံက. . .

"အစ်ကို အိပ်ပျော်သွားပြီး သိပ်မကြာဘူး၊ ဘဘကိုလဲ မတွေ့တော့ဘူး၊ အခု အတော်မှောင်နေပြီ၊ ကျွန်မဖေဖေ့ကို သွားတွေ့ချင်တယ်၊ အစ်ကိုလိုက်ပို့ပေးမယ်ဆို"

ချောင်ဖုံးက. . .

"ဘဘပြန်လာလို့ အစ်ကိုတို့ကို မတွေ့ရင် စိတ်ပျက်နေဦးမယ်"

ဟု ပြောလိုက်၏။

ယုလျှံက. . .

"ကျွန်မတို့ သည်ည ဖေဖေနဲ့ သွားတွေ့မယ်လို့ ပြောနေတဲ့ စကားကို ဘဘလဲ ကြားမှာပေါ့ အစ်ကိုရယ်၊ ကျွန်မတို့ကို မတွေ့ရင် ဘဘနားလည်မှာပါ"

ချောင်ဖုံး ခေါင်းညိတ်လိုက်သည်။

တစ်ဆက်တည်းပင် သူက ထိုင်နေရာမှ ထရပ်လိုက်ပြီး

"ကဲ. . . ဒါဖြင့် သွားကြတာပေါ့"

ဟု ပြောလိုက်သည်။

ထိုစဉ်. . .

"မင်းတို့ ဘယ်သွားကြမလို့လဲ"

ထိုအသံနှင့်အတူ အဘိုးအိုက လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

သူ၏ပခုံးပေါ်တွင်လည်း လူတစ်ယောက် ပါလာလေသည်။ ချောင်ဖုံးနှင့် ယုလျှံတို့က ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။



ချောင်ဖုံးက. . .

"ဘဘ ဘယ်က ပြန်လာတာလဲ၊ သည်လူကကော ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ထို့အပြင်. . .

အဘိုးအိုသည် ယခုအခါတွင် ခါးမကုန်းတော့ဘဲ မားမားမတ်မတ် ရပ်နေသည်ကို တွေ့လိုက်ရသဖြင့် ပို၍ အံ့သြနေကြလေသည်။

အဘိုးအိုက ပြုံးလိုက်သည်။

ပြီးမှ ချောင်ဖုံးနှင့် ယုလျှံတို့အား ကြည့်ကာ. . .

"ငါ နောက်မှ ရှင်းပြမယ်၊ လောလောဆယ် သည်လူ့ရောဂါ အတော်ဆိုးနေတယ်၊ ဆေးကုပြီး တိုက်ရမယ်၊ ငါ့ကို ဝိုင်းကူကြဦး"

ဟု ပြောလိုက်သည်။

ထို့နောက်. . .

ပခုံးပေါ် ထမ်းလာသော သူအား အိပ်ရာပေါ်သို့ ချရန် ပြင်လိုက်သည်။

ချောင်ဖုံးတို့ကလည်း ဝိုင်းကူ၍ ချပေးလိုက်ကြလေသည်။

သတိမေ့နေသော လူကို အိပ်ရာပေါ်သို့ ချလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် ထိုလူ၏မျက်နှာကို မြင်တွေ့လိုက်ရသောအခါတွင်မူ. .
ယုလှိုင်၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားရတော့သည်။

"ဟင်. . . ဖေဖေ၊ ဒါ. . . ဒါ ကျွန်မအဖေပဲ"

ဟု အံ့ဩစွာ ရေရွတ်လိုက်လေတော့သည်။

✲ ✲ ✲

အဘိုးအို၏အမည်မှာ ဝီစန်း ဖြစ်သည်။

အဘိုးအိုဝီစန်း၏ ညွှန်ကြားမှုအတိုင်း ယုလှိုင်သည် ဆေးကို၍ ဖခင်ဖြစ်သူအား တိုက်ကျွေးလိုက်လေ၏။

ထို့နောက် သူမသည် ဝီစန်းအား. . .

"ဘဘ၊ အဖေနဲ့ ဘယ်လိုလုပ် တွေ့လာတာလဲဟင်"

ဟု မေးလိုက်လေသည်။

ဝီစန်းက. . .

"ငါသွားခေါ်လာတာလေ"

ဟု ပြော၏။

ထိုစကားကြောင့် ယုလှိုင်က ကြောင်အမ်းအမ်း ဖြစ်သွားလသည်။

"ကျွန်မတို့အိမ်ကို ဘဘက သိလို့လား၊ နောက်ပြီးတော့"

ဝီစန်းက ရယ်မောလိုက်သည်။

"ကလေးမအိမ်ကို သိဖို့ဆိုတာ ငါ့အတွက်တော့ အလွယ်လေးပါ။ ပါးစပ်ပါရင် ဘယ်နေရာမဆို ရောက်နိုင်တာပ မဟုတ်လား"

ယုလှိုင်က. . .

"ဒါနဲ့ အဖေ့ကို ဘယ်လိုလုပ် ခေါ်လာတာလဲဟင်"

ဟု မေးလိုက်သည်။

ဝီစန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"သည်လိုကွယ်၊ ကလေးမပြောတဲ့စကား မှန်မမှန်ခ တာ သိချင်လို့ ငါ ကလေးမရဲ့အိမ်ကို စုံစမ်းပြီး သွားခဲ့တယ်

ယုလှိုင်ပါမက ချောင်ဖုံးပါ ဝီစန်းပြောလာမည့် စကာ များကို စိတ်ဝင်စားစွာ နားထောင်၍ နေလေသည်။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com



## ရက်ရက်စက်စက်

"သမီး. . . သမီးလေးယုလှုံ"

ဟောင်းနွမ်းနေသော တဲအိမ်ကလေးအတွင်း၌ အသက်ငါးဆယ်ကျော်ခန့်ရှိ အဘိုးအိုတစ်ဦးသည် အိပ်ရာထဲ၌ လဲလျောင်းရင်း ညည်းညူ၍ နေသည်။

သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များဝဲလျက် သမီး ဖြစ်သူအား တ,၍ခေါ်နေလေသည်။

ထိုအခန်း၏အပြင်ဘက်၌မူ. . .

အသက် သုံးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ယောက်နှင့် အသက်လေးဆယ်ကျော် လူတစ်ယောက်တို့သည် မီးဖိုတစ်ခုပြုလုပ်၍ အသားကင်များကင်၍ စားနေသည်ကို တွေ့ရမည် ဖြစ်လေသည်။

အမျိုးသမီး လက်ထဲတွင်လည်း ငွေထုပ်တစ်ထုပ် ကိုင်ထားပြီး လက်နှင့်ချိန်ဆ၍ နေသည်။



"သည်လောက် ငွေများများရလိမ့်မယ်လို့ ကျွန်မထ တောင် မထင်မိဘူး"

ဟု ပြောလိုက်၏။

အသက်လေးဆယ်ခန့် ရှိသောလူက အရက်တစ်ခွ ကို မော့သောက်လိုက်ပြီး. . .

"နင့်အဘိုးကြီးရဲ့သမီးက အချောလေးကိုး၊ ဒါကြေ ငွေပိုရတာပေါ့"

"အဟင်း. . . ဟင်း ရုပ်ချောတာ သည်နေရာဝေ အသုံးဝင်သားပဲ"

ဟု ပြောလိုက်သည်။

သူတို့သည် အခန်းထဲ၌ လဲလျောင်းနေသော အဘိုး အား ရှိနေသည်ဟုပင် မထင်ကြပေ။

အရက်သောက်လိုက်၊ အသားကင်စားလိုက်နှင့် အပေ လွန်နေကြသည်။

အသက်လေးဆယ်ကျော်ခန့် ရှိသူက အရက်ကို ဆက်မပြတ် သောက်နေသဖြင့် တဖြည်းဖြည်း ရီဝေစပြုနေ ပြီ။

ထိုအချိန်တွင်. . .

အခန်းထဲမှ အဘိုးအို၏ညည်းညူသံကလည်း ပို ကျယ်လောင်လာသည်။

"သမီးလေးယုလှုံ့ ဖေဖေ့ကို ခွင့်လွှတ်ပါကွယ်၊ ဖေဖ မိုက်ခဲ့လို့ အခုလို သမီးလေး ဒုက္ခရောက်ရတာ၊ ဖေဖေ့ကို ခွ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပါ သမီးလေးရယ်"

အသက်လေးဆယ်ကျော်ခန့်ရှိ လူက ကြက်ကင်ကို ကိုက်စားနေရာမှ ရပ်တန့်လိုက်ပြီး မျက်မှောင်ကုတ်သွားသည်။

သူက အမျိုးသမီးအား ကြည့်လိုက်ပြီး. . .

"ညီမလေး၊ နင့်အဘိုးကြီးရဲ့ ပါးစပ်ကို သွားပိတ်စမ်း၊ သည်မှာ စားရသောက်ရတာ ဇိမ်မရှိတော့ဘူး"

အမျိုးသမီးကလည်း မျက်နှာတစ်ချက် မဲ့လိုက်သည်။

ထို့နောက်. . .

စိတ်မရှည်သော လေသံဖြင့်. . .

"ဟုတ်ပ၊ သည်အဘိုးကြီးကလဲ အသက်ရှည်လိုက်တာ နော်၊ မြန်မြန်မသေနိုင်ဘူး"

သူမက မဲ့ကာရွဲ့ကာဖြင့် ပြောပြီး ခြေဆောင့်၍ ဝင်သွားလေသည်။

အမျိုးသမီး၏ ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

"သည်မှာ ရှင့်ပါးစပ်ပိတ်ထားလို့ မရဘူးလား၊ ကျွန်မတို့ နားပူလှပြီ၊ ရှင့်သမီးကို ရှင်တ,နေလဲ ဟိုက ပြန်လာမှာ မဟုတ်တော့ဘူး၊ အဲသည်တော့ ရှင့်ပါးစပ်လေးပိတ်ပြီး အေးအေးဆေးဆေးနေပါရှင်"

ဟု အော်ပေါက်လိုက်၏။

အဘိုးအိုက သူမအား ဂရုမစိုက်ပါချေ။

"ယုယ့်. . . သမီးလေး ဖေဖေ့ကို တစ်ယောက်တည်း



ထားမသွားပါနဲ့ကွယ်၊ ဖေဖေ့ဆီ ပြန်လာပါ၊ ဖေဖေ့ကို ခွင့်လွှတ်ပြီး ဖေဖေ့ဆီ ပြန်လာပါ"

အဘိုးအိုက ပြောရင်း မျက်ရည်များ သွင်သွင်စီးကျလာပြန်သည်။

ထို့ကြောင့် အမျိုးသမီးက ပို၍ ဒေါသထွက်သွားသည်။

သူမက အဘိုးအိုအား လက်ညှိုးထိုး၍. . .

"ရှင်က ကျွန်မပြောတာကို ဂရုမစိုက်တော့ဘူးပေါ့ ဟုတ်လား၊ ကျွန်မကို ရှင်က တမင်သက်သက် ရွဲ့နေတာလား"

ဟု ထပ်မံအော်ပေါက်လိုက်ပြန်သည်။

ထိုအချိန်တွင်. . .

အပြင်ဘက်မှလည်း အသံ ထွက်ပေါ်လာသည်။

"ဘယ်လိုလဲ အဘိုးကြီးက ပြောလို့မရဘူးလား"

ထိုအသံနှင့်အတူ အသက်လေးဆယ်ကျော်ခန့်ရှိ လူက ဓားတစ်လက်အား ဆွဲကိုင်ပြီး အခန်းထဲသို့ ဝင်ရောက်လာသည်။

အမျိုးသမီးက အနည်းငယ် ထိတ်လန့်သွားသည်။

"အစ်ကို ဒါဘာလုပ်တာလဲ"

ဟု အလန့်တကြား မေးလိုက်၏။

အသက်လေးဆယ်ခန့်ရှိသူက. . .

"သည်အဘိုးကြီး နာတာရှည်ရောဂါနဲ့ သည်အတိုင်း နေသွားရင် သူ့အတွက် ငါတို့တာဝန်ကြီးတယ်၊ သည်တော့ သူ့ကို တစ်ခါတည်း ရှင်းပစ်လိုက်မယ်"

အမျိုးသမီးက. . .

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဖြစ်ပါ့မလား"

အသက်လေးဆယ်ခန့်လူက. . .

"ဘယ်သူ သိတာမှတ်လို့"

ဟု ပြော၏။

အမျိုးသမီး စကားမပြောတော့ပါ။

အသာဖယ်ပေးလိုက်လေသည်။

ထိုလူက အဘိုးအို၏အနားသို့ ချဉ်းကပ်သွားလေသည်။

အဘိုးအိုမှာ ခံပြင်းခြင်း၊ ယူကြုံးရဖြစ်ခြင်းတို့ကြောင့် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားပြီး အမျိုးသမီးအား နာကြည်းစွာ စိုက်ကြည့်လိုက်လေသည်။

အမျိုးသမီးမှာ အဘိုးအို၏အကြည့်ကြောင့် ထိတ်လန့်သွားကာ. . .

"အစ်ကို ကျွန်မတော့ မကြည့်ရဲတော့ဘူး၊ အပြင်ထွက်နေတော့မယ်"

သူမက ပြောပြီး အပြင်သို့ ကမန်းကတန်း ထွက်သွားလေသည်။ အသက်လေးဆယ်ခန့်ရှိလူသည် အဘိုးအိုအား သတ်ရန် ဓားကို မြှောက်လိုက်သည်။

"ကဲ. . .အဘိုးကြီး သေဖို့သာ ပြင်ပေတော့"

သူက ပြောပြီး အဘိုးအိုအား ဓားဖြင့် ခုတ်ချလိုက်လေတော့သည်။

❋ ❋ ❋



"အား"

နာကြည်းစွာ အော်လိုက်သော အသံသည် ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာသည်။

သို့သော် ထိုအသံမှာ အဘိုးအိုထံမှ ထွက်ပေါ်လာခြင်း မဟုတ်ပါချေ။

အသက်လေးဆယ်ခန့်ရှိလူထံမှ ထွက်ပေါ်လာခြင်းသာ ဖြစ်သည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည်။

အသက်လေးဆယ်ခန့်ရှိလူသည် အဘိုးအိုအား ဓားဖြင့် ခုတ်ချလိုက်သော တဒင်္ဂအချိန်လေးမှာပင်. . .

ရုတ်တရက်. . .

အခန်း၏ပြတင်းပေါက်တစ်ခုမှ လူရိပ်တစ်ခု ဘွားခနဲ ပေါ်လာပြီးနောက် လျှပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။

တစ်ဆက်တည်းမှာပင်. . .

ငွေရောင်အလင်းတန်းတစ်ခုသည် ထိုလူ၏ဓားကိုင်ထားသော လက်သို့ တန်းတန်းမတ်မတ် ဝင်ရောက်သွား၏။

ထိုငွေရောင်အလင်းတန်းမှာ တစ်ထွာခန့်သာ ရှိသော ဓားတစ်လက် ဖြစ်သည်။

ထိုဓားသည် အသက်လေးဆယ်ခန့်ရှိလူ၏ လက်တွင် သွားရောက်စိုက်နေ၏။

ထိုလူသည် လက်ထဲမှ သူ၏ဓားကို လွှတ်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

သူသည် ဓားစိုက်နေသော လက်ကို ကြည့်ကာ အထိတ်တလန့် ဖြစ်သွားလေသည်။

ထိုအချိန်တွင် ပြတင်းပေါက်မှ လူရိပ်မှာ ပျောက်ကွယ်သွားပြီ ဖြစ်သောကြောင့် ထိုလူက မြင်တွေ့လိုက်ရခြင်း မရှိပေ။

ယခု. . .

ထိုလူသည် အမူးပြေသွားပြီ ဖြစ်သည်။

"ငါ့. . . ငါ့ကို ဘယ်သူ ဓားနဲ့ပေါက်လိုက်တာလဲ၊ ထိပင်း. . . ထိပင်း"

သူက အမျိုးသမီး၏နာမည်ကို အော်ခေါ်လိုက်လေသည်။

သို့သော်. . .

အမျိုးသမီးက ဝင်ရောက်လာခြင်း မရှိပေ။

ထိုလူက ဒေါသအကြီးအကျယ် ထွက်သွားသည်။

သူက အကြောက်လွန်၍ သတိမေ့နေသော အဘိုးအိုအား မကျေမနပ်ဖြင့် တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး အခန်းပြင်သို့ ပြေးထွက်သွားသည်။

ထိုအခါ. . .

သူ၏မျက်လုံးအစုံမှာ ပို၍ ပြူးကျယ်သွားရတော့သည်။

အကြောင်းမှာ. . .

အခန်းဝရှိ သူ၏ညီမဖြစ်သူ ထိပင်းမှာ သတိမေ့ကာ လဲလျောင်းနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။



အကယ်၍သာ ထိုအချိန်တွင် ထိုလူသည် အခန်းထဲသို့ ထပ်မံဝင်ကြည့်မည်ဆိုလျှင် လူတစ်ယောက်က အဘိုးအိုအား ထမ်း၍ ပြတင်းပေါက်မှတစ်ဆင့် ခုန်လွှားခေါ်ဆောင်သွားသည်ကို တွေ့လိုက်ရမည်သာ ဖြစ်လေတော့သည်။

❋ ❋ ❋

ဝီစန်း၏စကားဆုံးသည်နှင့် ယုလျှံသည် ဝီစန်းအား ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး. . .

"ဒါဆို ဘဘက ဖေဖေ့ရဲ့အသက်ကို ကယ်လိုက်တာပေါ့နော်"

ဝီစန်းက ခေါင်းညိတ်ပြလိုက်သည်။

ယုလျှံက ပျော်လွန်း၍ မျက်ရည်များပင် ဝဲလာလေသည်။

သူမက ခေါင်းနှင့် ကြမ်းပြင်တိုက်ကာ ဝီစန်းအား ရှိခိုးကန်တော့လိုက်လေသည်။

"ဘဘကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူးရှင်"

ဟု ပြောလိုက်သည်။

ဝီစန်းက ပြုံးလိုက်သည်။

ထို့နောက်. . .

သူက ချောင်ဖုံးအား လှမ်းကြည့်လိုက်ပြီး လက်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



အရာတစ်ခုအား ပစ်ပေးလိုက်လေသည်။

ချောင်ဖုံးက ကမန်းကတန်း ဖမ်းယူထားလိုက်လေသည်။

"ဒါဘာလဲ ဘဘ"

ဟု မေးလိုက်သည်။

ဝီစန်းက. . .

"မင်းအထုပ်ကို ဖြေကြည့်ပေါ့"

ချောင်ဖုံးက ဝီစန်းလှမ်းပစ်ပေးသော အထုပ်ကို ဖြေကြည့်လိုက်သည်။

ထိုအခါ. . .

သူ၏မျက်နှာတစ်ခုလုံး ဝင်းလက်သွားလေသည်။

"ဟင်. . . ငွေ. . . ငွေတွေပါလား"

ဟု ရေရွတ်လိုက်၏။

ဝီစန်းက ခေါင်းညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်၊ သူတို့ဆီက မင်း ငွေတွေကို ပြန်ယူလာတာ"

ချောင်ဖုံးမှာ ဝီစန်းအား လူးထူးလူဆန်းသဖွယ် လှမ်းကြည့်မိလေတော့သည်။

✵ ✵ ✵



ယုလျှံ၏ဖခင် စုမာထင်းသည် သတိရလာကာ သမီးဖြစ်သူအား မြင်တွေ့လိုက်ရသဖြင့် ဝမ်းသာမဆုံး ဖြစ်နေလေသည်။

သူသည် အကျိုးအကြောင်းအားလုံးကိုလည်း သိရှိလိုက်ရပြီး ဖြစ်သည်။

စုမာထင်းက သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

ပြီးလျှင်. . .

"သည်မိန်းမ ယုတ်မာတာကို တစ်နေ့တစ်ခြား သိလာပေမယ့် ကျုပ်ရဲ့ရောဂါကလဲ တစ်နေ့တစ်ခြား ဆိုးရွားလာတာကြောင့် ကျုပ် ဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေခဲ့ရတယ်၊ အခုတော့ ခင်ဗျားတို့ရဲ့ ကျေးဇူးတွေကြောင့် ကျုပ်တို့သားအဖ ပြန်လည်ဆုံစည်းခွင့်ရခဲ့တာပါ၊ သည်ကျေးဇူးတွေကို ကျုပ်မသေမချင်း တတ်နိုင်တဲ့ဘက်က တတ်နိုင်သလောက် ဆပ်သွားပါ့မယ်"

ဟု ပြောလိုက်လေသည်။

ယုလျှံကလည်း. . .

"ဟုတ်ပါတယ်ရှင်၊ ကျွန်မလဲ ဘဘနဲ့ အစ်ကို့ရဲ့ ကျေးဇူးတွေကို တတ်နိုင်သလောက် ဆပ်သွားပါ့မယ်"

ဟု ဝင်ပြော၏။

ရုတ်တရက် ဝီစန်းက ရယ်မောလိုက်ပြီး. . .

"ဟား. . . ဟား. . . ဟား၊ မင်းတို့က ကျုပ်တို့ကိုသည်လောက်တောင် ကျေးဇူးဆပ်ချင်နေတယ်ဆိုရင် သည်ညပဲ

www.burmeseclassic.com

www.burmeseclassic.com



ကလေးမရဲ့ လက်ရာကို ကျုပ်တို့ကောင်းကောင်းစားချင်တယ်၊ ဘယ့်နှယ့်လဲ"

ဟု မေးလိုက်သည်။

ယုဇ္ဈကြ ပြုံးလိုက်ပြီး. . .

"ကောင်းတယ်. . . ကောင်းတယ်၊ ကျွန်မ ဆွေမျိုးမေ့သွားအောင် ချက်ကျွေးမယ်"

"ဟား. . . ဟား. . . ဟား၊ ကျုပ်ကလဲ ဆွေမျိုးမေ့အောင်ကို စားကို စားမှာပါ၊ အစကတည်းက ကျုပ်မှာ ဆွေမျိုးမှ မရှိဘဲ၊ ဟား. . . ဟား. . . ဟား"

ဝီစန်း၏စကားကြောင့် အားလုံး သဘောကျစွာ ရယ်မောမိကြလေတော့သည်။

❖ ❖ ❖



ချောင်ဖုံးသည် အိပ်၍မရပါချေ။

သူ၏အာရုံထဲတွင် ဖခင်ဖြစ်သူအား သတ်သွားသည့်လူသတ်ကောင်၏ စူးရှသော မျက်လုံးအစုံကို မြင်ယောင်နေလေသည်။

သူက အိပ်၍မရသည့်အဆုံး ထထိုင်လိုက်ပြီး မီးထွန်းလိုက်လေသည်။

ထို့နောက်. . .

သွားလေရာ အဆင်သင့်ပါတတ်သော စုတ်တံနှင့် စက္ကူတစ်ရွက်အား ထုတ်ယူ၍ ရေးခြစ်လိုက်သည်။

တခဏအကြာတွင် သူက ရေးခြစ်ပြီးသွားလေသည်။

သူရေးခြစ်လိုက်ပုံမှာ စူးရှစွာဖြင့် သူ့အား စိုက်ကြည့်နေဟန်တူသော ယောကျ်ားတစ်ယောက်၏မျက်လုံးအစုံ ဖြစ်သည်။

ချောင်ဖုံးသည် မိမိရေးခြစ်လိုက်သော ထိုမျက်လုံးအစုံအား စိုက်ကြည့်နေရင်းမှ ဒေါသတို့သည် တလိပ်လိပ်တက်၍ လာသည်။

နောက်ဆုံး သူသည် ဒေါသကို မချုပ်တည်းနိုင်ဘဲ ထိုပုံအား ဆွဲဖြဲရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်. . .

"ချောင်ဖုံး. . . မင်း မအိပ်သေးဘူးလား"

ဝီစန်း၏အသံကို ကြားလိုက်ရလေသည်။

ချောင်ဖုံးက စိတ်ကို ပြန်လျှော့လိုက်ပြီး. . .

"ဟုတ်ကဲ့ ဘဘ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်၍ အဖြေပေးလိုက်လေသည်။

ဝီစန်းက အနီးသို့ လျှောက်လာသည်။

ထို့နောက်. . .

မဆုတ်ဖြဲရသေးသော ချောင်ဖုံး၏လက်ထဲမှ ပုံအား တစ်ချက်လှမ်းကြည့်ပြီး. . .

"မင်း ဘာပုံတွေ ဆွဲနေတာလဲ"

ဟု မေးလိုက်သည်။

ချောင်ဖုံး သက်ပြင်းတစ်ချက်ချလိုက်သည်။

အဘိုးအိုအား ကြည့်ရင်း. . .

"ကျွန်တော့်အဖေကို သတ်သွားတဲ့လူရဲ့ပုံကို ဆွဲကြည့်နေတာပါ"

ဟု ပြောလိုက်သည်။

ဝီစန်းက. . .

"မျက်နှာကို ဘာဖြစ်လို့ အပြည့်မဆွဲတာလဲ"

ဟု မေးလိုက်သည်။

ချောင်ဖုံးက. . .

"ကျွန်တော် သည်လူ ဘယ်သူဘယ်ဝါဆိုတာ မသိဘူး၊ မျက်လုံးကိုပဲ မြင်လိုက်ရလို့ပါ"

ဝီစန်းက ခေါင်းတညိတ်ညိတ်ဖြင့်. . .

"မင်းကို ကြည့်ရတာ အညတရလူငယ်တစ်ယောက်တော့ မဖြစ်နိုင်ဘူး၊ သည်တော့ ခြေဦးတည့်ရာ လျှောက်သွားနေရတဲ့ မင်းရဲ့အကြောင်းကို ပြောမပြနိုင်ဘူးလား"



ဟု မေးလိုက်ပြန်သည်။

"ကျွန်တော်ပြောပြနိုင်ပါတယ်"

ဝီစန်းက. . .

"ဒါဆိုရင် ပြောပြကွာ၊ ငါလဲ အိပ်လို့မရ ဖြစ်နေတာနဲ့ အတော်ပဲ"

ဟု ပြောလိုက်သည်။

ထိုအချိန်တွင်. . .

ယုလျှံကလည်း အိပ်လို့မရ ဖြစ်နေသည်။

ထို့ကြောင့် ချောင်ဖုံးနှင့် ဝီစန်းတို့ စကားပြောနေကြသည်ကို တွေ့ရသဖြင့် အနားသို့ ရောက်ရှိလာသည်။

စုမာထင်းမှာလည်း လဲလျောင်းနေသည် ဖြစ်သော်လည်း အိပ်မပျော်ပါချေ။

ချောင်ဖုံးတို့ ပြောဆိုနေသော စကားများကို နားထောင်၍ နေလေသည်။

✲ ✲ ✲

www.burmeseclassic.com

www.burmeseclassic.com



## သိုင်းပညာ

ချောင်ဖုံးက မိမိ၏ဘဝအကြောင်း၊ မိမိဖြစ်ပျက်ခဲ့သည့် အကြောင်းများကို လွှမ်းလွှမ်းဆွေးဆွေး ပြောပြလိုက်လေသည်။

အားလုံးသော လူများကလည်း စိတ်ဝင်တစားဖြင့် မလှုပ် မယှက် ငြိမ်သက်စွာဖြင့် နားထောင်နေကြလေသည်။

အတန်ကြာသော်. . .

ချောင်ဖုံး၏စကားမှာ အဆုံးသတ်သွားလေသည်။

သူ၏စကားဆုံးသွားသည်နှင့် ဝီစန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

သူက ချောင်ဖုံးအား စိတ်မကောင်းစွာ ကြည့်လိုက်ပြီး. . .

"ရန်သူက မင်းတို့ရဲ့ ရွှေခေါင်းလောင်းအာမခံဌာနကို နာမည်ဖျက်ချင်လို့ လုပ်ခဲ့တယ်ဆိုရင် မင်းအနေနဲ့ ပိုပြီးတည်တံ့အောင် မင်းအဖေကိုယ်စား တာဝန်ယူသင့်တယ်"



ဟု ပြောလိုက်သည်။

ချောင်ဖုံးက. . .

"တကယ်တော့ ကျွန်တော်တို့ အာမခံဌာနဟာ နာမည် မပျက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် ဆရာကြီးထိုက်ရှမ်းက သည် နန်းစဉ်ဓားကို လျှို့ဝှက်စွာ ပေးသွားလို့ပါပဲ၊ ဒါကို ရန်သူက သိ ပုံမပေါ်ဘူး၊ ဒါကြောင့် လူတွေက ဆရာကြီးထိုက်ရှမ်းရဲ့ ပစ္စည်း တွေ ပျောက်ဆုံးခြင်း မရှိတာကို တွေ့ပြီး အဖေက သူ့အသက်နဲ့ ရင်းပြီး ပစ္စည်းတွေကို ကာကွယ်ပေးခဲ့လို့ဆိုပြီး နာမည်တောင် ပိုကြီးသွားတယ်၊ ကျွန်တော့်ကိုလဲ အဖေ့လို တာဝန်သိတဲ့ လူတစ် ယောက်ဖြစ်အောင် ကြိုးစားလို့တောင် မှာကြားခဲ့ပါတယ်"

ဝီစန်းက. . .

"ဟ. . . ဒါဆို မင်းတို့ရဲ့ အာမခံဌာနက ပိုတောင် နာ မည်ကြီးခဲ့တာပေါ့"

ချောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ဒါဖြင့် မင်းက ဘာဖြစ်လို့ အာမခံဌာနကို ဖျက်သိမ်း လိုက်ရတာလဲကွ"

ချောင်ဖုံး သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"အဖေ မရှိတော့လို့ပါ၊ နောက်ပြီး အာမခံပို့ဆောင်ရတဲ့ အလုပ်ကို စိတ်ကုန်သွားလို့ပါ"

ဝီစန်းက. . .

"ကောင်လေးရဲ့ ခံစားမှုကို ငါကိုယ်ချင်းစာပါတယ်ကွာ

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကောင်လေး ရှေ့ဆက်ပြီး ဘာလုပ်မယ် စိတ်ကူးသလဲ"

ဟု မေးလိုက်၏။

ချောင်ဖုံးက. . .

"လတ်တလောတော့ ကျွန်တော် ဘာမှ မစဉ်းစားရသေး ပါဘူး၊ ဒါပေမယ့် ဆရာကြီးထိုက်ရှမ်း အသတ်ခံရတဲ့ အကြောင်း ကိုတော့ ကျွန်တော် ဖော်ထုတ်ချင်တယ်"

ဝီစန်း ခေါင်းညိတ်လိုက်သည်။

"သည်ကိစ္စ ဖော်ထုတ်မှုကို ဖြစ်မှာ"

ချောင်ဖုံးက ဝီစန်းအား စိုက်ကြည့်လိုက်သည်။

"ဘဘဟာ သိုင်းပညာရှင်တစ်ယောက် ဖြစ်တယ်ဆို တာကို ကျွန်တော်ရိပ်မိပါတယ်"

ဝီစန်းက သူ့အား ပြုံး၍ ကြည့်လိုက်ပြီး. . .

"ဆာလဲ ကောင်လေး၊ မင်းက ငါ့ကို သိုင်းပညာသင်ခိုင်း မလို့လား"

ချောင်ဖုံးခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျွန်တော် ဘဘဆီက သိုင်းပညာသင် ချင်ပါတယ်၊ ကျွန်တော် လူသန်ကြီးလေးယောက်နဲ့ တိုက်ခိုက် တုန်းက သူတို့ရဲ့သိုင်းပညာဟာ အတော်အဆင့်မြင့်မှန်း ကျွန် တော်ရိပ်မိလိုက်တယ်၊ ကြာရှည်တိုက်ခိုက်ရရင် ကျွန်တော် သူတို့ ကို နိုင်မှာမဟုတ်ဘူး၊ သည်လို လူမျိုးတွေကတောင် ဘဘကို ကြောက်နေရတယ်ဆိုရင် ဘဘရဲ့ သိုင်းပညာအဆင့် ဘယ်



လောက်မြင့်တယ်ဆိုတာ သိသာနိုင်တယ်"

ဟု ပြောလိုက်၏။

ဝီစန်း သဘောကျစွာ ပြုံးလိုက်သည်။

ပြီးမှ. . .

"ကဲပါလေ၊ မင်းက ဒီလောက်ပြောနေမှတော့ ငါလည်း သင်ပေးရတော့မှာပေါ့"

ချောင်ဖုံး ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါတယ် ဘဘ"

❂ ❂ ❂

ဝီစန်းနေထိုင်ရာ အဆောက်အအုံပျက်ကြီးသည်ယခု တော့ ချောင်ဖုံးအဖို့ သိုင်းပညာသင်ကြားရန် အကောင်းဆုံး နေရာတစ်ခု ဖြစ်ခဲ့ပေ၏။

ယခုအခါ ဝီစန်းသည် တုန်ချည့်ချည့် အဘိုးအိုတစ် ယောက်မဟုတ်တော့ဘဲ လူငယ်တစ်ယောက်နှင့်မခြား ဖျတ် လတ်သော အဘိုးအိုတစ်ယောက်အသွင်သို့ ပြောင်းလဲ၍နေ သည်။

ချောင်ဖုံးသည် ဝီစန်းမှာ သိုင်းပညာလျှို့ဝှက်ထား သောသိုင်းပညာရှင် တစ်ယောက်ဖြစ်သည်ကို ပို၍နားလည် သိရှိ လာရ၏။

ချောင်ဖုံးသည် အဘိုးအိုသင်ကြားပေးသော သိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



များကို ဂရုတစိုက် လေ့လာသင်ယူလေသည်။

စုမာထင်းကတော့ ကောင်းကောင်းမကျန်းမာသေး သဖြင့် အိပ်ရာထဲ၌သာ လဲလျောင်းနေရလေသည်။

သို့သော် သူသည် အလွန်စိတ်ချမ်းသာနေ၏။

ထို့ကြောင့် သူ၏မျက်နှာမှာလည်း ပြုံးရွှင်နေလေသည်။

❖ ❖ ❖

ချောင်ဖုံးသည် ဝီစန်းထံမှ သိုင်းပညာသင်ကြားနေသည်မှာ တစ်လပင်ကျော်ခဲ့လေပြီ။

ထိုရက်အတွင်း ချောင်ဖုံးတွင်ရှိနေသော ငွေများနှင့် စားသောက်ဖို့အတွက် ဖူလုံစေခဲ့လေသည်။

ယနေ့လည်း. . .

ချောင်ဖုံးနှင့်ဝီစန်းတို့သည် သိုင်းပညာကို သင်ကြားလေ့ကျင့်နေကြလေသည်။

ယုလျှံသည် သူတို့၏သိုင်းပညာသင်ကြားမှုများကို အားကျစွာဖြင့် ကြည့်ရှုနေလေသည်။

"ချောင်ဖုံး. . . လာပြီ သတိထားပေ့"

ဝီစန်းက ချောင်ဖုံးအား လှမ်း၍သတိပေးရင်း ကျောက်တုံးကလေးများကို ဆက်တိုက်ပစ်လွှတ်လိုက်လေသည်။

အရှိန်က မြင်းလှသည်။

အားမာန်ပါနေသောကြောင့် ထိလိုက်လျှင်ပင် ဒဏ်ရာ



ပြင်းထန်စွာရသွားနိုင်သည်။

ကျောက်တုံးကလေးများသည် ချောင်ဖုံး၏ ဦးခေါင်း ရင်အုံနှင့်ခါးအောက်ပိုင်းဆီသို့ ဦးတည်ပစ်လွှင့်သွားလေသည်။

ချောင်ဖုံးသည် မျက်စိနှစ်စုံကို ဖွင့်ထား၏။

ထို့ကြောင့် ဝင်လာသမျှသော အန္တရာယ်များ အားလုံးကို လျှပ်တပြက်အတွင်း သဘောပေါက်၍သွားသည်။

မျက်နှာဆီသို့ ဝင်လာသော ကျောက်တုံးကိုရှောင်တိမ်းလိုက်ပြီး ရင်အုံသို့ဝင်လာသော ကျောက်တုံးကိုမူ ဓားရိုးဖြင့် ရိုက်ထုတ်ပစ်လိုက်သည်။

တပြိုင်တည်းပင်. . .

ခါးအောက်ပိုင်းဆီသို့ ဝင်လာသော ကျောက်တုံးများကိုလည်း ခုန်ပျံ၍ရှောင်တိမ်းလိုက်သည်။

ဝီစန်း၏လက်နှစ်ဖက်က ထပ်မံလှုပ်ရှားသွားပြန်သည်။

"ဝှစ်. . . ဝှစ်"

ချောင်ဖုံးသည် လက်ထဲမှဓားကို ဝှေ့ယမ်းလိုက်သည်။

ဝီစန်း၏လက်နက်ဆန်း ဆယ်ချောင်းကို ချောင်ဖုံးသည် ကောင်းစွာကာကွယ်နိုင်လေသည်။

ဝီစန်း ပစ်လွှင့်လိုက်သော လက်နက်ဆန်းဆယ်ချောင်းသည် ချောင်ဖုံး၏ခြေရင်းသို့ ကျရောက်သွား၏။

"ဘယ့်နှယ်လဲ ဘဘ"

ဝီစန်းက တစ်စုံတစ်ရာ တုန့်ပြန်ခြင်းမပြုဘဲ ပြုံးနေ၏။

ခါးတွင်ချိတ်ထားသော ကြိုးခွေနှစ်ခွေကို ထုတ်ယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ကြိုးများတွင် အသွားသုံးမြှောင့်ပါသောစကြာတစ်လက်စီ တပ်ဆင်ထား၏။

ကြိုးနှစ်ချောင်း လေထဲသို့ တဝှီးဝှီးတက်သွားပြီး. . .

အပေါ်အောက်ဆင်းလျှက် ကြိုးစက်ကွင်းနှစ်ခုမှာ လည်ပတ်နေသည်။

ဝီစန်းနှင့်ချောင်ဖုံးတို့မှာ အနည်းငယ်မျှသာ ကွာဝေးပေသည်။

လျှပ်တပြက်အတွင်း ကြိုးစက်ကွင်းက ချောင်ဖုံးထံ ရောက်လာလေသည်။

ချောင်ဖုံးသည် ကိုယ်ကိုဖော့ကာ ကြိုးစက်ကွင်းနှင့် ဝေးရာသို့ ခုန်ထွက်လိုက်သည်။

ခြေအစုံနှင့် မြေကြီးထိရုံသာ ရှိသေးသည်။

ကြိုးစက်ကွင်းမှာ ရောက်လာပြန်သည်။

အန္တရာယ်ကို ချက်ချင်းမသိလိုက်၍ ချောင်ဖုံးက လေထဲသို့ ဝဲတက်သွားရပြန်သည်။

ထိုနေရာ၌ စက်ကွင်းနှစ်ခုက ရောက်နှင့်နေပြီဖြစ်သည်။

ချောင်ဖုံးက မရှောင်သာတော့ပေ။

ဓားဖြင့် ကာကွယ်လိုက်ရသည်။

ပထမစက်ကွင်းမှ လွတ်သွားသည်။

ဒုတိယစက်ကွင်းက ဝှစ်ခနဲမြည်သံပေး၍ ကျရောက်



လာလေသည်။

သူ၏လက်ကောက်ဝတ်များ ကျဉ်တက်သွားသည်။

သူ့လက်ထဲမှဓားသည် အဝေးသို့ လွင့်စဉ်သွား၏။

မြေပြင်သို့ရောက်သည်နှင့် ကိုယ်ကိုအရှိန်နှင့်လှိမ့်လိုက်သည်။

လှိမ့်ရင်းမှ ခါးတွင်ချိတ်ထားသော နောက်ထပ်ဓားတစ်လက်ကို ဆွဲချွတ်လိုက်သည်။

ဝီစန်း၏ကြိုးစက်ကွင်းနှစ်ခုက မြေပြင်သို့ နိမ့်ဆင်းလာနေလေသည်။

ချောင်ဖုံးသည် လှိမ့်နေသောအရှိန်ကိုရပ်လိုက်ပြီး ဓားကိုလေထဲ၌ ဝှေ့ယမ်းလိုက်သည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

အလင်းတန်းသုံးလေးခု ရှုတ်ခြည်းကွယ်ပျောက်သွားလေတော့သည်။

ဓားစကြာတပ် ကြိုးတစ်ချောင်းမှာ ဓားချက်၏ရစ်ပတ်မှုကြောင့် ချောင်ဖုံးထံပါလာသည်။

အခြားတစ်ချောင်းမှာ ဝီစန်း၏လက်ထဲတွင် အခွေလိုက်ပြန်ရောက်နေ၏။

ချောင်ဖုံးသည် မြေပြင်မှလူးလဲထရင်း လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

ဓားကိုလည်း ဓားအိမ်အတွင်းသို့ ပြန်သွင်းလိုက်သည်။

"ကောင်လေး. . . မင်းမောသွားပြီလား။ ရှောင်မောရင်

www.burmeseclassic.com

www.burmeseclassic.com



အမောပြေ သောက်လိုက်"

ဝီစန်းက အရက်အိုးတစ်အိုးကို ချောင်ဖုံးထံပစ်ပေးလိုက်လေသည်။

ချောင်ဖုံးက အရက်အိုးကိုဖမ်းယူထားလိုက်ပြီး အရက်အိုးအဝနှင် ပါးစပ်ကိုတေ့ကာ တစ်ကျိုက်ကျိုက်မော့ သောက်လိုက်သည်။

ဝီစန်းက ချောင်ဖုံးအနီးသို့ လျှောက်လာပြီး ကျေနပ်အားရစွာဖြင့် ချောင်ဖုံး၏ပခုံးအား ပုတ်လိုက်လေသည်။

ချောင်ဖုံးက ဝီစန်းအား. . .

"ဘဘ. . . ကျွန်တော် ညံ့သေးတယ်နော်"

ဝီစန်းက. . .

"မညံ့ပါဘူး။ မင်းတော်တယ်၊ အလေ့အကျင့်ပိုလုပ်ဖို့ပဲလိုတယ်"

ချောင်ကျင်းက. . .

"ဟုတ်ကဲ့ ဘဘ၊ ကျွန်တော်ကြိုးစားမှာပါ၊ ဘဘဆီကပညာအစုံမရသေးဘူးလို့ပဲ ကျွန်တော်ထင်နေတာ"

ဝီစန်းက. . .

"ငါက အနှစ်ငါးဆယ်နီးပါး ဆည်းပူးထားခဲ့သမျှ ပညာအားလုံး မင်းကိုသင်ပေးပြီးပါပြီ၊ ငါ့ဆီမှာ မင်းကို မသင်ပေးဘဲ ထိန်ချန်ထားတဲ့ပညာ တစ်စုံတစ်ခုမှ မကျန်တော့ဘူး အေးတစ်ခုပဲရှိတယ်၊ ပညာအားလုံးနဲ့ပတ်သက်တဲ့ လက်တွေ့ အတွေ့အကြုံကတော့ မင်းထက်များတယ်၊ သာတယ်ပေါ့ကွာ"



သူတို့သည် စကားတပြောပြောနှင့် ယုလျှံအနီးသ

ရောက်လာလေသည်။

ယုလျှံက ချောင်ဖုံးအား ဝမ်းသာအားရဖြင့် ဆီး၍ပြေ

လိုက်သည်။

"အစ်ကိုချောင်ဖုံး အရမ်းတော်တာပဲ"

ချောင်ဖုံးက. . .

"အခုလိုချီးကျူးတာ ကျေးဇူးတင်ပါတယ်"

ယုလျှံက. . .

"အစ်ကိုတို့လည်း ပင်ပန်းသွားကြပြီ၊ ဗိုက်လည်းဆ

ရောပေါ့။ ကျွန်မလက်ရာလေးကို စားကြည့်ကြနော်"

ဝီစန်းက. . .

"အင်း. . . မောမောနဲ့ စားကောင်းဦးမှာပဲ"

ထို့နောက် သူတို့သုံးယောက်သည် ရယ်ကာမောကာဖြ

အထဲသို့ ဝင်သွားလေသည်။

✵ ✵ ✵

စုမာထင်းသည် ပြန်လည်ကျန်းမာလာကာ သွားလာနိုင်

နေပြီဖြစ်သည်။

ဖခင်ဖြစ်သူမှာ ဒေါင်ဒေါင်မြည်ကာ ကျန်းကျန်းမာမာ

ရှိလာသည်မို့ ယုလျှံက ဝမ်းသာ၍မဆုံး ဖြစ်နေလေသည်။

ချောင်ဖုံး၏သိုင်းပညာ သင်ကြားမှုမှာလည်း ပြီးဆုံ

www.burmeseclassic.com

www.burmeseclassic.com



သွားပြီဖြစ်ပေသည်။

သူသည် မိမိအရပ်ဒေသသို့ ပြန်ချင်နေသည်။

ထို့ကြောင့် ဝီစန်းထံတွင် ခွင့်တောင်းလိုက်သည်။

"ဘဘ. . . ကျွန်တော့်ကို အခုလို သိုင်းပညာတွေ သင်ကြားပေးတဲ့ဘဘရဲ့ ကျေးဇူးတွေကို တစ်နေ့တစ်နေ့ တစ်ချိန်ချိန် ပြန်လာဆပ်ပါ့မယ်ခင်ဗျာ"

သူ၏စကားကြောင့် ဝီစန်း၏မျက်ခုံးအစုံသည် နဖူးပေါ်သို့မြင့်တက်သွားလေသည်။

"ကောင်လေးက ထွက်သွားတော့မှာလား"

ဝီစန်း၏မေးခွန်းကြောင့် ယုလျှံက ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"အစ်ကို ထွက်သွားတော့မယ် ဟုတ်လား"

သူမက အလောတကြီး မေးလိုက်သည်။

ချောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တို့မှာ တာဝန်တွေရှိသေးတယ်၊ ဒါကြောင့်ပါ"

ယုလျှံက နှုတ်ခမ်းကို ကိုက်ထားလိုက်ပြီး ပါးစပ်ပိတ်ထားလိုက်လေသည်။

သူမ၏မျက်ဝန်းအိမ်မှာတော့ မျက်ရည်များ ဝဲစပြုနေလေသည်။

ဝီစန်းက သက်ပြင်းတစ်ချက်ချကာ. . .

"အင်း. . . ငါတို့က မင်းကိုမခွဲချင်ပေမယ့် တားလို့မရ



တော့ ခွင့်ပြုရမှာပေါ့"

ချောင်ဖုံးက. . .

"ကျွန်တော်လည်း ဘဘတို့နဲ့ မခွဲချင်ပါဘူး"

ယုလျှံက. . .

"အစ်ကိုချောင်ဖုံး. . . ကျွန်မတို့အစ်ကိုနဲ့အတူ လိုက်လို့ရမလားဟင်"

ချောင်ဖုံးက. . .

"ကျုပ် မခေါ်ချင်လို့ မဟုတ်ပါဘူး၊ အခုပြန်ရမှာက ရန်သူကိုဖော်ထုတ်ဖို့ ပြန်ရမှာမို့ အန္တရာယ်များလှပါတယ်"

ယုလျှံက. . .

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့လိုက်လို့ရရင် လိုက်ချင်ပါတယ်၊ အစ်ကို ရန်သူကို ဖော်ထုတ်တဲ့အခါ ကျွန်မတို့လည်း တစ်ဖက်တစ်လမ်းက ကူညီလို့ရရင် ကူညီချင်ပါတယ်၊ ကျွန်မတို့ ကူညီပါရစေနော်"

ချောင်ဖုံးက ဝီစန်းအား တစ်ချက်ကြည့်လျှင် ဝီစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ကောင်လေး၊ ငါတို့အားလုံးဟာ မင်းအတွက် တစ်ဖက်တစ်လမ်းက အကူအညီရနိုင်လိမ့်မယ်"

ချောင်ဖုံးက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဒါပေမယ့် ကျွန်တော့်ကြောင့် ဘဘတို့ ဒုက္ခ. . ."

"လူဆိုတာ သေတစ်နေ့မွေးတစ်နေ့ပါကွာ၊ အခုကိစ္စကလည်း မကောင်းမှုပြုလုပ်တာမှ မဟုတ်တဲ့၊ သူများအကျိုး

www.burmeseclassic.com

www.burmeseclassic.com



အတွက် အန္တရာယ်ကို ရှင်းရမယ့်ကိစ္စပဲ၊ ဒုက္ခရောက်စမ်းပါစေ၊ ကျုပ်တို့ရင်ဆိုင်နိုင်ပါတယ်"

ဝီစန်း၏စကားကို စုမာထင်းကလည်း ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ချောင်ဖုံးမင်းကျေးရူးတွေ ငါတို့အပေါ်မှာရှိပါတယ်၊ ဒီကျေးရူးတွေကိုဆပ်နိုင်ဖို့ မင်းကြုံတွေ့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးရမှ ငါတို့လည်း စိတ်ဖြောင့်နိုင်မယ်"

ချောင်ဖုံးက အားလုံးကို တစ်ချက်ဝေ့ကြည့်ကာ. . .

"ဒီလောက်ပြောနေကြမှတော့ ကျွန်တော် မတားတော့ပါဘူးဗျာ"

သူ၏စကားကြောင့် အလွန်ပင် ဝမ်းမြောက်သွားသူမှာ ယုလျှံပင်ဖြစ်လေတော့သည်။

❂ ❂ ❂

အရုဏ်ဦး၏လင်းရောင်ခြည် ထွက်ပေါ်လာသည်နှင့် ဝီစန်း၊ ချောင်ဖုံး၊ ယုလျှံ၊ စုမာထင်းတို့ စတင်ခရီးထွက်ခွာလာကြလေသည်။

စောစောစီးစီး တိုက်ခတ်လာသော လေနုအေးက လေးများကို တဝကြီးရှူရှိုက်ရင်း လမ်းလျှောက်ရသည်မှာ တစ်မျိုးစိတ်ချမ်းသာဖွယ်ကောင်းလှပေသည်။



ယခုအခါ. . .

ဝီစန်းက ခါးကုန်းနေပြန်သည်။

သူ့ကြည့်ရသည်မှာလည်း တုန်တုန်ယင်ယင် နိုင်လှပေလေသည်။

သို့သော်. . .

သူ၏ခြေလှမ်းများသည် ချောင်ဖုံးတို့ထက် တစ်လှမ်းပိုသာနေ၏။

❂ ❂ ❂

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေရောင်ခြည်သည် အရှေ့ဘက်မှ ခေါင်းပြူထွက်လာပြီး နောက်ပိုင်းတွင်ဖြစ်သည်။

ယခုအခါ. . .

အနောက်ဘက်သို့ စတင် ဝင်ရောက်စ ပြုနေချေပြီ။

ချောင်ဖုံးသည် အလာတုန်းက တစ်ယောက်တည်း ဖြစ်၍လားမသိပေ။

ဤကဲ့သို့ ခရီးလောက် လျှောက်လှမ်းမိသည်နှင့် အနားယူလိုစိတ် တဖွားဖွားပေါ်ပေါက်လာမိခဲ့သည်။

ခြေကုန်လက်ပန်း ကျနေခဲ့သည်။

ယခု အပြန်ခရီးမှာမူ. . .

အဖော်များနှင့် စကားပြောရင်း လျှောက်လာရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကုန်သွားသည်ကိုပင် မသိလိုက်ချေ။

ပင်ပန်းသည်ဟုလည်း မထင်မိပေ။

သို့သော်. . .

စုမာထင်းမှာမူ ခြေကုန်လက်ပန်းကျနေချေပြီ။

"ကျုပ် မလျှောက်နိုင်တော့ဘူး၊ ခဏလောက်နားမှ ဖြစ်မယ်"

စုမာထင်းပင်ပန်းမည်ဆိုလျှင်လည်း ပင်ပန်းစရာပင်၊ သူတို့သည် တစ်နေကုန်နီးပါး လျှောက်လှမ်းလာခဲ့သည့်အပြင် နံနက်စာရော နေ့လယ်စာပါ မစားရသေးသည်ကို ချောင်ဖုံးက သတိရလိုက်သည်။

မိမိတို့မှာ ခံနိုင်ရည်ရှိသောလည်း စုမာထင်းခံနိုင်ရည် မည်သို့ရှိနိုင်ပါမည်နည်း။

ဤနေရာသည် လူသူကင်းရှင်းပြီး စားသောက်ဆိုင်ဟူ၍ အရိပ်အယောင်ပင် မတွေ့ရချေ။

အကယ်၍. . .

စားသောက်ဆိုင်တွေ့သည့်တိုင်အောင် သူ့တွင် ငွေမရှိချေ။

သူတစ်ယောက်တည်း ခရီးထွက်လာရပါက အကြောင်းမဟုတ်သော်လည်း အဖော်သုံးယောက်ပါနေသည်။

မိမိက မစားဘဲနေနိုင်သော်လည်း ထိုလူများက နေနိုင်မည်မဟုတ်ချေ။

သူ့တွင်ရှိသော ငွေများမှာလည်း ဝီစန်းနှင့်အတူနေစဉ်



သုံး၍ ကုန်သွားခဲ့ပြီဖြစ်သည်။

ဤအကြောင်းကို သူက အားနာ၍မပြောခဲ့ချေ။

ဖြစ်ချင်တာဖြစ်ဟူ၍ သူကထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ထိုစဉ်. . .

ဝီစန်းက မပင်ပန်းသည့်ပမာ. . .

"ဟော့. . . မြန်မြန်အမောဖြေကြဟော့၊ ရှေ့နားဆို စားသောက်ဆိုင်တစ်ဆိုင်လောက် တွေ့လိမ့်မယ်ထင်တယ်၊ အဲဒီတော့မှ စားသောက်ရင်း နားကြတာပေါ့ကွာ"

ဟု ပြောလိုက်သည်။

ထို့နောက် ထိုင်ရာမှထကာ ခရီးဆက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချောင်ဖုံးက ခြေလှမ်း ရုတ်တရက် ရပ်တန့်လိုက်၏။

မြင်းခွာသံမှာ ဒုန်းစိုင်းမောင်းနှင်လာသော အသံများဖြစ်ပေသည်။

အသံလာရာသို့ လှည့်ကြည့်လိုက်ရာ. . .

မြင်းကိုယ်စီနှင့် ဓားများစလွယ်သိုင်းထားသော လူလေးယောက်သည် သူတို့အနီးသို့ရောက်ရှိလာကြလေသည်။

"ရပ်လိုက်"

ရှေ့ဆုံးမြင်းပေါ်မှ ပါလာသောသူက လှမ်း၍အမိန့်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ထို့နောက် သူတို့သည် ချောင်ဖုံးတို့အား ဝိုင်းထားလိုက်ကြလေသည်။

ချောင်ဖုံးက မျက်မှောင်ကုတ်ကာ. . .

"မင်းတို့က ဘယ်သူတွေလဲ၊ ဘာကြောင့် ကျုပ်တို့ကို တားရတာလဲ"

ဟု မေးလိုက်သည်။

နှုတ်ခမ်းမွေး ထူလပျစ်နှင့်လူက ဓားကိုဆွဲထုတ်လိုက်လေသည်။

"မင်းတို့မှာပါလာတဲ့ ပစ္စည်းတွေ အကုန်ထုတ်၊ ဟိုဝှက် ဒီဝှက်နဲ့ ချန်ထားမယ်တော့မကြံနဲ့နော်"

ထိုစကားကြောင့် အဘိုးအိုဝီစန်းက ဟာသပြက်လုံးအား ကြားလိုက်ရသည့်အလား ရယ်မောလိုက်လေသည်။

"ဟား. . . ဟား. . . ဟား၊ လက်စသတ်တော့ မင်းတို့က ဓားပြလာတိုက်နေကြတာကိုး"

နှုတ်ခမ်းမွေးထူပျစ်သောလူက ဝီစန်းအား စူးစိုက်ကြည့်လိုက်ပြီး. . .

"အဘိုးကြီး ဘာရယ်တာလဲ၊ သေချင်ပြီလား"

ဟု အော်ငေါက်လိုက်သည်။

ဝီစန်းက ရယ်မောလျက်. . .

"မသေပါရစေနဲ့ဦးကွာ၊ ငါ့မှာ ဗိုက်မဖြည့်ရသေးဘူး၊ တော်ကြာ ဗိုက်မဖြည့်ရသေးဘဲ ငရဲပြည်ရောက်သွားလို့ ငရဲမင်း



က ထမင်း မကျွေးနိုင်ရင် ငါဒုက္ခရောက်နေပါဦးမယ်"

ဝီစန်း၏စကားကြောင့် ထိုလူမှာ ဒေါသခြောင်းခြောင်းထွက်သွားတော့သည်။

သူက သူ၏လူများကို အမိန့်ပေးလိုက်သည်။

"ဟေ့. . . သူတို့ကိုယ်မှာ ရှိသမျှပစ္စည်း အကုန်ယူ၊ ဘာမှမကျန်စေနဲ့"

ဝီစန်းက. . .

"ဟိတ်ကောင်တွေ၊ ငါတို့က အဝေးကြီး ခရီးဆက်ရဦးမှာနော်၊ တော်ကြာကြည့်မကောင်းရှုမကောင်းတွေ ဖြစ်ကုန်မယ်"

မျက်နှာများမှာ ကြမ်းတမ်းခက်ထန်သော လူလေးယောက်သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ကြပြီး ဓားကိုယ်စီဆွဲထုတ်လျက်. . .

"မင်းတို့ ပါတာတွေ အကုန်ထုတ်စမ်း"

ဟု တောင်းခံနေတော့သည်။

ချောင်ဖုံးက. . .

"ကျုပ်တို့မှာ ဘာမှမပါဘူးဗျ၊ မယုံရင် ကျုပ်တို့တစ်ကိုယ်လုံးကို ရှာကြည့်ပါ"

နှုတ်ခမ်းမွေး ထူပျစ်သောလူက. . .

"ဟေ့. . . သူတို့က ပြောနေတယ် ကြားလား၊ သူတို့တစ်ကိုယ်လုံးကို ရှာတဲ့၊ ရှာကြစမ်းကွာ"

သူတို့ စကားဆုံးသွားသည်နှင့် မျက်နှာကြမ်းတမ်းခက်

www.burmeseclassic.com

www.burmeseclassic.com



ထန်လှသော လူလေးယောက်သည် ချောင်ဖုံးတို့လေးယောက်၏တစ်ကိုယ်လုံးအား ရှာဖွေရန် အနီးသို့ ချဉ်းကပ်သွား ကြလေသည်။ ထိုစဉ်. . .

"ရပ်လိုက်"

ချောင်ဖုံးက ဟန့်တားလိုက်သည်။

လူလေးယောက်က ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားကြပြီး. . .

"မင်းက ဘာဖြစ်လို့ တားတာလဲ"

ချောင်ဖုံးက. . .

"ကျုပ်ပြောတဲ့အထဲမှာ မိန်းကလေး မပါဘူးနော်၊ ကျုပ်တို့သုံးယောက်ကို ရှာချင်ရှာ၊ မိန်းကလေးကို ရှာစရာမလိုဘူး"

လူလေးယောက်က သူတို့၏ခေါင်းဆောင် ဖြစ်ဟန်တူသော နှုတ်ခမ်းမွေးထူပျစ်သောလူအား ကြည့်မိကြလေသည်။

နှုတ်ခမ်းမွေးထူပျစ်သောလူက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး သူ၏လူများအား. . .

"ဟေ့ကောင်တွေ၊ သူတို့သုံးယောက်ကိုပဲ အရင်ရှာ၊ မတွေ့မှ မိန်းကလေးကို ရှာကြ"

လူလေးယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်ပြီး ချောင်ဖုံး၊ စုမာထင်းနှင့် ဝီစန်းတို့၏တစ်ကိုယ်လုံးအား ရှာဖွေကြလေတော့သည်။

❖ ❖ ❖



တခဏမျှ အချိန်ကုန်သွားလေသည်။

သူတို့သည် ခြေဖျားမှစ၍ ခေါင်းအထိ၊ ခေါင်းမှစ၍ ခြေဖျားအထိ ကိုယ်ကိုစမ်း၍ အပြန်အလှန် ရှာဖွေကြလေသည်

သို့သော်. . .

အဖိုးတန်ပစ္စည်းဟူ၍ တစ်စုံတစ်ရာကိုမျှ ရှာမတွေ့ရပ် ချေ။

"ဟာ မတွေ့ဘူးလားကွ"

နှုတ်ခမ်းမွေးထူပျစ်သောလူက မေးလေ၏။

လူလေးယောက်က သူ့အား ပြိုင်တူ လှည့်ကြည့်လိုက် ကြပြီးနောက် ပြိုင်တူ ခေါင်းခါလိုက်၏။

နှုတ်ခမ်းမွေး ထူပျစ်သောလူက. . .

"ဒါဆို မိန်းကလေးကို ရှာစမ်း"

ဟု အမိန့်ပေးလိုက်သည်။

သူ၏စကားဆုံးသည်နှင့် လူလေးယောက်က ယုလျံထံ သို့ ဝိုင်းရံသွားကြသည်။

ယုလျံက. . .

"ရှင်တို့ ကျွန်မအသားကို ထိရဲထိကြည့်"

ထိုစဉ်. . .

ချောင်ဖုံးက ယုလျံ အနီးတွင် လာရောက်ရပ်လိုက်ပြီး ထိုလူလေးယောက်အား တစ်ချက်ဝေ့ကြည့်လိုက်လေတော့ သည်။

"ခင်ဗျားတို့ လုပ်ရပ်က မသင့်တော်ပါဘူးဗျာ၊ ကျုပ်တို့

www.burmeseclassic.com



ခင်ဗျားတို့ကို မလိမ်ပါဘူး ကျုပ်တို့မှာ တကယ် ငွေတစ်ပြားမှ မရှိလို့ မရှိဘူး ပြောနေရတာပါ"

ယုလျှံက. . .

"အစ်ကို သူတို့ကို မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ပါ"

ခေါင်းဆောင်၏အော်သံ ထွက်ပေါ်လာလေသည်။

ထိုသူ၏အသံပင်မဆုံး လူလေးယောက် ယုလျှံ အနီး ချဉ်းကပ်လိုက်ကြသည်။

ထိုလူနှစ်ယောက်က ယုလျှံ၏လက်နှစ်ဖက်အား ဆုပ်ကိုင်ဟန်ပြင်လိုက်ကြသည်။

သို့သော်. . .

"ဝီ. . . ဝီ. . . ဝီ"

လေတိုးသံများ တိုးတိုးညင်ညင် ထွက်ပေါ်လာကြပြီးလျှင် ထိုလူလေးယောက်စလုံးမှာ ကျောက်ရုပ်များပမာ မလှုပ်မယှက် ဟန်မူရာဖြင့် ငြိမ်သက်သွားလေသည်။

"ဟော့ကောင်တွေ ဘာဖြစ်နေကြတာလဲ၊ မြန်မြန်ရှာကြစမ်း"

ခေါင်းဆောင်ဖြစ်ဟန်တူသောလူက မလှုပ်မယှက် ရပ်နေကြသော သူ၏လူများအား အားမလိုအားမရ ဖြစ်ကာ အော်ဟစ်လိုက်လေသည်။

သို့သော်. . .

တုတ်တုတ်မျှပင် မလှုပ်ကြပေ။



ထိုလူက ပို၍ ဒေါသထွက်သွားသည်။

သူက မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်လေသည်၊ ပြီးနောက် သူ၏လူများ အနီးသို့ လျှောက်ကာ. . .

"ဖြန်း. . . ဖြန်း. . . ဖြန်း"

ပါးတစ်ချက်စီ ရိုက်ချလိုက်သည်။

သို့တိုင်အောင် သူ၏လူများက တုတ်တုတ်မျှပင် မလှုပ်ကြသဖြင့် သူက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုစဉ်မှာပင်. .

"မင်းက တော်တော်တုံးတာပဲ၊ ဒါနဲ့များ ခေါင်းဆောင်လုပ်နေသေးတယ်"

"ခင်ဗျားက ဘာကိုပြောတာလဲ"

ခေါင်းဆောင်က မေးလိုက်သည်။

ဝီစန်းက. . .

"မင်းလူတွေအားလုံး ငါ့လက်ချက်နဲ့ သွေးကြောပိတ်ကုန်ကြပြီ၊ ဒါတောင် မင်းက မရိပ်မိဘူးလား"

ထိုစကားကြောင့် ထိုလူက ထိတ်ခနဲ ဖြစ်သွားပြီး သူ့လူများကို ကြည့်မိလေသည်။

သူ့လူများအားလုံး မလှုပ်မယှက်ဖြင့် သွေးကြောပိတ်ခံထားရသည်ကို ယခုမှ သူက သတိပြုမိလေသည်။

ထိုအခါကျမှ. . .

ထိုလူသည် မိမိရင်ဆိုင်နေရသော လူများမှာ သိုင်းပညာရှင်များ ဖြစ်သည်ကို ရိပ်စားမိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူက ကမန်းကတန်း တောင်းပန်လိုက်လေတော့သည်။

"ဟောဒီက မိတ်ဆွေကြီးက သိုင်းပညာရှင်မှန်း မသိလို့ နှောင့်ယှက်မိတာကို ခွင့်လွှတ်ပါဗျာ"

ဝီစန်းက. . .

"မင်းတို့အများ မင်းတို့သိရင် ဒီနေရာက အမြန်ဆုံး ထွက်သွားပါ။ နောက်မှ ငါ့အဆိုးမဆိုနဲ့"

ထိုလူက အကြိမ်ကြိမ် ဦးညွတ်ကာ. . .

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သူက သူ့လူများဘက်လှည့်ကာ. . .

"ဒါနဲ့. . . သူတို့"

ဝီစန်းက ထိုလူများအား သွေးကြောဖွင့်ပေးလိုက်၏။

သွေးကြောဖွင့်ပေးလိုက်သည်နှင့် တပြိုင်နက် ထိုလူများသည် မိမိတို့ မြင်းပေါ်သို့ ကမန်းကတန်း ခုန်တက်ကြကာ ထိုနေရာမှ အပြေးအလွှား ထွက်သွားကြလေသည်။

"ရပ်လိုက်"

ဝီစန်းက ဟန့်တားလိုက်သည်။

ထိုလူများက မြင်းများကို ကိုယ်စီ တုံ့ခနဲ ရပ်တန့်လိုက်ကြပြီး နောက်သို့ လှည့်၍. . .

"ပြောပါခင်ဗျာ"

ဝီစန်းက. . .

"မင်းတို့မှာ ပါလာတဲ့ငွေတွေ ငါတို့ကိုပေးခဲ့၊ အခုငါတို့မှာ ခရီးဆက်ဖို့ ငွေတစ်ပြားမှမရှိဘူး ဖြစ်နေတယ်"

ထိုလူက ငြင်းလေ၏။

"ကျွန်တော်တို့မှာလဲ မရှိပါဘူး ခင်ဗျာ၊ ဒါကြောင့်လဲ မိတ်ဆွေကြီးတို့ဆီက ဓားပြတိုက်ရတာပေါ့"

ဝီစန်းက. . .

"ဒါဆို မင်းရဲ့အတွင်းအိတ် ဘာကြောင့် ဖောင်းနေရတာ လဲ"

ထိုလူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူက ငုံ့ကြည့်မိသည်။

သူ၏အတွင်းအိတ် ဖောင်းထွက်နေသည်။

"ဒါ. . . ဒါ"

ဝီစန်းက. . .

"ကျုပ်ကို လိမ်ဖို့မကြိုးစားနဲ့နော်၊ မင်းရဲ့အတွင်းအိတ်ထဲကအထုပ်ကို ငါ့ကိုထုတ်ပေးပါ"

ထိုလူက ပါးစပ်ပိတ်ထားလေသည်။

တဆက်တည်းပင် ထိုလူက လျှပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။

"ဟိုင်း"

"ခွပ်. . . ခွပ်. . . ခွပ်"

ထိုလူ၏မြင်းသည် လေးမှပစ်လွှတ်လိုက်သော မြှားတစ်စင်းပမာ အရှိန်အဟုန်ပြင်းစွာဖြင့် ထိုနေရာမှ ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏လူများကလည်း အလွန်ပါးနပ်လှပေသည်။

ခေါင်းဆောင် လျှပ်တပြက် လှုပ်ရှားလိုက်သည်နှင့် သူတို့ကလည်း လက်မနှေးဘဲ လျင်မြန်စွာပင် နောက်မှ ထပ်ကြပ်မကွာ လိုက်သွားလေတော့သည်။

❖ ❖ ❖

ဝီစန်းတို့မှာ ရုတ်တရက်မို့ ကြောင်အမ်းအမ်း ဖြစ်ရင်း ကျန်ရစ်ခဲ့လေသည်။

တခဏကြာမှ ချောင်ဖုံးက ယုလျှံတို့သားအဖဘက် လှည့်ကာ. . .

"ကျွန်တော်တို့လဲ ခရီးဆက်ကြမယ်"

ထို့နောက် သူတို့သည် ထိုနေရာမှ စတင်၍ ထွက်ခွာလာကြလေသည်။

သူတို့သည် သုံးလေးလှမ်းမျှ လှမ်းမိသောအခါတွင် စုမာ ထင်းက ရပ်တန့်သွားပြီး. . .

"နေကြပါဦးဟ၊ ဝီစန်းတစ်ယောက်ကို မတွေ့တော့ပါလား"

ဟု အံ့ဩသော လေသံဖြင့် ပြောလိုက်သည်။

ထိုစကားကြောင့် ချောင်ဖုံးနှင့် ယုလျှံတို့က ရုတ်တရက် ခြေလှမ်းများ ရပ်တန့်သွားကြပြီး ဘေးဘီအား လှည့်ပတ်၍ ရှာကြည့်လေသည်။



"ဟုတ်ပ၊ ဘယ်ရောက်သွားပါလိမ့်"

စုမာထင်းက. . .

"သူ ဟိုခေးပြတွေနောက် လိုက်သွားတာများလား"

ချောင်ဖုံးက မျက်မှောင်ကြုတ်ကာ. . .

"ကျွန်တော်လဲ ကြည့်နေတာပဲ၊ ဟိုလူတွေ တော်တော်ဝေးဝေး ရောက်သွားတာတောင် ဘဘလိုက်သွားတာကို ကျွန်တော်တို့ မတွေ့ပါဘူး"

စုမာထင်းက. . .

"အေး. . . ဒါလဲ ဟုတ်တာပဲ"

ချောင်ဖုံးက အနည်းငယ် စဉ်းစားရင်း ယုလျှံဘက်သို့ လှည့်၍. . .

"ညီမကော ဘဘထွက်သွားတာ မမြင်ဘူးလား"

ယုလျှံက ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ကျွန်မ မမြင်လိုက်ဘူး"

ချောင်ဖုံးက သက်ပြင်းတစ်ချက်ကို ရှည်လျားစွာချလိုက်လေသည်။

"အင်း. . . ဘဘရဲ့ကိုယ်ဖော့ပညာကတော့ အတော်ချီးကျူးဖို့ ကောင်းနေပြီ၊ မျက်စိတစ်မှိတ်အတွင်းမှာပဲ ဘဘထွက်သွားတာကို ဘယ်သူမှ မမြင်မတွေ့လိုက်ကြဘူး"

ယုလျှံက. . .

"ဘဘ. . . ဘယ်ကို ထွက်သွားတာလဲ"

ချောင်ဖုံးက. . .

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလဲ မသိဘူးလေ"

ယုလျှံက. . .

"မဟုတ်မှလွဲရော၊ ဟိုလူတွေနောက်ကို ဘဘလိုက်သွားတာပဲ ဖြစ်မယ်"

စုမာထင်းက. . .

"ဟိုလူတွေက မြင်းတွေနဲ့၊ နောက်ပြီး အဝေးကြီးကို ရောက်နေမှ သူလိုက်သွားလဲ မီနိုင်ပါ့မလား"

ချောင်ဖုံးက. . .

"ပြောလို့တော့ မရဘူး၊ ဘဘပြန်လာမှပဲ အကျိုးအကြောင်း သိရတော့မှာပဲ"

သူက စကားဆက်လိုက်သည်။

"ကဲ. . . ကျွန်တော်တို့ ဟိုသစ်ပင်အောက်မှာပဲ ဘဘကို ထိုင်စောင့်ကြတာပေါ့"

သူတို့က ပြောရင်း နောက်ပြန်လှည့် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်မှာပင်. . .

"ဟိတ်. . . မင်းတို့က ရှေ့ဆက်မသွားဘဲ ဘာကြောင့်နောက်ပြန်လှည့်နေရတာလဲ"

အသံတစ်သံ ထွက်ပေါ်လာသည်။

ထိုအသံကြောင့် ချောင်ဖုံးတို့က လှည့်ကြည့်မိကြလေသည်။

"ဟာ. . . ဘဘ"



ထိုအသံရှင်မှာ ဝီစန်းပင် ဖြစ်လေသည်။

သူသည် လက်ထဲ၌ အထုပ်တစ်ထုပ်ကို ဆွဲ၍ ကိုင်ရင်း သူတို့ထံ တစ်လှမ်းချင်း လှမ်းလာနေသည်ကို တွေ့မြင်လိုက်ကြရသည်။

❁ ❁ ❁

"ဘဘ. . . ဘယ်ပျောက်သွားတာလဲ"

ချောင်ဖုံးက မေးလိုက်သည်။

ဝီစန်းက ပြုံးလျက်. . .

"ဟိုကောင်တွေနောက် လိုက်သွားတာလေ"

ချောင်ဖုံးက ဝီစန်းအား မျက်လုံးပြူး၍ အံ့သြစွာ ကြည့်မိလေသည်။

ဝီစန်းက. . .

"ဒီကောင်တွေလောက်တော့ ငါပျင်းသေးတယ်"

သူက ပြောရင်း ချောင်ဖုံးအား ကြည့်ကာ. . .

"ဘာလဲ မင်းက အံ့သြနေတာလား၊ ဒါအံ့သြစရာမဟုတ်ပါဘူး၊ ဒီကောင်တွေက ဘာပညာမှ ကောင်းကောင်းမတတ်ဘဲ လူတွင်ကျယ်လုပ်နေကြတာ၊ ကြောက်ပါတယ်ဆိုတဲ့လူကို ဖြဲခြောက်ပြီး သူတို့ မနိုင်တဲ့လူနဲ့ တွေ့ရင်တော့ ဒူးထောက်တောင်းပန်ရမှာလဲ ဝန်မလေးဘူး"

သူက စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုလဲ ငါက သူတို့ကို ဘာမှတောင် မလုပ်ရသေးဘူး၊ သူတို့က ငါ့ကို မြင်တာနဲ့ ဟောဒီ ငွေထုပ်ကို ချက်ချင်းထုတ်ပေးလိုက်ကြတာပဲ"

ချောင်ဖုံးက ပြုံးကာ...

"သူတို့ကတော့ ဘဘမီအောင် လိုက်လာနိုင်လိမ့်မယ်လို့ ထင်မှာ မဟုတ်ဘူးနော်"

ဝီစန်းက ရယ်မောကာ...

"ဟုတ်တယ်၊ ငါအမီလိုက်တာကို မြင်ရော သူတို့ရှိတာ အကုန်ထုတ်ပေးတော့တာပဲ"

ချောင်ဖုံးက...

"ဘဘရဲ့ ကိုယ်ဖော့ပညာက မယုံကြည်နိုင်လောက်အောင်ပဲ"

ဝီစန်းက...

"ဒါက အတွေ့အကြုံပေါ်မှာ မူတည်ပါတယ်၊ မင်းလဲ အတွေ့အကြုံများများရပြီး ကိုယ်ဖော့ပညာကို များများအသုံးချရရင် အလိုလိုပဲ [illegible] လာမှာပါ"

[illegible]က ခေါင်းတညိတ်ညိတ်ဖြင့်...

"ဒါနဲ့ ဘဘကို တစ်ခုမေးရဦးမယ်"

ဝီစန်းက...

"ဘာမေးမလို့လဲ"

ချောင်ဖုံးက...

"ဟိုလူတွေကို သွေးကြောပိတ်လိုက်တုန်းက ဘယ်လို



လုပ်ပိတ်လိုက်တာလဲ"

ဝီစန်းက ပြုံး၍...

"အင်း...ငါက အဝေးရောက် သွေးကြောပိတ်ပညာကို အသုံးပြုပြီး အနီးက ခဲလုံးလေးတွေနဲ့ ပစ်လိုက်တာပဲ"

သူက ဆက်၍ ရှင်းပြလိုက်သည်။

"ဒီအဝေးရောက် သွေးကြောပိတ်ပညာဟာ တော်ရုံတန်ရုံ သိုင်းသမားတွေ မတတ်ကြဘူး၊ ဒီပညာကိုတတ်တဲ့ လူကလဲ တော်ရုံတန်ရုံ သိုင်းသမား မဟုတ်လောက်ဘူး"

ချောင်ဖုံးက...

"ကျွန်တော်လဲ ကြားဖူးပါတယ်၊ ဘဘက ဘာကြောင့် ဒီပညာကို ကျွန်တော့်ကို မသင်ပေးဘဲ ချန်ထားရတာလဲ"

ဝီစန်းက...

"ဒီပညာက အချိန်ယူပြီး သင်ကြားရတဲ့ ပညာပဲ၊ မင်းကို မသင်ပေးဘူးဆိုတာကလဲ လက်ရှိသင်ထားတဲ့ ပညာတွေနဲ့ ရောထွေးကုန်မှာ စိုးလို့ပါ၊ လက်ရှိသင်ကြားထားတဲ့ ပညာတွေ ကျွမ်းကျင်ပြီဆိုမှ ဒီသွေးကြောပိတ်ပညာကို အချိန်ယူပြီး ထပ်သင်ရမှာ"

သူက သက်ပြင်းတစ်ချက်ချကာ...

"မင်းကို ငါက ပညာတွေ အကုန်သင်ပေးပြီးပြီလို့ ပြောရတာက မင်း အားရှိအောင်လို့ပါ"

ချောင်ဖုံးက ဝီစန်းအပေါ် အထင်လွဲမိသည်ကို အားတုံ့အားနာ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာဘအပေါ် အထင်လွဲမိတာကို ခွင့်လွှတ်ပါ ဘာဘ"

ဝီစန်းက ပြုံးလျက်. . .

"တဲ. . . ငါတို့ စကားဖြတ်ကြရအောင်၊ ဗိုက်ထဲကလဲ ဆန္ဒပြနေပြီ"

သူက လက်ထဲမှ ငွေထုပ်ကို ဆုပြရင်း. . .

"ငွေထုပ်ကလဲ လက်ထဲရောက်နေပြီ၊ ဒီတော့ စားသောက်ဆိုင်တစ်ခုခုကို အမြန်ဆုံးရှာပြီး ဗိုက်ဖြည့်ကြတာပေါ့"

ယုလျှံက. . .

"ကောင်းတယ်ဟေ့"

ဟု ဝမ်းသာအားရ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

စုမာထင်းက. . .

"ဒါပေါ့၊ သူခိုးလက်က သူဝှက်လုတယ်ဆိုတာ"

ဝီစန်းက. . .

"ခင်ဗျား မနာလို မဖြစ်ပါနဲ့ဗျာ၊ ဒါက ကျုပ်တို့ရဲ့ကုသိုလ်ကံပဲဗျ၊ ကျုပ်တို့က သူတော်ကောင်းတွေဆိုတော့ ကျုပ်တို့မှာ ငွေပြတ်မှန်းသိလို့ မိုးနတ်မင်းက ကျုပ်တို့ကို ငွေလာပေးတာ"

သူက ချောင်ဖုံးအား. . .

"မဟုတ်ဘူးလား ချောင်ဖုံး"

ချောင်ဖုံးက ပြုံးလိုက်ပြီး. . .

"ဘာဘပြောတာလဲ မှန်ပါတယ်၊ ဒါပေမယ့် ဒီငွေက သူများ မျက်ရည်ကျပြီးမှ ရထားတဲ့ ငွေတွေဆိုတော့ ကျွန်တော်ဖြင့် မသုံးရက်ဘူး"



ဝီစန်းက ရယ်မောကာ. . .

"ငါက မင်းထက် ပိုပြီးဆိုးတာပေါ့ ချောင်ဖုံးရာ၊ ဒါပေမယ့် ဒီငွေဟာ သူတို့အတွက် မတရားရထားပေမယ့် ငါတို့အနေနဲ့ မတရားရထားတဲ့ ငွေတွေမှ မဟုတ်တာ၊ သူတို့ကိုယ်တိုင်က ရှောရှောရှူရှူ ငါ့ကိုပေးတာကွ၊ ငါပြောပြီးပြီလေ၊ မိုးနတ်မင်းက တမင်ဖန်တီးပြီး ငါတို့ကို လာပေးတာပါဆို"

ချောင်ဖုံးက ပါးစပ်ပိတ်ထားလေသည်။

❂ ❂ ❂

ပန်းနီစားသောက်ဆိုင်. . .။

ပန်းနီစားသောက်ဆိုင်သည် လမ်းဘေးစားသောက်ဆိုင်ကလေးတစ်ဆိုင် ဖြစ်သည်။

လူခြေပြတ်ပြီး မြို့နှင့် ဝေးလံသော နေရာတွင် ခရီးသွားများ အခက်အခဲ မရှိစေရန် ယာယီဆောက်လုပ်ထားသော စားသောက်ဆိုင်ကလေးတစ်ဆိုင် ဖြစ်သည်။

တည်းခိုနိုင်ရန် အခန်းများ ဖွဲ့ထားသေးသည်။

ထို့ကြောင့် ခရီးသွားများအဖို့ အဆင်ပြေလှပေသည်။

မြို့နှင့် အနည်းငယ် ဝေးနေသဖြင့် ထိုစားသောက်ဆိုင်ကလေးတွင် စားသောက်တည်းခိုသူများ အနည်းအကျဉ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ချောင်ဖုံးတို့လူစုသည် ထိုစားသောက်ဆိုင်လေးသို့ ရောက်ရှိကြပြီးလျှင် စားစရာများ မှာကြားကာ ဆာဆာနှင့် ခေါင်း မဖော်တမ်း စားသောက်လိုက်လေသည်။

စားသောက်ပြီးသည်နှင့်. . .

ဝီစန်းက. . .

"နေလဲဝင်တော့မယ်၊ တို့ ဒီည ဒီမှာပဲတည်းကြမလား"

ချောင်ဖုံးက. . .

"ဘဘ သဘောပဲလေ"

ဝီစန်းက. . .

"တို့အတွက်တော့ အတော်ပဲဟေ့၊ ဒီဆိုင်မှာ အရက်ကောင်းကောင်း ရှိတယ်ကွ"

ချောင်ဖုံးက ထိုင်ရာမှထကာ. . .

"ကျွန်တော် အခန်းသွားငှားလိုက်ဦးမယ်"

ဝီစန်းက ခေါင်းညိတ်လိုက်၏။

ထို့နောက် သူသည် ကောင်တာရှိရာ စားပွဲသို့ လျှောက်သွားလေသည်။

ထိုအချိန်တွင်. . .

လူတစ်ယောက်သည် ဆိုင်ထဲသို့ ဝင်ရောက်လာလေတော့၏။

ထိုလူမှာ ဝါးခမောက်တစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းထားသည်။

ထိုလူသည် ဝီစန်းတို့ ဝိုင်းဖွဲ့ထိုင်နေသော စားပွဲအနီး



ဖြတ်လျှောက်သွားကာ ထောင့်စားပွဲတစ်လုံးတွင် သွားရောက်ထိုင်ချလိုက်လေသည်။

ထိုလူက ထိုထောင့်စားပွဲတွင် ဝီစန်းတို့ စားပွဲအားကျော ခိုင်း၍ ထိုင်ချလိုက်သည်နှင့်. . .

ချောင်ဖုံး ကောင်တာစားပွဲမှ ပြန်လျှောက်လာကာ စားပွဲတွင် ဝင်ထိုင်ချလိုက်လေသည်။

ဝီစန်းက. . .

"ဘယ်လိုလဲ၊ အဆင်ပြေခဲ့တယ် မဟုတ်လား"

ချောင်ဖုံးက. . .

"ဟုတ်ကဲ့၊ ပြေခဲ့ပါတယ် ဘဘ"

စုမာထင်းက. . .

"ဘယ်နှစ်ခန်း ငှားခဲ့လဲ"

ချောင်ဖုံးက. . .

"နှစ်ခန်း၊ တစ်ခန်းက ယုလျှံအတွက်၊ ကျန်တစ်ခန်းကတော့ ကျွန်တော်တို့သုံးယောက်ပေါင်း အိပ်ကြတာပေါ့"

ဝီစန်းက မျက်မှောင်ကြုတ်ကာ. . .

"တစ်ခန်းတည်းနဲ့ သုံးယောက် ဖြစ်ပါ့မလားကွ"

ချောင်ဖုံးက. . .

"နှစ်ယောက်အိပ် အခန်းကို သုံးယောက်အိပ်လို့ ဖြစ်ပါတယ်၊ တကယ်လို့ သိပ်ကျပ်မယ်ဆိုလဲ ကျွန်တော်အပြင်ထွက်အိပ်ပါ့မယ်"

ဝီစန်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းက တော်တော်ကပ်စေးကျတာပဲ"

ချောင်ဖုံးက. . .

"မကုန်သင့်တာ မကုန်ရအောင်ပါ၊ ကျွန်တော်တို့ရှေ့ကို နှစ်ရက်လောက် ခရီးဆက်ရဦးမှာ မဟုတ်လား"

"ငွေရေးကြေးရေးများကွာ၊ အချိန်တန်တော့ ဖြစ်လာမှာပေါ့။ လောလောဆယ် နေရထိုင်ရ စားသောက်ရတာ အဆင်ပြေ ဖို့ အရေးကြီးတယ် မဟုတ်လား"

ဝီစန်းက ပူပန်မှုကင်းသော လေသံဖြင့် ပြောလိုက်လေတော့သည်။

"ချောင်ဖုံးပြောတာ မှန်တယ်၊ မိုးနတ်မင်းက ကျုပ်တို့ကိုအခွင့်အရေး နှစ်ခါပေးမှာ မဟုတ်ဘူးဗျ၊ အခွင့်အရေးပေးတုန်းလေး ခြိုးခြိုးခြံခြံသုံးတော့ ပိုကောင်းတာပေါ့ မဟုတ်ဘူးလား၊ ကဲပါဗျာ ကျုပ်လဲ ခါးဆန့်ချင်လာပြီ၊ အခန်းအခြေအနေ ဘယ်လို ရှိတယ်ဆိုတာ ကြည့်ကြရအောင်၊ အဆင်မပြေတော့လဲ ကြည့်ပြီးစီစဉ်ကြတာပေါ့"

ဟု ကြားဖြတ်ဝင်ပြောလိုက်သည်။

ထိုအခါကျမှ. . .

ဝီစန်းက ပါးစပ်ပိတ်သွားလေသည်။

❖ ❖ ❖



ဝီစန်းတို့လေးယောက်သည် မိမိတို့ ငှားရမ်းထားသော အခန်းရှိရာသို့ ထွက်ခွာသွားစဉ်. . .

ထောင့်စားပွဲတွင် ထိုင်နေသော ဝါးခမောက်ကို ခပ်ငိုက်ငိုက်ဆောင်းထားသည့်လူသည် စားသောက်ဖွယ်ရာများကို မှာကြားရင်း စားသောက်နေရာမှ ပြီးစီးသွားဟန်တူလေသည်။

ထိုလူက ထိုင်ရာမှ ထလိုက်သည်။

ထို့နောက်. . .

သူက ဆိုင်ထဲမှ ထွက်ခွာသွားလေသည်။

ထိုသူသည် ဆိုင်ဝသို့ ရောက်ရှိသွားသည်နှင့် ဆိုင်လုလင်တစ်ယောက်က နောက်မှ ပြေးလိုက်သွားကာ. . .

"ဆရာလေး. . . ဆရာလေး၊ ထမင်းဖိုးလေး ရှင်းခဲ့ပါဦး"

ထိုလူမှာ ဆိုင်လုလင်၏စကားကို မကြားသည့်အလား အေးအေးဆေးဆေးပင် ရှေ့သို့ လျှောက်သွားလေသည်။

ဆိုင်လုလင်က ထိုလူရှေ့မှ ရပ်ကာ. . .

"ဆရာလေး. . . ထမင်းဖိုး ရှင်းခဲ့ဦးဗျ"

ထိုလူက ဂရုမစိုက်ဘဲ ဆိုင်လုလင်အား တွန်းဖယ်ကာ ရှေ့သို့ ဆက်လက်လျှောက်သွားလေသည်။

ဆိုင်လုလင်က အခြေအနေကို ကောင်းစွာ ရိပ်စားလိုက်မိသဖြင့် ဆိုင်ထဲသို့ လှမ်း၍ အကူအညီတောင်းသော မျက်လုံးဖြင့် လှမ်းကြည့်လိုက်သည်။

ထိုအခါ. . .

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်နှင့် ဆိုင်လုလင်သုံးယောက်ကလည်း ပြေးထွက်လာကြသည်။

သူတို့၏လက်ထဲတွင်လည်း တုတ်၊ ဓားများကိုယ်စီ ကိုင်ဆောင်လာကြသည်။

သူတို့သည် ထိုလူအား ဝိုင်းရံထားလိုက်ကြတော့၏။

❖ ❖ ❖

ချောင်ဖုံးတို့ တည်းခိုမည့် နှစ်ယောက်ခန်းမှာ ကျယ်ဝန်းသဖြင့် သုံးယောက် ကောင်းကောင်းအိပ်စက်၍ ရနိုင်ပေလေသည်။

သို့သော်. . .

နှစ်ယောက်က ခုတင်ပေါ်မှာအိပ်၍ တစ်ယောက်ကမူ ကြမ်းပြင်ပေါ်မှာ အိပ်ရပေသည်။

ချောင်ဖုံးက သဘောကျသွားပြီး. . .

"ကျွန်တော် ကြမ်းပြင်မှာ အိပ်မယ်၊ ဒါဆို အဆင်ပြေသွားပြီလား"

ဟု ဝီစန်းအား မေးလိုက်လေသည်။

ဝီစန်းက. . .

"အင်း. . ကောင်းတယ်၊ ဒါပေမယ့် ငါက အအိပ်ကြမ်းတော့ စုမာထင်းနဲ့အတူ အိပ်လို့ ဖြစ်ပါ့မလားလို့ ပူမိတယ်ကွ"

စုမာထင်းက. . .



"ကောင်းတယ်၊ ဒါဆိုလဲ ကျုပ်ပါ အောက်မှာ အိပ်ပေးပါ့မယ်"

ဝီစန်းက သဘောကျသွားကာ. . .

"အင်း. . . ဒါအကောင်းဆုံးပဲ"

သူတို့သည် ယင်းသို့ စကားပြောနေစဉ်မှာပင်. . .

"ဝုန်း"

"အား"

တိုက်ခိုက်သံများကို ကြားလိုက်ရလေ၏။

ချောင်ဖုံးက. . .

"ဘာဘ အပြင်မှာ ရန်တွေ ဖြစ်နေကြတယ် ထင်တယ်၊ ဆူဆူညံညံနဲ့"

ဝီစန်းက. . .

"ဘာဖြစ်လဲကွာ၊ ရန်ဖြစ်တာ ဆန်းလား"

ချောင်ဖုံးက. . .

"မဟုတ်သေးဘူးလေ၊ မတရားတာဆိုရင် ကျွန်တော်တို့ ဝင်ပြီး ရှင်းပေးရတာပေါ့"

ဝီစန်းက. . .

"မဆိုင်တာ ဝင်မပါချင်ပါနဲ့၊ ကိုယ့်ဘာသာကိုယ် အနားယူစမ်းပါ"

ချောင်ဖုံးက ခုတင်ပေါ်သို့ ထိုင်ချလိုက်သည်။

အပြင်ဘက်၌ ဆူညံစွာ အော်ဟစ်သံ၊ ညည်းညူသံများက ထွက်ပေါ်နေဆဲပင် ရှိသည်။

www.burmeseclassic.com



သူသည် အခြေအနေကို သိလိုစိတ်ကြောင့် အခန်း အပြင်သို့ ပြေးထွက်သွားလေသည်။

❂ ❂ ❂

သူအပြင်ရောက်သောအခါ ဆိုင်ရှင်နှင့် ဆိုင်လုလင်များ လဲကျနေလေသည်။

သူသည် ဆိုင်ရှင် အနီးသို့ သွားကာ ဆိုင်ရှင်အား ဖေးမ၍. . .

"ခင်ဗျားတို့ ဘယ်လို ဖြစ်တာလဲ"

ဆိုင်ရှင်က. . .

"ကျုပ်တို့ကို ဟိုလူက ထမင်းစားပြီး ပိုက်ဆံ မပေးတာကို လိုက်တောင်းတော့၊ သူ့ကို တောင်းရမလားဆိုပြီး ကျုပ်တို့ကိုအခုလို လုပ်သွားတာ"

ချောင်ဖုံးက. . .

"ခင်ဗျားတို့က လူအများကြီးပဲ၊ သူ့ကိုတောင် မနိုင်ဘူးလား"

ဆိုင်ရှင်က. . .

"သူက သိုင်းပညာရှင်ဗျ"

ချောင်ဖုံးက. . .

"အင်း. . . ဒီလူက သိုင်းပညာရှင်တစ်ယောက် ဖြစ်ပေမယ့် ဒီလောက် ရမ်းကားပုံထောက်ရင် လူကောင်းတော့ မဖြစ်နိုင်ဘူး။ တွေ့ကြသေးတာပေါ့"



သူသည် ကြုံးဝါးလိုက်သည်။

ထို့နောက် သူသည် လျှောက်လှမ်းသွားနေသောလူနောက်သို့ ပြေးလိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်. . .

တိုက်ခိုက်သံများ ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုလူနှင့် လူတစ်ယောက် တိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

ချောင်ဖုံးက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုလူမှာ မည်သူနှင့် တိုက်ခိုက်နေသည်ကိုလည်း စိတ်ဝင်စားသွားလေသည်။

ထို့ကြောင့် သူက ထိုလူနှင့် တိုက်ခိုက်နေသော လူအားအာရုံစိုက်၍ ကြည့်လိုက်လေသည်။ ထိုအခါ သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေတော့သည်။

"ဟင်. . . တာဘ"

မှန်ပေသည်။

ထိုလူအား ဟန့်တား၍ တိုက်ခိုက်နေသူမှာ ဝီစန်းပင် ဖြစ်နေလေသည်။

ချောင်ဖုံးက ကြောင်အမ်းအမ်း ဖြစ်နေပြီးမှ ဝီစန်းအား ကူညီရန် ပြေးသွားသည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



ချောင်ကျင်းသည် ဇီစန်းတို့ တိုက်ခိုက်နေသည့် နေရာသို့ ရောက်ရှိသွားသည်နှင့်. . .

"ဘဘ ကျွန်တော့်ထက်တောင် ခြေသွက်နေပါလား"

ဟု ပြောလိုက်သည်။

ဇီစန်းက တိုက်ခိုက်နေရာမှ သူ့အား လှည့်၍ ပြုံးပြလိုက်ပြီး. . .

"မင်းပင်ပန်းမှာစိုးလို့ ငါက ကူညီပေးတာပါကွာ"

ချောင်ဖုံးက. . .

"ဘဘ တစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား"

ဇီစန်းက. . .

"သည်လောက်ကတော့ကွာ ပျင်းတောင်ပျင်းပါသေးတယ်"

သူသည် ယင်းသို့ ပြောနေသော်လည်း သူ၏နဖူး၌ ချွေးများ စို့နေ၏။

တစ်ဖက်လူ၏ သိုင်းပညာကိုလည်း သူက ကျိတ်၍ ချီးကျူးမိလေသည်။

အထင်လည်း မသေးရဲတော့ပါ။

ထို့ကြောင့် သူက ပို၍ ဂရုတစိုက် တိုက်ခိုက်နေရလေသည်။

ဇီစန်းသည် မည်သည့်သိုင်းသမားမျိုးကိုမျှသူက မမှုပါ။ မည်သူနှင့်မဆို သူယှဉ်ရဲသည်။

သို့သော်. . .



ဤသည်မှာ အရင်က ဖြစ်သည်။

ယခုမှာမူ အသက်အရွယ် အိုမင်းလာပြီ ဖြစ်သည်။

အိုမင်းရင့်ရော်ခြင်းဟူသော ရောဂါကြောင့် လက်ရည်တူ လူငယ်တို့နှင့် ယှဉ်ပြိုင်သည့်အခါ ကိုယ့်ဘက်က တစ်ပန်းရှုံးနေပြီ မဟုတ်ပါလား။

ထိုလူ၏သိုင်းပညာသည် သူ၏သိုင်းပညာထက် မသာသော်လည်း ထိုလူ၏ကိုယ်ခံအားနှင့် လျင်မြန်မှုမှာ သူ့ထက်များစွာ သာလွန်၍နေသည်။

ထို့ကြောင့် အချိန်ကြာလာသည်နှင့်အမျှ ဇီစန်းမှာ မောဟိုက်စပြုလာနေချေပြီ။

ထိုအချိန်မှာပင် ဝါးခမောက်ကို ခပ်ငိုက်ငိုက်ဆောင်းထားသောလူက တိုက်ခိုက်ရာမှ ရုတ်တရက် ရပ်တန့်လိုက်သည်။

ဇီစန်းကလည်း ရပ်တန့်လိုက်သည်။

"ဘယ်လိုလဲ၊ ကျုပ်ကို မနိုင်မှန်း သိသွားပြီ မဟုတ်လား၊ ဒါဆိုလဲ ဟိုဆိုင်ရှင်ကို သွားတောင်းပန်လိုက်ပါ"

ဟု ရင်ကို ကော့ကာ အောင်နိုင်သူတစ်ယောက်၏ လေသံဖြင့် ပြောလိုက်လေသည်။

သို့သော် ထိုလူက ခွန်းတုံ့ပြန်ခြင်းမပြုဘဲ ချောင်ဖုံးထံသို့ လျှောက်သွားသည်။

ထို့နောက် ခမောက်ကို ဖယ်ရှားလိုက်သည်။

ထိုလူ၏ ကြွမ်းတမ်းရုပ်ဆိုးသော ရုပ်သွင် ပေါ်လွင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည် လုထင်းချွန်း၊ မင်းမှတ်မိမှာပေါ့"

ချောင်ဖုံးက ခေါင်းညိတ်ပြရင်း. . .

"ဟုတ်ကဲ့"

လုထင်းချွန်းက. . .

"မင်းက ငါ့ညီမနဲ့ ခင်နေတယ်ဆိုတော့ လောလောဆယ် မင်းဆီက ငါအကူအညီတစ်ခု တောင်းရဦးမယ်"

ချောင်ဖုံးခေါင်းကို ဆတ်ခနဲညိတ်ရင်း. . .

"ဟုတ်ကဲ့. . . ပြောပါ အစ်ကိုကြီး၊ ဘာအကူအညီများ လိုနေလို့လဲ"

လုထင်းချွန်းက လေသံမာမာဖြင့်. . .

"သည်အကူအညီကို မင်းဆီက အလကားမယူပါဘူး၊ တန်ရာတန်ကြေး ပြန်ပေးမှာပါ"

"ဟုတ်ကဲ့. . . ပြောပါ အစ်ကိုကြီး"

"တခြား မဟုတ်ပါဘူး၊ အခု ငါ ခရီးသွားရင်း လမ်းစရိတ် ပြတ်သွားတယ်၊ ဒါကြောင့် ငါ့မှာ ငွေတစ်ပြားမှ မရှိဘူး၊ ငါက အစားလေးတစ်လုတ်အတွက် ရန်မဖြစ်ချင်ဘူး၊ ဒါကြောင့် သည် ငွေကို မင်းပဲစိုက်ပေးလိုက်ပါ၊ နောက်တော့ ငါပြန်ဆပ်မယ်"

"ရပါတယ်ဗျာ"

"ဒါဖြင့် ငါသွားမယ်"

လုထင်းချွန်း နောက်သို့ ချာခနဲလှည့်လိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားလေသည်။



သူ၏အမူအရာမှာ အေးစက်မာကျောနေ၏။

ရုပ်ဆိုးသော သူ၏မျက်နှာမှာ ခက်ထန်ထားသောကြောင့် ပို၍ပင် ရုပ်ဆိုးအကျည်းတန်နေလေသည်။

ချောင်ဖုံးမှာ ထွက်ခွာသွားနေသော လုထင်းချွန်း၏ နောက်ကျောပြင်အား ငေးကြည့်နေမိလေသည်။

ထိုစဉ်. . .

ဝီစန်းက အနားသို့ ရောက်လာပြီး မကျေနပ်သော လေသံဖြင့်. . .

"သည်လူက ဘယ်လိုလူလဲ၊ အကူအညီလဲ တောင်းသေးတယ်၊ လေသံကလဲ မာလှချည်လားကွ"

ချောင်ဖုံးက. . .

"သည်လူ သည်အတိုင်းပဲဗျ"

ဝီစန်းက ချောင်ဖုံးအား စိုက်ကြည့်လိုက်ပြီး. . .

"မင်းက ဘယ်လို ဖြစ်တာလဲ၊ စောစောက ပုံစံနဲ့ အခုပုံစံနဲ့ တခြားစီပါလား၊ သည်လူကတော့ မင်းနဲ့ ဘယ်လိုပတ်သက် နေလို့လဲ"

ချောင်ဖုံးက ပြုံးစိစိဖြင့်. . .

"သည်လူက ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့အစ်ကိုပါ၊ ဘာပဲဖြစ်ဖြစ် မိတ်ဆွေရဲ့မျက်နှာက ရှိသေးတယ် မဟုတ်လား၊ ဒါကြောင့် ကောင်းကောင်းမွန်မွန် ဆက်ဆံလိုက်တာပါ"

ဟု ပြောလိုက်၏။

ဝီစန်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါ အကဲခတ်ရသလောက်တော့ သည်လူက သာမန်လူတစ်ယောက် မဟုတ်ဘူး၊ သိုင်းပညာလဲ ထိပ်တန်းအဆင့်ထိ တတ်ထားတယ်၊ သည်လူ့ရဲ့ မျက်နှာမှာလဲ လျှို့ဝှက်ချက်တစ်ခုခု ရှိနေသလိုပဲ၊ ဒါနဲ့ မင်း သူ့အကြောင်းကို ဘယ်လောက်သိထားသလဲ"

ချောင်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်စကားတောင် အခုမှ ပြောဖူးတာပါ၊ သူ့အကြောင်းလဲ ဘာမှမသိဘူး"

ဝီစန်းက. . .

"ကဲပါလေ၊ သည်ကိစ္စတွေ ထားလိုက်ပါတော့"

ဟု ပြောလိုက်သည်။

ထို့နောက်. . .

သူတို့သည် စားသောက်ဆိုင်ကလေးသို့ ပြန်လည်လျှောက်လာကြသည်။

ထို့နောက်. . .

လုထင်းချန်း စားသောက်သွားသော အစားအသောက်များအတွက် ကျသင့်ငွေကို ချောင်ဖုံးက ရှင်းပေးလိုက်လေသည်။

ဤသို့ဖြင့်. . .

သူတို့သည် ထိုဆိုင်ကလေးလေးတွင် တစ်ညတာကို ကုန်ဆုံးစေခဲ့လေသည်။

❖ ❖ ❖



နောက်တစ်နေ့နံနက်. . .

သူတို့သည် ခရီးဆက်လက် ထွက်ခွာလာကြလေသည်။

လမ်းခရီးထဲမှ ရရှိလာသော ငွေသည် သူတို့အဖို့ သုံးမကုန် ဖြုန်းမကုန်နိုင်အောင် များပြားလေသည်။

သို့သော်. . .

သူတို့သည် လမ်းတစ်လျှောက်လုံး ချွေတာသုံးကာ လမ်း ခရီး၌တွေ့ရှိရသော ဒုက္ခသည်များ၊ ငွေရေးကြေးရေး အခက် အခဲ တွေ့နေသူများကို ကူညီခဲ့လေသည်။

ဤသို့ဖြင့်. . .

သုံးရက်မြောက်သောနေ့သို့ ရောက်ရှိလာသောအခါ သူတို့သည် လုရန်မြို့ အနီးသို့ ချဉ်းကပ်လာနိုင်ခဲ့ကြလေသည်။

❖ ❖ ❖

ချောင်ဖုံးတို့လေးယောက်သည် ခြေကျင်ဖြင့် နားနားနေနေ ခရီးဆက်လာခဲ့ရာ. . .

လေးရက်မြောက်သော နံနက်အချိန်တွင် လုရန်မြို့ပြင်သို့ ရောက်ရှိလာခဲ့ကြလေသည်။

နံနက်စောစော မြို့ရိုးတံခါးဖွင့်ချိန်မို့ မြို့တွင်းမြို့ပြင်သို့ ဝင်ထွက်သူများနှင့် စည်ကားလျက် ရှိနေ၏။

ချောင်ကျင်းသည် လမ်းသွားလမ်းလာများအား ချောင်

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရင်း မြို့တွင်းသို့ လှမ်းဝင်လိုက်စဉ်. . .

ရုတ်တရက်. . .

လူတစ်ယောက်နှင့် တိုက်မိမလို ဖြစ်သွားလေသည်။

ချောင်ဖုံးက မိမိက ဝင်တိုက်မိမလို ဖြစ်သွားသောလူအား တောင်းပန်ရန် မော့ကြည့်လိုက်လေသည်။

ထိုအခါ. . .

"ဟင်. . . အစ်ကိုကြီး"

ဟု သူက လွှတ်ခနဲ အသံထွက်သွားလေသည်။

သူနှင့်တိုက်မိမလို ဖြစ်သွားသောလူမှာ လုထင်းချန်းပင် ဖြစ်သည်။

လုထင်းချန်းကလည်း သူ့ကို မှတ်မိသွားကာ. . .

"မင်းကိုး၊ အတော်ပဲ၊ ငါကလဲ မင်းနဲ့တွေ့ချင်နေတာ"

ချောင်ဖုံးက. . .

"ဘာကိစ္စများလဲ ခင်ဗျာ"

လုထင်းချန်းက အိတ်ထဲမှ အထုပ်တစ်ထုပ်ကို ထုတ်ယူလိုက်ပြီး ချောင်ဖုံးအား လှမ်းပေးလိုက်၏။

"ရော့. . . မင်းကို အကြွေးဆပ်တာ"

ချောင်ဖုံးက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ပြီးမှ သူက. . .

"အစ်ကိုကြီးကလဲ၊ ကျွန်တော့်ကို ပြန်ဆပ်စရာ မလိုပါဘူး"

လုထင်းချန်းက မျက်နှာထားတင်းလျက်. . .



"မလိုဘူး၊ ငါက သူများငွေကို အလကား မယူတတ်ဘူး၊ ကျေးဇူးလဲ အတင်မခံနိုင်ဘူး၊ မင်းယူမှာသာယူ"

သူ၏လေသံမှာ ပြတ်သားလှသည်။

သူ၏အနီးတွင် ရှိနေကြသော ဝီစန်းတို့ပင် ဒေါသ ဖြစ်သွားရလေသည်။

သို့သော်. . .

ချောင်ဖုံးက ဘာမှမပြောတော့ချေ။

သူက လုထင်းချန်း လှမ်းပေးလိုက်သော အထုပ်ကို လှမ်းယူလိုက်သည်။

ထို့နောက်. . .

သူက အထုပ်ကို ဖြေကြည့်လိုက်ရာ သူ၏မျက်လုံးအစုံ ပြူးကျယ်သွားရလေသည်။

အကြောင်းမှာ. . .

အထုပ်ထဲ၌ ငွေဆယ်တုံးမက ရှိနေခြင်းကြောင့်ပင် ဖြစ်သည်။

သူစိုက်ရှင်းပေးလိုက်သော ငွေမှာ ငွေနှစ်တုံးမျှသာ ဖြစ်သည်။

သူက အံ့အားသင့်သွား၏။

ချက်ချင်းပင် လုထင်းချန်းအား မော့ကြည့်လိုက်သည်။

ထိုအခါ. . .

သူပို၍ အံ့သြသွားရလေသည်။

အကြောင်းမှာ. . .

www.burmeseclassic.com

www.burmeseclassic.com



လုထင်းချန်း၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့သောကြောင့် ဖြစ်လေသည်။

❁ ❁ ❁

"ဘဘ၊ လုထင်းချန်းဆိုတဲ့လူ ထွက်သွားတာ တွေ့လိုက်လား"

ချောင်ဖုံးက ဝီစန်းအား လှည့်၍ မေးလိုက်သည်။

ဝီစန်းက ခေါင်းညိတ်လိုက်သည်။

"တွေ့တယ်၊ သည်လူ့ရဲ့ ကိုယ်ဖော့ပညာက မဆိုးဘူးပဲကွ"

ချောင်ဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်တော့်ကို ပေးသွားတဲ့ ငွေတွေက များလိုက်တာ၊ သည်လူ့ကို ကျွန်တော် ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး"

ဟု ပြောလိုက်သည်။

ဝီစန်းက. . .

"ဒါက သူ့မှာ ငွေပေါလို့ မင်းကို ကျေးဇူးတင်တဲ့ အနေနဲ့ ပိုပေးသွားတာ နေမှာပေါ့"

ချောင်ဖုံးက. . .

"ဒါပေမယ့်. . . ကျွန်တော်"

"ကဲပါကွာ၊ သူများက စေတနာနဲ့ ပေးသွားတာပဲ၊ ဘာမှ



ခေါင်းထဲထည့်မနေနဲ့တော့ တို့လိုရာကို မြန်မြန်ရောက်ဖို့ အရေးကြီးတယ်"

ဝီစန်းက ပြောပြောဆိုဆိုဖြင့် ချောင်ဖုံးအား ဆွဲခေါ်ကာ အရှေ့သို့ ဆက်လက်လျှောက်သွားကြလေသည်။

သို့သော်. . .

သူတို့သည် မြို့တွင်းသို့ ရောက်ရှိပြီး မကြာမီမှာပင် ဆယ်ယောက်မကသော ရဲမက်တို့သည် လမ်းသွားလမ်းလာများအား စစ်ဆေးရှာဖွေနေသည်ကို မြင်တွေ့လိုက်ရလေသည်။

"အစ်ကို. . . ဟိုရှေ့မှာ ရဲမက်တွေ ဘာတွေ စစ်ဆေးရှာဖွေနေလဲ မသိဘူး"

ချောင်ဖုံးက လှမ်းကြည့်ရင်း. . .

"ဟုတ်တယ်၊ ရှေ့မှာ လမ်းတောင် ပိတ်နေတယ်၊ တို့ တစ်ခြားလမ်းက ပတ်သွားကြတာပေါ့"

ဟု ပြောလိုက်၏။

ထို့နောက်. . .

သူတို့သည် တခြားလမ်းဘက်က ပတ်သွားကြလေသည်။

သို့သော်. . .

တစ်နေရာအရောက် ရဲမက်များအား တွေ့လိုက်ရလေသည်။

သူတို့လည်း တစ်စုံတစ်ခုကို ရှာဖွေနေကြဟန်တူသည်။

ဝီစန်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"မထူးပါဘူးကွာ၊ ငါတို့ကို သူတို့ ရှာချင်လဲရှာပေါ့၊ ငါတို့မှာ ဘာမှပါတာမှ မဟုတ်တာ"

ဟု ပြော၏။

စုမာထင်းကလည်း ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ သူတို့ကို ရှောင်သွားနေလို့ ဘယ်နေရာမှ လွတ်မှာ မဟုတ်ဘူး"

ချောင်ဖုံးက. . .

"ကျွန်တော်က အချိန်ကြာနေမှာ စိုးလို့ပါ၊ ဒါပေမယ့် အခု အခြေအနေအတိုင်းဆိုရင် ဘယ်လမ်းကပဲသွားသွား သူတို့နဲ့လွတ်မှာ မဟုတ်ဘူး"

ဤသို့ဖြင့် သူတို့သည် ရဲမက်များ စစ်ဆေးနေသည့် နေရာသို့ ရောက်ရှိလာသည်။

တန်းစီ၍ စစ်ဆေးရာတွင် ချောင်ဖုံးက နောက်ဆုံးတွင် နေရာယူလိုက်သဖြင့် ဝီစန်း၊ စုမာထင်းနှင့် ယုလျှံတို့အား စစ်ဆေးပြီးသွားရာ နောက်ဆုံး ချောင်ဖုံးအလှည့်သို့ ရောက်ရှိလာလေသည်။

ရဲမက်တို့သည် ချောင်ဖုံး၏ခန္ဓာကိုယ်အား ရှာဖွေကြရာ နောက်ဆုံး လုထင်းချန်း ပေးသွားသော ငွေထုပ်ကို ရှာဖွေမိလေသည်။

သူတို့သည် ငွေထုပ်အား ဖြေလျက် ငွေတုံးများကို လက်ဝါးပေါ်သို့ သွန်ချလိုက်ကြသည်။

ချောင်ဖုံးက မျက်မှောင်ကြုတ်ကာ. . .



"ဒါကျုပ်ငွေဗျ၊ ခင်ဗျားတို့ ဘာလုပ်ကြမလို့လဲဗျ"

ဟု မေးလိုက်လေသည်။

ရဲမက်များမှာ သူ့အား ဂရုမစိုက်ဘဲ ငွေတုံးများကိုသာ သေချာစွာ စစ်ဆေးကြည့်ရှုနေကြလေသည်။

မကြာလိုက်ပါ။

ငွေတုံးကို စစ်ဆေးနေသော လူသည် ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး. . .

"သည်လူကို ဖမ်းချုပ်လိုက်ကြစမ်း"

ဟု ချောင်ဖုံးအား လက်ညှိုးထိုးရင်း သူ၏လူများ အား အမိန့်ပေးလိုက်လေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အကျဉ်းသား

ချောင်ဖုံးတစ်ယောက် မည်သို့မျှ နားမလည်နိုင်ပါချေ။

မိမိမှာ အပြစ်ဟူသည် တစ်စုံတစ်ရာ မရှိပါဘဲ မိမိအား ဖမ်းဆီးလိုက်ကြသည်ကို သူက မည်သို့မျှ နားမလည်နိုင်ပါချေ။

ယခုအခါ. . .

သူ့အား ကြိုးများဖြင့် တုပ်နှောင်လိုက်ကြပြီ ဖြစ်လေသည်။

အဖြစ်အပျက်မှာ မယုံကြည်နိုင်အောင် ဖြစ်တာ မြန်ဆန် လွန်းသောကြောင့် ချောင်ဖုံးမှာ ငြင်းဆိုခြင်းပြုရန်ပင် မေ့လျော့ နေသည်။

"အစ်ကိုချောင်ဖုံးကို ဘာကြောင့် ဖမ်းတာလဲ"

"အစ်ကိုချောင်ဖုံးမှာ ဘာအပြစ် ရှိလို့လဲရှင်"

ယုလျှံ၏အသံကြားမှ ချောင်ဖုံးမှာ မိမိအား အဘယ်ကြောင့် ဖမ်းရသည်ကို မေးမြန်းရန် သတိရလာလေသည်။



သူ၏တစ်ကိုယ်လုံးမှာလည်း ကြိုးများဖြင့် တုပ်နှောင်ထားပြီး ဖြစ်၏။

သူက အံ့သြစွာဖြင့်. . .

"ကျွန်တော့်ကို ဘာဖြစ်လို့ ဖမ်းကြတာလဲ"

ဟု မေးလိုက်သည်။

ထိုအခါ ရဲမက်တစ်ဦးက. . .

"မင်းကို ဖမ်းရတဲ့ အကြောင်းကတော့ မြို့စားမင်းရဲ့ ဘဏ္ဍာငွေတွေကို ခိုးယူသွားလို့ပဲ"

"ဗျာ"

"ဗျာတွေဘာတွေ လုပ်မနေနဲ့၊ ဟိတ်. . . သူ့ကို ခေါ်သွားတော့"

"ကျွန်တော် မလိုက်ဘူး၊ ကျွန်တော့်မှာ ဘာအပြစ်မှ ရှိ တာ မဟုတ်ဘူး၊ ကျွန်တော် ဘယ်သူ့ငွေကိုမှ မခိုးဘူး"

"ဒါတွေ ငါတို့နားမလည်ဘူး၊ ငါနားလည်တာက အခု မင်းကိုယ်ပေါ်မှာက မြို့စားမင်းရဲ့ တံဆိပ်တုံးရာပါတဲ့ ငွေတုံးတွေကို ရှာတွေ့ထားတယ်၊ သည်တော့ မင်းခိုးသည်ဖြစ်စေ မခိုးသည် ဖြစ်စေ ရုံးတော်ကိုတော့ လိုက်ခဲ့ရမယ်၊ ရုံးတော်ရောက်မှ ရှင်းပါ"

ဟု ပြောလိုက်သည်။

ထိုစဉ်. . .

ဘေးမှ ကြောင်အမ်းအမ်း ဖြစ်ကာ မယုံကြည်နိုင်စွာဖြင့် ရပ်ကြည့်နေသော ဝိစန်းက မနေနိုင်ပါတော့ချေ။

ထို့ကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



သူက. . .

"သည်မှာ သူခိုးလား မခိုးဘူးလားဆိုတာ ကျုပ်အသိဆုံးပဲ၊ သည်ငွေတွေက သူ့ရဲ့မိတ်ဆွေ အကြွေးဆပ်သွားတဲ့ငွေတွေ၊ သူလဲ ဘာမှမသိဘူး"

ဟု ဝင်ပြောလိုက်၏။

ရဲမက်က. . .

"သည်ကိစ္စကို ရုံးတော်ရောက်မှ ပြောပါ"

ဟု ပြော၏။

ထို့နောက်. . .

သူက ရဲမက်များအား လက်တစ်ချက် ဝှေ့ယမ်းပြလိုက်ကာ. . .

"ကဲ. . . သွားကြမယ်"

ဤသို့ဖြင့် သူတို့သည် ချောင်ဖုံးအား ဆွဲခေါ်သွားကြလေသည်။

ဝိစန်းက ရဲမက်များအား ဟန့်တားရန် ဟန်ပြင်လိုက်သည်။

စုမာထင်းက သူ၏လက်အား ဖမ်းဆွဲထားလိုက်လေသည်။

"ခင်ဗျားတားလဲ အပိုပဲ၊ ချောင်ဖုံးအနေနဲ့ ပိုပြီးဒုက္ခရောက်ရုံကလွဲပြီး ဘာမှ အကြောင်းထူးလာမှာ မဟုတ်ဘူး"

ဝိစန်းက. . .

"ဒါပေမယ့် သူတို့က ချောင်ဖုံးကို သူခိုးလို့ထင်ပြီး ဒုက္ခပေးကြရင် ဘယ့်နှယ်လုပ်မလဲ"



စုမာထင်းက. . .

"အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရပါဘူးဗျာ၊ ရုံးတော်ကလဲ စစ်ဆေးဦးမှာပါ၊ ကျုပ်တို့ရုံးကို လိုက်သွားကြတာပေါ့"

ဟု ပြောလိုက်သည်။

ဤသို့ဖြင့်. . .

သူတို့သည် ချောင်ဖုံးအား ဖမ်းခေါ်သွားရာ နောက်သို့ လိုက်ပါသွားကြလေသည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



မြို့စားမင်းသည် အလွန့်အလွန် ဒေါသထွက်နေသည်။

သူက ချောင်ဖုံးအား စူးစိုက်ကြည့်ရင်း. . .

"မင်းက စော်စော်ကားကား ငါ့ငွေကိုမှ ခိုးဝံ့တယ် ဟုတ်လား"

ဟု မေးလိုက်၏။

ချောင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မခိုးပါဘူး မြို့စားမင်း၊ ကျွန်တော့်မိတ်ဆွေ တစ်ယောက်က ကျွန်တော့်ကို အကြွေးဆပ်သွားတာပါ၊ ကျွန်တော် တကယ် မခိုးပါဘူး"

မြို့စားမင်းက. . .

"ငါ့ငွေက သည့်ထက်မက ပျောက်ဆုံးနေတယ်၊ အခု မင်းဆီမှာ တွေ့တဲ့ငွေဟာ အနည်းအကျဉ်းလောက်ပဲ ရှိသေးတော့ မင်းတစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး၊ တခြားအဖော်တွေလဲ ပါလိမ့်မယ်၊ သည်တော့ တခြားလူတွေကို မမိသေးခင်တော့ မင်းကို အပြစ်ပေးလို့ မဖြစ်သေးဘူး"

သူက လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး. . .

"သူ့ကို အချုပ်ခန်းထဲထည့်လိုက် နောက်မှထပ်စစ်မယ်"

ဟု အမိန့်ပေးလိုက်လေသည်။

ချောင်ဖုံး ဒေါသအနည်းငယ် ထွက်သွားသည်။

"ကျွန်တော်ခိုးတာ မဟုတ်ဘူးဗျ၊ ကျွန်တော် ဘာမှလဲ မသိဘူး၊ မြို့စားမင်းတို့ လူမှားပြီး ဖမ်းနေပြီ"



သူက အသံခပ်ကျယ်ကျယ်ပင် ပြောလိုက်လေသည်။

မြို့စားမင်းက စားပွဲကို တစ်ချက်ထုရိုက်လိုက်ပြီး. . .

"တိတ်စမ်း၊ ဒါက ငါ့ရဲ့ရုံးတော်၊ မင်းဆူဆူညံညံ လုပ်မနေနဲ့၊ သူ့ကို ခေါ်သွားကြစမ်း"

သူ၏စကားဆုံးသွားသည်နှင့် ရဲမက်နှစ်ယောက်က ချောင်ဖုံး၏ လက်တစ်ဖက်တစ်ချက်ကို ချုပ်ကိုင်ရင်း ခေါ်ဆောင်သွားလေသည်။

ချောင်ဖုံးမှာ အော်ဟစ်ငြင်းဆိုရင်း ရဲမက်များ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရလေသည်။

❖ ❖ ❖

ဝီစန်း၊ စုမာထင်းနှင့် ယုလျှံတို့သည် မြို့စားမင်း၏ရုံးတော်ရှေ့၌ ရပ်လျက် ရှိနေကြသည်။

အမှုစစ်နေချိန်မို့ သူတို့အား အဝင်မခံဘဲ ရုံးအပြင်၌ စောင့်ဆိုင်းခိုင်းထားခြင်း ဖြစ်လေသည်။

သူတို့သည် စောင့်ဆိုင်းနေကြသည်မှာ အတန်ကြာပြီ ဖြစ်သည်။

ယခုအချိန်ထိ. . .

ချောင်ကျင်းမှာ ထွက်လာခြင်း မရှိသေးသဖြင့် တစ်စုံတစ်ခု ဖြစ်နေပြီကို သူတို့က နားလည်လိုက်လေ၏။

ယုလျှံမှာ ဂနာမငြိမ်ဘဲ. . .

www.burmeseclassic.com

www.burmeseclassic.com



"အဘ၊ အစ်ကိုချောင်ဖုံး တစ်ခုခု ဖြစ်နေပြီ ထင်တယ်၊ ကျွန်မတို့ ဝင်တွေ့ကြရင် ကောင်းမယ်"

ဟု ပြောလိုက်သည်။

ဝီစန်းက. . .

"သူတို့က အဝင်မှ မခံတာ၊ ဘယ်လိုလုပ်မလဲ"

ယုလျှံက စိတ်ဓာတ်ကျသွားသည်။

ထိုအချိန်တွင် ရဲမက်တစ်ဦး ထွက်လာသည်ကို တွေ့လိုက်ရသည်။

ဝီစန်းက ရဲမက်အား. . .

"အမှုစစ်လို့ ပြီးသွားပြီလား"

ဟု မေးလိုက်သည်။

ရဲမက်က. . .

"ပြီးပြီ"

"ဒါဖြင့် ချောင်ဖုံး ထွက်မလာသေးပါလား"

"ဘာလဲ တရားခံကို ပြောတာလား"

ဝီစန်းက ဒေါသသံဖြင့်. . .

"သူက တရားခံ မဟုတ်ပါဘူး၊ အထင်မှားကြတာပါ"

ရဲမက်ကလည်း လေသံမာမာဖြင့်. . .

"ဒါတွေ ကျုပ်နားမလည်ဘူး၊ အခု တရားခံကို ဖမ်းထားလိုက်ပြီ"

"ဟင်"

"ဟာ"



ဝီစန်းတို့က အံ့ဩသွားကြလေသည်။

ယုလျှံက စိုးရိမ်စွာဖြင့်. . .

"ဘာဘာလုပ်ပါဦး၊ အစ်ကိုချောင်ဖုံးကို ဖမ်းလိုက်ကြပြီတဲ့"

ဟု ပြော၏။

ဝီစန်းက ထိုရဲမက်အား. . .

"ကျုပ်တို့ မြို့စားမင်းနဲ့ တွေ့ချင်တယ်"

ရဲမက်က. . .

"မြို့စားမင်း အခု အမှုစစ်ပြီလို့ အနားယူနေတယ်"

ဝီစန်းက. . .

"ဒါဖြင့် ကျုပ်တို့ မြို့စားမင်းနဲ့ တွေ့ရဖို့ ဘယ်လောက်ထိ စောင့်ရမလဲ"

ရဲမက်က. . .

"ဒါတော့ မသိဘူး"

ဝီစန်းက ဒေါသခြောင်းခြောင်း ထွက်လာသည်။

"ဒါဆိုလဲ အခု ကျုပ်တို့သွားတွေ့မယ်"

သူက ပြောပြီး ရဲမက်အား တွန်းဖယ်ကာ အတင်းဝင်ရောက်ရန် ဟန်ပြင်လိုက်သည်။

သူ၏အပြုအမူကြောင့် အခြားရဲမက်များက ဝီစန်းရှေ့ပိတ်ရပ်ကာ လှံများဖြင့် စိ၍ ဟားလိုက်လေသည်။

ဝီစန်းက နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"ချွမ်း"

"အ"

www.burmeseclassic.com

www.burmeseclassic.com



သူက ကြက်ခြေခတ်လျက် ရှိသော လှံနှစ်ချောင်းအား တွန်းထုတ်လိုက်သဖြင့် ထိုရဲမက်နှစ်ဦးမှာ နောက်သို့ လန်ကျသွားလေသည်။

ဝီစန်းက အတွင်းအားကို အသုံးပြုလိုက်သောကြောင့် ရဲမက်နှစ်ဦးမှာ ရုတ်တရက် မထနိုင်ဘဲ ဖြစ်ကာ ဝီစန်းကိုလည်း အံ့သြစွာဖြင့် ကြည့်မိကြလေသည်။

ရပ်လျက် ရှိနေသော ရဲမက်က အဘိုးအိုမှာ သိုင်းပညာရှင်တစ်ယောက် ဖြစ်လိမ့်မည်ကို ကောင်းစွာ နားလည်လိုက်သည်။

ထို့ကြောင့်. . .

သူ၏လေသံမှာ ရုတ်တရက် ပြောင်းလဲသွားသည်။

"အဘတို့ သည်မှာ ခဏစောင့်နေကြပါ၊ ကျုပ် မြို့စားမင်းကို သွားပြီး အကြောင်းကြားလိုက်ဦးမယ်"

ဝီစန်းက စကားမပြောပါ။

ခေါင်းသာ တစ်ချက်ညိတ်ပြလိုက်လေသည်။

ရဲမက်က ရုံးတော်ထဲသို့ ပြန်၍ ဝင်သွားသည်။

တစ်ခဏကြာသောအခါ ထိုရဲမက်က ပြန်၍ ထွက်လာသည်။

ထို့နောက်. . .

သူက ဝီစန်းတို့အားလုံးကို ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး. . .

"ကျုပ်နောက်ကို လိုက်ခဲ့ကြပါ"



ဟု ပြော၏။

တဆက်တည်းပင် ချာခနဲလှည့်ကာ အထဲသို့ ပြန်ဝင်သွားသည်။

ဝီစန်းတို့သုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး ထိုရဲမက် နောက်မှ လိုက်သွားကြလေတော့သည်။

✧ ✧ ✧

"ခင်ဗျားတို့က တရားခံချောင်ဖုံးရဲ့အဖော်တွေလား"

မြို့စားမင်းက ဝီစန်းတို့သုံးယောက်အား အကဲခတ်ရင်း ဆီး၍ မေးလိုက်သည်။

ဝီစန်းတို့သုံးယောက်သည် မြို့စားမင်းအား ဒူးထောက်ဂါရဝပြုလိုက်ကြသည်။

ဝီစန်းက. . .

"ကျွန်တော်တို့က ချောင်ကျင်းရဲ့အဖော်တွေပါ"

မြို့စားမင်း၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွားသည်။

"ဒါဖြင့် မင်းတို့လဲ ချောင်ကျင်းနဲ့ တစ်ဖွဲ့တည်းပေါ့"

ဝီစန်းက နားမလည်ဘဲ. . .

"မြို့စားမင်းက ဘာကို ဆိုလိုတာလဲ"

မြို့စားမင်းက အဖြေမပေးဘဲ အစောင့်ရဲမက်များအား

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်. . . သည်လူတွေကို ရှာကြစမ်း"

ဟု အမိန့်ပေးလိုက်သည်။

ထိုအခါ. . .

ရဲမက်တစ်ဦးက ရှေ့သို့ လှမ်းထွက်လာပြီး. . .

"ကျွန်တော်မျိုး ရှာပြီးပါပြီ မြို့စားမင်း၊ ဘာမှ မတွေ့ဘူး"

ဟု ပြောလိုက်သည်။

ထိုစကားကြားလိုက်သောအခါ မြို့စားမင်းက ဝိစန်းတို့အား. . .

"ကဲ. . . မှန်မှန်ပြောစမ်း၊ မင်းတို့ ငါ့ဆီက ခိုးယူသွားတဲ့ ငွေတွေ ဘယ်မှာ ဝှက်ထားသလဲ"

ဝိစန်းက. . .

"ကျွန်တော်တို့ ပြောပြီးပြီပဲ၊ ကျွန်တော်တို့ ဘယ်သူ့ဆီက ဘာပစ္စည်းမှ မခိုးဘူး။ အခု ကျွန်တော်တို့က တခြားမြို့ကနေ ရောက်လာကြတဲ့ ခရီးသည်တွေပါ၊ သည်မြို့ထဲဝင်တုန်း ချောင်ဖုံးရဲ့မိတ်ဆွေတစ်ဦးနဲ့ တွေ့ပြီး သူက ချောင်ဖုံးကို အကြွေး ဆပ် စရာရှိတာကြောင့် အဲသည် ငွေထုပ်ကို ပေးသွားတာပါ၊ ချောင်ဖုံး မှာ ဘာအပြစ်မှ မရှိပါဘူး"

ဟု ပြောလိုက်သည်။

မြို့စားမင်းက အနည်းငယ် တွေဝေသွားသည်။

"သည်စကား အမှန်ဆိုရင် သည်လူ့ကို မင်းတို့သိသလား"

ဝိစန်းက. . .



"သိပါတယ်၊ မြင်ရင် ကောင်းကောင်းမှတ်မိတယ်"

မြို့စားမင်းက. . .

"ဘယ်ပုံစံ ရှိသလဲ"

ဝိစန်းက. . .

"ရုပ်က အကျည်းတန်တယ်"

"သူ့နာမည်ကော သိလား"

"ဟုတ်ကဲ့. . . သိပါတယ်၊ သူ့နာမည်က လုထင်းချန်းပါပဲ"

မြို့စားမင်းက မျက်မှောင်ကြုတ်သွားသည်။

"တစ်ကိုယ်တော်သိုင်းသမား လုထင်းချန်းကို ပြောတာလား"

ဝိစန်းက. . .

"ဒါတော့ ကျွန်တော်မျိုးလဲ မသိဘူး"

မြို့စားမင်းက. . .

"ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ ချောင်ဖုံးဆီက ငွေတွေနဲ့ လက်ပူးလက်ကြပ်မိထားတာဆိုတော့ သူဟာ တရားခံ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ရုံးတော်အနေနဲ့ ကတော့ တရားခံအစစ် မပေါ်သေးသရွေ့ ထိန်းသိမ်းရဦးမှာပဲ"

ဝိစန်းတို့က စိတ်ဓာတ်ကျသွားလေသည်။

ယခုအခါ. . .

သူတို့သည် တရားခံအစစ် အမြန်ဆုံး ဖမ်းမိပါစေဟု ဆုတောင်းနေရုံမှတစ်ပါး မည်သို့တတ်နိုင်ပါဦးမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ချောင်ဖုံးနဲ့ တွေ့ခွင့်ရမလား မြို့စားမင်း"

ဟု ဝီစန်းက မေးလိုက်သည်။

မြို့စားမင်းက ခေါင်းညိတ်လိုက်သည်။

"ရပါတယ်"

"ကျေးဇူးတင်ပါတယ် မြို့စားမင်း"

မြို့စားမင်းက ဝီစန်းတို့သုံးယောက်အား ချောင်ဖုံးကို ချုပ်ထားရာဆီသို့ ခေါ်ဆောင်သွားရန် ရဲမက်တစ်ဦးအား အမိန့်ပေးလိုက်လေတော့သည်။

❖ ❖ ❖



•

## မိတ်ဆွေမိန်းကလေး

သံတိုင်များ နောက်မှာ ချောင်ဖုံးအား မြင်တွေ့လိုက်ရသောအခါ. . .

ဝီစန်းတို့သုံးယောက်မှာ စိတ်မကောင်း ဖြစ်သွားလေသည်။

ယုလျှံက. . .

"ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်၊ အစ်ကိုချောင်ဖုံးကို မြင်ရတာ ကျွန်မစိတ်မကောင်းလိုက်တာ"

ယုလျှံက ချောင်ဖုံးအား ကြည့်ကာ စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။

ချောင်ဖုံးက မချိပြုံးပြုံးလိုက်ပြီး. . .

"ဘယ်တတ်နိုင်မှာလဲဗျာ၊ ကံတရားပေါ့"

စုမာထင်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် တို့က မင်းကို အားကိုးပြီး လိုက်လာကြတာ၊ မင်းက အခုလို ဖြစ်နေတော့ ငါတို့လဲ အားငယ်နေမိတာ အမှန်ပဲ"

ဝီစန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အခု အခြေအနေအတိုင်းဆိုရင် တရားခံကို မမိမချင်း မင်း သည်ထဲက ထွက်ရမှာ မဟုတ်ဘူး၊ တရားခံက ဘယ်အချိန်မိမယ်ဆိုတာလဲ ဘယ်သူမှ မသိဘူး"

ချောင်ဖုံးမှာ တစ်ကိုယ်လုံး ပျော့ခွေသွားကာ မတ်တတ်ပင် မရပ်နိုင်ဘဲ ထိုင်ချလိုက်လေ၏။

ဝီစန်းတို့သုံးယောက်မှာ သက်ပြင်းပြိုင်တူချမိကြလေသည်။

တခဏကြာမှ ဝီစန်းက. . .

"ငါတို့ သည်အတိုင်း စိတ်ဓာတ်ကျနေလို့ မဖြစ်ဘူး၊ ဟိုလူကို ငါတို့ အမြန်ဆုံး တွေ့အောင်ရှာနိုင်မှ ဖြစ်မယ်"

စုမာထင်းက. . .

"သူ့ကို ဘယ်မှာ လိုက်ရှာကြမှာလဲ၊ တကယ်လို့ သည်လူက သည်မြို့ကနေ ထွက်သွားပြီဆိုရင် ဘယ်လိုလုပ်မလဲ"

ဝီစန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုအချိန်မှာပင်. . .

ချောင်ဖုံး တစ်စုံတစ်ခုကို သတိရသွားကာ သူက ထိုင်ရာမှ ထ,လိုက်လေသည်။

ထို့နောက်. . .



သူက မျှော်လင့်ချက်အပြည့်ဖြင့်. . .

"သည်လိုလုပ်ပါလား အဘ"

ဝီစန်းက ချောင်ဖုံးအား မျက်လုံးပြူးကြည့်ပြီး. . .

"ဘယ်လိုလုပ်ရမှာလဲ၊ ပြောစရာရှိရင် ပြောပါ"

ချောင်ဖုံးက. . .

"ဘဘက လူတစ်ယောက်ကို သွားရှာပေးပါ"

ဝီစန်းက. . .

"ဘယ်သူ့ကို ရှာပေးရမှာလဲ"

ချောင်ဖုံးက. . .

"မိန်းကလေးတစ်ယောက်၊ သူ့နာမည်က တင်းချွေ"

"ဘယ်မှာ သွားရှာရမှာလဲ"

"မြို့လယ်ပန်းဥယျာဉ်"

ဝီစန်းက မျက်မှောင်ကုတ်သွားပြီး. . .

"ပန်းဥယျာဉ်ထဲမှာ ရှာရမယ် ဟုတ်လား"

ချောင်ကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက အဲသည် ပန်းဥယျာဉ်ကို ညနေတိုင်း လာတတ်တယ်"

ဝီစန်းက. . .

"ကောင်းပြီလေ၊ ဒါပေမယ့် ပန်းဥယျာဉ်ထဲကို လူအများဝင်ထွက်နေကြတာ၊ မိန်းကလေးတွေလဲ အများကြီး ရှိချင်ရှိမယ်၊ ငါက တစ်ယောက်ချင်း နာမည်လိုက်မေးရမှာလား"

ချောင်ဖုံးက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘဘထင်တဲ့လူကို မေးလိုက်ပေါ့"

ဝီစန်းက. . .

"ဒါဖြင့်လဲ ငါ့ကို အဲသည် မိန်းကလေးရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြ"

ချောင်ဖုံးက ပြောပြလိုက်သည်။

"တင်းချွေက နတ်သမီးလေးတစ်ပါးလို လှပတဲ့ မျက်နှာပိုင်ရှင်လေးပဲ၊ သူဟာ ကျောက်စိမ်းရောင်ဝတ်စုံကို အမြဲဝတ်တတ်တယ်၊ အရပ်ကတော့ ကျွန်တော့်လောက်မြင့်တယ်၊ အရင်ကတော့ သူလာရင် သူ့အနားမှာ ရုပ်ဆိုးအစ်ကိုကြီး ပါလာတတ်တယ်၊ ဒါဆို ဘဘအဖို့ ရှာရတာ လွယ်သွားတာပေါ့"

သူက စကားဆက်လိုက်သည်။

"တကယ်လို့ အဲသည်လူ မပါရင် မိန်းကလေးကိုပဲ ဘဘကျွန်တော့်အကြောင်း အကျိုးအကြောင်း ပြောပြလိုက်ပါ၊ သူ တစ်ခုခု အကူအညီပေးလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"

ဝီစန်းက. . .

"သည်လောက် သိရရင် လုံလောက်ပါပြီ၊ တကယ်လို့သာ သည်လူ့ကိုပါ တစ်ပါတည်း တွေ့ရလို့ကတော့ ငါ့အကြောင်း ကောင်းကောင်းသိရသေးတာပေါ့"

သူက စကားဆက်၍. . .

"ဒါနဲ့ အဲသည် ပန်းဥယျာဉ်က ဘယ်မှာလဲ"

"မြို့လယ်မှာပါ"

"ဒါဖြင့် ငါ အခုပဲ သွားရှာမယ်"



ဝီစန်းက ပြောပြီး ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားကြလေတော့သည်။

ဝီစန်း ထွက်ခွာသွားသည်နှင့် ယုလျှံက ချောင်ဖုံးအား စိုက်ကြည့်လိုက်ပြီး. . .

"အစ်ကိုချောင်ဖုံး၊ တင်းချွေဆိုတဲ့မိန်းကလေးက ဘယ်သူလဲဟင်"

ဟု သိလိုဇောဖြင့် စပ်စုလိုက်သည်။

ချောင်ဖုံးက. . .

"မိတ်ဆွေပါ"

ဟု ပြန်၍ အဖြေပေးလိုက်သည်။

ထိုအဖြေကို ယုလျှံ ဘဝင်မကျဘဲ ဖြစ်နေလေသည်။

သို့သော်. .

သူမက ထပ်မေးလိုက်လျှင် ချောင်ဖုံး စိတ်ဆိုးသွားမည်စိုးသောကြောင့် သူမက ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ထိုအချိန်တွင် ရဲမက်တစ်ယောက် ရောက်ရှိလာပြီး. . .

"အပြင်ထွက်ဖို့ အချိန်တန်ပါပြီ၊ အပြင်ပြန်ထွက်ပေးကြပါ၊ သည်နေရာမှာ ကြာကြာနေလို့ မရပါဘူး"

ဟု စုမာထင်းတို့အား နှင်ထုတ်နေတော့သည်။

ယုလျှံက ချောင်ဖုံးအား စိတ်မကောင်းစွာဖြင့် ကြည့်လိုက်ရင်း. . .

"အစ်ကိုချောင်ဖုံး၊ ကျွန်မတို့ သွားလိုက်ဦးမယ်နော်"

ချောင်ဖုံးက ခေါင်းညိတ်ပြလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြောင့် ညီမတို့ ဒုက္ခရောက်ရတာ အစ်ကို စိတ်မကောင်းပါဘူး"

စုမာထင်းက. . .

"ဒါတွေ ပြောမနေပါနဲ့ကွာ၊ ငါတို့က မင်းကို ကူညီချင်လို့ လိုက်လာကြတာ၊ အခု မင်း သည်ပုံစံ ဖြစ်နေတာတောင် မကူညီနိုင်လို့ ငါတို့ကတောင် စိတ်မကောင်း ဖြစ်နေရတာပါ"

ဟု ပြောလိုက်သည်။

ချောင်ဖုံးက. . .

"ဖြစ်လာသမျှ ကံတရားပေါ့ ဦးလေးရာ"

✵ ✵ ✵

မြို့လယ်ပန်းဥယျာဉ်. . .။

ယနေ့ မြို့လယ်ပန်းဥယျာဉ်သည် လူစည်ကားနေခြင်း မရှိပါချေ။

ထို့ကြောင့်. . .

မြင်ကွင်းတစ်ခုလုံးမှာ ရှင်းလင်းနေပြီ။

ဝီစန်းသည် ချောင်ဖုံး ပြောပြထားသော မိန်းကလေးအား ထိုမြို့လယ်ပန်းဥယျာဉ်ထဲ၌ ရှာဖွေလျက် ရှိနေလေသည်။

သူသည် ပန်းဥယျာဉ်အား တစ်ပတ်ပတ်ပြီးသွားသည့်တိုင်အောင် ချောင်ဖုံးပြောသော မိန်းကလေး၏အရိပ်အယောင်မျှပင် မတွေ့ရပါ။



အခြားမိန်းကလေးများကတော့ တစ်ယောက်စ၊ နှစ်ယောက်စ တွေ့လေသည်။

သူက စိတ်ပျက်သွားသည်။

လျှောက်ရလွန်း၍ ခြေများလည်း တိုလာသဖြင့် သစ်ပင်တစ်ပင်အောက်ရှိ ခုံတန်းလျားတစ်ခုတွင် သွားရောက်ထိုင်ချလိုက်လေသည်။

ထို့နောက်. . .

သူသည် မျက်စိကို အနားမပေးဘဲ ဝန်းကျင်တစ်ခုလုံးအား ကြည့်ရှု၍ နေလေသည်။

အတန်ကြာသွားလေပြီ။

တင်းချွေအမည်ရှိ မိန်းကလေးနှင့်တူသော မိန်းကလေးဟူ၍ မည်သူမျှ ထပ်မံရောက်ရှိလာခြင်း မရှိပါချေ။

သူသည် အလွန့်အလွန် စိတ်ဓာတ်ကျသွားမိလေတော့သည်။

နေလည်း ဝင်နေပြီ။

ယခုလောက်ဆို ယုလျှံတို့သားအဖ မျက်စိသူငယ် နားသူငယ်နှင့် ရှိပေတော့မည်။

သူက တွေးမိသည်နှင့် ပြန်ပြေးချင်စိတ် ပေါက်သွားလေသည်။

သို့သော်. . .

သူက ကိုယ့်စိတ်ကိုယ်ပြန်၍ ချုပ်ထိန်းထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သက်ပြင်းတစ်ချက်ချလိုက်မိ၏။

"မဖြစ်သေးဘူး၊ တော်ကြာ ငါပြန်သွားမှ ဟိုမိန်းကလေး ရောက်လာရင် ငါကြိုးစားစောင့်ခဲ့တဲ့ အချိန်တွေ အလဟဿ ဖြစ်သွားကုန်မယ်၊ နောက်ပြီးတော့ ဟိုပြန်ရောက်လို့လဲ ဘာမှ မထူးမယ့်အတူတူ မိန်းကလေးကို မတွေ့မချင်း ငါစောင့်နေတော့မယ်"

သူက ယင်းသို့ မိန်းကလေးအား မတွေ့မချင်း စောင့်ဆိုင်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

❁ ❁ ❁

နေဝင်သွား၍ အမှောင်ထုလွှမ်းမိုးလာနေပြီ။

ယခုအချိန်ထိ တင်းခွေအမည်ရှိ မိန်းကလေး၏အရိပ်အယောင်ကိုမျှပင် မတွေ့မြင်ရသေးချေ။

ဝီစန်း၏မျက်လုံးများ မှေးစင်းလာသည်။

"ဝါး"

သူက သမ်းရင်း အပျင်းတစ်ချက် ဆန့်လိုက်လေသည်။

သူက ပျင်းလွန်း၍ အလွန်ပင် အိပ်ချင်လာနေပြီ။

ပန်းဥယျာဉ်ထဲ၌လည်း လူများ ရှင်းနေပြီ ဖြစ်သည်။

နောက်ဆုံး သူက မဟာန်နိုင်တော့ဘဲ ထိုခုံတန်းလျား၌ပင် လဲလျောင်းချကာ ခါးဆန့်လိုက်သည်။

ကံဆိုး၍လား မသိ။



ဝီစန်းက ယင်းသို့ လဲလျောင်းချလိုက်စဉ်မှာပင် မိန်း
ကလေးတစ်ယောက်သည် ဝီစန်း၏နောက်ဘက် သစ်ပင်ကွယ်
နေ ထွက်လာကာ သူနှင့်ခပ်လှမ်းလှမ်းမှ ဖြတ်လျှောက်သွားလေ
သည်။

ထိုမိန်းကလေးမှာ အရပ်ခပ်မြင့်မြင့်ရှိပြီး ကျောက်စိမ်း
ရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

မျက်နှာကလေးမှာလည်း နတ်သမီးလေးတမျှ လှပ
လွန်းပေသည်။

အကယ်၍သာ ဝီစန်းသည် ထိုခုံတန်းလျား၌ ဆက်
လက်ထိုင်နေမည်ဆိုပါလျှင်. . .

သူက မိန်းကလေးအား မြင်တွေ့ပြီး ထိုမိန်းကလေးမှ
တင်းခွေ ဖြစ်သည်ကိုလည်း သူက ကောင်းစွာ မှတ်မိမည်သာ
ဖြစ်လေသည်။

ယခုတော့ သူက စိတ်အလိုလိုက်ကာ လဲလျောင်းလိုက်
သောကြောင့် အခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲရန်
အကြောင်းက ဖြစ်ပေါ်လာရပြီ မဟုတ်ပါလား။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



ဝီစန်းသည် ခုံတန်းလျားပေါ်သို့ လဲလျောင်းလိုက်သည်နှင့် အိပ်ပျော်သွားလေသည်။

သူက မည်မျှကြာအောင် အိပ်ပျော်သွားမှန်း မသိချေ။

သူအိပ်ရာမှ နိုးလာသောအခါ အမှောင်ထုက စိုးမိုးလျက် ရှိသည်။

ကောင်းကင်ယံ၌ ကြယ်ကလေးများပင် လင်းလက်၍နေပေသည်။

ဝီစန်းက ကပျာကယာပင် ထထိုင်လိုက်ပြီး. . .

"ဒုက္ခပဲ၊ ငါကလဲ အရေးထဲ အိပ်ပျော်သွားရသေးတယ်၊ အတော်မှောင်နေပြီပဲ၊ သည်အချိန်ဆို ဘယ်သူမှ သည်ပန်းဥယျာဉ်ထဲကို လာမှာ မဟုတ်တော့ဘူး"

သူက ခေါင်းကုတ်လိုက်သည်။

"ယုလျှံတို့သားအဖ ဘယ်လိုနေမလဲ၊ ငါအခြေအနေသွားကြည့်ဦးမှ၊ မနက်မှ စောစော သည်ကို ပြန်လာစောင့်ကြည့်မယ်၊ ဟုတ်တယ်၊ ငါပြန်မှ. . ."

သူက ယင်းသို့ ဆုံးဖြတ်ပြီးသည်နှင့် ထိုင်ရာမှထကာ ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့၏။

❁ ❁ ❁



ယုလျှံနှင့် စုမာထင်းတို့သားအဖသည် မြို့စားမင်း၏ရုံးရှေ့တွင် ငုတ်တုတ်ထိုင်လျက် ရှိနေကြသည်။

သူတို့တွင် သွားစရာနေရာ မရှိပါ။

ဗိုက်ဖြည့်ရန်မှာလည်း ငွေမရှိသဖြင့် ငုတ်တုတ်ထိုင်နေရုံမှတစ်ပါး သူတို့က မည်သို့တတ်နိုင်ပါမည်နည်း။

ရုံးတံခါးမှာ ပိတ်သွားပြီ ဖြစ်သည်။

လမ်းသွားလမ်းလာသူများလည်း နည်းသွားပြီ ဖြစ်လေသည်။

ညဉ့်လေသည် တဟူးဟူး တိုက်ခတ်နေသောကြောင့် အေးစိမ့်၍ပင် လာလေပြီ။

ယခုအချိန်ထိ ဝီစန်းလည်း ပေါ်မလာပါ။

အကယ်၍ မိမိတို့က ဤနေရာမှ ထွက်သွားပါလျှင် ဝီစန်းနှင့် လွဲမှာ စိုးရသည်။

ထို့ကြောင့်. . .

သူတို့က ဆက်လက်ထိုင်မြဲ ထိုင်နေရလေသည်။

ထိုအချိန် မြို့စားမင်း၏ရုံးတော်တံခါးမှာ. . .

"ကျွီ"

ခနဲပွင့်သွားလေသည်။

ယုလျှံတို့သားအဖက ငြိုင်တူကြည့်လိုက်ရာ ရဲမက်တစ်ဦး ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဦးတို့က ချောင်ဖုံးရဲ့မိတ်ဆွေတွေ ထင်ပါတယ်"

ရဲမက်က မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုမာထင်းက ထိုင်ရာမှထလိုက်ပြီး. . .

"ဟုတ်ပါတယ်"

ဟု ပြောလိုက်သည်။

ရဲမက်က. . .

"ဦးတို့ ချောင်ဖုံးနဲ့ တွေ့ပြီးပြီ မဟုတ်လားဗျ"

စုမာထင်း ခေါင်းညိတ်လိုက်သည်။

"တွေ့ပြီးပါပြီကွယ်"

ရဲမက်က. . .

"ဒါဖြင့် အခု တော်ညဥ့်နက်နေပြီပဲ၊ ဦးတို့ပြန်ပြီး အနားယူကြတော့လေ၊ ချောင်ဖုံးကို တွေ့ချင်ရင် မနက်မှထပ်ပြီး တွေ့လို့ရမှာ"

စုမာထင်း သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ဦးတို့လဲ အနားယူချင်တာပေါ့ကွယ်၊ ဒါပေမယ့် ဦးတို့မှာက သွားစရာနေရာလဲ မရှိ၊ တည်းခိုဖို့ ငွေလဲ မရှိဘူး"

ရဲမက်က စိတ်မကောင်း ဖြစ်သွားသည်။

သူက အိတ်ထဲမှ ငွေတစ်ထုံးကို နှိုက်ထုတ်လိုက်ပြီးလျှင်

"ရော့. . . ကျွန်တော့်မှာ ငွေတစ်ရာရှိတယ်၊ သည်ငွေက ကျွန်တော်ကူညီတာပါ"

ဟု ငွေထုံးအား လှမ်းပေးရင်း ပြောလိုက်သည်။

စုမာထင်းက ငွေထုံးကို လှမ်းယူလိုက်ပြီး ရဲမက်အား မယုံကြည်စွာဖြင့် ကြည့်လိုက်သည်။

"မင်းက အတော်သဘောကောင်းတာပဲ၊ ဦးတို့ကို အခု



လို ကူညီတာ ကျေးဇူးတင်ပါတယ်"

ရဲမက်က ပြုံးလိုက်ပြီး. . .

"ကျွန်တော့်ကို ကျေးဇူးတင်စရာ မလိုပါဘူး၊ ဦးတို့က ချောင်ဖုံးရဲ့မိတ်ဆွေတွေမို့ ကူညီတာပါ"

စုမာထင်းက သူ့အား မျက်လုံးပြူးကြည့်လိုက်ပြီး. . .

"မင်းက ချောင်ဖုံးကို သိတယ် ဟုတ်လား"

ရဲမက်က ပြုံးလျက်. . .

"သိတာပေါ့ဗျ၊ ချောင်ဖုံးက ရွှေခေါင်းလောင်းအာမခံဌာနမှူးရဲ့သား၊ ကျွန်တော်ကတော့ အာမခံဌာနမှာ အလုပ်လုပ်ခဲ့ဖူးတယ်လေ၊ ကျွန်တော်တို့နှစ်ယောက်က သိကျွမ်းခဲ့ကြပါတယ်၊ နောက်တော့ ရွှေခေါင်းလောင်းအာမခံဌာန ဖျက်သိမ်းလိုက်တာနဲ့ ကျွန်တော်လဲ သည်မှာလာပြီး အလုပ်ဝင်နေတာ"

သူက စကားဆက်လိုက်သည်။

"ချောင်ဖုံး အဖမ်းခံရတဲ့ အကြောင်းကို ကျွန်တော် စောစောကမှ သိရတာ"

စုမာထင်း ဝမ်းသာသွားသည်။

"ဟာ. . . ဒါဆို ချောင်ဖုံးအဖို့ ကံကောင်းတာပဲ"

သူက ရဲမက်အား တောင်းပန်လိုက်သည်။

"မောင်ရင်ရယ်၊ ချောင်ဖုံးက သူခိုးမဟုတ်ပါဘူး၊ သူ့အကြောင်းကို မောင်ရင်လဲ သိမှာပါ၊ သူ့အမြန်ဆုံး လွတ်မြောက်အောင် မောင်ရင်ကူညီပါနော်"

ယုလျှံက တောင်းပန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်၊ အစ်ကိုချောင်ဖုံးကို အချုပ်ထဲက လွတ်မြောက်အောင် ကူညီပေးပါ"

ရဲမက်က သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ဒါကတော့ ကျွန်တော်တတ်နိုင်မှာ မဟုတ်ဘူး"

စုမာထင်းက. . .

"ဘာဖြစ်လို့လဲ"

ရဲမက်က. . .

"ချောင်ဖုံးရဲ့ကိုယ်ပေါ်မှာ သက်သေပစ္စည်းတွေနဲ့ လက်ပူးလက်ကြပ်မိတာ၊ တစ်ခုတော့ရှိတယ်၊ တရားခံအစစ်ကို အမြန်ဆုံးဖမ်းမိနိုင်ရင်တော့ ချောင်ဖုံး လွတ်မှာပါ"

စုမာထင်းတို့ စကားမပြောတော့ပါ။

ပါးစပ်ပိတ်ထားလိုက်၏။

ပြီးမှ စုမာထင်းက. . .

"ငါတို့ သည်နေရာက သွားလို့ မဖြစ်သေးဘူး"

ရဲမက်က. . .

"ဘာဖြစ်လို့လဲ"

"မိတ်ဆွေတစ်ယောက်ကို စောင့်ရဦးမယ်"

"ဘယ်က မိတ်ဆွေလဲ"

စုမာထင်းက. . .

"ငါတို့နဲ့အတူတူ ပါလာတဲ့ မိတ်ဆွေပါ၊ အခု သူက ချောင်ဖုံးကို ငွေထုပ်ပေးသွားတဲ့လူကို လိုက်ရှာနေတယ်"

ရဲမက်က. . .



"ကျွန်တော်တို့လူတွေလဲ လိုက်ရှာနေပါတယ်၊ မကြာခင် တရားခံကို ဖမ်းမိတော့မှာပါ၊ ဦးတို့လဲ သိပ်ပြီး စိတ်ပူမနေပါနဲ့တော့"

သူက ယင်းသို့ ပြောနေစဉ်မှာပင် ဝီစန်း ရောက်ရှိလာသည်။ စုမာထင်းက ဆီး၍ မေးလိုက်သည်။

"အခြေအနေ ဘယ်လိုလဲ မိတ်ဆွေကြီး"

ဝီစန်းက စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းပြလိုက်၏။

"မတွေ့ခဲ့ဘူး"

စုမာထင်းက ရဲမက်အား မိတ်ဆက်ပေးလိုက်သည်။

"ဒါက ငါတို့မိတ်ဆွေကြီး၊ နာမည်က ဝီစန်းလို့ ခေါ်တယ်၊ ဦးကတော့ စုမာထင်းပါ"

သူက ကိုယ့်ကိုကိုယ်လည်း မိတ်ဆက်လိုက်သည်။

ထို့နောက် ယုလျှံအား ညွှန်ပြရင်း. . .

"ဒါကတော့ ဦးလေးရဲ့သမီးပါ၊ နာမည်က ယုလျှံတဲ့"

ရဲမက်က ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော့်နာမည်လဲ မှတ်ထားပါ၊ ယိကျားလို့ ခေါ်ပါတယ်"

ထို့နောက် စုမာထင်းက ဝီစန်းအား ယိကျား၏ကူညီမှုကို ပြောပြလိုက်သည်။

ဝီစန်းက ယိကျားအား ကျေးဇူးတင်စကားပြောပြီး သူတို့သည် ထိုနေရာမှ ထွက်ခွာလာကြလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ထောင်ချောက်

စုမာထင်း၊ ယုလျှံနှင့် အဘိုးအိုဝီစန်းတို့သည် မြို့လယ်ပိုင်းသို့ ရောက်ရှိလာကြလေသည်။

သုံးယောက်သား ချောင်ဖုံးအတွက် စိတ်မကောင်း ဖြစ်နေသည်။

ဝီစန်းက. . .

"ငါတို့ ပေါ့ပေါ့တန်တန် သဘောထားလိုက်တာနဲ့ သူများရဲ့ထောင်ချောက်ထဲ ရောက်ပြီး ဒုက္ခရောက်ခဲ့ရတာ"

စုမာထင်းက. . .

"သူက ကျုပ်တို့သားအဖအပေါ်မှာ အတော်ကောင်းခဲ့ပါတယ်၊ ဒါကြောင့် သူလွတ်မြောက်အောင် ကြိုးစားရမှာပါ"

သမီးဖြစ်သူယုလျှံက. . .



"သူ့ကို ဒုက္ခပေးသွားတဲ့လူဟာ သူ့မိတ်ဆွေရဲ့အစ်ကို ဖြစ်နေတယ်၊ မိတ်ဆွေရဲ့အစ်ကိုက ဘာကြောင့် ဒုက္ခပေးချင် တာလဲ"

သုံးယောက်သား ပြောဆိုနေကြစဉ် သူတို့အနီးသို့ လူ တစ်ယောက် ရောက်ရှိလာလေသည်။

ယိကျား ဖြစ်သည်။

ယခုအချိန်၌ ယိကျားသည် ရဲမက်ဝတ်စုံဝတ်ဆင်ထား ခြင်း မရှိတော့ဘဲ သာမန်အရပ်သားတစ်ယောက်အသွင် ချည် ထည်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ယိကျားက. . .

"ကျွန်တော့်တာဝန်ချိန် ပြီးသွားပြီလေ၊ ချောင်ဖုံးအ တွက် ပြောစရာရှိလို့ ဦးတို့နောက်ကို လိုက်လာတာပါ"

ဝီစန်းက. . .

"အကြောင်းထူးလို့လား"

ယိကျားက. . .

"မြို့စားကြီးကတော့ လုထင်းချန်းကို မတွေ့ရသေးဘဲ အဖြစ်မှန် မပေါ်ပေါက်သေးဘဲ ချောင်ဖုံးကို လွှတ်ပေးမှာ မဟုတ်ပါဘူး။ လုထင်းချန်းကို တွေ့အောင်ရှာပြီး မြို့စားကြီး ရှေ့ကို ခေါ်သွားနိုင်မှဖြစ်မယ် မဟုတ်လားဗျာ"

ဝီစန်း ခေါင်းညိတ်လိုက်သည်။

"မှန်တယ်လေ၊ လုထင်းချန်းကို ရှာမတွေ့လို့ ခေါက်ကြွ နေရတာ၊ သူ့ကို တွေ့ပြီဆိုတာနဲ့ ချောင်ကျုံးအတွက်

www.burmeseclassic.com



စိတ်ပူစရာ မလိုတော့ဘူးပေါ့"

ယိကျားက. . .

"လုထင်းချန်းက သူ့ညီမတင်းချွေနဲ့ ချောင်ဖုံးတို့ ရင်းနှီးနေကြတာကို သဘောမကျဘူးလေ၊ ဒါကြောင့် ချောင်ဖုံး သည်မြို့ ပြန်ရောက်လာတာကို တွေ့ရတာနဲ့ အကွက်ဆင်ပြီး ဒုက္ခပေးလိုက်တာ ဖြစ်ပါလိမ့်မယ်"

ယုလျှံက ဝင်မေးလိုက်သည်။

"အစ်ကိုချောင်ဖုံးနဲ့ လုထင်းချန်းရဲ့ညီမတင်းချွေတို့က မေတ္တာမျှနေကြလို့လား"

ယိကျားက. . .

"ချောင်ဖုံးဟာ ခပ်အေးအေးနေတတ်သူ တစ်ယောက်ပါ၊ အားလပ်ချိန်မှာ မြို့လယ်ပန်းဥယျာဉ်မှာ သွားပြီး အနားယူ အပန်းဖြေတတ်တယ်လေ၊ အဲသည်မှာပဲ တင်းချွေနဲ့ ဆုံတွေ့ပြီး ခင်မင်ရင်းနှီးသွားခဲ့ကြတာ၊ သူတို့နှစ်ယောက် ချစ်သူဘဝတော့ မရောက်ကြသေးပါဘူး၊ လုထင်းချန်းက သူ့ညီမကို ချောင်ဖုံးသာ မကဘူး ဘယ်ယောက်ျားနဲ့မှ သဘောတူတာ မဟုတ်ဘူး"

ယုလျှံ နှာခေါင်းရှုံ့လိုက်သည်။

"သူ့ညီမက နတ်သမီးလေးတစ်ယောက်လို ချောမောလှပနေလို့လား"

"ဟာ. . . ချော်မောလှပတာတော့ တကယ်ပဲဗျ၊ ဘာမှ အပြစ်ပြောစရာ မရှိဘူး၊ လူငယ်လူရွယ်တိုင်းက သူ့ကို လိုချင်မက်မောကြတာ"



ယုလျှံ ပိုပြီး မကျေမနပ် ဖြစ်သွားလေသည်။

"အစ်ကိုချောင်ဖုံးကော. . ."

"ချောင်ဖုံးကတော့. . ."

ဝီစန်းက ကြားဖြတ်မေးလိုက်သည်။

"လုထင်းချန်းက သိုင်းသမားတစ်ယောက်လား"

ယိကျားက. . .

"သူက သိုင်းပညာနည်းနည်းပဲတတ်တာ၊ နောက်ပိုင်းမှာ လူတစ်ချို့နဲ့ပေါင်းပြီး သူ့ရဲ့သိုင်းပညာ အတော့်ကိုတိုးတက်လာတာ၊ ဒါပေမယ့် သူပေါင်းသင်းနေတဲ့ လူတွေဟာ မကောင်းတဲ့ လူတွေလို့ သံသယရှိတာကြောင့် လုထင်းချန်းကို စောင့်ကြည့်ဖို့ မြို့စားကြီးက အမိန့်ထုတ်ထားတာ"

ယုလျှံက. . .

"အစ်ကိုချောင်ဖုံးကို အကောက်ကြံခဲ့တာကို ကြည့်ရင် လုထင်းချန်းဆိုတဲ့လူဟာ ဘယ်နည်းနဲ့မှ လူကောင်းတစ် ယောက် မဖြစ်နိုင်ဘူးဆိုတာ ထင်ရှားနေတာပဲ"

ယိကျား သက်ပြင်းချလိုက်သည်။

"ချောင်ဖုံးတို့ အာမခံဌာန ပျက်စီးခဲ့ရတာကော ချောင်ဖုံးရဲ့အဖေနဲ့ ထိုက်ရှမ်း အသတ်ခံခဲ့ရတဲ့ကိစ္စမှာ လုထင်းချန်းလည်း တစ်နည်းတစ်ဖုံ ပတ်သက်နေတယ်လို့ သံသယ ရှိရတယ်"

ဝီစန်းက. . .

"မင်းက သည်မြို့ခံဆိုတော့ သူတို့အကြောင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ခရေစေ့တွင်းကျ သိထားမှာပေါ့။ လုထင်းချွန်းတို့မောင်နှစ်မ အကြောင်း ကျုပ်တို့ကိုပြောပြပါလား"

ဟု မေးလိုက်လေသည်။

ယိကျားက. . .

"သူတို့အကြောင်း ပြောပြစရာ များများစားစား မရှိပါဘူး။ သူတို့ဟာ သည်မြို့ဇာတိ မဟုတ်ပါဘူး၊ 'တင်းချွေ' ယယ်စဉ်ကတည်းက လုထင်းချွန်းနဲ့အတူ မောင်နှစ်မ နှစ်ယောက်ထဲ ပြောင်းလာခဲ့ကြတာ၊ လုထင်းချွန်းက အရောင်းအဝယ်ကိစ္စနဲ့ မကြာခဏ ခရီးထွက်တတ်တယ်၊ သူခရီးထွက်ရင် ညီမဖြစ်သူ တင်းချွေကို အိမ်နီးနားချင်းတွေနဲ့ အပ်နှံခဲ့တာ၊ သည်လိုနဲ့ပဲ သူတို့ မောင်နှစ်မ နှစ်ယောက် ကြီးပြင်းလာခဲ့ကြတာ၊ အနေကြာလာတော့လည်း မြို့ခံတွေလို ဖြစ်လာတာပေါ့လေ"

ဝီစန်း၊ စုမာထင်းနှင့် ယုလျံ့တို့မှာ လုထင်းချွန်းတို့ မောင်နှစ်မ၏ဘဝ တစိတ်တဒေသကို သိလိုက်ကြရ၏။

ယိကျားက. . .

"လုထင်းချွန်း အကြောင်း သိချင်ရင်၊ သူ့ညီမဆီမှာ သွားမေးကြည့်ရင် သိတန်သလောက် သိရနိုင်ပါတယ်၊ ဒါပေမယ့် သူလည်း အစ်ကိုရဲ့အကြောင်းကို သေသေချာချာသိချင်မှ သိနိုင်မှာပါ၊ လုထင်းချွန်းက ယျို့ဝှက်တဲ့ လူတစ်ယောက်ပါပဲ၊ ညီမကို ဂရုစိုက်တယ်ဆိုပေမယ့် ခရီးထွက်တဲ့အခါ တစ်ခါတစ်လေ လေးငါးခြောက်လ တစ်နှစ်လောက် ပစ်ထားခဲ့တယ်တာ၊ ဒါကြောင့် တင်းချွေလည်း အထီးကျန်လို ဖြစ်နေခဲ့ပြီး မြို့လယ်



ပန်းဥယျာဉ်မှာသွားပြီး အချိန်ဖြုန်းနေတတ်တာ၊ သည်လိုနဲ့ပဲ ချောင်ဖုံးနဲ့ တွေ့ပြီး ခင်မင်ရင်းနှီးသွားခဲ့ကြလေ"

ဝီစန်းက. . .

"ကဲ. . . ကျုပ်တို့ တင်းချွေနဲ့ သွားတွေ့ကြတာပေါ့"

ယိကျားက. . .

"ကျွန်တော်လိုက်လာရင် တစ်မျိုးထင်သွားနိုင်တာမို့ မလိုက်တော့ပါဘူး။ တင်းချွေတို့ အိမ်ကို ညွှန်ပြပေးလိုက်ပါ့မယ်"

"ကျေးဇူးပါပဲကွယ်"

ယိကျားက တင်းချွေနှင့် လုထင်းချွန်းတို့၏ နေအိမ်ကို လမ်းညွှန်ပေးသဖြင့် ဝီစန်း ကျေးဇူးတင်စကား ပြောလိုက်လေတော့သည်။

❁ ❁ ❁

မြို့တောင်ဘက်၌ ဘုံကျောင်းတစ်ခု ရှိနေ၏။

ဘုံကျောင်းနှင့် မလှမ်းမကမ်း၌ သေးငယ်သော်လည်း လှပကာ သန့်ရှင်းသပ်ရပ်သော အိမ်ကလေးတစ်လုံးရှိသည်။

တင်းချွေနှင့် လုထင်းချွန်းတို့ မောင်နှစ်မ နှစ်ယောက် နေထိုင်သည့် အိမ်ကလေး ဖြစ်လေသည်။

ဝီစန်းတို့ အိမ်ရှေ့သို့ ရောက်ရှိသွားပြီး အသံပြုလိုက်သောအခါ မိန်းမချောလေးတင်းချွေက ထွက်လာလေသည်။

ဝီစန်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ရပ်ဝေးက လာခဲ့ကြတာပါ၊ မိန်းကလေးရဲ့ အစ်ကို လုထင်းချန်းနဲ့ တွေ့ချင်လို့ လာခဲ့တာပါ"

တင်းချွေက. . .

"အစ်ကို အပြင်သွားနေပါတယ်၊ ခဏနေရင် ပြန်လာပါလိမ့်မယ်၊ အိမ်ထဲဝင်ကြပါဦးလားရှင်"

"ကျေးဇူးပဲ"

ဝီစန်းတို့က အိမ်ထဲ ဝင်လိုက်ကြလေသည်။

တင်းချွေက နေရာထိုင်ခင်းပေးကာ ရေနွေးကြမ်းဖြင့် ဧည့်ခံလေသည်။

ဝီစန်းတို့က အိမ်ကလေး၏အခြေအနေကို အကဲခတ်ပြီး. . .

"လုထင်းချန်းဟာ လျို့ဝှက်ချက်ရှိတဲ့လူ ဆိုပေမယ့် သည်မြို့မှာတော့ ဂရုစိုက်ပြီး နေထိုင်ခဲ့ပုံပဲ"

သူတို့ ကြာကြာ မစောင့်လိုက်ရပါ။

တစ်ယောက်ကို ရေနွေးကြမ်းတစ်ခွက်သောက်ပြီးချိန်၌ ခြေသံများ ထွက်ပေါ်လာကာ လုထင်းချန်း အိမ်ထဲဝင်လာသည်ကို တွေ့လိုက်ရလေသည်။

လုထင်းချန်းသည် ဝီစန်းတို့ ရောက်နေသည်ကို တွေ့ရလျှင် အံ့ဩသွားလေသည်။

"ခင်. . . ခင်ဗျားတို့. . ."

ဝီစန်းက. . .

"မင်းကြောင့် ချောင်ဖုံး ဒုက္ခရောက်နေပြီ၊ ဒါကြောင့်



မြို့စားမင်း ရှေ့မှောက်မှာ ဖြေရှင်းဖို့ မင်းကို လာခေါ်ကြတာလေ"

လုထင်းချန်း မဲ့ပြုံးပြုံးလိုက်သည်။

"ချောင်ဖုံးအတွက် လာခဲ့တာကိုး"

"ဟုတ်တယ်၊ ကျုပ်တို့နဲ့ လိုက်ခဲ့ရမယ်"

"ကျုပ်က မလိုက်ဘူးဆိုရင်ကော"

ဝီစန်းက. . .

"မင်းကို ဖမ်းခေါ်သွားရမှာပေါ့"

"ဟား. . ဟား. . . ဟား"

လုထင်းချန်းက ဟားတိုက်ရယ်မောလိုက်လေသည်။

"ကောင်းပါပြီဗျာ၊ ကျုပ်ကို ခေါ်သွားနိုင်ရင် ခေါ်သွားပါဗျာ"

"စိတ်ချ"

ဝီစန်းက ထိုင်ရာမှ ဝုန်းခနဲ ခုန်ထကာ လုထင်းချန်းကို ခုန်အုပ်လိုက်လေသည်။

လုထင်းချန်းက လက်နှစ်ဘက် ဆန့်ထုတ်ကာ ဆီးကြို ရင်ဆိုင်လိုက်လေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်. . .

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး နှစ်ယောက်သား ပြိုင်တူ နောက်ဆုတ်လိုက်ကြရလေသည်။

ဝီစန်း၏သိုင်းပညာ မခေပါ။

သို့သော် လုထင်းချန်း၏ပညာလည်း သက်မြက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည် ဖြစ်ရကား ရုတ်တရက် အနိုင်ရဖို့ မလွယ်ဘဲ ဖြစ်နေပါတော့သည်။

လုထင်းချန်းက. . .

"ကျုပ်အိမ်ကို ခင်ဗျား မလာသင့်ဘူးဆိုတာ ခင်ဗျား သိထားရမှာပေါ့"

ဝီစန်းက. . .

"မင်းကို ခေါ်သွားနိုင်မှ ချောင်ဖုံး လွှတ်မြောက်လိမ့်မယ်"

လုထင်းချန်းက. . .

"ကျုပ်က ချောင်ဖုံး သေဒဏ်ကျသွားတာကို တွေ့မြင်ချင်နေတာဗျ"

"မင်း. . ."

"ချောင်ဖုံး ဒုက္ခရောက်လေလေ ကျုပ်ပျော်လေလေပဲဆိုတာ မှတ်ထားပါ"

ဝီစန်းက. . .

"ဪ. . . မင်းက ချောင်ဖုံးကို အတော်မုန်းတီးနေတာကိုး"

"သည်ကောင့်ကို ကျုပ်ကိုယ်တိုင် သတ်ပစ်ချင်တာဗျ"

"မင်းမှာ အကြောင်း ရှိမှာပေါ့"

"ဟုတ်တယ်၊ သူ့အဖေကြောင့် ကျုပ်အဖေ သေဆုံးခဲ့ရတာ"

"ဪ"



ဝီစန်း စိတ်ဝင်စားသွားလေတော့သည်။

လုထင်းချန်းမှာ ဒေါသထွက်နေသည် ဖြစ်ရကား ပြော... သင့် မပြောသင့် မစဉ်းစားဘဲ ပြောချနေ၏။

"ချောင်ဖုံးရဲ့အဖေ ချောင်ကျင်းဟာ အာမခံဌာနပိုင်... ရှင်တစ်ယောက်ဆိုပြီး ခက်ထန်မောက်မာခဲ့တာဗျ၊ အာမခံပစ္စည်း... လုယက်ဖို့ ကြိုးစားသူတွေကို ဆုံးမတယ်ဆိုပြီး ရက်ရက်စက်စက်... သတ်ပစ်တာ"

ဝီစန်းက. . .

"လူဆိုးဓားပြတွေကို ပြတ်ပြတ်သားသား ဆုံးမတာပဲ... လေ"

လုထင်းချန်းက. . .

"ခင်ဗျားစုံစမ်းကြည့်စမ်းပါ၊ ချောင်ကျင်းရဲ့ အာမခံပစ္စည်းကို လုယက်ဖို့ ကြိုးစားတဲ့လူတိုင်း ရက်ရက်စက်စက် အသတ်ခံရတာချည့်ပဲ၊ သူက တစ်ယောက်မှ ချမ်းသာမပေးဘဲ အကုန်သတ်ပစ်တာ"

ဝီစန်းက. . .

"မင်းအဖေလည်း အသတ်ခံခဲ့ရတာပေါ့"

လုထင်းချန်းက. . .

"ဟုတ်တယ်၊ ကျုပ်အဖေကို ချောင်ကျင်းကိုယ်တိုင် သတ်ပစ်ခဲ့တာ"

ဝီစန်းက. . .

"ဒါဆို မင်းအဖေဟာ အာမခံပစ္စည်းကို လုယက်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုက်ခဲ့ လူဆိုးဓားပြတွေရဲ့ ခေါင်းဆောင်ပဲ ဖြစ်ရမယ်"

ဟု မှတ်ချက်ချလိုက်လေသည်။

လုထင်းချန်းက...

"ကျုပ်က တစ်နေ့မှာ ချောင်ကျင်းကို လက်တုန့်ပြန်မယ်ဆိုပြီး သည်မြို့ကို လာခဲ့တာ"

အလွန်အငြိုးကြီးသူတစ်ယောက် ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

တင်းချွေက...

"တော်ပါတော့ အစ်ကိုကြီးရယ် မပြောပါနဲ့တော့"

ဟု တားမြစ်လိုက်လေသည်။

"ဟား... ဟား... ဟား"

လုထင်းချန်း ဟားတိုက်ရယ်မောလိုက်လေသည်။

"ညီမလေး ဘာမှမပူစမ်းပါနဲ့၊ ကျုပ်တို့အကြောင်းကို သူတို့သိသွားလည်း အရေးမကြီးပါဘူး၊ သူတို့သုံးယောက်စလုံးကို သတ်ပစ်ဖို့ အစ်ကိုကြီး ဆုံးဖြတ်ပြီးပါပြီ"

"အစ်ကိုကြီး သည်လို မလုပ်ပါနဲ့"

"ညီမလေး၊ ကျုပ်တို့အဖေ သေဆုံးသွားခဲ့ရတာကို မေ့နေပြီလား"

တင်းချွေ ခေါင်းငုံ့ထားလိုက်လေသည်။

"ဖေဖေ့ကို သတ်ပစ်လိုက်တဲ့ ရန်သူကို တို့တစ်တွေ တစ်နေ့ ပြန်ပြီး လက်စားချေမယ်လို့ သစ္စာပြုပြီး သည်မြို့ကို လာခဲ့ကြတာ မဟုတ်လား"



တင်းချွေ ဘာမှမပြောပါ။

ဝီစန်းက...

"ဒါဖြင့် ချောင်ဖိုးရဲ့အဖေကို သတ်ပစ်ခဲ့တာလဲ မင်းပဲပေါ့"

"ဟုတ်တာပေါ့ဗျာ"

လုထင်းချန်းက ဝန်ခံလိုက်လေသည်။

ယခု...

ချောင်ဖိုးဖခင်အား သတ်ပစ်လိုက်သည့် တရားခံကို သိလိုက်ရပြီ ဖြစ်လေသည်။

ဝီစန်းက...

"ကုန်သည်ထိုက်ရှမ်းကို သတ်တာကော"

လုထင်းချန်း ရယ်မောလိုက်လေသည်။

"ဘယ်သူ ရှိမလဲ၊ ကျုပ်ပဲပေါ့ဗျာ"

"သူကကော မင်းနဲ့ ရန်ငြိုးရှိနေလို့လား"

"သူက ကျုပ်ကို အပြစ်ကိုင်ခဲ့လို့ပေါ့ဗျာ"

ဝီစန်းမျက်မှောင်ကုပ်သွား၏။

"မင်းရဲ့စကားက ရှုပ်ထွေးနေပါလား ရှင်းစမ်းပါဦး"

လုထင်းချန်းက...

"ချောင်ဖိုးရဲ့အဖေ ချောင်ကျင်းကို လုပ်ကြံနိုင်ဖို့ ကျုပ်က ကုန်သည်ကြီးထိုက်ရှမ်းကို စည်းရုံးသိမ်းသွင်းခဲ့တယ်၊ ကျုပ်ခိုင်းတဲ့အတိုင်း ထိုက်ရှမ်းက အာမခံပစ္စည်း ပို့ဆောင်ပေးဖို့ ချောင်ကျင်းကို အလုပ်သွားအပ်ခဲ့တယ်လေ"

www.burmeseclassic.com



ဝီစန်းက. . .

"အင်း. . . ပြောပါဦး"

လုထင်းချန်းက. . .

"ချောင်ကျင်းက ပစ္စည်းလက်ခံလိုက်တော့ ကျုပ်အတွက် အခွင့်အရေးရပြီပေါ့၊ ကျုပ်က ကုန်သည်ထိုက်ရှမ်းအသွင်ရုပ်ဖျက်ပြီး ညဘက်မှာ ချောင်ကျင်းကို သွားတွေ့ခဲ့တယ်၊ ချောင်ကျင်းက ညကြီးအချိန်မတော် ကျုပ်ရောက်လာတော့ အာမခံပစ္စည်းနဲ့ ပတ်သက်ပြီး အမှားအယွင်းတစ်ခုခု ရှိနေပြီ ထင်ပြီး တပည့် တပန်းတွေကိုတောင် အသိမပေးဘဲ နှစ်ယောက်ထဲ တွေ့ဆုံခဲ့တယ်၊ ဒါကို ကျုပ်က အခွင့်ကောင်းယူပြီး လုပ်ကြံပစ်ခဲ့တာ"

ဝီစန်းက. . .

"မင်းက' အခွင့်အရေးကို အသုံးချတတ်တာကိုး"

လုထင်းချန်း ရယ်မောလိုက်ပြန်လေသည်။

"ကျုပ်ကို ထိုက်ရှမ်းလို့ ထင်မှတ်သွားတာနဲ့ ကျုပ်အကြံအောင်ပြီဆိုတာ နားလည်လိုက်တာပေါ့လေ"

"ထိုက်ရှမ်းကျတော့ကော. . ."

"သူကလည်း လူကောင်းတစ်ယောက်မှ မဟုတ်တာ၊ ခိုးရာပါပစ္စည်း၊ ဓားပြတိုက်လို့ရတဲ့ပစ္စည်း လက်ခံရောင်းဝယ်နေတာ၊ အို. . . ရာဇဝတ်မှုမကင်းတဲ့ အရောင်းအဝယ်လုပ်ငန်းနဲ့ ချမ်းသာကြွယ်ဝလာတာ၊ ကုန်သည်ပွဲစားဘဝကို ဘန်းပြပြီး နောက်ကွယ်မှာ မကောင်းမှုတွေ ကျူးလွန်နေတဲ့လူပဲ"



ဝီစန်းက. . .

"သည်လိုဆို မင်းတို့နှစ်ယောက် အစကတည်းက ပတ်သက်ခဲ့ကြတာပေါ့"

လုထင်းချန်းက. . .

"မှန်တာပေါ့ဗျာ၊ ဒါကြောင့်လည်း ချောင်ကျင်းကိစ္စမှာ ကျုပ်အကူအညီတောင်းတာ သူမငြင်းဘဲ ကူညီခဲ့တာ၊ သူ့ဘက်က အကျိုးအမြတ်ကိုလည်း တွက်ဆထားသေးတယ်လေ"

ဝီစန်းက. . .

"သူလည်း အကျိုးအမြတ်ရနိုင်တယ် ဟုတ်လား"

လုထင်းချန်းက. . .

"ဒါပေါ့ ချောင်ကျင်းကိစ္စကို အသုံးချပြီး ကျုပ်ကိုအကြပ်ကိုင်နိုင်တာပေါ့"

ဝီစန်းက. . .

"မင်းကို အကြပ်ကိုင်တော့ကော ဘာများ ထူးခြားလာမှာလဲ ပြောစမ်းပါဦး"

လုထင်းချန်း မဲ့ပြုံးပြုံးလိုက်သည်။

"ထူးတာပေါ့ဗျာ၊ ကျုပ်အဖေရဲ့ အနန္တသိုင်းကျမ်းကို ရနိုင်တယ်လေ"

"ဘာ"

ဝီစန်း အံ့သြသွားလေသည်။

"အနန္တသိုင်းကျမ်း ဟုတ်လား၊ ဒါဟာ ရှောင်လင်ကျောင်းက ပျောက်ဆုံးသွားတဲ့ ပစ္စည်းတစ်ခု မဟုတ်လား ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုလုပ်ပြီး မင်းအဖေရဲ့ကျမ်း ဖြစ်သွားရတာလဲ"

လုထင်ချန်းက. . .

"ရှောင်လင်ကျောင်းက သိုင်းကျမ်းခိုးယူလာတဲ့ စောရကို ကျုပ်အဖေက ဆုံးမပြီး ရယူထားလိုက်တာလေ၊ ကျုပ်အဖေလက်ထဲရောက်လာတော့ ကျုပ်အဖေရဲ့ပစ္စည်းပဲပေါ့ဗျာ"

"ဩော်"

ဝီစန်း ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

လုထင်ချန်းက. . .

"ကျုပ်အဖေက လျှို့ဝှက်ထားပေမယ့် အနန္တသိုင်းကျမ်းကို သူရထားတာ သိတဲ့လူက သိကြတယ်၊ ကုန်သည်ကြီး ထိုက်ရှမ်းလည်း ပါတာပေါ့"

ဝီစန်းက. . .

"ထိုက်ရှမ်းက အာမခံဌာနပိုင်ရှင် ချောင်ကျင်းရဲ့ကိစ္စမပေါ်ပေါက်စေချင်ရင် သိုင်းကျမ်းပေးရမယ်လို့ မင်းကို အကြပ်ကိုင်ခဲ့တာ ဟုတ်လား"

"ဒါ အမှန်ပဲဗျ"

"ဒါနဲ့ မင်းက သူ့ကိုသတ်ပစ်လိုက်တယ် ဆိုပါတော့"

"ကျုပ်ကို အကြပ်ကိုင်တာနဲ့ သူဟာ သေသင့်သေထိုက်နေပြီပေါ့ဗျာ"

ဝီစန်းက. . .

"မင်းက ချောင်ကျင်းနဲ့ထိုက်ရှမ်းကို လုပ်ကြံပြီး ရှောင်တိမ်းသွားတာပေါ့ ဟုတ်လား"



"ဒါကြောင့် ကျုပ်က လောကလောက် ရှောင်နေလိုက်တယ်၊ ချောင်ဖုံး ဘဝပျက်သွားပေမဲ့ ပြော၊ ဟား ဟား ဟား"

လုထင်ချန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ချောင်ဖုံး ဒုက္ခရောက်ခဲ့ရသည့် ဖြစ်ရပ်တွင် တကယ့်တရားခံအစစ်ကား မည်သူမျှ မျှော်လင့်မထားခဲ့သည့် လုထင်ချန်းဖြစ်နေပါတော့သည်။

ဝီစန်းက. . .

"ကောင်းပြီ. . . ကျုပ်နဲ့လိုက်ခဲ့ပြီး မြို့စားကြီးရဲ့ရှေ့မှာ မင်းရဲ့အပြစ်တွေ ဝန်ခံလိုက်ပေတော့"

ဟု ပြောလိုက်သည်။

လုထင်ချန်းက. . .

"ကျုပ်ကို ခေါ်နိုင်ရင် ခေါ်သွားပါဗျာ၊ ကျုပ်လိုက်ခဲ့ပါ့မယ်"

"စိတ်ချ"

ဝီစန်းက ခရှုတိုးလိုက်သည်။

လုထင်ချန်းက. . .

"ခင်ဗျားရဲ့သိုင်းပညာ မခေပါဘူး၊ ဒါပေမယ့် ကျုပ်ကို ဖမ်းခေါ်သွားဖို့အထိတော့ မတတ်နိုင်သေးပါဘူးဗျာ"

"မင်းက ကိုယ့်ကိုကိုယ် အထင်ကြီးနေတာကိုး၊ တဲ သတိသာထားပေတော့"

ဝီစန်းက ယက်ဝါးနှစ်ဘက်၌ အတွင်းအားရှိသည်းကာ ခတင်တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လုထင်းချန်းကလည်း တဟားဟား ရယ်မောကာ ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

❖ ❖ ❖

အိမ်ကလေးထဲ၌ တဝုန်းဝုန်း တဒိုင်းဒိုင်းအသံများ ထွက်ပေါ်လာအောင်ပင် ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

သို့သော်. . .

အသက်ကြီးရင့်နေပြီဖြစ်သည့်အပြင် ဥာဏ်များပြီး ရက်စက်သော လုထင်းချန်းနှင့် ရင်ဆိုင်ရသောအခါ ရှုတ်တရက် အနိုင်မရနိုင်ဘဲ ဖြစ်နေ၏။

စုမာထင်း လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"လူယုတ်မာကို ဆုံးမရမှာပဲ"

အော်ပြောပြီး လုထင်းချန်းထံ ပြေးဝင်သွားလေသည်။

"ဖေဖေ. . . သတိထားပါ"

ယုလျှံလည်း ဖခင်ကြီးအား စိတ်မချသဖြင့် ပြေးလိုက်သွားလေတော့သည်။

လုထင်းချန်းသည် စုမာထင်းတို့သားအဖ နှစ်ယောက် ပြေးဝင်လာကြသောအခါ. . .

"သေချင်ကြပြီ ထင်တယ်"

လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။



"ဝှစ်. . . ဝှစ်. . . ဝှစ်"

လက်နက်ပုန်းလေးများမှာ ဖျားဝိတုန်း လိပ်ပြာလေးများ အလား ပစ်လွှင့်သွားလေသည်။

သိုင်းပညာမတတ်သော စုမာထင်း မည်သို့မျှ မရှောင်နိုင်တော့ပါချေ။

လက်နက်ပုန်းအချို့ ရင်ဝ၌ စိုက်ဝင်သွားလျှင်. . .

"အား"

စူးရှစွာ အော်ဟစ်ရင်း ဝုန်းခနဲ လဲကျသွားလေတော့သည်။

"ဖေဖေ"

ယုလျှံ အထိတ်တလန့် ဖြစ်သွားလေသည်။

သူမသည် ဖခင်ကြီးအတွက် စိုးရိမ်ပူပန်နေသည် ဖြစ်ရကား ဆက်လက်ပစ်လွှင့်လာသော လက်နက်ပုန်းလေးများအား သတိမထားမိလိုက်တော့ချေ။

လက်နက်ပုန်းလေးများမှာ ယုလျှံ၏ရင်ဝသို့ တိုးဝင်သွားလေတော့သည်။

"အမယ်လေး"

ယုလျှံလည်း ဖခင်ကြီးနှင့် မလှမ်းမကမ်းတွင် လဲကျသွားလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာ မတတ်သော သူလျှိုတို့သားအဖကား ချောင် ကျင်းအတွက် မခံမရပ်နိုင်ဖြစ်ကာ လုထင်းချန်းအား တိုက်ခိုက် ဖို့ကြိုးစားရေး ကံဆိုးသွားကြပြီ ဖြစ်လေသည်။

တင်းချွေ၏တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေပါတော့သည်။

"အစ်ကိုကြီး ရက်စက်လှချည်လား၊ အစ်ကိုကြီးရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်လိုက်ပါတော့"

ဟုအော်ဟစ်ပြောဆိုသော လုထင်းချန်းအား တားဆီးလိုက်သည်။

လုထင်းချန်းက. . .

"ညီမလေး. . . ငါတို့အဖေကို သတ်သွားတဲ့ရန်သူကို လက်စားချေနိုင်ခဲ့ပြီလေ၊ ချောင်ဖုံးကို ရှင်းပြီးတာနဲ့ ငါတို့ သည်မြို့က အပြီးအိပ်ပိုင်ထွက်သွားမယ်၊ အစ်ကိုကြီး မကောင်းမှုတွေကို စွန့်လွှတ်ပြီး တို့မောင်နှစ်မ နှစ်ယောက် တစ်သက်လုံး အေးအေး ချမ်းချမ်း နေသွားကြတာပေါ့"

တင်းချွေက. . .

"အစ်ကိုကြီး မှားနေပြီရှင့်"

လုထင်းချန်း ဒေါသထွက်သွားသည်။

"ငါ မမှားဘူး ညီမလေး နင့်ပါးစပ်ပိတ်ထားလိုက်စမ်း"

တစ်ဘက်က ဝီစန်းနှင့်တိုက်ခိုက်ရင်း တစ်ဘက်က ညီမဖြစ်သူကို အော်ပြောနေ၏။

ဝီစန်းက အခြေအနေကို တွက်ဆလိုက်သည်။



လုထင်းချန်းမှာ သေမထူးနေမထားသူ ဖြစ်နေပြီး သူ့အား ရုတ်တရက် အနိုင်ယူနိုင်ဖို့ မလွယ်ရကား. . .

"မလှုပ်နဲ့"

ဝီစန်းသည် နောက်ကျွမ်းပစ်ကာ ခုန်ထွက်သွားပြီး တင်းချွေအနီးသို့ ရောက်သွားကာ တင်းချွေအား အော်ဝေါက်ဖမ်းဆီးထားလိုက်လေတော့သည်။

တင်းချွေမှာ ဝီစန်း၏လက်ထဲ အဖမ်းခံလိုက်ရလေတော့သည်။

"ညီမလေး"

လုထင်းချန်း ထိတ်လန့်သွားသည်။

ဝီစန်းကို ဒေါသတကြီး အော်ဝေါက်လိုက်သည်။

"ခင်ဗျား သေချင်ပြီထင်တယ်၊ ကျုပ်ညီမလေးကို လွှတ်လိုက်စမ်း"

"ဟား. . . ဟား. . . ဟား"

ဝီစန်း ရယ်မောလိုက်သည်။

"မင်းက မြို့စားကြီးရှေ့မှာ အပြစ်တွေဝန်ခံပြီး အဖမ်းခံမယ်ဆိုရင် မင်းညီမ ဘာမှမဖြစ်စေရဘူးလို့ ငါတာဝန်ယူတယ်"

"ခင်. . . ခင်ဗျား"

လုထင်းချန်း ကျိတ်မနိုင်ခဲမရ ဖြစ်သွား၏။

သို့သော် တင်းချွေ ထိခိုက်သွားမည်ကို စိုးရိမ်ကာ ဝီစန်းအား မတိုက်ခိုက်ဝံ့ပါချေ။

တင်းချွေကလည်း. . .

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး. . . ဆက်ပြီး မမိုက်မဲချင်ပါနဲ့တော့ရှင်"

ဟု ဖျောင်းဖျလိုက်၏။

လုထင်းချန်းက. .

"ညီမလေး. . ဘာမှမပူနဲ့၊ မင်းကိုရအောင် ကယ်တင်မယ်၊ တို့မောင်နှစ်မနှစ်ယောက် အဝေးကို ထွက်သွားပြီး အေးအေးချမ်းချမ်း နေသွားကြတာပေါ့"

သူက ဝီစန်းအား စိုက်ကြည့်ကာ. . .

"ခင်ဗျားကို အခွင့်အရေးပေးလိုက်မယ်၊ ကျုပ်ရဲ့ညီမကိုလွှတ်ပေးရင် ခင်ဗျားကို ဒုက္ခမပေးတဲ့အပြင် အနန္တသိုင်းကျမ်းကိုပါ ပေးလိုက်မယ်"

"ဘာ"

မမျှော်လင့်သော စကားကြားလိုက်ရလျှင် ဝီစန်းကြောင် အမ်းအမ်း ဖြစ်သွားလေသည်။

လုထင်းချန်းက. . .

"ကျုပ်ညီမကို လွှတ်လိုက်ပါ၊ အနန္တသိုင်းကျမ်းကို ပေးလိုက်မယ်"

ဟု ထပ်ပြောလိုက်လေသည်။

ဝီစန်းက. . .

"မင်း တကယ်ပြောတာလား"

"တကယ်ပါ"

"ကောင်းပြီ၊ အနန္တသိုင်းကျမ်း ကျုပ်လက်ထဲရောက်လာတာနဲ့ မင်းရဲ့ညီမကို လွှတ်ပေးလိုက်မယ်"



"ခင်ဗျား ကတိတည်ပါစေ"

လုထင်းချန်းက ချက်ချင်းပင် အတွင်းဘက်အခန်းသို့ ဝင်သွားလေသည်။

ဝီစန်းက. . .

"မိန်းကလေး. . မင်းအစ်ကိုဟာ တကယ့်လူဆိုးကြီးတစ်ယောက် ဖြစ်နေပြီ၊ သူ့ကို မဖြစ်မနေ ဟန့်တားရလိမ့်မယ်"

ဟု တင်းချွေအား ပြောလိုက်သည်။

တင်းချွေက. . .

"ကျွန်မရဲ့အဖေဟာ ဒုစရိုက်လောကမှာ နာမည်ကြီးတဲ့ အမှောင်မြို့စားရဲ့လက်ရုံး တစ်ယောက်ပါ၊ ဖေဖေ သေဆုံးသွားတော့ အမှောင်မြို့စားက အစ်ကိုကြီးကို သူ့လက်အောက်မှာ ဆက်ပြီးတာဝန်ထမ်းဆောင်စေခဲ့တယ်၊ အစ်ကိုကြီးဟာ အမှောင်မြို့စားအားကိုးနဲ့ ထင်ရာစိုင်းခဲ့လို့ ခုလိုဘဝမျိုးရောက်နေတာပါ၊ ဖေဖေ့ကိုဆုံးရှုံးခဲ့ရပြီး အခုတစ်ခါ အစ်ကိုကြီးကို ဆုံးရှုံးရဦးမှာမို့ ကျွန်မ ဝမ်းနည်းမဆုံးတော့ပါဘူးရှင်"

ကြေကွဲစွာပြောရင်း မျက်ရည်များ စီးကျလာတော့သည်။

ဝီစန်းက. . .

"သူ့ကို မတားဆီးနိုင်ဘူးဆိုရင် သူ့ကြောင့် အပြစ်မဲ့တဲ့ လူတွေ ထပ်ပြီး ဒုက္ခရောက်ကြလိမ့်မယ်ကွယ့်"

တင်းချွေက. . .

"ကျွန်မ သိပါတယ်၊ အမှောင်မြို့စား ကွယ်လွန်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



သူမွေးစားခဲ့တဲ့ သုထင်းနန်ဆိုတဲ့လူက အမှောင်မြို့စားရာထူးကို ဆက်ခံခဲ့တယ်၊ သူက ပိုပြီးရက်စက်ကြမ်းကြုတ်တယ်ရှင့်၊ အစ်ကိုကြီးဟာသုထင်းနန်ရဲ့လက်အောက်မှာနေပြီး ထိမ်းမနိုင်သိမ်းမရ ဖြစ်လာခဲ့တာ"

ထိုအချိန်မှာပင်. . .

"ဟောသည်မှာ အနန္တသိုင်းကျမ်း၊ ကျုပ်ညီမကို လွှတ်ပေးလိုက်ပေတော့"

စကားသံနှင့်အတူ လုထင်းချန်း ပြန်လည်ရောက်ရှိလာလေသည်။

သူ၏လက်ထဲ၌ ငွေဖြင့်ပြုလုပ်ထားသည့် ကျည်တောက်ကလေး တစ်ခုကိုင်ထားလေသည်။

ဝီစန်းသည် ဝါရင့်သိုင်းသမားကြီး တစ်ဦးဖြစ်သည့်အတိုင်း အနန္တသိုင်းကျမ်းအကြောင်း ကောင်းစွာကြားသိထားလေသည်။

အနန္တသိုင်းကျမ်းမှာ ရှောင်လင်ကျောင်းမှ ကိုယ်တော်တစ်ပါးတီထွင်ခဲ့သော သိုင်းကျမ်းတစ်ခုဖြစ်ပြီး သိုင်းကွက်များမှာ ရက်စက်ကြမ်းကြုတ်မှုကို အခြေခံထားလေသည်။

အစွမ်းထက်ကာ ထိရောက်မှုရှိသည့်တိုင် ရက်စက်ကြမ်းကြုတ်သော သိုင်းကွက်များဖြစ်နေရကား ရှောင်လင်ကျောင်းထိုင်က လေ့ကျင့်သင်ကြားခွင့်မပြုဘဲ ပိတ်ပစ်ထားခြင်းခဲ့လေသည်။

အနန္တသိုင်းကျမ်းအား သိုင်းကျမ်းဆောင်၌ သိမ်းဆည်း



ထားခဲ့လေသည်။

တစ်နေ့တွင် စောရတစ်ယောက်က သိုင်းကျမ်းဆောင်ထဲ ကျူးကျော်ဝင်ရောက်ကာ သိုင်းကျမ်းများ ခိုးယူသွားရာ အနန္တသိုင်းကျမ်းလည်း ပါသွားလေသည်။

ထိုစောရမှတဆင့် အခြားသူများလက်ထဲသို့ အဆင့်ဆင့်ပြောင်းလဲသွားပြီး နောက်ဆုံး လုထင်းချန်း၏ဖခင်လက်ထဲ ရောက်လာခြင်းဖြစ်သည်။

ဝီစန်းက. . .

"သိုင်းကျမ်းကို အရင်ပေးပါ၊ သိုင်းကျမ်း ကျုပ်လက်ထဲရောက်လာတာနဲ့ မင်းရဲ့ညီမကို လွှတ်ပေးလိုက်မယ်"

လုထင်းချန်းက. . .

"ခင်ဗျား ကတိတည်ပါစေ"

ဟုပြောကာ ငွေကျည်တောက်ကို ပစ်ပေးလိုက်လေသည်။

ဝီစန်းက လက်ဆန့်ထုတ်ကာ ဖမ်းယူလိုက်၏။

ဝီစန်း ငွေကျည်တောက်ကို အာရုံရောက်သွားသည့် တဒင်္ဂအချိန်လေးမှာပင်. . .

"ယား"

လုထင်းချန်းက ညာသံပေးကာ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



ဝီစန်း ရင်ထိတ်သွား၏။

လုထင်းချန်း တိုက်ခိုက်လာသည်ကို တွေ့ရသော်လည်း ငွေကျည်တောက်လေးအား ဆက်၍ဖမ်းယူလိုက်လေသည်။

သူက တင်းချွေကိုလည်း အမှုမထားနိုင်တော့ချေ။

"ညီမလေး. . . ဘေးဖယ်လိုက်စမ်း"

လုထင်းချန်းက အော်ပြောလိုက်လေသည်။

"အွန့်"

ဝီစန်းက အကာအကွယ်သဘောဖြင့် တင်းချွေအား လုထင်းချန်းထံသို့ တွန်းထုတ်လိုက်သည်။

တင်းချွေ ဒယီးဒယိုင်ဖြင့် လဲကျသွားလေသည်။

လုထင်းချန်းက ဝီစန်းအား ဆက်၍တိုက်ခိုက်လိုက်လေသည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

လက်နက်ပုန်းလေးများက ဝီစန်းထံသို့ တိုးဝင်သွား၏။

ဝီစန်းသည် ငွေကျည်တောက်ကို မက်မောနေသဖြင့် လက်နက်ပုန်းလေးများအား လွတ်အောင်မရှောင်နိုင်ခဲ့ချေ။

လက်နက်ပုန်းတစ်ခုက သူ၏ပခုံး၌ စိုက်ဝင်သွား၏။

"အင့်"

ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရ၏။

မည်သို့ဆိုစေ၊ငွေကျည်တောက်လေး လက်ထဲရောက်လာပြီဖြစ်ရကား ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်လိုက်လေသည်။



"ဟူး"

ဝီစန်း ရှောင်တိမ်းသွားလျှင်. . .

"မပြေးနဲ့"

လုထင်းချန်းလည်း အော်ငေါက်ကာ ပြေးလိုက်သွားလေသည်။

တင်းချွေက. . .

"အစ်ကို ပြန်လာခဲ့ပါ၊ ကျွန်မတို့ သည်မြို့က ထွက်သွားကြတာပေါ့"

ဟု အော်ပြောလိုက်လေသည်။

သို့သော် သူမအား မည်သူကမျှ ဂရုမစိုက်ကြတော့ချေ။

✲ ✲ ✲

ဝီစန်းသည် ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။

အပြင်ဘက် ရောက်သွားချိန်မှာပင် ဦးခေါင်းများ မူးနောက်ရီဝေလာသကဲ့သို့ မျက်လုံးများလည်း ပြာဝေလာလေတော့သည်။

ပခုံး၌ထိထားသော လက်နက်ပုန်းလေး၌ အဆိပ်များ သုတ်လိမ်းထားရာ အဆိပ်မိသွားခြင်း ဖြစ်လေသည်။

ဝီစန်း ဒယီးဒယိုင် ဖြစ်သွားလေသည်။

လုထင်းချန်းလိုက်လာလျှင် မလွယ်ကြောင်း သိမိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဒယီးဒယိုင်ဖြင့် ဆက်ပြေးသွားသော်လည်း မဟန်နိုင်တော့ဘဲ. .

"ဝုန်း"

မြေပေါ် လဲကျသွားလေတော့သည်။

ဝီစန်း ပြန်ထဖို့ ကြိုးစားလိုက်သည့်တိုင် မဟန်နိုင်တော့ပါ။

ထိုအချိန်မှာပင်. . .

"ဟား. . . ဟား. . . ဟား"

လှောင်ပြောင် ရယ်မောသံနှင့်အတူ လုထင်းချန်း ရောက်ရှိလာလေတော့သည်။

လုထင်းချန်းက. . .

"ခင်ဗျား ဘာတတ်နိုင်သေးသလဲ"

ဝီစန်း ဘာမှမတတ်နိုင်တော့ပါ။

သို့တိုင်. . .

အနန္တသိုင်းကျမ်းထည့်ထားသော ငွေကျည်တောက်လေးအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်၏။

လုထင်းချန်းက. . .

"သေပေတော့"

ဟူသော အော်ငေါက်သံကို ကြားလိုက်ရပြီး သတိလစ်မေ့မြောသွားလေတော့သည်။

❖ ❖ ❖



အချိန် မည်မျှကြာသွားမှန်းမသိ။

ဝီစန်း သတိရလာပြီး မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ချောင်ဖုံး၏မျက်နှာကို တွေ့မြင်လိုက်ရလေသည်။

ဝီစန်း အံ့သြသွား၏။

"မင်း. . . မင်း. . . ဘယ်လိုလုပ် လွတ်မြောက်လာတာလဲ"

ချောင်ဖုံးက. . .

"ယိကျားက ဘာဘတို့ကို စိတ်မချလို့ မြို့စားကြီးကို သတင်းပို့လိုက်တော့ မြို့စားကြီးက ကိုယ်ရံတော်သိုင်းသမားတွေ လွှတ်လိုက်ပါတယ်၊သူတို့က ဘာဘတကို ဒုက္ခပေးဖို့ ကြံစည်နေတဲ့ လုထင်းချန်းကို တားဆီးနိုင်ခဲ့ကြတယ်လေ"

ဝီစန်းက. . .

"လုထင်းချန်း အဖမ်းခံလိုက်ရပြီ ဟုတ်လား"

ချောင်ဖုံး သက်ပြင်းချလိုက်သည်။

"လုထင်းချန်းဟာ အင်မတန် မိုက်မဲတဲ့ လူတစ်ယောက်ပါ၊ ကိုယ်ရံတော်သိုင်းသမားတွေကို ခုခံတိုက်ခိုက်ပြီး မတတ်နိုင်ဘဲ အရေးနိမ့်သွားတဲ့ နောက်ဆုံး ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားတယ်လေ"

ဝီစန်းက. . .

"တင်းချွေကော. . ."

ချောင်ဖုံးက. . .

"တင်းချွေက လုထင်းချန်းရဲ့ လုပ်ရပ်တွေကို မြို့စားကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ထုတ်ဖော်ခဲ့ပါတယ်၊ အဖြစ်မှန်ပေါ်ပေါက်သွားတာကြောင့် မြို့စားကြီးက ကျွန်တော့်ကို လွှတ်ပေးလိုက်တာပါ"

ဝီစန်းက. . .

"ဒါဆို ယိကျားနဲ့ တင်းချွေကို ကျေးဇူးတင်ရတော့မှာပဲ"

ချောင်ဖုံးက. . .

"ယိကျားက တာဝန်နဲ့ ခရီးထွက်သွားရပါတယ်၊ တင်းချွေကတော့"

"သူ ဘာဖြစ်လို့လဲ"

ချောင်ဖုံး မျက်နှာမကောင်းပါ။

"သူဟာ အရာရာကို စိတ်ပျက်ငြီးငွေ့သွားပြီး လူဝတ်ကြောင်ကိုစွန့်လို့ သီလရှင် ဝတ်သွားပါပြီ"

"ဪ"

ချောင်ဖုံး၏ဖခင် လုပ်ကြံခံရသည့် ကိစ္စသည် တရားခံ ပေါ်ပေါက်သွားပြီ ဖြစ်သည်။

ချောင်ဖုံး၏တာဝန်ဝတ္တရားများ ပြီးဆုံးသွားပြီ ဖြစ်လေသည်။

ဝီစန်းက. . .

"အားလုံး ပြီးစီးသွားပြီဆိုတော့ မင်းက မင်းအဖေရဲ့ အမွေကို ဆက်ခံပြီး အာမခံဌာန ပြန်ဖွင့်မှာလား ပြောပါဦး"

ချောင်ဖုံး ခေါင်းခါယမ်းလိုက်လေသည်။

"ကျွန်တော် ပြန်မဖွင့်တော့ပါဘူး"



"ဒါဖြင့် မင်း ဘာဆက်လုပ်မလဲ"

"ကျွန်တော်က ယိကျားကို သဘောကျမိပါတယ်၊ မကောင်းသူပယ် ကောင်းသူကယ် မတရားမှုတွေကို တားဆီးပြီး ဒုစရိုက်သမားတွေကို ဆုံးမတဲ့ အမှုထမ်းတစ်ယောက် ဘဝခံယူသွားမယ်လို့ စိတ်ကူးထားပါတယ်"

ချောင်ဖုံးက သူ၏သဘောထားကို ပြောပြလိုက်လေသည်။

ဝီစန်း ပြုံးလိုက်သည်။

"ကောင်းတယ်၊ လုထင်းချန်းကို လိုက်ရှာရင်း ဘုရင်မင်းမြတ်က ဒုစရိုက်သမားတွေ၊ အနက်ရောင်သိုင်းသမားဆိုးတွေကို နှိမ်နင်းဖို့ အမိန့်ထုတ်ပြန်လိုက်တာကြောင့် အမှုထမ်းတွေ၊ အဖြူရောင်သိုင်းသမားတွေ လက်တွဲပြီး ဒုစရိုက်သမားတွေကို အနယ်နယ်အရပ်ရပ်မှာ ဆုံးမနှိမ်နင်းနေတယ်၊ ဒုစရိုက်သမားတွေ နေစရာမရှိဘဲ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ သတင်းကြားတယ်၊ ငါသင်ပေးထားတဲ့ သိုင်းပညာကို အသုံးပြုပြီး အမှုထမ်းဘဝနဲ့ အများအကျိုး ဆောင်ရွက်သွားမယ်ဆိုတာ ချီးကျူးပါတယ်ကွာ"

ချောင်ဖုံးက. . .

"သတိမေ့နေတဲ့ ဘဘကို သယ်ယူလာရင်း ဘဘလက်ထဲမှာ ငွေကျည်တောက်လေးတစ်ခု တွေ့ရလို့ ကျွန်တော်သိမ်းထားတယ်"

အနန္တသိုင်းကျမ်း ပါရှိသည့် ငွေကျည်တောက်လေးအား

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးလိုက်လေသည်။

ဝီစန်း ဝမ်းသာသွားသည်။

"သည်ငွေကျည်တောက်လေး ပျောက်ဆုံးမသွားတာ ကံကောင်းတာပဲ"

ချောင်ဖုံးက. . .

"ဘဘအတွက် အရေးကြီးတဲ့ ပစ္စည်းတစ်ခု ဖြစ်နေလို့လားဗျာ"

ဝီစန်းက. . .

"ငါ့အတွက် မဟုတ်ဘူး၊ မင်းအတွက်. . ."

"ဗျာ. . . ကျွန်တော့်အတွက် ဟုတ်လား"

"ဟုတ်တယ်၊ ငါက အဆိပ်လက်နက်ပုန်းထိခဲ့လို့ သိုင်းပညာအသုံးပြုဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး"

"ဟာ"

ချောင်ဖုံး အထိတ်တလန့် ဖြစ်သွားလေသည်။

ဝီစန်းက. . .

"ငါအသက်ကြီးပါပြီ၊ အနားယူသင့်တာလဲ ကြာပါပြီ၊ မင်း ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့၊ ဟောသည် ငွေကျည်တောက်ထဲက အနန္တသိုင်းကျမ်းကို လေ့လာပြီး မင်းရဲ့သိုင်းပညာ တိုးတက်အောင် လုပ်ပါ၊ အများအကျိုး ဆောင်ရွက်ပါ"

ချောင်ဖုံး ဘာမှ မပြောနိုင်ဘဲ ဝီစန်းအား ငေးကြည့်နေမိလေတော့သည်။

❋ ❋ ❋



## လှိုင်းဂယက်

ထမင်းဆိုင်လေးထဲ၌ အပ်ကျသံ ကြားရအောင်ပင် တိတ်ဆိတ်ငြိမ်သက် နေလေသည်။

စားသောက်သူဟူ၍ ချောင်ဖုံးတစ်ယောက်ထဲသာ ရှိနေ၏။

အနန္တသိုင်းကျမ်းအား လိုချင်နေကြသူများကား ထွက်သွားခဲ့ကြပြီ ဖြစ်လေသည်။

ဝီစန်းသည် အနန္တသိုင်းကျမ်းအား ချောင်ဖုံးကို ပေးကာ သိုင်းလောကအား ကျောခိုင်းသွားခဲ့လေသည်။

ချောင်ဖုံးလည်း အနန္တသိုင်းကျမ်းအား လေ့လာရဦးမည် ဖြစ်ရာ မင်းမှုထမ်းဘဝကို ခံယူခြင်း မပြုတော့ချေ။

သိုင်းပညာလေ့ကျင့်နိုင်ရန် လူသူကင်းဝေးသည့် တစ်နေရာသို့ ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အနန္တသိုင်းကျမ်းမှာ ငွေကြုတ်ထဲ၌ နှစ်ပေါင်းများစွာ အလုံပိတ် သိမ်းဆည်းထားခဲ့သော်လည်း နှစ်ပရိစ္ဆေတ ကြာမြင့်လှပြီဖြစ်ရကား ငွေကြုတ်ကို ဖွင့်ကာ ထုတ်ယူလိုက်သည်နှင့် များမကြာမီ ဆွေးမြေ့ပျက်စီးသွားခဲ့လေတော့သည်။

ချောင်ဖုံး ကံကောင်းထောက်မကာ သိုင်းပညာ နှစ်မျိုးသုံးမျိုး ရလိုက်၏။

ထိုပညာများဖြင့်ပင် အစွမ်းထက်သူ ဖြစ်လာခဲ့လေတော့သည်။

ချောင်ဖုံးက လုထင်းချန်းကို ကျောထောက်နောက်ခံပြုခဲ့သည့် အမှောင်မြို့စားအား ဆုံးမမည်ဟု စိတ်ကူးထားလေသည်။

အမှောင်မြို့စားမှာ ဒုစရိုက်လောက အမှောင်လောက၌ ဘုရင်တစ်ဆူ မဟုတ်ပါလား။

အမှောင်မြို့စားသည် နေပြည်တော်မှ တပ်ဖွဲ့များ၊ အဖြူရောင်သိုင်းသမားများ၏ ချေမှုန်းမှုကြောင့် ဖရိုဖရဲ ထွက်ပြေးနေရသော အနယ်နယ်အရပ်ရပ်မှ ဒုစရိုက်သမား၊ အနက်ရောင်သိုင်းသမားများအား စုစည်းကာ လက်တုန့်ပြန်ရန် စီစဉ်နေ သည်ဟု သတင်းကြားထား၏။

အမှောင်မြို့စားနှင့် သူ၏လူများ လျှို့ဝှက်စွာရှိနေသည့်နေရာကို ချောင်ဖုံး လိုက်လံစုံစမ်းနေခြင်း ဖြစ်ပါတော့သည်။

ချောင်ဖုံး သက်ပြင်းချလိုက်သည်။



"ငွေလာယူပါ"

ဆိုင်လုလင်တစ်ယောက်ကို ခေါ်ကာ ကျသင့်ငွေ ပေးချေလိုက်လေသည်။

ထို့နောက် ထိုင်ရာမှထကာ ထမင်းဆိုင် အပြင်ဘက် ထွက်လာခဲ့လေသည်။

ဆိုင်ပြင်ဘက်ရောက်လျှင်. . .

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## ရှေ့တော်ပြေး

ရွာကလေးမှာ တိတ်ဆိတ်နေ၏။

လူရိပ်လူရောင် မတွေ့ရသကဲ့သို့ အသံဗလံများလည်း မကြားရချေ။

ချောင်ဖုံးက ထမင်းဆိုင်လေး အပြင်ဘက်ရောက်လျှင် ခြေလှမ်း တုန့်ခနဲ ရပ်သွားလေသည်။

အကြောင်းကား. . .

ရွာလယ်လမ်းမကြီးပေါ်၌ လဲကျနေသူအချို့ ရှိနေသည်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

အဘိုးအိုနှင့် ကောင်လေး(ဝါ)သက်ကြီးပု။

အမျိုးသမီး။

လူသန်ကြီးသုံးယောက်။

အနန္တသိုင်းကျမ်းအား စိတ်ဝင်စားခဲ့ကြသူများ ဖြစ်ကြသည်။



ယခု. . .

သူတို့အားလုံး လမ်းပေါ်လဲကျကာ မလှုပ်မယှက် ငြိမ်သက်နေကြပြီ ဖြစ်သည်။

တစ်စုံတစ်ယောက်၏ လက်ချက်မိကာ သေဆုံးသွားကြခြင်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ချောင်ဖုံး မျက်မှောင်ကုပ်သွား၏။

"တော်တော်ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်သမားပါလား"

ဟုလည်း တီးတိုးရေရွတ်လိုက်လေသည်။

ထိုလူများအား မည်သူက သတ်ပစ်လိုက်ခြင်း ဖြစ်ပါသနည်း။

ထိုလူသတ်သမားသည်လည်း အနန္တသိုင်းကျမ်းအား လိုချင်မက်မောနေသူသာ ဖြစ်ရပေမည်။

ချောင်ဖုံး သတိထားကာ ပတ်ဝန်းကျင်ကို သတိထားကြည့်ရှုလိုက်ချိန်မှာပင်. . .

"တကယ်ဆိုရင် ကျုပ်ကို အပြစ်တင်မယ့်အစား ကျေးဇူးတင်စကား ပြောရမှာ"

ဟူသော စကားသံ ထွက်ပေါ်လာလေသည်။

ချောင်ဖုံး ကြည့်လိုက်ရာ ဝဲဘက်တစ်နေရာရှိ သစ်ပင်တစ်ပင်အောက်၌ မလှုပ်မယှက်ရပ်နေသူတစ်ယောက် ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူမှာ အသက် လေးဆယ်ကျော်ခန့်ရှိပြီး အနက်

www.burmeseclassic.com

www.burmeseclassic.com



ရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ချောင်ဖုံးက သေဆုံးနေသူများအား ညွှန်ပြကာ. . .

"ဒါဆို သူတို့ သေဆုံးသွားတာ ခင်ဗျားရဲ့ လက်ချက်ပေါ့ ဟုတ်လား"

အနက်ရောင်ဝတ်ထားသူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ချောင်ဖုံးက. . .

"သူတို့က ကျုပ်ကို ဒုက္ခပေးချင်တာကြောင့် ခင်ဗျားက ရှင်းပစ်လိုက်တာပေါ့"

အနက်ရောင်ဝတ်ထားသူက. . .

"သည်သဘောလည်း မဟုတ်သေးပါဘူး။ အနန္တသိုင်းကျမ်းကို လိုချင်မက်မောတဲ့ လူတွေဟာ မင်းအတွက်ကော ကျုပ်တို့အတွက်ပါ အနှောင့်အယှက် ဖြစ်နေတာကြောင့်လေ"

"ဪ ခင်ဗျားအတွက်ပါ အနှောင့်အယှက် ဖြစ်နေတယ်ဆိုပါတော့"

"ဟုတ်တယ်"

"ခင်ဗျားကလည်း အနန္တသိုင်းကျမ်းကို လိုချင်နေတာလားဗျာ"

အနက်ရောင်ဝတ်ထားသူ လက်ကာပြလိုက်သည်။

"သည်ကိစ္စကို နောက်မှ ပြောရမှာပါ။ ဒါထက် အရင်ပြောရမယ့်ကိစ္စ ရှိသေးတယ်"

ချောင်းဖုံးက. . .



"ဘယ်လိုကိစ္စများလဲဗျ"

အနက်ရောင်ဝတ်ထားသူက. . .

"မင်းဟာ လူငယ်လူရွယ်တစ်ဦး ဖြစ်သလို အနန္တသိုင်းပညာတစ်ချို့ တတ်မြောက်ထားတော့ ရှေ့ဆက်တက်လမ်းတွေ အများကြီးရှိတယ်၊ ဒါကြောင့် မင်းကို လူတစ်ယောက်က သဘောကျနေတာ"

"ဗျာ"

ထိုလူ၏စကားကြောင့် ချောင်ဖုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

အနက်ရောင်ဝတ်ထားသူက. . .

"သူက မင်းသာ သူ့ဆီမှာ အမှုထမ်းမယ်ဆိုရင် အတော့်ကို ကျေနပ်သွားမှာပဲ"

ချောင်ဖုံးက. . .

"ဘယ်သူလဲဗျ"

အနက်ရောင်ဝတ်ထားသူက. . .

"အမှောင်မြို့စားပါပဲ"

"ဪ"

ချောင်ဖုံး ပင့်သက်ရှိုက်လိုက်လေသည်။

ဒုစရိုက်လောက၊ အနက်ရောင်သိုင်းလောက၏ ခေါင်းဆောင် အမှောင်မြို့စားက သူ၏သတင်းကို ကြားကာ စိတ်ဝင်စားနေပြီ ဖြစ်လေသည်။

သူကလည်း အမှောင်မြို့စားအား ရှာဖွေဆုံမရန် ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ထားသည် မဟုတ်ပါလား။

အနက်ရောင်ဝတ်ထားသူက. . .

"မင်းကော စိတ်မဝင်စားဘူးလား"

ဟု မေးလာလေသည်။

ချောင်ဖုံးက. . .

"ကျုပ်ကလည်း အမှောင်မြို့စားကို စိတ်ဝင်စားမိပါတယ်ဗျာ"

အနက်ရောင်ဝတ်ထားသူ ရယ်မောလိုက်လေသည်။

"ကောင်းတယ်၊ ကျုပ်တို့သွားကြတာပေါ့"

ချောင်ဖုံးက. . .

"ကျုပ် တစ်ခုမေးချင်သေးတယ်"

"ဘာများလဲ"

"ခင်ဗျားက ဘယ်သူလဲ၊ အမှောင်မြို့စားနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ ပြောပြနိုင်မလားဗျာ"

"ဩော် ဒါလား"

အနက်ရောင်ဝတ်ထားသူ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကျုပ်က စာပေသမားတစ်ယောက်ပါ၊ အားလုံးကတော့ ကျုပ်ကို မရဏစာပေသမားလို့ ခေါ်ကြတယ်၊ ကျုပ်ရဲ့နာမည်က 'စန်းကိုး'ပါ၊ မင်းမှတ်ထားပေါ့"

မရဏစာပေသမားစန်းကိုးမှာ အမှောင်မြို့စား၏ လူယုံတော်ကြီး ဖြစ်ပြီး အလွန်ကြောက်စရာကောင်းသူဟု သတင်းကြီးသူ မဟုတ်ပါလား။



ချောင်ဖုံး ဦးညွှတ်လိုက်သည်။

"သိုင်းလောကမှာ မသိသူ မရှိသလောက် နာမည်ကြီးနေတဲ့ မရဏစာပေသမားကို၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ ကျုပ်က အမှောင်မြို့စားကို စိတ်ဝင်စားတယ်ဆိုတာ ကောင်းတဲ့ကိစ္စ မဟုတ်ဘူးဆိုတာ ခင်ဗျားရိပ်မိမှာပါ"

အနက်ရောင်ဝတ်ထားသူ(ဝါ)မရဏစာပေသမားစန်းကိုး သက်ပြင်းချလိုက်သည်။

"အမှောင်မြို့စားနဲ့ လက်တွဲမယ်ဆိုရင် မင်းရဲ့ဘဝမှာ တိုးတက်အောင်မြင်မှုတွေ အများကြီး ရနိုင်တယ်ဆိုတာ မင်းမစဉ်းစားတော့ဘူးလား"

ချောင်ဖုံးက. . .

"လူတွေဟာ တစ်ဦးနဲ့တစ်ဦး ခံယူချက်ခြင်း မတူကြဘူးဆိုတာ ခင်ဗျားသိမှာပါ"

မရဏစာပေသမားစန်းကိုးက. . .

"မင်းက အမှောင်မြို့စားအပေါ်မှာ အကောင်းမမြင်နိုင်ဘူးဆိုပါတော့"

"သူဟာ လူကောင်းတစ်ယောက်မှ မဟုတ်တာဗျာ"

စန်းကိုးက. . .

"အမှောင်မြို့စားကို ရင်ဆိုင်နိုင်မယ်လို့ မင်းယူဆနေဘာလား"

ချောင်ဖုံး ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က သေချာတာပါ"

စန်းကိုး ချီးကျူးလိုက်သည်။

"မဆိုးဘူး၊ မင်းရဲ့စိတ်ဓာတ်က အမှောင်မြို့စား သဘောကျလောက်စရာပဲ၊ ကဲ . . မင်းစဉ်းစားလိုက်ဦးပေါ့"

ချောင်ဖုံးက . . .

"ကျုပ်က ဘာကို စဉ်းစားရမှာလဲ"

စန်းကိုးက . . .

"အမှောင်မြို့စားနဲ့ လက်တွဲမယ်၊ လက်မတွဲဘူးဆိုတာ ပေါ့၊ ဒါ သေသေချာချာ စဉ်းစားရမယ့် ကိစ္စပါ၊ ကျုပ်တို့ ပြန်တွေ့ ကြသေးတာပေါ့"

စကားဆုံးလျှင် အနီးရှိ သစ်ပင်ပေါ်သို့ ခုန်တက်လိုက် သည်။

သစ်ပင်ပေါ်မှတဆင့် အိမ်ခေါင်မိုးတစ်ခုပေါ် ခုန်လွှား ကာ အိမ်ခေါင်မိုး တစ်ခုမှတစ်ခု ခုန်ကူးပြေးလွှားသွားရာ တခဏ အတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ချောင်ဖုံး ပြောဖို့ အချိန်မရလိုက်တော့ချေ။

❖ ❖ ❖



•

## ကြားလူ

ချောင်လီသည် ရွာကလေးမှ ထွက်ကာ ခရီးဆက်ခဲ့လေ သည်။

သူက မကောင်းသူပယ်၊ ကောင်းသူကယ် အဖြူရောင် သိုင်းသမားဘဝ ခံယူသွားတော့မည် ဖြစ်သည်။

သူကိုယ်တိုင်လည်းကောင်း၊ သုထင်းနန်နှင့် စန်းကိုးတို့ သည်လည်းကောင်း သူ့အား လူတော်လူကောင်းတစ်ယောက် ဖြစ်စေလိုကြသည် မဟုတ်ပါလား။

သုထင်းနန်နှင့် စန်းကိုးတို့၏ ကျေးဇူးများ ဆပ်မကုန်နိုင် အောင် ရှိနေသည်ဟု ချောင်လီ ခံထားလေသည်။

ချောင်လီက ရှေ့ခရီးဆက်ရင်း ဒုစရိုက်သမားများ၏ သတင်းကို စုံစမ်းခဲ့လေသည်။

မင်းမှုထမ်းများနှင့် အဖြူရောင်သိုင်းသမားများ၏ ချေ မှုန်းမှုကြောင့် အမှောင်လောကသားများ ဆောက်တည်ရာမရ ဖြစ်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အများပြည်သူကလည်း အမှုထမ်းများ၊ အဖြူရောင်သိုင်းသမားများနှင့် လက်တွဲပါဝင်လာကြလေသောကြောင့် အမှောင်လောကသားများ ပြေးစရာမြေ မရှိအောင် ဖြစ်နေကြပါတော့သည်။

နေရာအနှံ့၌ တိုက်ပွဲများ ဖြစ်ပွားနေ၏။

အမှောင်လောကသားများမှာ သေသူသေ၊ ဒဏ်ရာရသူရ၊ ထွက်ပြေးသူပြေးကြရပြီး အမှောင်ဂိုဏ်းများလည်း တစ်ခုပြီးတစ်ခု ပြိုကွဲပျက်စီးကုန်လေသည်။

ခိုက်တင်မြို့ တည်ရှိရာ နယ်ထဲ၌ကား အခြားနယ်မြေများနှင့်စာလျှင် တိုက်ပွဲများ နည်းပါးကာ အေးချမ်းနေသည် ဆိုနိုင်၏။

အဖြူရောင်သိုင်းသမားများ၊ မင်းမှုထမ်းများလည်း ရောက်ရှိမလာကြသေးပါ။

ထို့ကြောင့် အမှောင်လောကသားများ ခိုလှုံရာ နယ်မြေတစ်ခု ဖြစ်လာတော့သည်။

အမှောင်မြို့စား သုထင်းနန်သည် ခိုက်တင်မြို့ အနီးတဝိုက်၌ လျှို့ဝှက်စွာ အခြေချကာ အနယ်နယ်အရပ်ရပ်မှ ထွက်ပြေးရှောင်တိမ်းလာသော အမှောင်လောကသားများအား လက်ခံစည်းရုံးသိမ်းသွင်းပြီး အင်အားစုစည်းကာ အဖြူရောင်သိုင်းသမားများအား ရင်ဆိုင်ဖို့ စီစဉ်နေ၏။

အမှောင်မြို့စား၏သတင်းကြောင့် အားကိုးတကြီး လာခဲ့ကြသော အမှောင်လောကသားများ တဖွဲဖွဲရောက်လာကြ



သကဲ့သို့ အဖြူရောင်သိုင်းသမားများလည်း သတိပြုမိကာ ချေမှုန်းရန် စိုင်းပြင်းလာကြတော့သည်။

ထိုက်တင်မြို့နယ်မှာ ပေါက်ကွဲတော့မည့် မီးတောင်ကြီးတစ်ခုနှင့်အလား သဏ္ဌာန်တူလာလေတော့သည်။

ရှောင်လီ ခရီးဆက်ရင်း မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာသောအခါ. . .

✿ ✿ ✿

မြို့ကလေးမှာ စည်ကားသိုက်မြိုက်နေ၏။

ရှောင်လီက မြို့ထဲသို့ ဝင်လိုက်သည်နှင့် လူတစ်ယောက်က သူ၏ရှေ့သို့ ရောက်ရှိလာလေသည်။

ရုတ်တရက် ရောက်လာသူကြောင့် ရှောင်လီက မြင်းကို ကပျာကယာ ရပ်တန့်လိုက်ရလေသည်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

ထိုလူက ဦးညွှတ်လိုက်သည်။

"မောင်ရင်လေးနာမည် ရှောင်လီ မဟုတ်လား"

"ဟင်"

ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွား၏။

တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူး မမြင်ဘူးသူတစ်ယောက်က သူ၏အမည်ကို သိနေသည် မဟုတ်ပါလား။

"ဟုတ်ပါတယ်၊ ကျုပ်ကရှောင်လီပါ၊ ခင်ဗျားက"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက. . .

"ရှောင်လီဆိုရင် ကျုပ်နောက်ကိုလိုက်ခဲ့ပါ၊ တစ်ချိန်ကသွေးသောက်ညီအစ်ကိုတစ်ယောက်က တွေ့ချင်လို့ စောင့်ဆိုင်းနေပါတယ်"

ရှောင်လီ မယုံနိုင်အောင် ဖြစ်သွားရလေသည်။

ထိုလူ၏စကားအရ တစ်ချိန်က သွေးသောက်ညီအစ်ကိုဆိုသည်မှာ သုထင်းနန်အား ရည်ရွယ်ခြင်း ဖြစ်ကြောင်း ဆင်ခြင်မိလိုက်၍ ဖြစ်သည်။

ထို့ကြောင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ထိုလူနောက်သို့ လိုက်သွားလေတော့သည်။

ထိုလူက စားသောက်ဆိုင်တစ်ဆိုင်သို့ လမ်းပြခေါ်ဆောင်သွားခြင်း ဖြစ်သည်။

စားသောက်ဆိုင်ရှေ့သို့ ရောက်လျှင် ထိုလူ ဦးညွှတ်လိုက်၏။

"ဆိုင်ထဲကို ဝင်သွားပါ"

"ကောင်းပြီ"

ရှောင်လီလည်း မြင်းပေါ်မှဆင်းကာ ဆိုင်ထဲ လှမ်းဝင်လိုက်လေသည်။

စားသောက်ဆိုင်ကား ကြီးကျယ်ခမ်းနားသော ထိပ်တန်း ဆိုင်ကြီးတစ်ဆိုင် ဖြစ်လေသည်။

ထူးခြားသည်ကား ဆိုင်ထဲ၌ စားသောက်မည့်သူ လုံးဝမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေခြင်း ဖြစ်လေသည်။



ရှောင်လီ ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုစဉ်. . .

"ညီလေး ရောက်လာပြီလား"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

နှစ်ပေါင်းအတော်ကြာအောင် ကွဲကွာနေခဲ့သော သုထင်းနန် ဖြစ်သည်။

ရှောင်လီက သုထင်းနန်အား ကောင်းစွာ မှတ်မိပြီး. . .

"အစ်ကိုကြီး. . ."

ဝမ်းသာအားရ ခေါ်ကာ ပြေးသွားလိုက်၏။

သုထင်းနန်ကလည်း လက်နှစ်ဘက်ဆန့်တန်းကာ ကြိုဆိုလိုက်၏။

ကွဲကွာနေခဲ့သော ရှောင်လီနှင့် သုထင်းနန်တို့ ပြန်လည်ဆုံတွေ့မိလိုက်ကြပြီ ဖြစ်လေသည်။

❖ ❖ ❖

စားပွဲပေါ်၌ အပေါစား အရက်တအိုးနှင့် မြေပဲကြော်တပန်းကန်သာ ရှိလေသည်။

သုထင်းနန်နှင့် ရှောင်လီတို့ မျက်နှာချင်းဆိုင် ထိုင်နေကြ၏။ သူတို့ စကားမပြော ဖြစ်ကြပါ။

သူတို့၏ရင်ထဲ၌ ပြောစရာစကားများ ပြည့်နှက်ကာ

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်စကားကို စပြောရမှန်း မသိအောင် ဖြစ်နေကြခြင်းပင်

အတော်ကလေးကြာမှ. . .

"ညီလေး အဆင်ပြေတယ် မဟုတ်လား"

သုထင်းနန်က မေးလာလေသည်။

ရှောင်လီက. . .

"အဆင်ပြေပါတယ်၊ အစ်ကိုကြီး ဖြစ်စေချင်တဲ့အတိုင်း ဖြစ်မြောက်အောင် ကျွန်တော်ကြိုးစားနေပါတယ်"

သုထင်းနန် ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်. . . ကောင်းတယ်"

ရှောင်လီက ယုန်ရုပ်ကလေးကို စားပွဲပေါ် တင်လိုက်၏။

သုထင်းနန် ပြုံးလိုက်သည်။

"ညီလေးက သေသေချာချာ သိမ်းဆည်းထားတာကိုး"

ရှောင်လီက. . .

"ကျွန်တော်သေသေချာချာ သိမ်းဆည်းထားလိုက်တဲ့ အရုပ်ကလေးပဲ မဟုတ်လား အစ်ကိုကြီး"

သုထင်းနန်က. . .

"ထားပါတော့လေ၊ ကျုပ်က သည်အရုပ်ကလေးကို အမှတ်တရ ပြန်ယူထားလိုက်မယ်ဆိုရင်ကော"

"ဟာ. . . ရပါတယ်. . . ရပါတယ်၊ ယူပါ အစ်ကိုကြီး"

"အေး. . အေး. . ကျေးဇူးပဲ"

သုထင်းနန်က အရုပ်ကလေးကို ယူကာ သေသေချာချာ သိမ်းဆည်းထားလိုက်လေသည်။



တဖန်. . .

"ညီလေး၊ သည်နယ်ဘက်ကို လာခဲ့တာ အနယ်နယ် အရပ်ရပ်က ထွက်ပြေးတိမ်းရှောင်လာပြီး သည်နယ်ထဲမှာ ခိုအောင်းနေတဲ့ အမှောင်လောကသားတွေကို ဆုံးမမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မဟုတ်လား"

ဟု မေးရာ ရှောင်လီ မည်သို့အဖြေပေးရမှန်းမသိ ဖြစ်သွားလေသည်။

သုထင်းနန်က. . .

"ကျုပ်က ဘယ်လိုအခြေအနေမျိုး ရှိတယ်ဆိုတာ ညီလေးသိပါတယ်၊ ဒါကြောင့် ညီလေးနဲ့ တွေ့ဆုံဖို့ ဆုံးဖြတ်လိုက်တာ"

"ကျွန်တော်က. . ."

"တခြားနေရာတွေမှာလည်း မကောင်းသူပယ်၊ ကောင်းသူကယ် အဖြူရောင်သိုင်းသမားဘဝ ရပ်တည်လို့ ရပါတယ်၊ ညီလေး၊ သည်နယ်က ထွက်သွားပါ၊ တို့ညီအစ်ကိုနှစ်ယောက် နောက်တော့ ပြန်ဆုံတွေ့ကြတာပေါ့"

သုထင်းနန်မှာ အမှောင်လောကသားများ၏ခေါင်းဆောင် ဖြစ်ရကား အမှောင်လောကသားများ ရှေ့မှ မားမားမတ်မတ် ရပ်တည်ရမည် ဖြစ်သည်။

ရှောင်လီက အဖြူရောင်သိုင်းသမား ဖြစ်ဖို့ ကြိုးစားအားထုတ်နေရကား ဆန့်ကျင်ဘက် ဖြစ်နေသည့် သွေးသောက်ညီနောင်နှစ်ဦးမှာ ထိပ်တိုက်ရင်ဆိုင်ရမည့် အခြေအနေ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရှောင်လီအား အဝေးသို့ ထွက်သွားဖို့ ပြော နေခြင်း ဖြစ်လေသည်။

ရှောင်လီက. . .

"ကျွန်တော်တို့ဟာ ညီအစ်ကိုတွေပါပဲ၊ အစ်ကိုကြီးရဲ့ ကျေးဇူးတရားတွေကို ထောက်ထားပြီး ကျွန်တော် လှည့်ပြန်သွား ပါ့မယ်"

သုထင်းနန် ဝမ်းသာသွားလေသည်။

"ဝမ်းသာလိုက်တာကွာ၊ ငါတို့ညီအစ်ကိုနှစ်ယောက် ပြန် ဆုံတွေ့ကြသေးတာပေါ့၊ ခုတော့ အစ်ကိုကြီးမှာ အရေးကြီးတဲ့ ကိစ္စရှိနေလို့ သွားလိုက်ဦးမယ်"

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်လေသည်။

သုထင်းနန် ဖုတ်ပူမီးတိုက် ဖြစ်နေ၍ အမှန်တကယ် အရေးကြီးသည့် ကိစ္စရှိနေကြောင်း ထင်ရှားလေသည်။

ရှောင်လီက. . .

"အစ်ကိုကြီးမသွားခင် ကျုပ်စကားနည်းနည်းလောက် ပြောချင်သေးတယ်"

သုထင်းနန်က. . .

"ညီလေး ဘာပြောချင်လို့လဲ"

ရှောင်လီက. . .

"အစ်ကိုကြီးဟာ အကောင်းအဆိုး ခွဲခြားတတ်သူပါ၊ ကိုယ်တိုင် အတွေ့အကြုံတွေလည်း အများကြီးရှိပါတယ်၊ အမှောင်လောကထဲမှာ နစ်မွန်းမနေဘဲ အလင်းထဲရောက်



အောင် ရုန်းထွက်လိုက်ပါလားဗျာ"

သုထင်းနန် ပြုံးလိုက်သည်။

"ဒါတွေ နောက်မှ ပြောမယ်၊ ငါတို့ ပြန်ဆုံတွေ့ကြသေး တာပေါ့၊ ကဲ. . . ငါသွားမယ်"

ယခုတစ်ကြိမ်. . .

သုထင်းနန် လုံးဝလှည့်မကြည့်တော့ဘဲ ထွက်သွားတော့ သည်။

ရှောင်လီကလည်း တားမြစ်ခြင်း မပြုတော့ချေ။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



## ပစ်မှတ်

တောင်ကုန်းလေးတစ်ခုပေါ်၌ ဖြစ်သည်။

သုထင်းနန်က လက်နှစ်ဘက် နောက်ပစ်ကာ ရပ်နေသည်။

တဟူးဟူး တိုက်ခတ်နေသော တောင်ပေါ်လေကြောင့် သုထင်းနန်၏အဝတ်အစားများ တဖျပ်ဖျပ် လူးလွန့်နေ၏။

မလှမ်းမကမ်း၌ မရဏာစာပေသမားစန်းကိုး ရှိနေ၏။

စန်းကိုးက. . .

"ချောင်ဖုံးဟာ ကျုပ်တို့အတွက် ထွက်ပေါက်ဆိုတာ သေချာပါတယ်၊ သခင်လေး သူ့ဆီက အနန္တသိုင်းကျမ်းကိုရရင် သိုင်းလောကသားတွေကို ဖြိုခွဲပစ်နိုင်မှာ သေချာပါတယ်"

သုထင်းနန် သက်ပြင်းချလိုက်သည်။

"အမှုထမ်းတွေကော၊ အဖြူရောင်သိုင်းသမားတွေပါ သည်အရပ်ဒေသဘက်ကို ဦးတည်လာနေကြပြီ၊ ကျုပ်တို့



အင်အားစုစည်းထားတယ်ဆိုပေမယ့် အားလုံးရဲ့ စိတ်ဓာတ်တွေ ပျက်ပြားနေတော့ ရင်ဆိုင်တိုက်ပွဲ ဖြစ်တာနဲ့ ခဏလေးနဲ့ ရှုံးသွားမှာပဲ"

ထွက်ပြေးရှောင်တိမ်းရင်း ဤနယ်ထဲသို့ ရောက်ရှိလာကြသည်။

အနက်ရောင်သိုင်းသမားများမှာ စိတ်ဓာတ်ကျဆင်းနေကြသကဲ့သို့ တိုက်ပွဲဝင်လိုစိတ် ပျောက်ကွယ်နေသူက များနေသည်။

အခြေအနေ မဟန်သည်နှင့် ထွက်ပြေးရှောင်တိမ်းသွားဖို့ ဝန်လေးနေမည် မဟုတ်ပေ။

အဖြူရောင်သိုင်းသမားများနှင့် အနက်ရောင်သိုင်းသမားတို့၏စိတ်ဓာတ်ချင်း တူညီကြမည် မဟုတ်ပါ။

အနက်ရောင်သိုင်းသမားအများစုမှာ ကိုယ်ကျိုးရှာသမားများ ဖြစ်ကြပြီး မိမိအကျိုး ထိခိုက်လာပါက အခက်အခဲဒုက္ခများမှ ကိုယ်လွတ်ရုန်းသွားတတ်သည့် သဘောလည်း ရှိကြသည် မဟုတ်ပါလား။

မရဏာစာပေသမားစန်းကိုးက. . .

"ဒါကြောင့် အနန္တသိုင်းကျမ်းက အရေးပါနေပြီလို့ ကျုပ်ပြောတာပေါ့ သခင်လေး"

သုထင်းနန် မျက်မှောင်ကုပ်သွား၏။

"ဘယ်လိုအရေးပါတာလဲ ပြောပါဦး"

စန်းကိုးက. . .

www.burmeseclassic.com

www.burmeseclassic.com



"အနန္တသိုင်းကျမ်းကို သိုင်းလောကသားတိုင်း လိုချင်မက်မောကြပါတယ်၊ အနန္တသိုင်းကျမ်းကို ရမယ်ဆိုရင် ဘာမဆိုလုပ်ဝံ့သူတွေ များပါတယ်"

သုထင်းနန်က. . .

"အနန္တသိုင်းကျမ်းကို အသုံးချပြီး သိုင်းလောကသားတွေရဲ့ စည်းလုံးညီညွတ်မှုကို ဖျက်ဆီးပစ်ရမယ်ဆိုပါတော့"

"ဒါအကောင်းဆုံး နည်းလမ်းပါ သခင်လေး"

စန်းကိုးမှာ ယခင်ကတည်းက အနက်ရောင်သိုင်းသမားဖြစ်သကဲ့သို့ ယခုလည်း အနက်ရောင်သိုင်းသမားပင် ဖြစ်ပါတော့သည်။

အဖြူရောင်သိုင်းသမားများအား ဆန့်ကျင်တိုက်ခိုက်လိုစိတ်က ဘယ်တော့မှ ပျောက်ကွယ်သွားမည် မဟုတ်ပါ။

သုထင်းနန် သက်ပြင်းချလိုက်လေသည်။

သူက မမျှော်လင့်ဘဲ အမှောင်မြို့စား ဘဝသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

အမှောင်မြို့စား ဘဝသည် သူ့အတွက် လိုလေသေးမရှိပြီးပြည့်စုံသောဘဝ ဖြစ်၍ သူလက်ခံခဲ့ခြင်း ဖြစ်သည်။

ခါးသီးဆိုးဝါးသော ဘဝဆိုးမှ လွတ်မြောက်ဖို့လက်ခံခဲ့ရ ခြင်း ဖြစ်သည်။

အမှောင်မြို့စား ဘဝကို သုထင်းနန် တကယ်တမ်း နှစ်သက်သဘောကျခဲ့သည် မဟုတ်ပါ။

ဘဝ ရပ်တည်နိုင်ရေး အသက်ဆက်လက်ရှင်သန်နိုင်



ရေးနှင့် အောင်မြင်ခြင်းများကို ပိုင်ဆိုင်နိုင်ရန် လက်ခံခဲ့ရခြင်းဖြစ်သည်။

သွေးသောက်ညီအစ်ကို ဖွဲ့ထားသော ချောင်လီကိုလည်း ဘဝဆိုးမှလွတ်မြောက်ရန် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်မဟုတ်ပါလား။

သူက အမှောင်မြို့စား ဖြစ်ခဲ့သော်လည်း ချောင်လီ၏ဘဝ တိုးတက်မြင့်မားကာ လူပုံအလယ်တင့်တယ်လာ၍ သူအနစ်နာခံခဲ့ရကျိုးနပ်ခဲ့ပြီ ဖြစ်သည်။

သုထင်းနန်က အမှောင်မြို့စားဘဝကို စွန့်လွှတ်ကာအမှောင်လောကကို ကျောခိုင်းလိုစိတ်များ ရှိနေ၏။

သို့သော်. . .

ထိုသို့ ပြုလုပ်ရန် စန်းကိုး အပါအဝင် အမှောင်လောကသားများက လက်ခံကြမည် မဟုတ်ပါ။

ချောင်လီ၏ဘဝကို ပြုစုပျိုးထောင်ပေးခဲ့သလို အမှောင်လောကသားများအတွက်လည်း ပြန်လည်ပေးဆပ်ရမည်သာ ဖြစ်လေသည်။

စန်းကိုးက. . .

"ချောင်ဖုံးဆီမှာ အနန္တသိုင်းကျမ်း ရှိနေတယ်၊ အဖြူရောင်သိုင်းလောကသားတွေက ချောင်ဖုံးအပေါ် အာရုံရောက်သွားရင် ကျုပ်တို့ကို တိုက်ခိုက်ချေမှုန်းမယ်ဆိုတဲ့ သူတို့ရဲ့ရည်ရွယ်ချက် ပျက်ပြားသွားနိုင်တယ်၊ အနန္တသိုင်းကျမ်းနဲ့ပတ်သက်ပြီး သူတို့အချင်းချင်းလည်း စိတ်ဝမ်းကွဲသွားနိုင်တာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးက. . ."

သူ၏စကားမဆုံးမီ သုထင်းနန် ကြားဖြတ်ပြောလိုက်သည်။

"ကျုပ်က ချောင်ဖုံးဆီက ရယူရမယ်ဆိုပါတော့"

စန်းကိုး ဘာမှမပြောချေ။

သုထင်းနန်က. . .

"အနန္တသိုင်းကျမ်းကို ရရင် အမှောင်လောကသားတွေကို ကယ်တင်နိုင်မယ်ဆိုတာ သေချာပါတယ်နော်"

စန်းကိုး ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ်"

သုထင်းနန်က. . .

"ကောင်းပြီ၊ ကျုပ်က ချောင်ဖုံးနဲ့ သွားတွေ့လိုက်မယ်"

ထိုစကားကြားလျှင် စန်းကိုး ဝမ်းသာသွားလေတော့သည်။

❂ ❂ ❂



•

## အတူတူ

ရှောင်လီသည် သုထင်းနန် ဖြစ်စေလိုသည့်အတိုင်း ထိပ်တိုက်ရင်ဆိုင်ရခြင်းမျိုး မဖြစ်စေရန် ကျောခိုင်းထွက်လာခဲ့သည်။

လမ်းခရီးတလျှောက်၌ ရှောင်လီ စဉ်းစားမိသည်မှာ. .

"ငါတို့ သွေးသောက်ညီအစ်ကိုနှစ်ယောက်ဟာ ဆန့်ကျင်ဘက်အသွင် မတူတဲ့ ဘဝနှစ်ခုမှာ ရပ်တည်နေကြပြီ၊ ငါက အစ်ကိုကြီးသုထင်းနန်ရဲ့ ကျေးဇူးကို ထောက်ထားပြီး အရာရာတို့ ကျောခိုင်းထားလိုက်မယ်ဆိုရင် အဖြူရောင်သိုင်းသမား ဖြစ်နိုင်ပါဦးမလား"

ဟူ၍ ဖြစ်လေသည်။

အဖြူရောင်သိုင်းသမားဟူသည် မိမိ၏အသက်ကိုပင် ငဲ့ကွက်ခြင်းမပြုဘဲ အများအကျိုးကို သက်စွန့်ကြိုးပမ်းဆောင်ရွက်လေ့ ရှိသူများ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သုထင်းနန်အတွက် ရပ်တည်မည်ဆိုလျှင် အဖြူရောင်သိုင်းသမားစစ်စစ် ဖြစ်နိုင်တော့မည် မဟုတ်ပါ။

ထိုအခြေအနေမျိုးမှာ လက်ခံဖို့ မသင့်သကဲ့သို့ သုထင်းနန်ကိုယ်တိုင်လည်း သဘောကျမည် မဟုတ်ကြောင်း ရှောင်လီ နားလည်ထား၏။

ငယ်စဉ်ဘဝမှ အတူနေထိုင် ကြီးပြင်းခဲ့သူများ ဖြစ်ရကား သုထင်းနန်၏စိတ်ဓာတ် မည်သို့ရှိသည်ကို ရှောင်လီ ကောင်းစွာ သိရှိထား၏။

သူတို့ သွေးသောက်ညီအစ်ကိုနှစ်ယောက်၏ ဘဝနှင့် စိတ်နေသဘောထား မည်သို့ရှိသည်ကို သူတို့နှစ်ယောက်မှ လွဲပြီး အခြားမည်သူမျှ ခံစားနားလည်နိုင်စွမ်း ရှိကြလိမ့်မည် မဟုတ်ပါချေ။

သူ့အား ထွက်ခွာခိုင်းရခြင်းကို သုထင်းနန်ကိုယ်တိုင် သဘောကျမည် မဟုတ်ပါ။

သူတို့ အကြောင်းကို ကောင်းကောင်းကြီး သိထားကြသည်။

စန်းကိုးနှင့် လူရင်းများ၏ မျက်နှာကို ထောက်ထားကာ မိမိအား ရှောင်ထွက်သွားခိုင်းခဲ့ခြင်း ဖြစ်သည်ကို ရှောင်လီ နားလည်ထားလေသည်။

အကယ်၍ သုထင်းနန်တစ်ယောက်ထဲ၏ သဘောထားသာဆိုပါလျှင်. . .

"ရှောင်လီ၊ ညီလေးက အစ်ကိုကြီးကို ချေမှုန်းပစ်ဖို့



အစွမ်းကုန်ကြိုးစားပေတော့၊ ဒါမှ ညီလေးဟာ ကျုပ်ဖြစ်စေချင်တဲ့ဘဝမျိုးကို ပိုင်ဆိုင်ရရှိလိမ့်မယ်၊ သည်လိုမှ မဟုတ်ရင်တော့ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ရဲ့ မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေ အားလုံးပျက်စီးသွားမှာပဲ၊ ကျုပ်တို့တစ်သက်လုံးကြိုးစားခဲ့သမျှ ရေစုန်မျောသွားမှာပဲ"

ဟု ပြတ်ပြတ်သားသား ပြောဆိုလိမ့်မည် ဖြစ်လေသည်။

ရှောင်လီ အမျိုးမျိုး တွေးတောစဉ်းစားရင်း. . .

"ငါ ဘာဆက်လုပ်ရမလဲ"

ဟု ညည်းတွားလိုက်လေသည်။

အဝေးသို့ ထွက်သွားရမည်လော။

ရည်မှန်းချက်အတိုင်း အဖြူရောင်သိုင်းသမား ဘဝကို ပီပီပြင်ပြင် ခံယူလိုက်မည်လော။

ရှောင်လီ ဆုံးဖြတ်ချက် မချနိုင်ဘဲ အခက်ကြုံနေစဉ် ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

"မြန်မြန် လာကြဟေ့"

"သည်ကောင့်ကို မလွှတ်စေနဲ့"

ရှောင်လီ သတိဝင်လာသည်။

မြင်းကို ချက်ခြင်းရပ်တန့်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ လူရိပ်များ ပြေးလွှားသွားနေကြသည်ကို တွေ့လိုက်ရလေသည်။

ရှောင်လီ ရင်ထိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"တိုက်ပွဲတစ်ခု ဖြစ်တော့မယ် ထင်တယ်"

ထိုလူများ နောက်သို့ လိုက်သွားကာ အခြေအနေကြည့်ရန် ဆုံးဖြတ်ပြီး မြင်းပေါ်မှ ခုန်ထွက်လိုက်လေတော့သည်။

❁ ❁ ❁

ချောင်ဖုံးသည် စန်းကိုးနှင့် တွေ့ဆုံခဲ့ပြီးနောက် နာမည်ကြီးနေသော အမှောင်မြို့စားအား ဆုံးမနိုင်ပါက သိုင်းလောက အေးချမ်းသာယာသွားမည် ဖြစ်သလို ဝိစန်း ဖြစ်စေလိုသည့် အနန္တသိုင်းပညာဖြင့် အများအကျိုးဆောင်ရွက်သူ ဖြစ်လာမည်ဟု ယူဆမိလေသည်။

သို့ဖြင့် စန်းကိုး ထွက်သွားရာဘက်သို့ မှန်းဆကာ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

တောလမ်းခရီးမှ ဖြတ်သန်းလာခဲ့ရင်း တစ်နေရာသို့ အရောက်တွင် အဝတ်အစား လေတိုးသံများနှင့်အတူ လူရိပ်များ ဟိုမှသည်မှ ပြေးလွှားလာနေကြသည်ကို တွေ့လိုက်ရလေသည်။

"ဘယ်သူတွေပါလိမ့်"

ချောင်ဖုံး ခြေလှမ်းရပ်ကာ စောင့်ကြည့်နေလိုက်၏။

တခဏအတွင်းမှာပင် ပြေးလွှားလာသူများ အနီးသို့ ရောက်ရှိလာကြပြီး ချောင်ဖုံးအား ဝိုင်းရံထားလိုက်ကြလေသည်။

ဤနယ်ထဲသို့ ရောက်လာပြီး သူထင်းနန်၏လက်အောက်၌ ခိုလှုံနေကြသော အနက်ရောင်သိုင်းသမားများ ဖြစ်



လေသည်။

သူထင်းနန်က စန်းကိုးဖြစ်စေလိုသည့်အတိုင်း ချောင်ဖုံးထံမှ အနန္တသိုင်းကျမ်းကို ရယူနိုင်ဖို့ သူ၏လူများကို လွှတ်လိုက်ပြီဖြစ်လေသည်။

အနက်ရောင်သိုင်းသမားများအား ခေါင်းဆောင်လာသည့် ခေါင်းတုံးကြီးက. . .

"မင်းက ချောင်ဖုံး မဟုတ်လား၊ အနန္တသိုင်းကျမ်းကို ထုတ်လိုက်ပေတော့"

ဟု အော်ငေါက်လိုက်လေသည်။

ချောင်ဖုံး ပြုံးလိုက်သည်။

"ခင်ဗျားတို့ ယူနိုင်မယ်ဆိုရင် ကျုပ်ပေးလိုက်ပါ့မယ်"

ခေါင်းတုံးကြီး ဒေါသထွက်သွား၏။

"မင်းသေချင်နေတာကိုး၊ သတိထားပေတော့"

ချက်ချင်းပင် ရဲတင်းကြီးတစ်လက်ဆွဲကာ ချောင်ဖုံးထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"တိုက်ကြဟေ့"

"ယား"

ခေါင်းတုံးကြီး၏အဖွဲ့သားများကလည်း လက်ပိုက်ကြည့်မနေကြဘဲ ညာသံပေးကာ တိုက်ခိုက်လာကြတော့သည်။

အများနှင့် တစ်ယောက် ဖြစ်သော်လည်း အနန္တသိုင်းပညာ၏ အစွမ်းထက်မြက်မှုကို ယုံကြည်စိတ်ချထားသော ချောင်ဖုံးက မကြောက်မရွံ့ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

www.burmeseclassic.com



တောလမ်းပေါ်၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

သူထင်းနန်သည် စန်းကိုး ဖြစ်စေလိုသည့်အတိုင်း အနန္တ သိုင်းကျမ်းကို ရယူဖို့ ကိုယ်တိုင်ကြိုးစားမည် ဖြစ်သလို သူ၏လူ များကိုလည်း ချောင်ဖုံးအား ရှာဖွေသုတ်သင်ရန် အမိန့်ထုတ် လိုက်ပြီး ဖြစ်လေသည်

အဖြူရောင်သိုင်းသမားများနှင့် အနက်ရောင်သိုင်း သမားများ အားလုံးအတွက် ချောင်ဖုံးနှင့် အနန္တသိုင်းကျမ်းမှာ အရေးအပါဆုံး ဖြစ်လာခဲ့လေတော့သည်။

ခေါင်းတုံးကြီးတို့က ဝိုင်းရံတိုက်ခိုက်လိုက်ကြပါသော်လည်း ချောင်ဖုံးက အနန္တသိုင်းပညာ ထုတ်ဖော်လိုက်လျှင်. . .

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများနှင့်အတူ ဖရိုဖရဲ လွင့်စဉ်သွားကြလေတော့သည်။

တိတ်တဆိတ်လိုက်လာသော ရှောင်လီသည် ချောင်ဖုံး၏သိုင်းပညာကို တွေ့ရလျှင် သဘောကျသွားလေသည်။

"အနက်ရောင်သိုင်းသမားတွေကို ဆုံးမမယ့် လူတစ်ယောက် တိုးလာတာပဲ"

ဟုလည်း မှတ်ချက်ချလိုက်သည်။

ခေါင်းတုံးကြီးတို့လူစုတား ချောင်ဖုံးအား မယှဉ်နိုင်မှန်း



သိလျှင် ဖရိုဖရဲ ထွက်ပြေးသွားကြတော့သည်။

ချောင်ဖုံးမှာ ရန်သူများအား ဆုံးမမောင်းထုတ်နိုင်ခဲ့ဖြင့် ကျေနပ်သွားလေသည်။

မလှမ်းမကမ်း၌ ရပ်ကြည့်နေသည့် ရှောင်လီကိုလည်း တွေ့မြင်သွားပြီး. . .

"နောင်ကြီးပါလား"

လှမ်းပြီး နှုတ်ဆက်လိုက်၏။

ရှောင်လီက. . .

"မင်းက အနန္တသိုင်းကျမ်းရထားတာ အားလုံးသိနေကြပြီဆိုတော့ ဘယ်နေရာသွားသွား တိုက်ပွဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတော့မှာ သေချာတယ်"

ချောင်ဖုံး သက်ပြင်းချလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ အနက်ရောင်သိုင်းသမားတွေနဲ့ ရင်ဆိုင်ရတာ တော်ပါသေးတယ်၊ မတော်လောဘ ရှိတဲ့ အဖြူရောင်သိုင်းလောကသားတွေနဲ့ ရင်ဆိုင်ရမှာကို ကျုပ်ဝန်လေးနေမိပါတယ်ဗျာ"

သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

ရှောင်လီ ပြုံးလိုက်သည်။

"သူများပစ္စည်းကို မတရားရယူချင်တဲ့ မတော်လောဘစိတ်ရှိနေမှတော့ အဲသည်လူကို အဖြူရောင်သိုင်းသမားလို့ ခေါ်နိုင်ပါဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဖုံးလည်း ရှောင်လီ၏စကားကို သဘောကျကာ တဟားဟား ရယ်မောလိုက်လေသည်။

ရှောင်လီက. . .

"မင်းက သည်လို ခံယူသဘောထားလိုက်မယ်ဆိုရင် ဝန်လေးပင်ပန်းနေစရာ မရှိတော့ဘူးပေါ့"

ချောင်ဖုံး ဦးညွှတ်လိုက်သည်။

"အစ်ကိုကြီး ပြောတာမှန်ပါတယ်၊ ကျုပ်ကိုရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ"

ရှောင်လီက. . .

"ကိစ္စ မရှိဘူး၊ မင်းနားလည်သဘောပေါက်တယ်ဆိုရင် ပြီးတာပဲ၊ ကဲ. . . ကျုပ်ကို ခွင့်ပြုပါဦး"

နှုတ်ဆက်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ချောင်ဖုံးက. . .

"နောင်ကြီး ဘယ်သွားမလို့လဲဗျာ"

ရှောင်လီက. . .

"သည်နယ်က ထွက်သွားမလို့ပါ"

ချောင်ဖုံး အံ့သြသွားသည်။

"ဟင်. . . နောင်ကြီးက အမှောင်လောကသားတွေကို ဆုံးမဖို့ လာခဲ့တာ မဟုတ်ဘူးလား"

"ကျုပ်က. . ."

ရှောင်လီ မည်သို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်၊

ချောင်ဖုံးက. . .



"အမှောင်လောကသားတွေဟာ သိုင်းလောကတစ်ခုလုံးမှာ အရေးနိမ့်ပြီး ဖရိုဖရဲ ဖြစ်နေပြီ၊ သည်နယ်ထဲမှာ ခိုအောင်းပြီး ထွက်ပြေးလာတဲ့ အမှောင်လောကသားတွေကို လက်ခံစုစည်းပြီး သိုင်းလောကကို ဒုက္ခပေးဖို့ ကြံစည်နေတဲ့ အမှောင်မြို့စားတို့လူစုကို ချေမှုန်းနိုင်ပြီဆိုရင် သိုင်းလောက အေးချမ်းသာယာသွားမှာပါ၊ နောင်ကြီး ဘာကြောင့် ရှောင်ထွက်သွားချင်ရတာလဲဗျာ"

ရှောင်လီ မျက်နှာပျက်သွားလေသည်။

"ကျုပ်က. . ."

ချောင်ဖုံးက. . .

"အမှုထမ်းတွေကော၊ အဖြူရောင်သိုင်းသမားတွေကော သည်အရပ်ဒေသကို ဦးတည်လာနေကြပါပြီ၊ အမှောင်မြို့စားတို့လူစု ပြေးစရာနေရာ မရှိတော့ပါဘူး"

ရှောင်လီမှာ သုထင်းနန်အတွက် စိတ်ပူလာလေတော့သည်။

ချောင်ဖုံးသည် ရှောင်လီနှင့် သုထင်းနန်တို့၏ အကြောင်းကို မသိဘဲ ဆက်၍ပြော၏။

"အမှောင်မြို့စားက အဓိကကျနေပါပြီ၊ သူ့ကို ဆုံးမနိုင်ပြီဆိုတာနဲ့ သိုင်းလောက အေးချမ်းသာယာသွားမှာ အသေအချာပါပဲ"

ရှောင်လီ မကြားလိုတော့ပါ။

ကြားနေရသော စကားများက နားထဲသို့ သံရည်ပူဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လောင်းချလိုက်သကဲ့သို့ ရှိနေသည် မဟုတ်ပါလား။

ထိုအချိန်မှာပင်. . .

"ဟား. . ဟား. . . ဟား"

ရယ်မောသံများ ထွက်ပေါ်လာပြီး လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

❖ ❖ ❖

လေတစ်ချက် ဝေ့ယမ်းတိုက်ခတ်သွားပြီး လူတစ်ယောက် ရောက်ရှိလာလေသည်။ မရဏာစာပေသမားစန်းကိုး ဖြစ်၏။ စန်းကိုးက. . .

"မင်းက ကိုယ့်ကိုကိုယ် အထင်ကြီးနေတာကိုး၊ လွယ်လွယ်နဲ့ ဆုံးမလို့ရရင် အမှောင်မြို့စား ဖြစ်လာပါ့မလား"

ထိုအချိန်မှာပင် အမှောင်မြို့စား သုထင်းနန်၏လူများ ရောက်ရှိလာပြီး ချောင်ဖုံးနှင့် ရှောင်လီတို့အား အထပ်ထပ်ဝိုင်းရံထားလိုက်ကြလေသည်။

ချောင်ဖုံး ကြောက်ရွံ့ခြင်း မရှိပါချေ။

"ကိစ္စမရှိဘူး၊ ကျုပ်က သူ့ကိုဆုံးမနိုင်မယ်ဆိုတာ သေချာတယ်ဗျ"

ဟု တုန့်ပြန်လိုက်၏။

စန်းကိုး ခံပြင်းသွားပြီး. . .

"သည်ကောင့်ကို ဆုံးမလိုက်ကြစမ်း"



ဟု အမိန့်ပေးလိုက်ရာ. . .

"တိုက်ကြဟေ့"

"ယား"

အမှောင်သိုင်းသမားများက ညာသံပေးကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

သို့သော် ချောင်ဖုံးက ပြန်လည်ရင်ဆိုင်လိုက်လျှင်. . .

"ဝုန်း"

"အား"

"အမယ်လေး"

အမှောင်လောကသားများမှာ ချောင်ဖုံးအား မယှဉ်နိုင်ဘဲ ဖရိုဖရဲ ဖြစ်သွားကြလေတော့သည်။

တိုက်ပွဲကို ကြည့်ရင်း ရှောင်လီ၏ရင်ထဲ လေးလံနေသည်။

စန်းကိုး ရောက်လာသဖြင့် သုထင်းနန်လည်း ရောက်လာမည်မှာ သေချာနေ၏။ သုထင်းနန်ကို မတွေ့ရသေးပါ။

သုထင်းနန် အကြောင်းကို ရှောင်လီ တွေးတောနေစဉ်မှာပင် သုထင်းနန်က အဘိုးအိုတစ်ယောက်နှင့်အတူ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



သုထင်းနန်နှင့်အတူ လိုက်လာသည့် အဘိုးအိုမှာ သုထင်းနန်ကဲ့သို့ မြေအောက်လောကမှ ထိပ်သီးရာဇာကြီးတစ်ဦး ဖြစ်လေသည်။

သုထင်းနန်၏ဆရာနှင့် ခေတ်ပြိုင် ထင်ရှားခဲ့သူ ဖြစ်သည်။

အဘိုးအို(ဝါ)အဆိပ်ဘုရင် ကုန်းစွန်းစုက တောင်ပင်လယ်၌ သွားရောက်နေထိုင်ခဲ့ပြီး သိုင်းလောက၌ အမှောင်သိုင်းသမားများ ချေမှုန်းခံနေရသည့် သတင်းကြား၍ လာခဲ့ခြင်း ဖြစ်သည်။

သုထင်းနန်ကဲ့သို့ အမှောင်လောကသားများကို စုစည်းကာ အဖြူရောင်သိုင်းသမားများအား တွန်းလှန်သွားမည်ဟူသော ရည်ရွယ်ချက်ဖြင့် လာခဲ့ခြင်း ဖြစ်လေသည်။

သုထင်းနန်နှင့် အဆိပ်ဘုရင်တို့မှာ အမှောင်လောကကို ကယ်တင်မည့် ရာဇာကြီးများဟု အမှောင်လောကသားအားလုံးက အားကိုးတကြီး ဖြစ်လာကြလေတော့သည်။

ယခု. . .

သုထင်းနန်နှင့် အဆိပ်ဘုရင်ကုန်းစွန်းစုတို့ ရောက်ရှိလာကြပြီ ဖြစ်သည်။

ချောင်ဖုံး ရင်ဆိုင်နိုင်ပါမည်လော. . .

✿ ✿ ✿



ချောင်လီသည် သုထင်းနန်အား တွေ့လိုက်ရသော်လည်း ဝမ်းမသာနိုင်ဘဲ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာလေသည်။

သုထင်းနန်က သူ့အား တွေ့မြင်လိုက်ရသည့်တိုင်အောင် မတွေ့မိမမြင်မိသည့်အလား လှစ်လျူရှုထားလေသည်။

အဆိပ်ဘုရင်ကုန်းစွန်းစုကို ပြောလိုက်သည်။

"အနန္တသိုင်းကျမ်း ရရှိထားတဲ့ ချောင်းဖုံးဆိုတာ သူပေါ့"

အဆိပ်ဘုရင်ကုန်းစွန်းစုနှင့် သုထင်းနန်တို့ တွေ့ဆုံခဲ့ပြီးနောက် ချောင်ဖုံးထံမှ အနန္တသိုင်းကျမ်းကို ရယူကာ အဖြူရောင်သိုင်းသမားများအား ရန်တိုက်သွေးခွဲပြီး ဖြိုခွဲချေမှုန်းပစ်ရန် တိုင်ပင်ခဲ့ရာ အဆိပ်ဘုရင်ကုန်းစွန်းစုကလည်း သဘောတူထားပြီ ဖြစ်လေသည်။

သုထင်းနန်က ချောင်ဖုံးအကြောင်း ပြောလိုက်သောအခါ အဆိပ်ဘုရင်ကုန်းစွန်းစု သဘောကျစွာ ရယ်မောလိုက်လေသည်။

"သည်မလောက်တလောက်စာ ကောင်လေးတစ်ယောက်က အနန္တသိုင်းပညာအားကိုးနဲ့ အမှောင်လောကကို ဖျက်ဆီးပစ်မယ် ဟုတ်လား။ ရယ်ဖို့ကောင်းလိုက်တာ၊ ဟား. . . ဟား. . . ဟား"

သူက ရယ်မောရင်း ရှေ့သို့ လှမ်းထွက်ကာ ချောင်ဖုံးနှင့် ရင်ဆိုင်လိုက်လေသည်။

"ကောင်လေး၊ အဖြူရောင်သိုင်းထိပ်သီးတွေ၊ ဂိုဏ်းချုပ်တွေက အမှောင်လောကကို ဖျက်ဆီးပစ်ဖို့ ကြိုးစားလာခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ နှစ်တွေ ကြာလှပြီ၊ ခုထိ မအောင်မြင်နိုင်သေးဘူးဆိုတာ မှတ်ထားစမ်းပါ။ မင်းလည်း နားလည်သဘောပေါက်သွားအောင် ကျုပ်သင်ပေးမယ်"

စကားဆုံးလျှင် လက်ဝါးနှစ်ဘက် အသုံးပြုကာ စတင် တိုက်ခိုက်လိုက်လေသည်။

ချောင်ဖုံးကလည်း ပြန်လည်ရင်ဆိုင်လိုက်လေတော့ သည်။

❖ ❖ ❖

ချောင်ဖုံးနှင့် အဆိပ်ဘုရင်ကုန်းစွန်းစုတို့ ရင်ဆိုင်လိုက် ကြပြီ ဖြစ်လေသည်။

သုထင်းနန်နှင့် ချောင်လီတို့ မလှုပ်မယှက် ရပ်နေကြ၏၊

တစ်ယောက်နှင့်တစ်ယောက် လုံးဝမသိကျွမ်း မရင်းနှီး ခဲ့ဘူးကြသည့်အလား။

သို့သော် နှစ်ယောက်စလုံး၏ရင်ထဲ၌ကား ဖော်မပြနိုင် သော ခံစားချက်များ ဖြစ်ပေါ်ခံစားနေရပေတော့၏။

ချောင်ဖုံးနှင့် ကုန်းစွန်းစုတို့ ထိပ်တိုက်ရင်ဆိုင်လိုက်ကြ ပြီး မကြာမီ. . .

"ဝုန်း"

ကုန်းစွန်းစု ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ပြီး. . .

"ဝေါ့"



ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

ဝါရင့်သိုင်းသမားကြီးကုန်းစွန်းစုပင်လျှင် ချောင်ဖုံးအား မယှဉ်နိုင်ဘဲ အရေးနိမ့်သွားပြီ ဖြစ်လေသည်။

ကုန်းစွန်းစု အရေးနိမ့်သွားသောအခါ သုထင်းနန်မှာ ချောင်ဖုံးနှင့် ရင်ဆိုင်ဖို့ အကြောင်းဖန်လာလေတော့သည်။

စန်းကိုးက သုထင်းနန်ကို ကြည့်လိုက်သည်။

သုထင်းနန်က ချောင်ဖုံးအား တိုက်ခိုက်ရန် ရှေ့သို့ လှမ်းထွက်လိုက်လေတော့သည်။

❖ ❖ ❖

အလွန်အရေးကြီးသော အခြေအနေ ရောက်ရှိလာပြီ ဖြစ်ကြောင်း နားလည်မိသော်လည်း ချောင်လီမှာ မည်သို့ ပြုလုပ် ရမည်း ဝေခွဲမရနိုင်အောင် ဖြစ်နေ၏။

ချောင်ဖုံးက သုထင်းနန်အား ဦးညွှတ်လိုက်သည်။

"အမှောင်မြို့စားနဲ့ ယှဉ်ပြိုင်ခွင့်ရတာ ဝမ်းသာဂုဏ်ယူပါ သယ်ဗျာ"

သုထင်းနန်က. . .

"မင်းလည်း မဆိုးပါဘူး၊ ကျုပ်ကို အနိုင်ရရင်တော့ ဒါဟာ ရည်ရွယ်ချက် အောင်မြင်နိုင်မှာပဲ၊ ဒါကြောင့် ကြိုးစားပေါ့"

ဟု သတိပေးပြီး လက်ဝါးနှစ်ဘက် အသုံးပြုကာ တိုက် ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ကုန်းစွန်းစုက မြေပေါ်မှ လူးလိမ့်ထကာ အဆိပ်လက်နက်ပုန်းလေးများဖြင့် ချောင်ဖုံးအား တိုက်ခိုက်လိုက် လေသည်။

ချောင်ဖုံးက သုထင်းနန်နှင့် ရင်ဆိုင်နေရသည် ဖြစ်ရကား တိတ်တဆိတ် ပစ်လွှင့်လာသော လက်နက်ပုန်းလေးများအား အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားလေသည်။

ချောင်ဖုံးနှင့် သုထင်းနန်တို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင်. . .

"ဝုန်း"

"အား"

သုထင်းနန်မှာ ချောင်ဖုံးကို မယှဉ်နိုင်ဘဲ အဝေးသို့ လွင့်စဉ်သွားလေသည်။

ထို့အတူ. . .

ချောင်ဖုံးလည်း အဆိပ်လက်နက်ပုန်းအချို့ ထိမှန်ကာ စူးရှစွာ အော်ဟစ်ရင်း မြေပေါ် လဲကျသွားလေတော့သည်။

❁ ❁ ❁

အဖြစ်အပျက်က လျှင်မြန်စွာ ဖြစ်ပျက်သွားခဲ့ခြင်း ဖြစ်လေသည်။

ရှောင်လီ မယုံနိုင်အောင် ဖြစ်နေချိန်မှာပင် သုထင်းနန်ကော ချောင်ဖုံးပါ လူးလိမ့်ထလိုက်ကြလေသည်။



သုထင်းနန် ဒဏ်ရာပြင်းစွာ ရရှိသွားသကဲ့သို့ ချောင်ဖုံးလည်း အဆိပ်မိထားပြီ ဖြစ်လေသည်။

"ဟား. . . ဟား. . . ဟား၊ မင်း ဘာတတ်နိုင်သေးသလဲ"

ကုန်းစွန်းစုက ကြုံးဝါးရင်း ချောင်ဖုံးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ သုထင်းနန်က. . .

"တော်လောက်ပြီ ထင်ပါတယ်၊ သူအဆိပ်မိသွားပြီပဲ၊ ဆက်ပြီး တိုက်ခိုက်ဖို့ မလိုတော့ပါဘူးဗျာ"

ဟု တားဆီးလိုက်လေသည်။

ကုန်းစွန်းစု မကျေမနပ် ဖြစ်သွား၏။

"မင်း ဘာကြောင့် တားဆီးရတာလဲ"

"သူက. . ."

"ဘာလဲ အနန္တသိုင်းကျမ်းကို မင်းတစ်ယောက်ထဲ အပိုင်[illegible]နှင်လို့လား"

"ဟား. . . ဟား. . . ဟား"

ကုန်းစွန်းစု ရယ်မောလိုက်သည်။

"အခုအချိန်မှာ အမှောင်လောက ပျက်စီးသွားတော့ [illegible] ဘာဖြစ်သေးသလဲ၊ ကျုပ်သာ အနန္တသိုင်းကျမ်းကို ရခဲ့ရင် [illegible]ခင် အမှောင်လောကကို ပြန်ထူထောင်ပြီး သိုင်းလောက [illegible] လွှမ်းမိုးနိုင်မှာပဲ မဟုတ်လား"

အမှောင်ရာဇာကြီးပီပီ အကြံကြီးလှပေသည်။

အနန္တသိုင်းကျမ်းနှင့် ပတ်သက်ပြီး လေဘာကြီးသူ

www.burmeseclassic.com



လည်း ဖြစ်နေပါတော့သည်။

ကုန်းစွန်းစု၏သဘောထား ပေါ်လွင်လာပြီ ဖြစ်သည်။

ကုန်းစွန်းစုက ချောင်ဖုံးဘက်သို့ လှည့်ကာ. . .

"ကောင်လေး၊ မင်းကသာ အနန္တသိုင်းကျမ်းကို ပေးမယ်ဆိုရင် မင်းအတွက် အဆိပ်ဖြေဆေးပေးမယ်၊ ဘယ့်နှယ်လဲ"

ချောင်ဖုံး ငြင်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ"

ကုန်းစွန်းစု နှာခေါင်းရှုံ့လိုက်သည်။

"ငါက မင်းကိုသတ်ပြီး သိုင်းကျမ်းကို မယူနိုင်ဘူးလို့များ ထင်နေသလား၊ သေဖို့ပြင်ထား"

အော်ငေါက်ရင်း အဆိပ်လက်နက်ပုန်းလေးများဖြင့် ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။ ထိုအချိန်မှာပင်. .

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လူရိပ်တစ်ခု ပြေးဝင်သွားပြီး တိုက် ခိုက်လိုက်ရာ. . .

"ဝုန်း"

"အား"

ကုန်းစွန်းစု မြေပေါ်လဲကျသွားလေတော့သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ရှောင်လီ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

✿ ✿ ✿



ကုန်းစွန်းစု မြေပေါ်လဲကျကာ အသက်ပျောက်သွားပြီ ဖြစ်သည်။

အမှောင်ရာဇာ လူဆိုးကြီးတစ်ယောက် အမိုက်ဇာတ်သိမ်းသွားခြင်း ဖြစ်လေသည်။

ကုန်းစွန်းစုအား တိုက်ခိုက်လိုက်သူမှာ စန်းကိုး ဖြစ်နေ၏၊ စန်းကိုးသည် ချောင်ဖုံးအား ရှင်းပစ်ကာ အမှောင်လောကကို ကယ်တင်ဖို့ ကြိုးစားရမည် မဟုတ်ပါလား။

ယခုတော့. . .

ချောင်ဖုံးကို ကူညီကာ ကုန်းစွန်းစုကိုပင် လုပ်ကြံလိုက်ဦး ဖြစ်လေသည်။ သုထင်းနန်၏မျက်နှာ ပြုံးယောင်သန်းနေ၏။

"ညီလေး. . . မင်းက. . ."

ရှောင်လီအား တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ရင်း ဒဏ်ရာကြောင့် လုံးဝမဟန်နိုင်တော့ဘဲ. . .

"ဝုန်း"

မြေပေါ် လဲကျသွားတော့သည်။

"သခင်လေး"

စန်းကိုးက ပြေး၍ ဖေးမလိုက်၏။

သုထင်းနန်၏အခြေအနေ မဟန်တော့ပါ။

သုထင်းနန်က အားယူပြီး ပြောလိုက်သည်။

"ဦးလေးစန်းကိုး၊ ကျွန်တော် မကြာခဏ ပြောခဲ့တယ်လေ အေးချမ်းတဲ့ တစ်နေရာကို ကျွန်တော့်ကို ခေါ်သွားစမ်းပါ"

စန်းကိုးက. . .

www.burmeseclassic.com

www.burmeseclassic.com



ကုန်းစွန်းစု မြေပေါ်လဲကျကာ အသက်ပျောက်သွားပြီ ဖြစ်သည်။

အမှောင်ရာဇာ လူဆိုးကြီးတစ်ယောက် အမိုက်ဇာတ်သိမ်းသွားခြင်း ဖြစ်လေသည်။

ကုန်းစွန်းစုအား တိုက်ခိုက်လိုက်သူမှာ စန်းကိုး ဖြစ်နေ၏၊ စန်းကိုးသည် ချောင်ဖုံးအား ရှင်းပစ်ကာ အမှောင်လောကကို ကယ်တင်ဖို့ ကြိုးစားရမည် မဟုတ်ပါလား။

ယခုတော့. . .

ချောင်ဖုံးကို ကူညီကာ ကုန်းစွန်းစုကိုပင် လုပ်ကြံလိုက်ပြီ ဖြစ်လေသည်။ သုထင်းနန်၏မျက်နှာ ပြုံးယောင်သန်းနေ၏။

"သီလေး. . . မင်းက. . ."

ချောင်လီအား တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ရင်း ဒဏ်ရာကြောင့် လုံးဝမဟန်နိုင်တော့ဘဲ. . .

"ဝုန်း"

မြေပေါ် လဲကျသွားတော့သည်။

"သခင်လေး"

စန်းကိုးက ပြေး၍ ဖေးမလိုက်၏။

သုထင်းနန်၏အခြေအနေ မဟန်တော့ပါ။

သုထင်းနန်က အားယူပြီး ပြောလိုက်သည်။

"ဦးလေးစန်းကိုး၊ ကျွန်တော် မကြာခဏ ပြောဖူးတယ်လေ အေးချမ်းတဲ့ တစ်နေရာကို ကျွန်တော့်ကို ခေါ်သွားစမ်းပါ"

စန်းကိုးက. . .

www.burmeseclassic.com



"စိတ်ချပါ သခင်လေး"

သုထင်းနန်အား ပွေ့ချီပြီး. . .

"ရှောင်လီ၊ မင်းလုပ်စရာရှိတာ ဆက်လုပ်ပေတော့"

ဟု ပြောကာ ပြေးလွှားသွားလေတော့သည်။

ရှောင်လီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

သုထင်းနန်တို့ နောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်ပြီးမှ စိတ်ထိန်းကာ ရပ်တန့်လိုက်သည်။

ထိုစဉ်. . .

"ဝုန်း"

ချောင်ဖုံး လဲကျကာ မလှုပ်မယှက် ဖြစ်သွား၏။ မြင်းထန်လှသော အဆိပ်ကြောင့် အသက်ပေးလိုက်ရပြီ ဖြစ်သည်။

ရှောင်လီမှာ မပြီးဆုံးသေးသော သိုင်းလောက တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်သွားရဦးမည် ဖြစ်သည်။

မည်သို့ဆိုစေ သိုင်းလောကမှာ အမှောင်ကင်းကာ အခိုက်အတန့်အားဖြင့် အေးချမ်းသာယာသွားခဲ့ပြီ ဖြစ်လေသည်။

ပြီးပါပြီ။

www.burmeseclassic.com